
နိုကိုရဲ
မွေးစား သမီး

# နီ ကို ရဲ

## မွေး စား သ မီး

Typing - za++

PDF - nyisay

H t t p : / / m m t e a s h o p . c o m

မှ

စီစဉ်တင်ဆက်သည်

10/25/2011

စာမူခွင့်ပြုချက်အမှတ်
၅၀၁၅၈၄၁၁၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၁၀၅၀၁၁၀
ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ
ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင် ပုံနှိပ်တိုက်
ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၁၀ ခုနှစ်
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

# အခန်း (၁)

# နိုင်ငံဝင်းထွန်း

ကေသီတာသည် မုန့်ကြာစေ့ အရွယ် လုံးထားသော ငါးဖယ်လုံးကလေးများကို ခပ်ပျစ်ပျစ် ဖျော်ထားသော ဂျုံမှုန့်ရည်ထဲသို့ ညင်သာစွာ ထည့်သည်။ မီးမျှင်းမျှင်းကလေးသာ ပေးထားသော ဂက်စ် မီးဖိုပေါ်တွင် ရှိသော ဒယ်အိုးမှာ ဆီဥကလေးတွေ ဥနေပြီ ဖြစ်သည်။ ဒယ်အိုးတွင် ကပ်နေသော ဆီဥကလေး သုံးလေးဥ အပေါ်သို့ တက်လာသည်။ ကေသီတာက ပြုံးပြီး ဂျုံမှုန့်နှင့် စိမ်ထားသော ငါးဖယ်လုံးကလေးများကို တစ်လုံးချင်း အသေချာ ထည့်သည်။ အားလုံးပြီးထည့်လိုက်လျှင် ပူးကပ်သွားမှာ စိုး၍ ဖြစ်သည်။ ဒယ်အိုးထဲမှာ စီစီရီရီ ရှိနေသော ငါးဖယ်လုံးကလေးများကို ကြည့်ရင်း ကေသီတာ ကေသီတာ ပျော်ရွှင် ကျေနပ်နေမိသည်။

ကေသီတာ့ကို ပထမဆုံး အကြိမ်မြင်လျှင် တအံ့တသြနှင့် ချောသည်ဟု မည်သူကမျှ ပြောလိမ့်မည် မဟုတ်ပါ။

ဒုတိယအကြိမ်တွေ့လျှင် ကေသီတာ လှုပ်ရှားပုံ၊ အလုပ်လုပ်ပုံ၊ နေပုံ ထိုင်ပုံတို့ကို တွေ့ပြီး ယဉ်သားပဲဟု မှတ်ချက် ချလိမ့်မည်သာ ဖြစ်သည်။

တတိယအကြိမ် ကေသီတာနှင့် အလုပ်တစ်ခုကို အတူများ လုပ်ဖြစ်သည်ဆိုလျှင် ကေသီတာ၏ သွက်လက်တိကျပုံ၊ အလုပ်အပေါ်တွင် ဂရုတစိုက် ရှိပုံ၊ စည်းစံနစ်ကြီးပုံတို့ကို မည်သူမျှ သတိမထားပဲ မနေနိုင်အောင် ရှိကာ ကေသီတာသည် အရည်အချင်း ပြည့်ဝသော မိန်းကလေး တစ်ယောက်ဆိုသည်ကို လူတိုင်း လက်ခံကြမှ သေချာပါသည်။

ယခုလည်း ကေသီတာသည် ထမင်းစားပွဲတစ်ခု အတွက် ကိုယ်တိုင် ချက်ပြုတ်နေခြင်း ဖြစ်ပါသည်။

ထိုထမင်းစားပွဲသည် ကေသီတာ့ ဘဝအတွက် အရေးကြီးဆုံးသော ပွဲတစ်ပွဲလည်း ဖြစ်သည်။

ထိုထမင်းစားပွဲသည် ကေသီတာနှင့် နိုင်ဝင်းထွန်း ဆိုသော လူနှစ်ယောက် လက်ထပ်ရန်အတွက် ရည်စူးကာ စေ့စပ်ရန် ရက်ရွေးကြမည့် ပွဲဖြစ်ပြီး စေ့စပ်ရက် ရွေးပြီးလျှင် နှစ်မိသားစု ထမင်းလက်ဆုံစားကြမည် ဖြစ်သည်။

ယနေ့ ထမင်းစားပွဲကို ကျောင်းသားတစ်ယောက် အမြင်နှင့် ကြည့်မည် ဆိုလျှင် ပထမအစမ်း စာမေးပွဲနှင့် တူပြီး၊ တရားဝင် စေ့စပ်သောနေ့မှာ ဒုတိယ အစမ်း စာမေးပွဲနှင့် တူသည်။ လက်ထပ်သည့် နေ့ကတော့ နောက်ဆုံး အတန်းတင် စာမေးပွဲကြီးပင် ဖြစ်သည်။

ယခုကေသီတာသည် သူ့ ပထမ အစမ်းစာမေးပွဲကို ကောင်းမွန်စွာ ဖြေဆိုနိုင်ပြီဟု တစ်ထစ်ချ ယုံကြည်ပါသည်။ ထိုလူနှင့် လက်ထပ်ရရေးအတွက် အစားအသောက်များကို ကောင်းမွန်အောင် ပြင်ဆင်နေခြင်းမျိုး မဟုတ်ပဲ၊ သူ့ ဝါသနာ အရရော မေမေကြီး၏ သွန်သင် ဆုံးမမှုကြောင့်ရော ကေသီတာသည် စားစရာများကို အကောင်းဆုံး ဖြစ်အောင် ပြင်ဆင် နေမိခြင်းပင် ဖြစ်သည်။

"စနေနေ့ကို မမြန္မာယ်တို့ မိသားစုတွေ အိမ်ကို ထမင်းစားလာ ကြလိမ့်မယ်၊ မောင်နိုင်ဝင်းထွန်းလဲ ပါလာလိမ့်မယ်၊ အဲဒီ ထမင်းစားပွဲဟာ စေ့စပ်မယ့်နေ့ကို ရွေးတာ ဆိုရင်လည်း မမှားဘူး၊ ဒီတော့ တို့စားမယ့် ထမင်းနှင့် ဟင်းကို သမီးကြီး ကေသီတာကပဲ ချက်ရမယ်"

"ဟင်.. ဘာဖြစ်လို့လည်း .. မေမေ ကလဲ"

သမီးငယ် မူယာမောင်က တအံ့တသြ မေးသည်။

"ငါ့သမီးဟာ အိမ်ထောင်မှု ဘယ်လောက် နိုင်နင်းတယ်၊ မီးဖိုချောင်ကို ဘယ်လို အုပ်စိုးနိုင်တယ်ဆိုတာ သိအောင်ပေါ့"

"ဒါဆို အောင် တို့ကတော့ ဖိမ်ကလေးနှင့် နပ်ပြီး လျှာသွေးထားဖို့ပဲ လိုတာပေါ့၊ မကေ လက်ရာဆို ပြီးပြီ"

သမီးလတ်ဖြစ်သူ ခင်မေအောင်က လက်သီးလက်မောင်းတန်းရင်း ပြောသည်။ ခင်မေအောင်သည် သူတို့ တစ်အိမ်လုံးတွင် အကောင်းအကြိုက်ဆုံးသူ ဖြစ်သည်။

"ဒါမျိုးတော့ ဘယ်ရမလဲ သမီးတို့ရဲ့... သမီးရဲ့ ဘေးက ဝေယျာဝစ္စတွေကိုတော့ ဝိုင်းကူရမှာပေါ့၊ ချက်ဖို့ တာဝန်ကိုသာ သမီးကြီးကို ပေးတာ"

ဒေါ်ထက်မေအောင် စကားဆုံးတော့ အောင်နှင့် မောင်သည် ပါးစပ်ကြီးတွေ ပြဲ၍ သွားသည်။

"ရပါတယ် မေမေကြီး၊ ဧည့်သည်က လေးယောက်၊ သမီးတို့က လေးယောက် ရှစ်ယောက်စာကတော့ သမီးတစ်ယောက်ထဲနှင့် ရပါတယ်၊ သမီးစီစဉ်ထားတဲ့ ဟင်းတွေကို သမီး နိုင်ပါတယ် မေမေကြီး"

"သမီးက ဘာဟင်းတွေ စီစဉ်ထားလို့လဲ"

"ကြက်သားအဆာသွပ်နှင့် လုပ်ထားတဲ့ အာလူးကတ်တလိပ် မေမေ၊ ပြီးတော့ ဝက်စတူး၊ ဝက်နံရိုးကို စပ်စပ်ကလေး ပေါင်းထားတယ်၊ ပြီးတော့ မလေးရှား ဟင်းချို၊ ကြက်တစ်ခြမ်းကို ရိုးစ် လုပ်ထားတယ်၊ ပြီးတော့ အခု ချက်နေတဲ့ ဂျုံကပ် ငါးဖယ် အုန်းနို့စမ်း မေမေကြီး"

"အံမယ်လေး၊ ... မိရွှေကေသီမရဲ့၊ ဒီလောက်ဟင်းတွေကို ညည်းတစ်ယောက်ထဲ ဘယ်လိုလုပ် ချက်နိုင်မှာတဲ့တုန်း"

"ရပါတယ်၊ မေမေကြီး၊ ကြိုပြီး စီစဉ်စရာ ရှိတာတွေကို သမီးညကထဲက စီစဉ်ထားမှာပါ၊ မနက်လင်းတော့ တစ်ခုစီ ကောက်ချက်သွား ရုံပါပဲ၊ အပန်းမကြီးပါဘူး မေမေကြီးရဲ့"

"မလိုချင်ဘူး၊ ဟိုနှစ်ယောက် ဝင်ကို ကူညီရမယ်"

"ရပါတယ် မေမေကြီးရယ်၊ ညီမလေးတွေလည်း တစ်အိမ်လုံး ရှင်းရလင်းရနှင့် ပင်ပန်းရောပေါ့ နားကြပါစေ"

ဒေါ်ထက်မေအောင် သက်ပြင်းကိုချသည်။ ဒီ ကေသီမနှင့်တော့ မလွယ်...

"မေမေကလည်း.. မမကေက သူ့လက်ရာ စစ်စစ်ကို အစွမ်းပြချင်နေတာ၊ သမီးတို့ဝင်ပါတော့ ရှုပ်သလို ဖြစ်နေမှာပေါ့ မဟုတ်ဘူးလား မောင်ရာ.. "

ခင်မေအောင်က မူယာမောင်ကို ပြုံးဖြီးဖြီးအမူအယာနှင့် ပြောသည်။ မူယာမောင် ကလည်း ခေါင်းကို ခပ်သွက်သွက် အကြိမ် နှစ်ဆယ်လောက် ညိတ်ပစ်လိုက်၏။

"သမီးတို့ အဲလို စကားမျိုး ပြောတာ မေမေ မကြိုက်ဘူး၊ နောက် ဘယ်တော့မှ မပြောနှင့်၊ ကဲ.. ကေသီ၊ သမီးက ခင်လွှင်ရီကိုတော့ လက်တို လက်တောင်း ခိုင်းဖို့အတွက် ခေါ်ထားရမယ်၊ ဒါ နောက်ဆုံး စကားပဲ.. ခင်ရီလွှင်......"

"ဟုတ်ကဲ့ .. မေမေကြီး "

"ကြားတယ်နော်၊ အိမ်ရှေ့က ကိစ္စတွေကို သမီးခေါင်းထဲက ထုတ်ထား လိုက်တော့၊ သမီးက ကေသီ အနားမှာပဲ ရှိရမယ်.. ဒါပဲ"

ထိုနေ့ညက မေမေကြီး၏ မှတ်ချက် အတိုင်းပင် ... ဒီနေ့မနက်မှာ ခင်ရီလွှင်နှင့် ကေသီတာတို့ နှစ်ယောက်သာ မီးဖိုချောင်မှာ ရှိနေသည်။ ခင်ရီလွှင်မှာ ဆယ်နှစ်နှစ်သမီး အရွယ်ကထဲက ဒေါ်ထက်မေအောင်တို့ အိမ်တွင် အိမ်ဖော်အဖြစ် ခေါ်ထားသူ ဖြစ်သည်။ ခင်ရီလွှင်၏ အဖေနှင့် အမေ ကွဲသွားကြပြီး ခင်ရီလွှင်က အဖွားဖြစ်သူနှင့် နေရသည်။ သူမ ၁၀ နှစ် သမီးအရွယ်တွင် ဖခင်ဖြစ်သူ ကွယ်လွန်သွားပြီး ဒုတိယယောက်ျားမှာလည်း အမြဲမူးနေသူ ဖြစ်သဖြင့် မနေ့ပဲ အဖွားနှင့် အတူပင် ပင်ပန်းဆင်းရဲစွာ နေထိုင်စဥ် အခြေအနေတွင် ဒေါ်ထက်မေအောင်နှင့် တွေ့၍ အိမ်ဖော်အဖြစ် အဖွားဖြစ်သူက ကြည်ဖြူစွာ ထည့်လိုက်သဖြင့် ဒေါ်ထက်မေအောင်၏ အိမ်သို့ ရောက်ရှိလာခြင်း ဖြစ်သည်။

ခင်ရီလွင်သည် ဘဝနာခဲ့သူ မိန်းကလေး ဖြစ်သည့် အလျောက် ငယ်ရွယ်သော်လည်း အသိတရားရှိသည်။ အလုပ်အကိုင် ကျိုးနွံသည်။ ဒေါ်ထက်မေအောင် ဆုံးမသည့် အတိုင်း တသွေ မတိမ်း လိုက်နာသည်။ သို့သော် ကံကြမ္မာ သည် ရိုးသားကြိုးစားသူများကို တမင်တကာပင် ရွေးရွေးပြီး အပြစ်ပေးလေ့ ရှိသလား မသိ။ ဒေါ်ထက်မေအောင်၏ အိမ်သို့ ခင်ရီလွင် ရောက်လာပြီး လေးလကျော်တွင် အဖွား ဖြစ်သူ ဆုံးသည်။

ထို့ကြောင့်ပင် ခင်လွင်ရီ၏ ဘဝသည် ဒေါ်မေထက်အောင်၏ ဘဝနှင့် တစ်ဆက်တည်း ဖြစ်သွားပြီး ဒေါ်မေထက်အောင်၏ သမီးတစ်ယောက် ဖြစ်လာလေသည်။ ဒေါ်မေထက်အောင်သည် ခင်ရီလွင့်ကို သမီးတွေ ကျွေးသလို ကျွေးသည်၊ သမီးတွေကို ဆူသလို ဆူသည်။ ပြီးတော့ သမီးတွေကို ဆင်သလို ဆင်သည်။ သို့သော် ခင်ရီလွင်သည် သူ့ကိုယ်သူ အိမ်ဖော် တစ်ယောက်လိုသာ နေသည်။

"ငါးဖယ်လုံးကလေးတွေ တစ်ခုနှင့် တစ်ခု ကပ်မသွားအောင် အသာလေး ဖယ်ဖယ်ပေးနော် ရီရီ"

"ဟုတ်ကဲ့ မမကြီး"

ခင်ရီလွင်က ပြောရင်း မျက်နှာကလေးက စပ်ဖြဲဖြဲကလေး ဖြစ်နေသဖြင့် ကေသီတာ စိတ်တိုသွားသည်။

"ဘာဖြစ်လို့ စပ်ဖြဲဖြဲ ဖြစ်ရတာလဲ ရီရီ"

"ဘာမှမဟုတ်ပါဘူး၊ မမကြီး၊ မမကြီး ဂရုစိုက်တာကို သဘောကျလို့ပါ"

"နင့်စကားက ဘယ်အဓိပ်ပါယ်က လာတယ်ဆိုတာ ငါသိတယ်နော်၊ ရီရီ၊ ငါက အလုပ်တစ်ခု လုပ်ပြီဆိုရင် ကောင်းမှ ကြိုက်တယ်၊ သူတို့ကိုမှ အထူးတလည် ဂရုစိုက်နေတာ မဟုတ်ဘူး၊ ဘယ်သူ့အတွက်ပဲဖြစ်ဖြစ် ငါ ဂရုစိုက်နေကျ မဟုတ်ဘူးလား"

"အဲဒီလိုဆိုရင်လည်း စိတ်ဆိုးမနေပါနှင့် မမကြီးရယ်၊ ရီရီ အမှားပဲ ထားလိုက်ပါ၊ ဒီမှာ ပုစွန်ထုပကြီးတွေ မီးအုံးထားတာ ဘာလုပ်ဖို့လဲ"

"ဟယ်.... ကံကောင်းလို့ပါလား.. ရီရီရယ်.. ငါမေ့နေတာ ကြည့်စမ်း၊ ပုစွန်ထုပ်သုတ်မလို့ပေါ့၊ ငါ အခွံနီရုံပဲ မီးအုံးထားတာ၊ အဲဒီ အခွံကို ခွာ၊ ပြီးရင် ကြက်သွန်နီ ဥကြီး ၃ လုံးလောက် နွှာ၊ ပူစီနံကို နုတ်နုတ်လေး စင်းထား၊ ဒီ ငါးဖယ် နို့စမ်းရော၊ ပုစွန်သုတ်ရောက စားခါနီးမှ လုပ်ရတာမို့ တော်ပါသေးရဲ့ .."

ကေသီတာနှင့် ရီရီ ပြောနေသော စကားတွေကို ဒေါ်မေထက်အောင် ကြားပါသည်။ ထိုစကားတွေက ဒေါ်မေထက်အောင်၏ နလုံးသားကို ပိတိဖုံးစေသည်။ ကေသီတာတွင် ရှိသော အရည်ချင်းကောင်းမွန်သမျှသည် ဒေါ်မေထက်အောင်၏ ဂုဏ်ပုဒ်များသာ ဖြစ်သည်။

အဘယ့်ကြောင့် ဆိုသော် .. ကေသီတာသည် သူ့သမီးရင်း မဟုတ်သောကြောင့် ဖြစ်ပါသည်။

"မောင်.. နင် မကေနှင့် အဲ့ဒီလူကြီးကို သဘောတူလား"

"မတူတော့ရော ဘာတတ်နိုင်မှာမို့လို့လဲ၊ မေမေက စီစဉ်ပြီးနေပြီ၊ မေမေ့စကားဆို မကေကရော ဘယ်တုန်းက ငြင်းဖူးလို့လဲ.. ကဲ"

ခင်မေအောင်က ပန်းခြံထဲက သစ်ရွက်နလေးတစ်ခုကို ခူးပြီး လက်သီးဆုပ်လေး ပေါ်တင်ကာ ညာညာလက်ဖဝါးဖြင့် အားရပါးရ "ဖြောင်း" ကနဲနေအောင် ရိုက်ပစ်လိုက်သည်။ ပြီးတော့ နှုတ်ဖျားကလေး စူရင်း "မမိုက်ဘူးကွာ" ဟု ရေရွတ်သည်။

"ဦးနိုင်ဝင်းထွန်းကတော့ သဘောထား ပြည့်ပုံရပါတယ်၊ သူ့မျက်နှာမှာ မာန်မာန အရိပ်တို့၊ ကောက်ကျစ်ရက်စက်မယ့် စိတ်ထားတို့ ရှိပုံမရပါဘူး"

"ငါက အဲဒီလူကြီးကို မကျေနပ်လို့ ပြောတာ မဟုတ်ပါဘူး၊ အဲဒီလူကြီးနှင့် အိမ်ထောင်ကျသွားရင် မကေက သူတို့ အိမ်ကို လိုက်သွားရမှာ .. အဲဒါကို ပြောတာ ... "

ခင်မေအောင်၏ စကားကြောင့် မှုယာမောင်လည်း အသံတိတ်သွားသည်။

ကေသီတာသည် သူတို့၏ အစ်မရင်း မဟုတ်၊ သွေးသားလည်း မတော်စပ်သော်လည်း သူတို့ကို အမြဲ သည်းခံသော၊ သူတို့အလိုကို အမြဲ ဖြည်းစည်းပေးသော၊ သူတို့ နစ်ယောက်အတွက် ဆိုလျှင် ဘယ်အရာကို ဖြစ်စေ ဘယ်တော့မှ နောက်မတွန့်သော ကေသီတာကို အစ်မအရင်းလို သူတို့ ချစ်ကြသည်။

ခုတော့ ကေသီတာသည် အိမ်ထောင် ပြုတော့မည်။

သျှောင်နောက် ဆံထုံးပါဆိုသည့် စကားအတိုင်း သူ့ခင်ပွန်းနောက်ကို လိုက်ရတော့မည်။

"ငါ့ စိတ်ထင်တော့ မကေက အဲဒီလူကြီးကို မချစ်ဘူးလို့ ထင်တာပဲ "

"အေး.. မောင်လည်း အဲလို ထင်တာပဲ မေမေကြီးကြောင့်သာ မကေ ခေါင်းငြိမ့်တာဖြစ်ရမယ်၊ မေမေကလည်း ဘာဖြစ်လို့များ မကေကို ယောက်ျား ပေးစားရတာလဲ မသိဘူး၊"

မောင်က အရှုံးပေးလိုက်ရသော စိတ်ညစ်သံလေးဖြင့် ပြောသည်။

"မကေကို မေမေပြောတဲ့နေ့က ငါအခန်းထဲကနေ ကြားရတာက မေမေ့ကို မကေက သူ အိမ်ထောင် မပြုဘဲ နေလို့ မရဘူးလားလို့ မေးတယ် မောင်ရ၊ မေမေက မကေကို ဒီအရွယ်ထိရောက်အောင် ပြုစုပျိုးထောင်ပေးခဲ့ပြီတဲ့၊ ပညာလည်း စုံပြီတဲ့၊ ဒီတော့ ကိုယ့်ဘ၀ကိုယ် ကိုယ်တိုင် လျှောက်ဖို့ လုံလောက်တဲ့ အရည်ချင်းလည်း ရှိပြီဆိုတော့ တစ်ကယ့် ဘ၀သစ်ကို ကိုယ့်မိသားစုနှင့် ကိုယ် တည်ဆောက်တော့လို့ ပြောတော့ မကေက ငိုပြီး မေမေကို့ ကန်တော့တာ မောင်ရဲ့ "

"အဲဒါကို မောင့်ကို ဘာဖြစ်လို့ စောစောစီးစီးက မပြောတာလဲ"

"အောင်မာ.. ပြောတော့ရော၊ မောင်က ဘာတတ်နိုင်မှာ မို့လို့လဲ"

"မေမေ့ကို ပူဆာမှာပေါ့ကွ"

"ရလိမ့်မယ်.. အားကြီးကြီး..၊ ကဲ တို့တွေ မကျေမနပ် ဖြစ်နေလည်း ကိစ္စက သူတို့ဘာသာ ပြီးသွားမှာပဲ၊ ဧည့်ခန်းမှာ ပန်းထိုးဖို့ နှင်းဆီ ကောင်းကောင်းသာ ရှာတော့ ..."

ကေသီတာသည် အချိုပွဲကို ပြင်ဆင်ပြီးနောက် အားလုံး အဆင်သင့်ဖြစ်ပြီဟု စိတ်ကို ဒုံးဒုံးချနိုင်တော့မှပင် သူ့အခန်းထဲသို့ ခဏဝင်ပြီး လှဲသည်။ မနက် ငါးနာရီ ကတည်းက ထပြီး ချက်ရပြုတ်နေရသော သူမသည် နုံးနေတာ မဟုတ်သည့်တိုင် လန်းဆန်းခြင်းတော့ သိပ်မရှိ။

ပြီးတော့ .. ဒီနေ့ ထမင်းစားပွဲ အကြောင်းကိုလည်း သူတစ်ယောက်တည်း အေးအေးဆေးဆေး စဉ်းစားချင်ပါသေးသည်။

"အချစ်" ဆိုသော စကားလုံးကို သူသေသေချာချာ နားမလည်ခဲ့ဘူး ဆိုတာကတော့ သေချာသည်. ကျောင်းတက်တုန်းက ရည်းစားတွေ သုံးလေးယောက် ထားခဲ့ဖူးသော သူ့သူငယ်ချင်း နုနုဝင်းကတော့ " အချစ်" ဆိုတာ ခံစားမှုပေါ့ဟာ၊ ကိုယ်က သူ့အကြောင်းကို အမြဲ စဉ်းစားနေချင်တာရယ်၊ သူနှင့်တွေ့ရင် ပျော်ရွှင်တာရယ်၊ သူက ယုယတဲ့အခါ ကျေနပ်တာရယ် ... အဲဒါ "အချစ်ပေါ့" တဲ့.. ။

ဒီစကားအတိုင်းသာ အမှန်ဆိုလျှင် သူနှင့် ဦးဝင်းနိုင်ထွန်းတို့ တစ်ယောက် ယောက်တော့ ဒုက္ခရောက်တော့မှာ သေချာသည်။ နှစ်ယောက် စလုံးလည်း ဒုက္ခ ရောက်သွားနိုင်သည်။ နိုင်ဝင်းထွန်းသည် သူ့ထက် အသက် လေးနှစ်ကြီးသဖြင့် ရှိသေစွာ သူ ဆက်ဆံခဲ့သည်မှ တပါး အခြားသော စိတ်ခံစားမှု တစ်စုံတစ်ရာ မရှိ။ ကိုယ့်ဘက်က အနေအထိုင် မမှားအောင် ဂရုတစိုက် နေခဲ့တာတောင်မှ လွန်ခဲ့သည့် လတုန်းက

ဦးဝင်းနိုင်ထွန်းနှင့် သူ့ သူငယ်ချင်းတစ်ယောက် အိမ်လာလည်သည့်နေ့တွင် မေမေကြီးက အပြင်သွားခိုက်နှင့် ကြုံ၍ သူမကိုယ်တိုင် ဧည့်ခံရသည်။

လက်ဖက်သုပ်နှင့် ရေနွေးကြမ်းဖြင့် ဧည့်ခံရင်း "ကျောင်းပြီးသွားရင် ဘာလုပ်မလဲ" ဆိုသော ခေါင်းစဉ်ကလေး အောက်မှာ စကားပြောဖြစ်ကြသည်။

"ကျွန်မကတော့ အစိုးရ အလုပ် လုပ်ဖို့ထက် ကိုယ်ပိုင် အလုပ်ကိုပဲ လုပ်ချင်တယ်၊ အစိုးရ အလုပ်က တိုးဖို့ မလွယ်တာရယ်၊ ရရင်လဲ နယ်သွားရမှာ ဘာညာနှင့်ဆိုတော့ .. အိမ်မှာ မေမေကြီးရဲ့ ကျန်းမာရေး အခြေနေက ကျွန်မ ရှိမှ ဖြစ်မှာ... "

"မကေသီတာရဲ့ ဘယ်ဘက်ခြေသန်းလေးက တစ်ချောင်းအပိုပါပြီး ပူးနေတယ်နော်"

"ရှင်..."

ဦးနိုင်ဝင်းထွန်းနှင့် အတူပါလာသော သူငယ်ချင်း၏ စကားကြောင့် သူမ မျက်နှာပေါ်ကို မိုးကြိုး ပစ်ချတာ ခံလိုက်ရသလို သူမ အကြီးအကျယ် တုန်လှုပ် ရှက်ရွံ့သွားခဲ့သည်။ ဘယ်လောက်ထိ ရှက်သွားလဲ ဆိုလျှင် သူမ မြင်နေရသော အရာဝတ္ထုတွေအားလုံး အပြာရောင်တွေချည်း ဖြစ်သွားသည်အထိ ရှက်သွားခဲ့သည်။

ဦးနိုင်ဝင်းထွန်း၏ သူငယ်ချင်း ပြောတာ မှန်ပါသည်။

သူမ၏ ဘယ်ဘက် ခြေထောက်တွင် ခြေပူးကလေး ပါသည်။ ခြေသန်းကလေး နှစ်ခုက ပူးနေခြင်း ဖြစ်သည်။ ခြေချောင်းအနေနှင့် ငါးချောင်း ရှိသော်လည်း ခြေသည်းကတော့ ခြောက်ခုရှိသည်။ ထိုခြေပူးကလေး ပါနေခြင်းကို သူမငယ်စဉ်ကထဲက အရမ်း ရှက်ခဲ့သည်။

အပျိုဖော်ဝင်တော့ ထိုခြေပူးကလေးကို မည်သူမျှ မတွေ့မမြင်အောင် အသေချာ ဂရုစိုက်ခဲ့သည်။

တစ်ချို့ မိတ်ဆွေ သူငယ်ချင်းများတွေဆိုလျှင် သူမနှင့် ခင်ပြီး ဝေးသွားကြ၊ မတွေ့ကြရသည့် အထိ သူမမှာ ဒီခြေပူးကလေး ရှိနေသည်ဆိုတာ သိမသွားသူတွေ တော်တော်များပါသည်။

ကေသီတာ ရှက်သွားကြောင်းကို နိုင်ဝင်းထွန်းက ရိပ်မိသွားသည်။

"ဟော့ကောင် .. ဘာတွေ လျှောက်ပြောနေတာလဲ၊ မင်းကကွာ.. ခက်တော့တာပဲ .. မင်းကွာ..."

နိုင်ဝင်းထွန်းမှာ ကေသီတာ ရှက်သွားတာကိုလဲ အားနာ၊ သူ့သူငယ်ချင်း နှုတ်မဆင်ခြင်တာ ကိုလည်း ဒေါသဖြစ်ဖြစ်နှင့် ဘယ်လို မျက်နှာထားပြီး ဘယ်လို စကားပြောရမယ်မှန်း မသိအောင် ဖြစ်သွားသည်။

"ငါလဲ ခုမှ တွေ့တော့ အမှတ်တမဲ့ ပြောမိတာပါကွာ .."

"မင်းကွာ.. ခက်တာပဲ.. မင်းကွာ.. ၊ မကေသီတာ၊ စိတ်မဆိုးပါနှင့်၊ ဒီကောင်က ဘာရယ် ညာရယ် မဟုတ်ဘူး၊ သူ့ စိတ်ထဲရှိရာ ပြောတဲ့ ကောင်ပါ"

သူမကတော့ ငိုချင်တာပဲ သိသည်။

သူ့မှာ ဒီလို ခြေသန်းလေး ပူးနေတာကို လူသိမှာ အင်မတန် ကြောက်လည်း ကြောက် ရှက်လည်း ရှက်တတ်တသူမို့ တည့်တည့်ကြီး အပြောခံလိုက်ရသောအခါ ငိုချင်ခြင်းကိုသာ မှတ်မိတော့သည်။

ဧည့်ခန်းမှာ သုံးယောက်ထိုင်နေကြသော်လည်း ပြောရမည့် စကားက မရှိတော့ သလို ဖြစ်နေသည်။ တစ်စက္ကန့်ခြင်း တစ်စက္ကန့်ခြင်း အသက်ရှူကြပ် သထက် ကြပ်၍ လာနေ၏။ တစ်ယောက်နှင့် တစ်ယောက်လည်း မျက်ဝန်းချင်း မဆုံအောင် ကြိုးစား နေရကာ ပင်ပန်းလွန်းသည်နှင့် နိုင်ဝင်းထွန်းကပင် ပြန်ဖို့ ကိစ္စကို နှုတ်ဆက်ရသည်။

"မကေသီတာ.. ကျွန်တော်တို့ ပြန်လိုက်ပါဦးမယ်၊ ကိစ္စတစ်ခုလည်း သွားစရာ ရှိလို့ပါ"

"ဟုတ်ကဲ့ပါရှင့်"

"အန်တီထက်လာရင်သာ ကျွန်တော်လာလည်သွားတယ်လို့ ပြောပေးပါ"

"ဟုတ်ကဲ့ရှင့်"

အဲဒီတုန်းက ရက်ခဲ့ရတာတွေကို အခုပြန်တွေးတော့လည်း အခုထိရက်တုန်းပင် ဖြစ်သည်။ သူမနှင့် နိုင်ဝင်းထွန်းတို့ နောင် တွေ့ကြသောအခါ နှစ်ယောက်စလုံး ညှိထားကြသကဲ့သို့ ထိုကိစ္စကို ပြန်မပြောဖြစ်တော့ချေ။

သူမနှင့် ကိုနိုင်တို့ တွေ့ကြရသည်မှာလည်း အကြိမ် အနည်းအကျဉ်းသာ ရှိပါသည်။ ထိုစဉ်က အခုလို စေ့စပ်မည်၊ လက်ထပ်ရမည် ဆိုတာတွေ နှစ်ဦးစလုံးက မသိသေးသဖြင့် ရိုးရိုးတွေ့ ရိုးရိုးစကားပြောရုံသာ ရှိသည်။ ဒီလို စကားပြောကြည့်တော့မှ နိုင်ဝင်းထွန်းဆိုသော ကိုနိုင်သည် တော်တော်ရက်တတ်ပြီး စကားတစ်ခွန်းကို သူ့ဘက်က မကျိန်းသေလျှင် ဘယ်တော့မှ တာဝန် ရမ်းယူတတ်သူမဟုတ်မှန်း သိရသည်။

သူမက ပထမအကြိမ်တွေမှာ စကားပြောသည့်အခါ "ဦးနိုင်ဝင်းထွန်း" ဟု ခေါ်သော်လည်း စကားပြောကြရင်းနှင့် နိုင်ဝင်းထွန်းက သူ့ကိုယ်သူ "ကိုနိုင်ကလေ.." "ကိုနိုင်က" ဟူသော အသုံးနှုန်းကို သုံးသဖြင့် ကေသီတာကလည်း "ကိုနိုင်" ဟု ခေါ်ဖြစ်သွားသည်။

သူမနှင့် ကိုနိုင်သည် အပြင်မှာ တွေ့တာ မရှိသလောက်ပင်၊ ကိုနိုင် အိမ်လာလည်လျှင် ဧည့်ခန်းမှာ၊ ဒါမှမဟုတ် ပန်းခြံထဲမှာ ခြံထဲက မန်ကျီးပင်ကြီး အောက်မှာ စသဖြင့်သာ တွေ့ကြလေ့ရှိသည်။ ကိုနိုင့်ပုံစံသည် ခေတ်ဆန်ပြီး အဝတ်စား၊ အနေထိုင်၊ အပြောဆိုတို့ဖြင့် ရင်ခုန်အောင် ဆွဲဆောင်နိုင်သည့် ယောက်ကျားလေး မျိုး မဟုတ်ပါ။

ကိုနိုင်သည် လှိုင်းတွန့်ပါသော ဆံပင်ကို ဘေးခွဲခွဲ၍ သပ်သပ်ရပ်ရပ် ဖြီးထားတတ်ပြီး၊ အင်္ကျီကို ကြယ်သီးအပြည့်တပ်ကာ အမြဲတမ်း ပုဆိုး ဝတ်ထားတတ်သူ ဖြစ်ပါသည်။ ကိုနိုင်သည် အသားအရေ လှသူဖြစ်ပြီး စကားပြောလျှင် လေသံက အားနာသံ အလိုလို ပါနေတတ်သည်။ ကိုနိုင်၏ ကိုယ်ပေါ်တွင် ဒီနေ့ခေတ်၏ ဒီဇိုင်း အပြင်ဆင်ကို လုံးဝ တွေ့ရလိမ့်မည် မဟုတ်ပါ။

ကိုနိုင်နှင့် သူမ တစ်ကြိမ်တည်းသာ အပြင်သို့ အတူသွားခဲ့ကြဖူးသည်။ ထိုတစ်ကြိမ်မှာ မေမေကြီးက ထိန်သားဖြင့် ထုထားသော ဘုရားဆင်းတုတော်ကို ရွှေတိဂုံ ဘုရားတွင် ဝယ်ယူရန် သူမကို လွှတ်ခြင်း ဖြစ်သည်။

သူမသွားရန် ပြင်ဆင်နေစဉ် မျှော်လင့်မထားပါပဲ ကိုနိုင်က အိမ်သို့ အလည်ပတ် ရောက်လာသည်။

"အတော်ပဲ မောင်နိုင်ရေ.. မင်းအမေအတွက် ဆီးချိုကျ ဆေးရွက်ပေးမလို့ မိကေရေ မေမေကြီး ကြောင်အိမ်ပေါ်က ဆီးချိုရွက်ခြောက်တုပ်ယူလာခဲ့ဟေ့ "

"ပြီးခဲ့တဲ့ အပတ်ကတော့ မေမေ ဆီးချိုနည်းနည်း ပြန်တက်တယ် အန်တီမေ "

"အေး.. အဲဒီ အရွက်ကို လက်ဖက်ခြောက် ခပ်သောက်သလိုသာ သောက်၊ ဒါ ကြက်လည်ဆံရွက်လို့ ခေါ်တယ်။ တစ်ထုပ်ဆို နှစ်လလောက်တော့ အနည်းဆုံး သောက်လို့ ရတယ်၊ ငါတော့ ဒီကြက်လည်ဆံနှင့် တော်တော်လေး အဆင်ပြေတယ်၊ စမ်းသောက် ကြည့်ခိုင်းပါ"

"ဟုတ်ကဲ့ အန်တီမေ"

ဒေါ်ထက်မေအောင်က သူမပေးသော ကြက်လည်ဆံ ဆေးထုပ်ကို ကိုနိုင့်အား ပေးသည်။ ပြီးတော့ ..

"မင်းသွားစရာ ရှိသေးလား မောင်နိုင် "

"မရှိဘူး အန်တီမေ၊ ဘာခိုင်းစရာရှိလို့လဲ"

"အေး.. အခုပဲ မင်းနမက ဝါ့အတွက် ထိန်သားနှင့် ထုထားတဲ့ ဘုရား တစ်ဖူ ရွှေတိဂုံဘုရားမှာ သွားဝယ်မလို့ မင်းအားမယ်ဆိုရင် အဖော်လိုက်ပေးစမ်းပါကွယ်"

စကားဝိုင်းသည် အသံတိတ်၍ သွားသည်။

နိုင်ဝင်းထွန်းက ကေသီတာ့ကို ကြည့်သည်။ သူမကလည်း ပြန်ကြည့်ပြီးနောက် မျက်လွှာကို ချထားလိုက်မိသည်။

"ကျွန်တော် အိမ်က ကားပြန်ယူလိုက်ရမလား အန်တီမေ"

"အို.. အဲဒီလောက်လည်း မဟုတ်ပါဘူး၊ လမ်းထိပ်ကသာ ကားငှားပြီး သွားလိုက်ပါ၊ မောင်နိုင် အဖော်ပါတော့ သာတောင် အဆင်ပြေသေး၊ မိကေ.. မေမေကြီး အတွက် စနေထောင့်မှာ ရေသက်စေ့ပါ ပူဇော်ခဲ့ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ မေမေကြီး"

လမ်းထိပ်ကို ရောက်တော့ ကိုနိုင်က ကားငှားရန်လုပ်သည်။ သူမကတော့ ဒီခရီးလောက်ကို ပိုက်ဆံအကုန်ခံပြီး အငှားကားနှင့် မသွားချင်ပါ၊ ၄၆ - ကားလေးစီးလျှင် ရွှေတိဂုံဘုရားသို့ တန်းရောက်သည် မဟုတ်လား။

"ကိုနိုင် ကားငှားမနေနှင့်၊ ၄၆- ကားလေးနှင့်ပဲ သွားမယ်"

"ကကပဲ ငှားလိုက်ပါ၊ သုံးထောက်ပဲ ရှိတဲ့ဟာ"

"ကိုနိုင်က လိုင်းကားစီးရတာ ရှက်ဖို့ကောင်းတယ် ထင်လို့လား"

"အာ.. အဲဒီလို မဟုတ်ရပါဘူး၊ အန်တီမေက ပြောလိုက်လို့ပါ၊ ကျွန်တော် မကြာခဏ လိုင်းကား စီးတတ်ပါတယ်"

"ဒါဆိုရင် ၄၆- နင့်ပဲ သွားမယ်"

ရွှေတိဂုံဘုရား တောင်ဘက်မုခ်ကို ရောက်တော့ ဖိနပ်အသီးသီး ချွတ်ကြပြီးချိန်တွင် သူမက ကိုနိုင့် ဖိနပ်ကို ကိုင်ပေးရမလား.. ဆိုသော ပြဿနာက တက်လာသည်။

"ဖိနပ်အပ်ခဲ့မလား"

သူမက "ဖိနပ် အပ်ခဲ့မလား .." ဟုမေးသော်လည်း မျက်လုံးတွေကတော့ ဖိနပ်အပ်ခဲ့တာ ကောင်းတယ် ဟူသော ပုံစံမျိုး ဖြစ်နေသည်ဆိုတာ ကိုနိုင် သဘောပေါက်သဖြင့် ခေါင်း ညိတ်လိုက်သည်။ ကိုနိုင် ခေါင်းညိတ် ပြီးပြီးချင်းပင် သူမက ကိုနိုင်ဖိနပ်ကို ကောက်ယူပြီးသား ဖြစ်နေသည်။

"ဟာ.. မလုပ်ပါနဲ့၊ ကျွန်တော့်ဘာသာ ကိုင်ပါ့မယ်"

"ဘြော်.. ရပါတယ်၊ ပေးပါ၊ အိတ်ထဲထည့်ရုံပဲဟာ လွှတ်လိုက်လေ.."

ဖိနပ်အပ်ပြီးတော့ စောင်းတန်းကို စတက်သည်။ ကေသီတာသည် ပန်းပုဆိုင် တိုင်းကို တွေ့တိုင်း ထိန်သားဖြင့်ထုထားသော ဆင်းတုတော်၏ ဈေးကို မေး၍ သွားသည်။ ဆိုင်တွေကလည်း တစ်ဆိုင်နှင့် တစ်ဆိုင် ဈေးတွေက မတူသဖြင့် ဒီလိုဆိုင်တိုင်းကို မေးရတာကို သူမက ကောင်းသော စုံစမ်းခြင်းဟု သဘောထားသည်။

သို့သော် သုံးလေးဆိုင်လောက် မေးပြီးတော့ ကိုနိုင့်ပုံစံက မဝယ်ပဲ ဈေးမေး နေတာကို အားနာနေပုံရသည်။ သူမ ဆိုင်တစ်ဆိုင်ထဲ ဝင်လိုက်လျှင် လိုက်ဝင်မလာတော့ပဲ အခြားဆိုင်က အရုပ်တွေ၊ ပုတီးတွေ၊ လင်ကွင်းတွေကိုသာ လျှောက်ကြည့် နေတော့ သည်ကို သူမ သတိထားမိသည်။ ကိုနိုင့်မျက်နှာသည် အားနာစိတ်နှင့် သွေးရောင် လွှမ်း၍ နေသည်။

စောင်းတန်းဆုံး၍ ရင်ပြင်တော်ပေါ်ကို ရောက်တော့မှပင် ကိုနိုင့်မျက်နှာသည် နဂိုပုံစံအတိုင်း ပြန်ဖြစ်လာသည်။

"မေမေကြီးအတွက် စနေထောင့်မှာ ရေအရင် သွားလှူရအောင်နော် "

ကိုနိုင်က ဘာမျှပြန်မပြောပဲ သူမသွားရာနောက်သို့သာ လိုက်ခဲ့သည်။ စနေထောင့်မှာ ရေလှူပြီးတော့ သူမက မေမေကြီးအတွက် ဘုရားရှိခိုးပြီး ဆုတောင်းပေးသည်။ မေမေကြီးအတွက် အားလုံး လုပ်ပြီးမှ သူမ သတိရသည်က ကိုင်နိုင်လည်း စနေသား ဖြစ်လိမ့်မည် ဆိုတာကိုပင် ဖြစ်သည်။

"ကိုနိုင်လည်း စနေသားပဲ မဟုတ်လား"

"ဟုတ်ကဲ့ "

"အံမယ်လေး.. ကိုနိုင်ရယ် စောစောကတော့ မပြောဘူး၊ ကဲပါ ရောက်မှပဲ ရေသွားလှူလိုက်ပေါ့"

"ကျွန်တော် မလုပ်တတ်ဘူးဗျ၊ တစ်ခါမှလည်း မလုပ်ဖူးဘူး"

"အံမယ်လေး.. ဘာခက်တာမှတ်လို့၊ ဘုရားရယ်၊ နဂါးရယ်၊ ဂြိုလ်တိုင်ရယ်ကို ရေသက်စေ့ သပပ်ပယ်လိုက်၊ သွား သွား၊ ကျွန်မ ဒီကပဲ စောင့်နေမယ် "

ကိုနိုင်က သူမစကားအတိုင်း လိုက်နာတာကိုတော့ စိတ်ထဲက ကျေနပ်သလိုလို ခံစားရသည်။ မိန်းကလေးဆိုတာမျိုးကလည်း ယောက်ကျားလေး တစ်ယောက်အပေါ် ဩဇာ နည်းနည်းကလေး သက်ရောက်လျှင်ကို ကျေနပ်တတ်သည့် သတ္တဝါ မဟုတ်ပါလား။

ကိုနိုင့်ကိစ္စပြီးတော့ သူမ၏ တနင်္လာထောင့်မှာ ရေသွားလှူလိုက်သေးသည်။ ဒီလိုနှင့်ပင် သူမနှင့် ကိုနိုင်တို့ ရွှေတိဂုံဘုရားကို တစ်ပတ်ပတ်ပြီးသား ဖြစ်သွားသည်။ တောင်ဘက်မုခ်ကပဲ ပြန်အဆင်းတွင် အတက်တုန်းကမေးခဲ့သည့် ဈေးနှုန်းများထဲက ဈေးအနည်းဆုံး ဆိုင်ကို သူမပြန်ဝင်သည်။

"သောင်းနှစ်ထောင်တော့ များပါတယ်၊ တစ်သောင်းပဲ ထားပါလား ရှင့်"

"ထိန်သားက ရှားလည်း ရှားလို့ပါ၊ ပြီးတော့ ဘုရားဝင်ရင် ဈေးမဆစ်ရဘူး ညီမရဲ့၊ ဒါကြောင့်မို့ အစ်ကိုတို့က မတရား မဖြစ်ရအောင် ရောင်းနိုင်တဲ့ အနိမ့်ဆုံး ဈေးကို ပေးထားတာပါ၊ ဒါနဲ့ အစ်ကို စနေသားလား.."

ဈေးရောင်းသူက ကိုနိုင့်ကို ကြည့်၍ မေးသည်။

"ဟုတ်ကဲ့၊ ကျွန်တော် စနေသားပါ"

"ဒီက ညီမလေးကရော"

"တနင်္လာပါ"

"ဟာ.. စနေနှင့် တနင်္လာဆို ဘာကြောင့် ထိန်သားကို ကိုးကွယ်ရမှာလဲ၊ သစ်ကနက်သား ဘုရား ကိုးကွယ်ရတယ်၊ ယောက်ကျားရော မိန်းကလေးပါ နှမ်နှစ်ခုလုံး ပါတဲ့ ဘုရားမှ မိသားစု စီးပွားရေးကို ထိရောက်အောင် ကာကွယ်ပေးနိုင်တာ၊ ကနက်သားပဲ ယူတော့"

ဈေးရောင်းသူ၏ စကား အဆုံးတွင် ကိုနိုင်မျက်နှာ ရဲတွတ်သွားသည်။ အသားရည် လှသူမို့ ရှက်လျှင် ချက်ချင်းကို သိသာသည်။

"အစ်ကို.. ဘာတွေ လျှောက်ပြောနေတာလဲ၊ ကျွန်မတို့က မိတ်ဆွေတွေ၊ ဒီ ဘုရားက ကျွန်မအမေ မှာလိုက်လို့ ဝယ်တဲ့ ဘုရား၊ ကျွန်မတို့ အတွက် မဟုတ်ဘူး"

ဒီလိုနေရာမျိုးမှာကျတော့ ယောက်ကျားလေးတွေထက် မိန်းကလေးတွေက အမြဲသာသည်။ သူမသည် ထိုရှင်းလင်းသော စကားကို အမှားအယွင်းမရှိ၊ တိတိကျကျ ပြောနိုင်ခဲ့သည်။

ဘုရားဝယ်ပြီး ပြန်ဆင်းလာတော့ ၄၆- ရပ်သည့် မှတ်တိုင်အထိ သူမနှင့် ကိုနိုင် ဘာစကားမှ မပြောနိုင်ခဲ့၊ ကိုနိုင်က ဘုရားကို ရင်ဝယ်ပိုက်ရင်း သူ့အနားမှာ ဘယ်သူမှ မရှိသလိုမျိုး မျက်နှာနှင့် ရပ်၍ နေသည်။ သူမကလည်း ကိုနိုင့်ကို ပြောစရာ စကား ဘာမျှ မရှိသဖြင့် နံဘေးမှာ ဘာစကားမျှ မပြောပဲ ရပ်နေမိသည်။

၄၆ -ကားလေး လာတော့ ကားတစ်ဝက်ခန့် ရှိသော လူများ ဆင်းပြီး လူ ၁၀- ယောက်လောက် တက်ရမည် ဖြစ်သဖြင့် နောက်ဆုံးဆင်းသူ ပြီးသည်နှင့် တက်သူများက အလုအယက် တိုးဝှေ့တက်ကြတော့သည်။

ကိုနိုင်ကလည်း ဘုရားကို ပိုက်ရင်း အတင်း တိုးတက်သည်။ ကိုနိုင့်နောက်က ကပ်လျက်က သူမ ဖြစ်သည်။ ကားထဲမှာ ရောက်နေပြီးသူတွေ နေရာ မကျသေးခင် ကားက တိုးထွက်တော့ ယိုင်ထွက်သွားသော သူမသည် ရှေ့မှာရှိနေသော ကိုနိုင့်၏ ခါးမှ ပုဆိုးစကို လှမ်းဆွဲပြီး ထိန်းလိုက်ရ၏။ သူမက ဆွဲသည့် အရှိန်၊ ကားက အတင်း တိုးဆောင့်ထွက်သည့် အရှိန်တို့ကြောင့် ကိုနိုင့် ပုဆိုးကို နောက်ကနေ ဆွဲချွတ်လိုက်သလို ဖြစ်သွားလေသည်။

ကျွတ်လည်း ကျွတ်သွားပါသည်။

အောက်ခံ ဘောင်းဘီ ပါ၍သာ တော်ရှော့သည်။

ကိုနိုင့် အဖြစ်ကလည်း သူ့ပုဆိုးကို ထိန်းရန် မဖြစ်နိုင်ပါ၊ ဘယ်ဘက်လက်က ဘုရားဆင်းတုတော်ကို ပိုက်ထားရပြီး ညာဘက်လက်က ကားအမိုးနှင့် ကပ်လျက်ရှိသော သံတန်းကို ကိုင်ထားရသည်။

ငါး စက္ကန့်လောက် လူတွေ ကြောင်သွားကြပြီးနောက် ဘေးတန်းမှ ဦးလေးကြီး တစ်ယောက်က ကိုနိုင့်လက်ထဲမှ ဘုရားဆင်းတုတော်ကို လှမ်းယူပေးလိုက်သဖြင့် အခြေနေက ဆိုးဆိုးဝါးဝါး ဖြစ်မသွားပဲ တစ်ကားလုံး ပြုံးရုံမျှလောက်နှင့် ကိစ္စပြီးသွားသည်။ သို့သော် ကာယကံရှင် သူမတို့ နှစ်ယောက်ကတော့ တစ်ယောက်ကို တစ်ယောက်လည်း

မကြည့်ရဲ စကားလည်း မပြောရဲကြတော့ပဲ တိတ်တဆိတ်သာ စီးလာကြသည်။ ကားစပယ်ယာက ပိုက်ဆံတောင်းတော့ သူမက နှစ်ယောက်စာ ပေးသည်။

"တစ်ယောက်က ဘယ်သူလဲ အစ်မလေး"

"နောက်မှာ.."

"ဩော်.. ပုဆိုး ကျွတ်တဲ့ လူလား၊ ဟုတ်ပြီ၊ ကဲ.. ဒါဆို .. နှစ်ယောက်ကျန်မယ်၊ လက်မတို့ပါရစေနှင့် ခင်ဗျာ"

မှတ်တိုင် လေးမှတ်တိုင်လောက် စီးပြီးတော့ ကိုနိုင်က သူမကို ပြောသည်။

"ကျွန်တော် ဆက်မလိုက်တော့ဘူး၊ မကေသီတာ၊ သူငယ်ချင်း တစ်ယောက်အိမ် ဝင်ချင်လို့ပါ"

"ဟုတ်ကဲ့"

ထိုနေ့က စပြီး သုံးလခန့် ကိုနိုင်သည် သူမတို့ အိမ်သို့ မလာတော့ပါ။ ကိုနိုင့်မေမေ ဒေါ်မြနွယ်နှင့် မေမေကြီးတို့ တရားစခန်း ဝင်လျှင် အရင်က ကိုနိုင် ကားလိုက်မောင်းပို့ ပေးနေကျဖြစ်သော်လည်း အခုတော့ ဒရိုင်ဘာနှင့်ပင် မေမေကြီးကို လာခေါ်တော့ပါသည်။

ထိုကိစ္စကို ကေသီတာက ခင်မေအောင်နှင့် မူယာမောင်တို့ကို ပြောမပြ ဖြစ်သလို ကိုနိုင်ကလည်း ဘယ်သူ့ကိုမျှ ပြောပြမည့်ပုံ မပေါ်ပါ။

သုံးလကျော်ပြီးသည့် နေ့တစ်နေ့တွင် မိဘနှစ်ယောက်နှင့် နိုင်ဝင်းထွန်းတို့ အိမ်သို့ရောက်လာကြသည်။ ကိစ္စက တောင်ငူမှ မေမေကြီးတို့ ကိုးကွယ်သော ဆရာတော်ကြီး မျက်စိခွဲရန် ကိစ္စဖြစ်သည်။ ဧည့်သည်လာပြီဆိုကထဲက သူမက နက်စ်ကော်ဖီ သုံးခွက် ဖျော်ပေးသည်။ ခင်ရီလွင် သွားချပေးတော့ သူ့ မိဘနှစ်ယောက်သာ မေမေကြီးနှင့် စကားပြောနေတာ တွေ့ရပြီး သူ့ကိုတော့ မတွေ့ရဟု ဆိုသည်။

ဒါနှင့် ကေသီတာက အခန်းထဲမှနေ ကားထိုးရပ်ထားသော ဆင်ဝင်အောက်ကို ချောင်းကြည့်လိုက်သည်။ (သူမ ဘဝတွင် ပထမဆုံးအကြိမ် ယောက်ကျား တစ်ယောက်ကို ခိုးကြည့်ခြင်းလည်း ဖြစ်ပါသည်။) ကားထဲမှာရော၊ ကားနားမှာပါ သူ့ကို မတွေ့ရ။ ပန်းခြံထဲကို ကြည့်တော့မှ ဂမုန်းပင်တွေနားမှာ လက်ကိုနောက်ပစ်ပြီး လမ်းလျှောက် နေတာကို တွေ့ရသည်။

လိုက်ကာကို ပြန်ပိတ်လိုက်ပြီး သူဘာလုပ်ရလျှင် ကောင်းမလဲဟု စဉ်းစားသည်။ ပြီးတော့ အခန်းထဲက ထွက်လာပြီး ခင်ရီလွင့်ကို ခေါ်သည်။

"ဘာခိုင်းမလဲ မမကြီး"

"ကော်ဖီတစ်ခွက်ကို ပန်းခြံထဲက အစ်ကို့ဆီ သွားပို့ပေး"

သူမ စကားကြောင့် ဆရာတောကြီး အကြောင်း ပြောနေကြသော မေမေကြီးတို့ စကားဝိုင်း ခဏရပ်၍ သွားသည်။

"ဟဲ့.. ဟုတ်ပါရဲ့၊ ကိုနိုင်က ဘာဖြစ်လို့ အပေါ်တက်မလာရတာလဲ "

"သြော်.. မြရယ်.. လူငယ်တွေဆိုတော့ သူတို့နှင့် မဆိုင်တဲ့ ကိစ္စကို ငုပ်တုတ်ထိုင်ပြီး ဘယ်နားထောင်ချင်ပါ့မလဲ၊ ပန်းခြံထဲမှာ သူ့ဘာသာ နေပါစေ၊ မိကေ.. ကော်ဖီကို သမီးကိုယ်တိုင် သွားပို့လိုက်၊ ဟုတ်ပြီလား"

သူမ စိတ်ထဲမှာ "ဂိန်" ကနဲ အော်လိုက်မိသည် ထင်သည်။

ကိုယ်ထွင်တဲ့ အပေါက် ကိုယ့်ဆီ ပြန်ရောက်တော့ ဘာမှ ငြင်းမရတော့၊ ကေသီတာသည် မေမေကြီး၏ စကားကို အကျိုးနှင့် အကြောင်းနှင့် သော်လည်းကောင်း၊ အကျိုး အကြောင်းမဲ့သော်လည်းကောင်း ငြင်းလေ့ မရှိသဖြင့် ကော်ဖီပန်းကန်ကို ယူ၍ အောက်သို့ ဆင်းခဲ့ရလေသည်။

ပန်းခြံထဲရောက်တော့ ကိုနိုင်က သစ်ခွပန်းတစ်ပွင့်ကို လက်နှင့် ကိုင်ကြည့်နေ၏။ သူမကို ကျောပေးလျက်အနေထားတွင် ရှိသည်။ နာမည်ကို ခေါ်လိုက်ရမလား၊ ဟင့်အင်း မဟုတ်သေးဘူးဟု သူ့ကိုယ်သူ ကာကွယ်လိုက်၏။ ဒါဆို ဘယ်လို စကားလုံးမျိုးက အကောင်းဆုံး ဖြစ်မှာလဲ... ။

"ဒီမှာ.. ကော်ဖီ "

ကိုနိုင်သည် ရုတ်တရက် လန့်သွားသော အမူအယာမျိုးနှင့် လှည့်၍ ကြည့်သည်။ သူမကို မြင်တော့ မျက်နှာက ရဲကနဲ ဖြစ်သွားတာ တွေ့ရသည်။

"ဟာဗျာ.. အားနာလိုက်တာဗျာ "

"မေမေကြီးက ပို့ခိုင်းလိုက်တာ.. ရော့ "

သူ ကော်ဖီခွက်ကို လှမ်းယူပြီး မနီးမဝေးဆီက ခုံတန်းဆီသို့ သွားသည်။ ပြီးတော့ ကော်ဖီခွက်ကို ခုံပေါ်ချရင်း အနေရခက်ပြီး အားနာနေသော မျက်နှာဖြင့် သူမကို ကြည့်သည်။

"ဆရာတော် ဘုရားကြီး ကိစ္စဆိုတော့ မေမေတို့ အေးအေးဆေးဆေး စကားပြောပါစေ ဆိုပြီး.."

"မေမေကြီးကလဲ အဲဒီအတိုင်း ပြောပါတယ်၊ ဒီတော့ ဖျော်လည်း ဖျော်ရ၊ ရှိတဲ့နေရာကိုလည်း လိုက်တိုက်ရပေါ့၊ ကောင်းပါတယ် "

"ဒုက္ခပါပဲဗျာ၊ ကျွန်တော် ဘယ်လို ပြောရမှန်းကို မသိတော့ဘူး "

ကေသီတာသည် ကိုနိုင့်ကို မျက်စောင်းတစ်ချက် ထိုးပြီး ထွက်လာခဲ့သည်။ အိပ်ခန်းထဲ ရောက်၍ လှဲချလိုက်မှ ကေသီတာသည် သူ့ကိုယ်သူ ရင်ခုန်နေမှန်း သိရသည်။ ဘာဖြစ်လို့ သူ့ရင်တွေ ခုန်နေရတာလဲ...

ကိုယ့်ကိုကိုယ် မေးမိသော မေးခွန်းကို စံနစ်တကျ ပြန်စဉ်းစား ဆင်ခြင်ကြည့်တော့မှ သူမသည် ဘယ်ယောက်ကျားလေးကိုမှ ခန့်တဲ့တဲ့ ပြောတတ်သော၊ ပြောခဲ့ဖူးသော မိန်းကလေး တစ်ယောက် မဟုတ်။ အခု ခန့်တဲ့တဲ့ နှင့် ခန့် ခဲ့သည့် အပြင် မျက်စောင်းပါ ထိုးခဲ့မိသည့်အတွက် ရင်ခုန်နေခြင်းသာ ဖြစ်ရမည်ဟု သူမကိုယ် သူမ နှစ်သိမ့်လိုက်သည်။

နာရီကို လှမ်းကြည့်လိုက်တော့ ကိုးနာရီ ရှိနေပြီ။ သူ့ဘက်ကတာဝန်လည်း လစ်ဟင်းမှုမရှိ၊ အားလုံးပြည့်စုံနေပါပြီ။

ဆယ်နာရီဆိုလျှင် ကိုနိုင်တို့ဘက်က လူကြီးတွေနှင့် ရောက်လာကြတော့မည်။ စကားပြောကြ ရယ်ကြမောကြပြီး စေ့စပ်မည့်နေ့ကို ရွေးကြမည်။ နှစ်ဦး နှစ်ဖက် သဘောတူလျှင် ထမင်းစားကြမည်။ ပြန်ပြီး စကားတွေ ပြောကြဦးမည်။ ဒီလိုဆိုတော့ သူမ အိမ်ထောင် ကျတော့မည်။

နံဘေးက ဖက်ခေါင်းအုံးကြီးကို အားရပါးရ ဖက်လိုက်တော့ ဖက်ခေါင်းအုံးကြီး ထဲက "ဒုတ်.. ဒုတ်.. ဒုတ်" ဆိုသော အသံကို ကြားနေရသည်။ လောကမှာ " ဒုတ်.. ဒုတ်.. ဒုတ် " ဟု မည်သော ဖက်ခေါင်းအုံးမျိုးလည်း ရှိတတ်ပါသည်။

ဒေါ်ထက်မေအောင်သည် သမီးနှစ်ယောက်နှင့် ဧည့်ခန်းကို ပြင်ဆင်ပြီး နောက်ဖေး မီးဖိုချောင်ကိုဝင်၍ ကေသီတာ ပြင်ဆင် ထားခဲ့သမျှကို တစ်ခုစီ စစ်ဆေးသည်။ ပထမ အချိုပွဲတွေကို ကြည့်သည်။ ဆနွင်းမကင်း၊ ငှက်ပျောသီးမုန့်၊ အုန်းနို့ကျောက်ကျော၊ ဖရဲသီး၊ ပဲခူးသခွားသီးနှင့် လက်ဖက်သုံးပွဲ..။ ထမင်းပွဲအတွက် ချက်ထားသော ဟင်းတွေကို ကြည့်တော့လည်း အားလုံး အဆင်သင့်လျက်ရှိသည်။

"ပုစွန်က မီးဖုတ်ပြီး အခွံခွာထားပြီးသား မေမေကြီး၊ မမကေက စားခါနီးမှ သုပ်မယ်တဲ့၊ ကြိုသုပ်ထားရင် ကြက်သွန်တွေ ရော်ကုန်မှာ စိုးလို့တဲ့၊ ပြီးတော့ ဂျုံလုံးငါးဖယ်ကိုလည်း စားခါနီးမှ နွားနို့ကို နွေးပြီး နွေးနွေးလေး ဖြစ်အောင် လုပ်မှာတဲ့၊ ကျန်တာတွေကတော့ အားလုံး အဆင်သင့်ပဲ မေမေကြီး"

ခင်ရီလွင်က ဟင်းတွေကို လျှောက်စစ်နေသော ဒေါ်မေထက်အောင်ကို ရှင်းပြနေသည်။ အားလုံးကိုကြည့်ပြီးသော အခါ ကေသီတာ့ အပေါ်မှာ အပြစ်ပြောစရာ မတွေ့ပါ။ ထို့ကြောင့် ဒေါ်မေထက်အောင်၏ ရင်ထဲတွင် ငြိမ်းချမ်း၍ သွားသည်။ ပီတိသည် နှုတ်ခမ်းသို့ တိုးဝင်ကာ အပြုံးကို ပေးသည်။ ပြီးတော့ ဒေါ်မေထက်အောင် ရင်ထဲမှာ "နင့်" ကနဲ တစ်ချက် ဖြစ်သွားပြန်သည်။ ဒီလောက်တောင် အောက်ခြေသိမ်းကအစ ကိစ္စအဝဝတို့ကို မျက်နှာလွှဲရသော သမီးတစ်ယောက်အား သူ စွန့်လွှတ်ရတော့မည် ဖြစ်သောကြောင့် ဖြစ်ပါသည်။

လူ့ ဘဝဆိုသည်ကလည်း ကံကြမ္မာအတိုင်း တွေ့ကြ၊ ကံကြမ္မာအတိုင်း နေရပြီး ကံကြမ္မာအတိုင်း ခွဲခွာကြရသည့် နေရာ မဟုတ်ပါလား။ သူနှင့် ကေသီတာတို့ တွေ့ဆုံကြ ရသည့် ကံကြမ္မာက ဆန်းကြယ်ကြောင်း ဒေါ်မေထက်အောင် သိပါသည်။ အိမ်က သွားလေသူ ခင်ပွန်း ဦးမျိုးမင်းက သူ့ရောဂါသည် ကျွမ်းနေပြီး ဒီတောင်ကို မကျော်နိုင်တော့ပြီ ဆိုတာကို သိသည့်အခါ သူ့မွေးရပ်မြေ ဇာတိဖြစ်သော ရောဝတီတိုင်းက ချောင်းဆုံရွာ ကလေးတွင် ရှိသော ရွာဦးစေတီ ငှက်ပျောဖူးကို ရွှေချချင်သည်ဟု တောင်းဆိုသည်။

ထိုစေတီမှာ သူ့ခင်ပွန်း ဦးမျိုးမင်း၏ အဖိုး ဦးခိုင်တင်ဆိုသူက တည်ခဲ့သော ဆွေဘုရား၊ မျိုးဘုရား ဖြစ်သောကြောင့် သူ့ခင်ပွန်းက ငှက်ပျောဖူးကို နောက်ဆုံး ရွှေချချင်ခြင်း ဖြစ်သည်။ ခင်ပွန်း၏ ဆန္ဒကို ဒေါ်ထက်မေအောင်က မငြင်းပါ။ ပြင်ဆင်စရာ ရှိတာတွေ ပြင်ဆင်၍ ထိုချောင်းဆုံရွာ ကလေးသို့ ထွက်ခဲ့ကြသည်။ ရွာကိုရောက်တော့ သူ့ခင်ပွန်းမှာ ရန်ကုန်မှာနေတာထက် ပို၍ လန်းလာကြောင်း တွေ့ရသည်။ ကိုယ့်မွေးရာ ကိုယ့်အရပ်ဒေသသည် ဦးမျိုးမင်း၏ အဆုပ်ရောဂါကို တစ်ဝက်လောက် သက်သာစေသော ဆေးကြီး တစ်ခွက် ဖြစ်နေသည်။

ဒေါ်မေထက်အောင်တို့ မိသားစု ရွာတွင် တဲကြီး တစ်လုံးထိုး၍ နှစ်လကျော်ကြာ နေခဲ့ကြခြင်း ဖြစ်သည်။ ပထမ စေတီ၏ ရင်ပြင်ကို ပြုပြင် မွမ်းမံခဲ့သည်။ ဒုတိယ

ဗြိုလ်တိုင်နှင့် အရုံဘုရားတွေကို ပြုပြင်သည်။ တတိယ စေတီအတွက် လျှပ်စစ်မီး ပူဇော်နိုင်ရန် စီစဉ်သည်။

သူ့ခင်ပွန်းဖြစ်သူ ဦးမျိုးမင်း၏ အဆိုအရ သူ ဒီချောင်းဆုံရွာကလေးက မထွက်ခွာမီ ထိုဆွေမျိုး စေတီသို့လာကာ မိမိရန်ကုန်တက်ပြီး စီးပွားရှာမည်။ အကယ်၍ ကြီးပွား တိုးတက်ခဲ့ပါက ထိုစေတီကို ပြုပြင်မွမ်းမံမည်ဟု သစ္စာဆိုခဲ့ဖူးသောကြောင့် ကတိထားခဲ့ဖူး သောကြောင့် ယခုကဲ့သို့ ပြုပြင်ရခြင်း ဖြစ်သည်။

ငှက်ပျောဖူး၊ ငှက်မြတ်နားတို့ကို ရွှေချပြီး ကျန်ဖောင်းရစ်များကို ထုံးသင်္ကန်း ကပ်မည် ဖြစ်သဖြင့် စေတီကို ငြမ်းထိုးရာ ငှက်ပျောဖူးအထိ ပြီးစီး၍ ငှက်မြတ်နားကို ငြမ်းဆင်ချိန်တွင် ငြမ်းလုပ်သားတစ်ဦး ငြမ်းပေါ်မှ ပြုတ်ကျခဲ့သည်။ ဦးခေါင်းခွံ ကွဲအက်သွားပြီး ဆေးရုံရောက်ရန် နေ့ဝက်ခန့် လှည်းနှင့် သွားရသောကြောင့် လမ်းခရီးတွင်ပင် အသက်ကုန်လေသည်။

ဒေါ်မေထက်အောင်ရော ဦးမျိုးမင်းပါ ယူကြုံးမရ ဖြစ်ကြရသည်။ စိတ် အနှောင့်ယှက်လည်း ဖြစ်ကြရ၏။ နောက်ဆုံး ကွယ်လွန်သူ၏ မိသားစုကို စုံစမ်းသော အခါ ကွယ်လွန်သူမှာ သီးကေဟု ခေါ်ပြီး သူ့တွင် ခြောက်နှစ်အရွယ် ကေသီတာဆိုသော သမီးကလေး တစ်ယောက်သာ ကျန်ခဲ့ကြောင်း သိရသည်။

ကွယ်လွန်သူ ဦးကေမှာ ဇနီးလည်း ဆုံး၊ မိခင် ဖခင်တို့လည်း ဆုံး၊ ညီအစ်ကို မောင်နှမကလည်း တစ်ယောက်မှ မရှိသည့် တစ်ဦးတည်းသောသား ဖြစ်သည့်အတွက် ရွာထဲတွင် ဟိုကနိုင်း၊ ဒီကနိုင်း ကိစ္စလေးတွေကို လုပ်ရင်း သမီးကလေးနှင့် နှစ်ယောက် နေရသူ ဖြစ်သည်။ ထိုသို့သော ဘဝနှင့် နေရင်း ဘုရားငြမ်းထိုးသည့် အခါ ကျွမ်းကျင်မှု မရှိပဲ ဝင်ရောက်လုပ်ရင်း ကြမ္မာငင်ရခြင်း ဖြစ်သည်။

အကြောင်းစုံ အလုံးစုံကို သိပြီးသောအခါ ဒေါ်မေထက်အောင်ရော၊ ဦးမျိုးမင်းကပါ ဆုံးဖြတ်ချက် ချလိုက်သည်မှာ မကေသီတာကလေးအား အမွေစား အမွေခံ အဖြစ် မွေးစားကြရန် ဖြစ်သည်။ ထိုအချိန်က သမီး အရင်းများဖြစ်ကြသော ခင်မေအောင်က

လေးနှစ်၊ အငယ် မူယာမောင်က သုံးနှစ်သာ ရှိသေးသည်။ ငှက်ပျောဖူး ရွှေသင်္ကန်း ကပ်ပြီးသည်နှင့် ပွဲခံကာ ဘုရားပွဲ ၃-ရက် တိတိ ကျင်းပ ပြီးသောအခါ ရွာဦးဆရာတော်နှင့် ရွာခံလူကြီးများ ရှေ့တွင် တရားဝင် စာချုပ်စာတမ်းနှင့် ကေသီတာ့ကို မွေးစားပြီး ရန်ကုန်သို့ တစ်ပါတည်း ခေါ်လာခဲ့လေသည်။

ကေသီတာလေး ရန်ကုန်သို့ ရောက်ကတည်းက ဒေါ်မေထက်အောင်၏ စိတ်ထဲတွင် ရည်မှန်းချက်တစ်ခု ကြီးကြီးမားမား ထားခဲ့သည်။ ကိုယ့်ကြောင့် ကေသီတာသည် တစ်ကောင်ကြွက် တစ်မျက်နှာ မဖြစ်စေရ။ မိမိတွင် ရှိသော သမီးနှစ်ယောက်နှင့် တန်းတူဖြစ်စေရမည်။ ကေသီတာက အသက် ခြောက်နှစ်မို့ မိမိမွေးထားသော သမီးများ၏ အစ်မကြီး တစ်ယောက် ဖြစ်ရမည်။ ပညာတတ်ဖြစ်ရမည်။ အချိန်တန်လျှင် သင့်တော် လျောက်ပတ်သောသူနှင့် အိမ်ထောင်ချပေးခြင်းဖြင့် ကေသီတာ့ ဘဝကို ပြည့်စုံစေမည်ဟု စိတ်ကို ပိုင်းဖြတ်၍ထားသည်။

ထိုသို့ရည်ရွယ်ချက်ဖြင့် ကေသီတာ့ကို ပြုစုပျိုးထောင်ခဲ့သဖြင့် ကေသီတာသည် ဒေါ်မေထက်အောင် ဖြစ်စေချင်သလို ဖြစ်လာခဲ့သည်။ အခုနောက်ဆုံး အဆင့် သင့်တင့် လျောက်ပတ်သော အိမ်ထောင်ရေးအထိကို ရောက်ခဲ့ပြီ ဖြစ်သည်။ မမြနွယ်၏သား နိုင်ဝင်းထွန်းသည် အေးဆေးရိုးသားသူ တစ်ယောက်ဆိုတာ မျက်နှာကြည့်ရုံနှင့် ပင် သိသာသည်။ မမြနွယ်တို့က ပြည့်စုံချမ်းသာသည်။ ရွှေချည်ထိုး လုပ်ငန်း တစ်ခုတည်းနှင့်ပင် အေးချမ်းစွာ ပြည့်စုံ ကြွယ်ဝကြသူများ ဖြစ်သည်။ ပြီးတော့ မောင်နိုင်က တစ်ဦးတည်းသော သားလည်း ဖြစ်သည်။ ကေသီတာအတွက် အသင့်တော်ဆုံး မိသားစု တစ်စု ပင်ဖြစ်သည်။

မမြနွယ်ကလည်း ကေသီတာ မီးဖိုချောင်နိုင်နင်းပုံ၊ ရိုးသားတည်ကြည်ပုံ၊ လောကဝတ်၊ ဓမ္မဝတ် ကျေပွန်ပုံတို့ကို အသေအချာ လေ့လာပြီးမှ သူတို့ဘက်က စကားစခဲ့ခြင်း ဖြစ်သည်။ ဒေါ်မေထက်အောင်ကလည်း နဂိုကတည်းက ရည်ရွယ်ထားခဲ့ သဖြင့် လူကြီးချင်း အဆင်ပြေကြပြီး ကလေးတွေကို ဖွင့်ပြောတော့လည်း မငြင်းကြပါ။

ဒါပေမယ့် ခက်နေတာက လူငယ်ချင်း မရင်းနှီးကြခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ဒီနေ့ စေ့စပ်ရက်ကို ရွေးသည်ဆိုသည်မှာ မမြနွယ်နှင့် သူ လူငယ်များ ရင်းနှီးမှုရှိစေရန်

အကွက်ဆင်ခြင်းသာ ဖြစ်သည်။ မင်္ဂလာတို့၏ ထုံးတမ်းစဉ်လာမှာ စေ့စပ်ပြီးလျှင် လက်ထပ်မည်။ စေ့စပ်ရက်ကို ကြိုတင် ရွေးသည်ဆိုဆိုတာ ထုံးစံမရှိ။ အခုတော့ မရှိတာကို ရှိအောင် လုပ်ရခြင်းသာ ဖြစ်ပါသည်။

"ရီရီ.. နင်တို့ မမရော"

"အခန်းထဲမှာ မေမေကြီး၊ သွားခေါ်ပေးရမလား"

"မခေါ်နှင့် နားပစေဦး၊ ကိုးနာရီခွဲတော့မှ ရေမိုးချိုးပြီး အသင့်ပြင်ထားလို့ ပြောလိုက်.. အောင်နှင့်မောင်ကိုလည်း ပြော၊ သမီးတို့ အားလုံး ကိုးနာရီ လေးဆယ့်ငါးမှာ အားလုံး အဆင်သင့် ဖြစ်နေရမယ် ဟုတ်ပြီလား"

" ဟုတ်ကဲ့ မေမေကြီး "

ရီရီ အိမ်ရှေ့ခန်းသို့ ထွက်သွားသည်။ ငှက်ပျောသီးမုန့်ကို နည်းနည်း မြည်းကြည့်တော့ အချိုမကဲပဲ စိမ့်စိမ့်ကလေး ခံစားရသည်။ သူလည်း မီးဖိုခန်းထဲက ထွက်ကာ ဆယ့်ငါးမိနစ်လောက် နားရန် အခန်းထဲသို့ ဝင်ခဲ့လေသည်။

"သား.. ရေချိုးတော့လေ၊ ကိုးနာရီတောင် ထိုးပြီးနေပြီ"

ဒေါ်မြနွယ်က အနည်းငယ် စိုးရိမ်သံနှင့် ပြောသော်လည်း နိုင်ဝင်းထွန်း သိပ် အတုန်လှုပ်ကြီး မဖြစ်မိပါ။ ဒီနေ့ သွားရမည့် ပွဲသည် သူ့အတွက် တော်တော်လေး အူကြောင်ကြောင် နိုင်သည့် ပွဲဆိုသော ခံစားမှုကြီးက ဖျောက်၍ မရသောကြောင့် ဖြစ်သည်။ ဒေါ်မေထက်အောင်က ကေသီတာ့ အကြောင်းကို မေမေ့အား မလိမ်မညာပဲ အမှန်အတိုင်း ပြောပြထားပြီး ဖြစ်သောကြောင့် သူကလည်း မေမေပြောပြ၍ အားလုံးသိပြီး ဖြစ်သည်။ သူ့အတွက်တော့ ကေသီတာ့ ဘဝသည် မည်သို့ပင် ဖြစ်စေကာမူ အရေးမကြီးလှပါ။

ကေသီတာသည် ခဏကလေး ဆက်ဆံရုံမျှနှင့်ပင် အရည်အချင်းရှိပြီး မိန်းမပီသသော မိန်းမတစ်ယောက် ဖြစ်ကြောင်း အလွယ်တကူ သိနိုင်ပါသည်။ ပြီးတော့

ကေသီတာသည် သူ့ကိုယ်သူ အထိန်းသိမ်း လွန်လွန်းသည်ဟု သူထင်သည်။ ကေသီတာ သူ့ကိုယ်သူ ထိန်းသိမ်းပုံက တစ်ဖက်သားက မရိုးသားလို့ဟု ထင်ချင်စရာဖြစ်အောင်ကို ထိန်းသိမ်းလွန်းသည်ဟု သူထင်သည်။

မေမေက ကေသီတာနှင့် သဘောတူသည်ဟု သူ့ကို ပြောခဲ့တုန်းကလည်း သူမအံ့ဩပါ။ ဒီလို မိန်းကလေးမျိုးကို သားရှိသော မိခင်တိုင်းက သဘောတူမှာ သေချာသည်ဆိုတာ တစ်သန်းကြေးလောက် သူလောင်းရဲပါသည်။ "အချစ်" ဆိုတာနှင့် ပတ်သက်ပြီး သူသည် သိပ်ကျွမ်းကျင်တာတို့၊ ရင်နင့်ခဲ့ရတာတို့ သိပ်မရှိခဲ့ပါ။ ကျောင်းတက်တုန်းကတော့ ကောင်မလေးတစ်ယောက်နှင့် သူ တွဲခဲ့ဖူးသည်။ ကောင်မလေး နာမည်က မြသင်းကြည် ဟုခေါ်သည်။ ကောင်မလေးကလည်း သူနှင့် တပူးတွဲတွဲ နေပြီး သူ့စိတ်ကြိုက်အတိုင်း နေပါသည်။ သူတို့နှစ်ယောက်ကို ချစ်သူတွေဟု ထင်သူတွေက ထင်နေကြသည့်အတွက် ထိုကောင်မလေးကို သူ အားနာနေပြီး ရည်းစားစကား မပြောခဲ့မိခဲ့ပါ။

နောက်ကျတော့ ကောင်မလေးက တစ်ခြားတစ်ယောက်နှင့် ချစ်သူတွေ ဖြစ်သွားကြသည်။ သူ့ကို တမင်ကျောသွားတာဟု ပြောသူတွေက ပြောကြသည်။ သူ့ဘက်က နာကြသည့် လူတွေက နာကြသည်။

သူ့ရင်ထဲမှာ တစ်ကယ်ခံစားရတာကတော့ ထိုကောင်မလေးကို တွေ့တိုင်း အားနာနေမိခြင်းပင် ဖြစ်သည်။ ဘာဖြစ်လို့မှန်းတော့ ကိုယ့်ဘာသာကိုယ်ပင် မသိ။ အခု ကေသီတာနှင့် ပတ်သက်၍လည်း အဲဒီလို မျိုးကြီး ဖြစ်၍နေသည်။ လူကြီးတွေက သဘောတူထားသည်ဟု သိရပြီးသည့် နောက်ပိုင်း ကေသီတာ့ကို တွေ့လျှင် သူ ဘာကိုမှန်းမသိ အားနာနေမိသည်။ ဒီနေ့ သွားရမည့် ပွဲအတွက်လည်း ဘာမှန်းမသိသော အားနာစိတ်ကြီးနှင့် သွားရမှာကို တွေးပြီး သွားရန် ဝန်လေးနေမိတာ အမှန်ပင်ဖြစ်သည်။

ထိုစိတ်များကြောင့် သူသည် မတက်ကြွ မရွှင်လန်းပဲ လေးလံထိုင်းမှိုင်းနေရခြင်း ဖြစ်သည်။ သူ့စိတ်ထဲက အားနာစိတ်က ဆန်းတော့ ဆန်းကြယ်သည်။ ကေသီတာ့ကို တစ်ချိန်ချိန်မှာ သူက လက်ထပ်ရတော့မှာဆိုတော့ သူ ကေသီတာ့ကို မြင်လျှင် ကြည့်လျှင်

တဏှာစိတ်နှင့် ကြည့်သည်ဟု ကေသီတာ ထင်မှာကို သူရှက်နေခြင်း ဖြစ်သည်။ ထိုကိစ္စကို သူငယ်ချင်းဖြစ်သူကို ပြောပြတော့ သူငယ်ချင်းဖြစ်သူက အားရပါးရ ရယ်လေသည်။

"ဟကောင်ရ ယောက်ျားလေးတစ်ယောက်က မိန်းကလေးတစ်ယောက်ကို ကြည့်တာ ဟိုစိတ် ဒီစိတ် ဘယ်သူ မပါပဲ နေမလဲကွ၊ ကိုယ့်ဆွေမျိုးသားချင်းကလွဲလို့ ကျန်တာ ဒီလိုပဲပေ့ါကွ"

"သူတို့က မသေချာဘူးလေကွာ၊ ငါက စေ့စပ်မှာ၊ ပြီးရင် လက်ထပ်မှာဆိုတော့ ငါသူ့ကို ကြည့်တာကို သူ အဲလို ထင်မှာပဲ၊ ဒါ့ကြောင့် သူတို့အိမ် သွားဖို့ ကိစ္စဆို ကွေ့ပတ်ရှောင်နေတာ မရပါဘူးကွာ"

"သူငယ်ချင်း အလေးနက် မထားသင့်တဲ့ အရာတွေကို အလေးနက် သိပ်မထားပါနှင့်၊ အခု မင်းပြောနေတာက သဘာဝ ကိစ္စတွေပါ၊ လူ့လောက အသိုင်းဝိုင်းမှာ ဖြစ်နေကျ ကိစ္စတွေပါ၊ အရေးကြီးတာက မင်းဟာ သူ့အတွက် ခင်ပွန်းကောင်း တစ်ယောက် ဖြစ်ဖို့ပဲ လိုတာပါ "

သူငယ်ချင်းဖြစ်သူက ဥပမာပေါင်း များစွာဖြင့် သူ့ကို ရှင်းပြသွားခဲ့သည်။

သူငယ်ချင်း ပြောတာလည်း ဟုတ်တုတ်တုတ် ရှိသည်။ သို့သော် တစ်ယောက်တည်း စဉ်းစားသောအခါ ဒီဘူတာသို့ပင် ပြန်ဆိုက်လေသည်။ သူ့ကို ကေသီတာ့ကို လိုချင်သလားဟု မေးလျှင် "လိုချင်ပါသည်" ဟုပင်ပြန်ဖြေရမည် ဖြစ်သည်။ သို့သော် သူလိုချင်သည့်နည်းက အခုလို ပုံစံမျိုးနှင့်တော့ မဟုတ်။ ဘယ်လို ပုံစံမျိုးနှင့်လဲ ဆိုလျှင်လည်း သူပြောမပြတတ်။

ဥပမာ ယခု သူ့ကို ရှင်းပြနေသော သူ့သူငယ်ချင်းနှင့် သူ့ဇနီးတို့မှာ သင်တန်း တစ်ခုကို အတူတက်ကြရင်း တွေ့ကြပြီး ချစ်သူတွေ ဖြစ်ကြ၍ လက်ထပ်လိုက်ကြခြင်း ဖြစ်သည်။ သူတို့ လင်မယားကို ကြည့်ရသည်မှာ လင်မယားဆိုသည့် သတ်မှတ်ချက်အပြင် အပို ခံစားမှု တစ်ခုရှိနေကြောင်း သူသိသည်။ အဲဒီ ခံစားမှုကို သူ ပြောမပြတတ်။ သူနှင့်

ကေသီတာ ကြားထဲတွင် ထိုခံစားမှု မရှိ။ ထို့ကြောင့် သူသည် ကေသီတာ့ကို တွေ့တိုင်း အားနာနေရခြင်း ဖြစ်ပါသည်။

"ကဲ.. သား.. ရေချိုးတော့လေ၊ သွားဖို့ အချိန်က နီးပြီဥစ္စာ.."

"သား မလိုက်လို့ မရဘူးလား"

"အမလေး ကိုရွှေနိုင်ဝင်းထွန်းရေ.. ပွဲက ရှင့်ပွဲလေ၊ ရှင်မပါပဲ သွားတော့ အလကားသွားစော်ကားနေတာနင့် မတူဘူးလား၊ ဘာလဲ သားက ကေသီတာ့ကို မကြိုက်ဘူးလား၊ လက်မထပ်ချင်ဘူးလား "

ဒေါ်မြနွယ်သည် ခါးကို အားနင့်ထောက်၍ အသံကို မြှင့်ပြီး အော်လိုက်၏။

"အဲဒီလိုလည်း မဟုတ်ပါဘူး၊ ဓေ့စပ်တာ မဟုတ်သေးတော့ သားမလိုက်ရင်လည်း ရမလားလို့ မေးကြည့်တာပါ "

"မရဘူး၊ ရေသွားချိုးတော့ ၊ ကိုးနာရီ လေးဆယ်မှာ ထွက်မယ်၊ ဒါပဲ"

"အံမလေး.. စောင့်လိုက်ရတာ မြရယ်၊ တစ်ကယ့်ကိုပဲ.."

"ဟိတ်.. ထက်၊ ကိုးနာရီနင့် ငါးဆယ့်ငါးပဲ ရှိသေးတာ၊ တို့က ငါးမိနစ်ကြီးများတောင် စောသေးတယ် "

"ဟုတ်ပါတယ်.. ဟုတ်ပါတယ်၊ ဒါပေမယ့် လာရတဲ့ လူနင့် မျှော်ရတဲ့လူ ဘယ်သူက ပိုပင်ပန်းတယ်ဆိုတာ မြမသိတောင် ကိုစောမောင် ကတော့ သိမှာပေါ့ "

ဒေါ်ထက်မေအောင်က ဒေါ်မြနွယ်လက်ကို ဆွဲထားရင်း မထိုင်ကြသေးပဲ အားရပါးရ ရယ်လိုက်ကြသည်။ ဘေးလူတွေအတွက်ကတော့ ထိုစကားသည် ဘာမျှ ထူးဆန်းလှသော စကားမဟုတ်သော်လည်း သူတို့ သူငယ်ချင်းတွေကြားထဲမှာတော့ အခုလို ရယ်ရသော စကားတစ်ခွန်း ဖြစ်သည်။ ကိုစောမောင်က ဒေါ်မြနွယ်ကို

ကျောင်းသူဘဝက ချစ်၍ လိုက်တုန်းက မမြနွယ်က တစ်နှစ်စောင့်ပါ၊ ပြီးမှ အဖြေပေးမည်ဟု ပြန်ပြောစဉ်က ကိုစောမောင်က ဝမ်းနည်းစွာဖြင့် ပြောခဲ့သော စကားဖြစ်သောကြောင့် သူတို့ ရယ်ကြခြင်း ဖြစ်သည်။ ထိုရယ်သံသည် ကျောင်းသား ဘဝသို့ သူတို့ကို ပြန်ပို့ပေးပြီး နုပျိုလန်းဆန်း လာစေသည်။

"ကဲ.. ထိုင်ကြပါဦး၊ ထိုင်ကြ၊ စကား အေးအေးဆေးဆေး ပြောပြီးမှ ထမင်းစားကြတာပေါ့၊ ရီရီရေ.. မင်း မမကြီးရယ်၊ အောင်နှင့် မောင်ရယ် ကို ခေါ်လိုက်တော့"

ကေသီတာ၊ ခင်မေအောင်နှင့် မူယာမောင်တို့ ရောက်လာကြသည်။

ကေသီတာသည် တမင်ပျံလန်နေအောင် ပြင်ဆင် ခြယ်သမထားပါ။ အဖြူရောင် ဇာထိုး လက်စက အင်္ကျီလေးနှင့် ပန်းနုရောင် ထမီလေးကိုသာ ယတ်ဆင်ထားသည်။ ပြီးတော့ မျက်လွှာကို ချထားသည်။

ဒေါ်ထက်မေအောင်နှင့် ဒေါ်မြနွယ်တို့ကတော့ ဆန်ဈေး၊ ဆီဈေးအကြောင်း၊ ဆရာတော် ဘုရားနှင့် ယခုဆောက်လုပ်လှူဒါန်းနေသော ဆွမ်းစားဆောင် အကြောင်းတို့ကို ပြောနေကြသည်။ ပြီးတော့ (၁၀) ရက် စခန်းအကြောင်း ပြောနေရင်းမှနေ ဒေါ်ထက်မေအောင်က တိုက်လေယဉ်တစ်စီး ပုံမှန် ပျံသန်းနေရာကနေ လမ်းကြောင်း ချိုးချလိုက်သကဲ့သို့ စကားကို သူလိုချင်သည့် ဘက်သို့ ချိုးကွေ့ချလိုက်သည်။

"တရားကတော့ စခန်းကို ဝင်ရလိမ့်မယ် မြရေ.. ဒါလေးပဲ ကိုယ့်အတွက်ပါမှာ၊ တစ်ခြားလူတွေလို ခြောက်ဆယ်နားနီးတဲ့ထိ စားဝတ်နေရေးကြောင့် တရားစခန်း မဝင်နိုင်တာထားတော့၊ ကိုယ်တို့မှာတော့ ဖြတ်စရာ သံယောဇဉ်ပဲ ရှိတာ၊ ကဲ.. အခုပဲကြည့်လေ၊ ဒီနေ့ပွဲဟာ တရားသဘောနှင့် ဆင်ခြင်ကြည့်ရင် သံယောဇဉ် ဖြတ်ပွဲပဲ မဟုတ်လား"

ဒေါ်ထက်မေအောင်၏ စကားဆုံးတော့ ကေသီတာသည် အသက်ရှူပိုမြန်လာကာ ခေါင်းကို ငုံ့ထားသည်ထက် ပို၍ ငုံ့ပစ်လိုက်၏။ နိုင်ဝင်းထွန်းကတော့ ရင်ဘတ်က ကြယ်သီးကိုပဲ စမ်းသလိုလို၊ ဆိုဖာလက်တင်ကိုပဲ ပွတ်သလိုလို အူတူတူ လုပ်နေသည်။

"အတူတူပဲပေါ့ ထက်ရယ်၊ ကိုယ်က သားလေးတစ်ယောက်ရှိတာ၊ ဒီသားလေးကို ကေသီတာလို မိန်းကလေးမျိုးနှင့် ထားခဲ့ရမှာ ဘာမှ စိတ်မချစရာ မရှိဘူး၊ ကျန်တာတွေတော့ တဖြည်းဖြည်းချင်း ဖြတ်ယူရမှာပေါ့"

"ဒါပေါ့ မြရဲ့၊ မြက သံယောဇဉ်နှင့် ပတ်သက်တဲ့ ကိစ္စ ပြီးသွားပေမယ့် ကိုယ့်ဘက်ကတော့ မပြီးသေးဘူး၊ မြရေ.. အောင်နှင့် မောင် နှစ်ကောင် ကျန်သေးတယ် "

အောင်နှင့် မောင်သည် တစ်ယောက်နှင့် တစ်ယောက်ကြည့်ပြီး မျက်လုံးပြူးကာ အချင်းချင်း လျှာထုတ်ပြလိုက်ကြ၏။

"ပြီးတော့ ရီရီကလည်း ရှိသေးတာပေါ့၊ သူတို့ အသီးသီး လူလားမြောက်ပြီး ကိုယ့်အိမ်ထောင်နှင့် ကိုယ် အခြေကျပြီဆိုရင်တော့ ကိုယ်က ဖားအောက်ကို သွားမယ်လို့ စိတ်ကူးတာပဲ"

"စစ်ကိုင်းချောင်ရော"

"ဖားအောက်မှာက ငယ်ဆရာတော် ရှိတယ် မြရဲ့၊ အဲဒီက ပိုအဆင်ပြေမလားလို့"

" ဒါဆိုရင်တော့ ကောင်းပါတယ် "

"အခုတော့ အိမ်ထဲမှာ နေရင်း သံယောဇဉ် အသေးလေးတွေကို စဖြတ်နေတယ်၊ ကိုယ် သိပ်ကြိုက်တဲ့ ဟင်းချက်ရင် မစားဘူး၊ TV တို့ဘာတို့ ဆိုရင်လည်း သတင်းကလွဲလို့ ဘာဇာတ်လမ်းတွမှ မကြည့်တော့ဘူး၊ အဲဒီလိုကွာ နေ့စဉ် မနက် မိုးလင်းကထဲက စိတ်ဆန္ဒ အသေးလေးတွေကို ချိုးနှိမ်ပြီး နေတယ်"

"တယ်ဟုတ်ပါလား .. ထက်ရဲ့၊ ထက်နည်းက မဆိုးဘူး၊ ကိုယ်လည်း အိမ်မှာ စမ်းကြည့်ဦးမှပဲ"

"ကဲ ကဲ.. ဒါဆို အခု သမီးကေသီတာ ချက်ထားတဲ့ ဟင်းတွေကိုတော့ ကိုယ်မသိဘူး၊ အဲဒီ ဟင်းတွေထဲက အကောင်းဆုံး ဟင်းကို မစားပဲ စကျင့် စမ်း ကွာ"

ဦးစောမောင် စကားကြောင့် အားလုံးပွဲကျသွား၏။

"ဒါကတော့ ဘယ်ဖြစ်မလဲရှင့်၊ ကျုပ်က အိမ်ကိုရောက်မှ ကျင့်မယ်လို့ ပြောတာ၊ ကိုယ့် သမီးလက်ရာတော့ ကိုယ် မြည်းရဦးမှာပေါ့"

"ကဲ.. ဟုတ်ပါပြီ ၊ ရီရီ၊ ကေသီ၊ အောင်နှင့်မောင် ထမင်းစားဖို့ ပြင်လိုက်ကြတော့"

"ဟုတ်ကဲ့ မေမေကြီး"

ကေသီတာနှင့် အပေါင်းပါတွေ အားလုံးထသွားကြပြီး ထမင်းပွဲကို ပြင်သည်။ ငါးဖယ် ဂျုံကပ်ကြော်ကို ပူသွားအောင် ပြန်ကြော်ရင်း ပူစပ်စပ်ရှိတော့မှ နွားနို့ကို ထည့်သည်။ ပြီးတော့ ပုစွန်ထုပကြီးတွေကို အနေတော်လှီးကာ ကြက်သွန်၊ ပူစီနံ၊ နံနံပင်၊ ခရမ်းချဉ်သီးတို့နှင့် ရောပြီးနယ်သည်။ ကေသီတာ နွှေးပေးသော ဟင်းများကို ရီရီက ချပေးသည်။ အောင်နှင့်မောင်က ထမင်းခူးကြသည်။ စားသောက်ပွဲလေး စလေသည်။

"ဟေ့ ရီရီ၊ ဘာဖြစ်လို့ ရပ်နေတာလဲ၊ ဝင်စားလေ"

"သမီး ပြီးတော့မှ စားပါ့မယ် မေမေကြီး"

"မလိုချင်ဘူး၊ ဒါ ငါ့ တစ်အိမ်သားလုံး အတူစားဖို့ စီစဉ်တာ"

"ဟုတ်ပါတယ်၊ မေမေကြီး၊ ထမင်းကုန်တာတို့၊ ဟင်းချိုကုန်တာတို့ကျရင် အားလုံးစားနေတော့ အခက်တွေမှာ စိုးလို့ပါ၊ ရီရီ ပြီးမှ စားပါရစေ"

ဒေါ်ထက်မေအောင် ဘာမျှ မပြောတော့။

"ဟား.. ကောင်းတယ်ဟေ့၊ ဒီနွားနို့နှင့် ဟင်းက ဘာဟင်းလဲ"

"ငါးဖယ်ကို ဂျုံနှင့် နှစ်ပြန်ကြော်ပြီး နွားနို့ ဆမ်းထားတာပါ"

"ကောင်းတယ်ကွာ၊ တစ်ခါမှ မစားဖူးသေးဘူး၊ ပုစွန်ထုပ်သုတ်ကလဲ တော်တော် လိုက်ဖက်တာပဲ၊ ငါတော့ ကြိုက်တယ်ဟေ့"

"ရှင်.. ဟင်းချိုကိုလည်း သောက်ကြည့်စမ်းပါဦး၊ ရှင်သောက်ခဲ့ဖူးတဲ့ ဟင်းချိုတွေနှင့် တူရဲ့လားလို့"

ဦးစောမောင် ဟင်းချိုကို သောက်သည်။ ပြီးတော့ "အား" ကနဲ အော်သည်။ ကောင်းလိုက်တဲ့ ဟင်းချိုဆိုသည့် သဘောပေါ့။ ထမင်းဝိုင်း ဝင်ထိုင်တုန်းက ဝတ်ကျေ တန်းကျေသာ စားမည်ဟု စိတ်ကူးထားခဲ့သော နိုင်ဝင်းထွန်းသည်ပင်လျှင် ခင်ရီလွင်က ထမင်းထပ်ထည့်ပေးရသည့် အခြေအနေသို့ ရောက်ရှိသွားသည်။ အချီးမွမ်းခံရသော ဟင်းများမှာ ကြက်သား အစာသွပ်၊ အာလူးကက်သလိပ်၊ ဝက်နံရိုးပေါင်း၊ မလေးရှားဟင်းချိုနှင့် ငါးဖယ်ဂျုံလုံးကပ် နွားနို့ဆမ်းတို့ ဖြစ်သည်။

"ဟိုတယ်မှာ သွားစားရသလိုပါပဲလား မြရေ.. ဒီအတိုင်းတော့ နေ့တိုင်းစားရမယ် ဆိုရင်တော့ .. ငါကျန်တာတွေ အားလုံးကို လျှော့နိုင်တယ်ဟေ့"

"ဟုတ်ပ့ါ ထက်ထက်ရယ်၊ ကေသီတော့ လက်ရာ ဒီလောက်ကောင်းလိမ့်မယ်လို့ ထင်မထားမိတာ အမှန်ပဲ"

နိုင်ဝင်းထွန်းကတော့ ချီးမွမ်းစကား ဘာမျှ မဆို၊ တတိယအကြိမ် ရီရီက ထမင်း ထပ်ထည့်ပေးခြင်းဖြင့်သာ အသံတိတ် ချီးမွမ်းလိုက်၏။ သို့သော်.. ဒေါ်မြနွယ်က ထိုသို့ အသံတိတ် ချီးမွမ်းခြင်းကို အလိုရှိပုံ မရ။

"ဒါ တတိယမြောက်လား .. ဟင်၊ အိမ်မှာကျတော့ ကြောင်စာလောက် ထမင်းကို အကြိမ် ငါးရာလောက် ကျွေးနေရတဲ့ ကောင် အခုတော့ မှတ်ပြီလား"

"ဟာ.. မေမေကလဲ"

ဘာ့ကြောင့်မှန်းမသိ၊ သားကို ဒေါ်မြနွယ်က ပြန်ရန်တွေ့ခြင်းအား ကေသီတာနှင့် နိုင်ဝင်းထွန်းတို့ နှစ်ယောက်ကလွဲပြီး အားလုံးရယ်လိုက်ကြသည်။ အိမ်ရှေ့ရောက်၍ အချိုပွဲ ကျပြန်တော့လည်း ဆနွင်းမကင်းကို ချီးမွမ်းကြပြန်သည်။ ပြီးတော့မှ ကေသီတာနှင့် နိုင်ဝင်းထွန်းတို့ ကိစ္စကို လက်ဖက်နှင့် ရေနွေးကြမ်း သောက်ရင်း ဆွေးနွေးကြသည်။

"ကျွန်မကတော့ သုံးလလောက် ခွာပြီးတော့မှ စေ့စပ်ချင်တယ်၊ ဘာ့ကြောင့်လဲ ဆိုတာ မြနှင့် ကျွန်မ တိုင်ပင် ထားပြီးသားပါ၊ မိကေသီက အပြင်ကို အထွက်နည်းတယ်၊ မစေ့စပ်ရသေးခင် သုံးလအတွင်း မိကေသီကို ရွှေချည်ထိုး လုပ်ငန်း အကျွမ်းဝင် စေချင်တယ်၊ အဲဒါတော့ မောင်နိုင်ဝင်းထွန်းကပဲ စီစဉ်ပေးပေါ့"

"ကဲ.. ဘယ်လိုလဲ သား"

"ဟုတ်ကဲ့ပါ မေမေ"

"လက်ထပ်ကြပြီးရင်လည်း ဒီလုပ်ငန်းကို သူပဲ ဦးစီးရမှာဆိုတော့ ကြိုသိထားတာ ပိုကောင်းတာပေါ့"

"ဟုတ်ပါပြီဗျာ၊ ဟုတ်ပါပြီ၊ ဘာဖြစ်လို့ သုံးလ ခွာပြီး စေ့စပ်ဖို့ရက်ကို ရွေးတယ် ဆိုတာ ကျွန်တော်မျိုးကြီး နားလည်ပါပြီ"

ဦးစောမောင် စကားကြောင့် ကာယကံရှင် နှစ်ဦးမှ တစ်ပါး အားလုံး ရယ်မောလိုက်ကြသည်။ ဦးစောမောင်သည် တစ်ခါတစ်ရံ အတည်ပေါက်နှင့် ဝင်နောက် တတ်သော လူပျော်ကြီး တစ်ယောက်သာ ဖြစ်သည်။

"ကဲ.. အဲဒီတော့ သားက မနက်ဖြန် ကိုးနာရီလောက်ကို သမီးဆီရောက်အောင် လာရလိမ့်မယ်၊ ပြီးတော့ company ကိုသွားပြီး လိုအပ်တဲ့ သိသင့်သိထိုက်တာ မှန်သမျှ အားလုံး ပြပြီးတော့မှ သမီးကေသီအတွက် နေရာကို စဉ်းစားပေးပေါ့ ဟုတ်ပြီလား"

ညှော်သည့်တွေ ပြန်သွားသော အခါ သိမ်းစရာဆေးစရာတို့ကို သိမ်းရင်း ဆေးရင်းဖြင့် ဒေါ်ထက်မေအောင်က ပြောသည်။

"အရည်ချင်းရှိတဲ့ မိန်းကလေးဆိုတာ တွေ့တယ် မဟုတ်လား၊ ငါ့ သမီးကေသီကို ငါ တစ်သက်လုံး ပြုစုပျိုးထောင်လာရကျိုး နပ်ပါပြီ၊ ကျန်တဲ့ သမီးတွေလည်း မမကြီးရဲ့ လိမ္မာ ပါးနပ်မှုကို အတုယူဖို့ ကြိုးစားကြ "

အောင်၊ မောင်နှင့် ရီရီ တို့သည် တစ်ယောက်နှင့် တစ်ယောက် ကြည့်၍ ပခုံးများကို ပြိုင်တူ တွန့်လိုက်ကြလေသည်။

မိုးအကုန် ဆောင်းအကူးမို့ ရာသီဥတုသည် မှိုင်းပျပျလေး ဖြစ်နေပြီး အိပ်ယာမှ နိုးလာကာစ လူတစ်ယောက်၏ စိတ်ကို တက်ကြွခြင်း မရှိစေပဲ လွမ်းမောတွေဝေ နေစေသည်။ ထို့ကြောင့် ကေသီတာသည် အိပ်ယာမှ နိုးနိုးချင်း မထသေးပဲ အိပ်ယာထဲ ကွေးရင်း တွေးနေမိသည်။

အရင်တုန်းက ဆိုလျှင်တော့ ကေသီတာသည် ခြောက်နာရီထိုးသည်နှင့် အိပ်ယာကထပြီ။ ရီရီကို နှိုးပြီး ထမင်းအိုးတည်၊ ကြက်သွန်ဖြူနီ ခွာ၊ ငြုပ်သီးထောင်း ၇- နာရီလောက်မှ နိုးမည့် ကျန်အိမ်သားများအတွက် ပဲပြုတ်နှင့် ထမင်းကြမ်း နယ်လျှင် နယ်၊ ကြော်လျှင် ကြော် လုပ်နေကြ ဖြစ်သည်။

အခုတော့ ကေသီတာသည် အိပ်ယာထဲက မထ၊ ဘာကိုမှလည်း မလုပ်ချင်၊ ၉- နာရီထိုးလျှင် ကိုနိုင်က သူ့ကို လာကြိုပြီး သူတို့၏ ရွှေခြည်ထိုး လုပ်ငန်းရှိရာဆိုင်သို့ ခေါ်သွားပြီး သူ့ကို လုပ်ငန်း သဘာဝတွေ ပြမည်။ ဒီအချက်ကို သူ ငြင်းခွင့် ရှိလျှင်

ပြင်းချင်သည်။ သို့သော်.. သူ့အပေါ် တစ်ဘဝလုံး ကောင်းစားရေးအတွက် မိခင်အရင်းကဲ့သို့ တာဝန်ယူခဲ့သော မေမေကြီး၏ ဆန္ဒကို သူ မငြင်းရဲပါ။

ဘာကြောင့် သူ့ကို ဒီလုပ်ငန်းမှာ ထည့်ရတာလဲ ဆိုတာကိုလည်း သူသိပါသည်။ သူနှင့် ကိုနိုင် ရင်းနှီးသွားအောင် ဖြစ်ပါသည်။ ကိုနိုင်သည် ရုပ်ရည် အရရော၊ ကိုယ်ကျင့်သိက္ခာအရရော၊ ငွေကြေးပိုင်ဆိုင်မှု အရရော မငြင်းသင့်သည့် ယောကျ်ားတစ်ယောက်ဆိုတာ သူမ သိပါသည်။

သို့သော်.. ကိုနိုင်ကို သူမ ချစ်သလား.. ဟု သူမကိုယ်သူမ မေးမိတိုင်း အဖြေက ထွက်၍ မလာပါ။ ဒါဖြင့်လျှင် သူမမှာ အခြားချစ်နေရသော ချစ်သူ ရှိနေလို့လား ဆိုတော့လည်း မဟုတ်ပါ။ ကိုနိုင်ကလည်း သူ့ကို ဆန္ဒ ပြင်းပြင်းပျပျဖြင့် လိုချင်သော အမူအယာ၊ စကား ဘာတစ်ခုမျှ မရှိပါ။ ကိုနိုင်ကလည်း သူ့လိုပင် လူကြီးတွေစကား မလွန်ဆန်နိုင်၍သာ ဖြစ်လိမ့်မည်ဟု ထင်မိသည်။

ဒါကိုသိသော မေမေကြီးနှင့် ဒေါ်မြနွယ်တို့က စိမ်းနေကြသော သူတို့ နှစ်ဦးကို ပိုမိုရင်းနှီး ခင်မင်ပြီး သံယောဇဉ်တွယ်လာသော အဆင့်ထိရောက်အောင် စေ့စပ်ရက် ရွှေ့မည် အကြောင်းပြကာ ရွှေခြည်ထိုးလုပ်ငန်းထဲ ရောက်အောင် ပို့သွားခြင်းသာ ဖြစ်ပါသည်။ ဒီလို ရှင်းရှင်းပြတ်ပြတ် တွေးမိတော့ ကေသီတာသည် မိမိ ဘာလုပ်ရမည် ဆိုတာကို သိသွားသဖြင့် မနေ့ကလို တွေဝေ ငေးမောမနေတော့၊ အနည်းဆုံး ၁၅-ရက်လောက် လက်တွဲလိုက်လျှင် ကိုနိုင့်အကြောင်း အဆိုးအကောင်းကို သူမ အကဲခတ်ခွင့် ရပြီ ဖြစ်သည်။

သူမ လက်မခံနိုင်သော အပြစ်တစ်ခုခု တွေ့ပခဲ့လျှင် မေမေကြီးကို ဖွင့်ပြောပြီး စေ့စပ်ပွဲ မလုပ်ဖြစ်အောင် တားခွင့်လည်း ရှိနိုင်သည် မဟုတ်ပါလား။ အပြစ် ပြောစရာ မရှိလျှင်တော့ ဖိုနှင့်မ အတူ သွားလာနေထိုင်ရင်း သူ့အကြိုက် ကိုယ့်အလိုက်နှင့် သံယောဇဉ်၊ ခင်မင်မှုက တစ်ဆင့် အချစ်ဆိုတာလည်း ဖြစ်ချင်ဖြစ်လာနိုင်သည် မဟုတ်လား။ ထို့ကြောင့် ကေသီတာသည် ရွှေခြည်ထိုး လုပ်ငန်းကြီးတွင် သွားရောက်

လေ့လာပြီး လုပ်ကိုင်ရမည့် ကိစ္စကို အော်ပရေးရှင်းကြီး တစ်ခုလို စိတ်ထဲမှာ မှတ်ထားလိုက်သည်။

ထိုဆုံးဖြတ်ချက်ကို ချပြီးတော့ ရင်ထဲမှာပေါ့သွားပြီး အိပ်ယာမှ ထသည်။ ရီရီက ထမင်းအိုး တည်နေပြီ၊ သူမ မျက်နှာ သစ်ပြီးသည်နှင့် မီးဖိုခန်းသို့ စဝင်တော့သည်။ ခုနှစ်နာရီခွဲလောက်မှာ မေမေကြီးနိုးလာပြီး မီးဖိုချောင်ထဲမှာ သူမကို တွေ့သောအခါ..

"မိကေသီ၊ ဒီနေ့ကစပြီး မီးဖိုချောင် အလုပ်ကို လုပ်စရာ မလိုတော့ဘူး၊ ငါ အောင်နှင့် ရီရီကို လွှဲထားလိုက်ပြီ၊ ညည်းလုပ်ရမှာက ရှစ်နာရီခွဲမှာ မောင်နှင့် လာခေါ်ရင် အဆင်သင့် ဖြစ်နေအောင်သာ ကြိုးစားထားပါ"

"အစောကြီး ရှိပါသေးတယ် မေမေကြီးရဲ့ မှီပါတယ်"

"မိကေသီ ငါက စကားတစ်ခွန်းပြောရင် ပြောတဲ့အတိုင်း တည်မှ ကြိုက်တာနော်.. အခု မီးဖိုချောင်ထဲက ထွက်ပြီး လုပ်စရာရှိတာ ပြင်စရာ ရှိတာ ပြင်တော့"

စကားဆုံးသည်နှင့် မေမေကြီးက လှည့်ထွက်သွားသည်။ အောင်က မီးဖိုချောင် အခန်းထဲ ဝင်လာရင်း စကားဆိုသည်။

"ဩော်.. ကြီးပွားချင်တဲ့ သူများ ကျတော့လည်း နေ့ချင်း ညချင်းပါလား၊ တို့လည်း ဒီလို ကြီးပွားချင်.. အား.. နာလိုက်တာ"

ကေသီက အောင့်ခေါင်းကို "ဒေါက်" ကနဲနေအောင် ခေါက်ခဲ့ပြီး မီးဖိုချောင်မှ ထွက်ခဲ့သည်။ ဆုံးဖြတ်ချက်ကလေး တစ်ခု ရှိထားသဖြင့် စိတ်ထဲမှာ လေးပြီး ရှုပ်မနေတော့သော်လည်း ထိုကိစ္စကြီးကို မလုပ်ချင်တာကတော့ အမှန်ပင် ဖြစ်သည်။ ကိုးနာရီ မထိုးခင် ငါးမိနစ်လောက် အလိုတွင် ကိုနိုင် ရောက်လာသည်။

ကားပေါ် တက်ကြတော့ သူမက နောက်ဖက်က တံခါးကို ဖွင့်ကာ တက်၍ ထိုင်လိုက်သည်။ မေမေကြီးက ကားအောက်မှ တစ်ခုခုပြောရန် ဟန်ပြင်နေတုန်းမှာပင်

ကားက ထွက်သွားသဖြင့် ထိုစကားကို မေမေကြီး ပြောခွင့် မရလိုက်ပါ။ မေမေကြီး ပြောမည့် စကားသည် ဘာစကားဆိုတာ ကေသီတာ သိပါသည်။ သူ့ကို ရွှေ့ခန်းမှာ ကိုနိုင်နှင့် ယှဉ်ထိုင်ဖို့ စကားပင် ဖြစ်လိမ့်မည်။

"ဟဲ့.. မိကေသီ ရွှေ့ခန်းမှာ ထိုင်လေ" ပေါ့။

ကိုနိုင်သည် ကားကို ပုံမှန် အရှိန်လောက်နှင့်သာ မောင်းနေရသည်။မောင်းသာ မောင်းနေရသော်လည်း နောက်ကျော မလုံသလို ခံစားရ၏။ ပြီးတော့ စိတ်ကျဉ်းကျပ်၍ နေသည်။ ခံစားချက်က လီဗာနှင့် ခြေထောက် မထိသလိုလို၊ လက်နှင့် စတီယာရင်ပဲ မထိသလိုလို တစ်မျိုးကြီး ဖြစ်၍ နေသည်။

သူ့ဘက်က စကားစပြောဖို့ ကောင်းသည်ဆိုတာကို သူသိပါသည်။ သို့သော် သူ့မှာ ကေသီတာ့ကို ပြောဖို့ စကား ရှာ၍ မရ၊ ကားမောင်းရတာကိုက ဒုက္ခတစ်ခုလို ဖြစ်နေပြီး သူ့အတွက် ပင်ပန်းလွန်းနေသည်။ ပါဂျဲရိုးကားလေးကတော့ လမ်းပေါ်မှာ အေးဆေး ပြေးနေသည်။

ကေသီတာကလည်း ကားကြီးကို စီးရင်း စိတ်ထဲမှာ မွန်းကျပ်၍ လာသည်။ အခုဖြစ်နေသည့် ပုံက ကျိုကျို တက်အောင် ချမ်းသာသည့် သူဌေးမလေး တစ်ယောက်ကို ဒရိုင်ဘာက သွားချင်တဲ့နေရာ လိုက်ပို့ပေးနေသလိုမျိုး ဖြစ်နေသည်။ အမှန်ဆိုလျှင်တော့ ကိုနိုင်က ဘာစကားပဲ ဖြစ်ဖြစ် စပြောဖို့ သင့်သည်ဟု သူမထင်မိသည်။ ကိုနိုင်က ဘာစကားမှ မစတော့ ကားကြီးပေါ်တွင် အရသာခံပြီး ငြိမ့်ငြိမ့် မစီးရပဲ စိတ်အိုက် မွန်းကြပ်၍ နေလေသည်။

မှန်အလုံပိတ်၍ အဲကွန်းပေးထားသော ကားကြီးသည် ဆူညံပေါက်ကွဲနေသော အပြင်လောကထဲသို့ လေးလေးမှန်မှန်ကြီး တိုးဝင်၍ လာနေသည်။ ကားထဲတွင် ရှိသော တိတ်ဆိတ်မှုသည် ကားထဲမှ သက်ရှိ လူနှစ်ယောက်ကို ဖိညှစ်၍ ထားလေသည်။ ရုတ်တရက် ကားမောင်းနှုန်း အရှိန် မြင့်သွားကြောင်း ကေသီတာ သိလိုက်သည်။ "ကောင်းတာပေါ့ မြန်မြန်ရောက်မှ အေးမှာပဲ" ဟု စိတ်ထဲက ပြောလိုက်မိ၏။

"မြစေနိုင်" ရွှေချည်ထိုးလုပ်ငန်း ဆိုင်းဘုတ်ကြီးအောက်မှာ ကားဝင်သွားသော အခါကျမှပင် ကေသီတာ၏ တင်းကြပ်နေသော စိတ်များ လျော့ကျ၍ သွားသည်။ သို့သော်လည်း ထိုစိတ်ကလေးမှာ ခဏသာ ခံပြီး ရွှေခြည်ထိုး company ထဲသို့ ဝင်လိုက်သည်နှင့် နိုင်ဝင်းထွန်းနှင့်အတူ တွဲလျှောက်လာသော သူမကို ဝိုင်းကြည့် လိုက်ကြသည့် မျက်ဝန်းတွေက ဇာတ်ပွဲတွေမှာ မင်းသမီးကို ဝိုင်းထိုးပေးလိုက်သည့် စလိုက်မီးများလို စူးရှပြင်းထန်လါန်း သဖြင့် ကေသီတာ ခေါင်းကို ငုံ့၍ ထားရသည်။

ရုံးခန်းထဲ အတူဝင်သွားကြတော့ ပိတ်လိုက်သော တံခါး၏ နောက်မှာ အကြည့်များတွေ ဘယ်လောက်တောင် စိုက်ဝင်နေကြမလဲဟု သူမ တွေးနေမိသည်။ ကေသီတာ ခံစားနေရသလို နိုင်ဝင်းထွန်းလဲ ခံစားရပါသည်။ သူသည် တစ်ခါမှ company ထဲသို့ မိန်းကလေး တစ်ယောက်နှင့် အတူတွဲပြီး မဝင်ခဲ့ဖူးပါ။ ယခု ကေသီတာနှင့် အတူဝင်လာခြင်းသည် ပထမဆုံး အကြိမ် ဖြစ်သည်။ သူ့ရှေ့တွင် ရှိသော ခလုတ်ကလေးကို နှိပ်ပြီးမှ နိုင်ဝင်းထွန်းက ထိုင်သည်။

ကေသီတာကတော့ ဘာမှ မေးမနေတော့ပဲ ချထားသည့် ခုံသုံးလုံးထဲမှ အစွန်ခုံတွင် ဝင်ထိုင်လိုက်သည်။ တစ်ယောက်နှင့် တစ်ယောက် မကြည့်ကြ၊ စကားလည်း မပြောကြ၊ ပြောစရာစကားလည်း မရှိကြ၊ နှစ်မိနစ်လောက် ကြာတော့ မိန်းကလေး တစ်ယောက်အဖို့ စိတ်ကျဉ်းကျပ်မှု အမြင့်ဆုံးသို့ ရောက်ရှိလာသည်။

"ရွှေခြည်ထိုးတာက company မှာပဲ complete လုပ်ရတာလား"

"ဟာ.. ဒီမှာပဲ ကျွန်တော်တို့က အပြီးလုပ်ပေးရတာပေ့ါ၊ အင်္ကျီ ချုပ်ပေးရသလို ပေ့ါဗျာ၊ သူတို့လိုချင်တဲ့ ဆိုဒ်နှင့် သူတို့လိုချင်တဲ့ ပုံကို ကျွန်တော်တို့က အပြီးစီး လုပ်ပေးရတာပေ့ါ"

"Marketing ဆင်းတော့ရော..

"အဲဒါက ကျွန်တော်တို့ ဒီမှာမဆင်းဘူး၊ ကျွန်တော်တို့ နိုင်ငံက ဟိုတယ်တွေက ရွှေခြည်ထိုး ပန်းချီကို သိပ်ကပ်လေ့ မရှိဘူး၊ ကျွန်တော်တို့ ဈေးကွက်က စက်ဘ်ပူရယ်၊ ဂျပန်ရယ်၊ အင်ဒိုနီးရှားရယ်၊ အဲဒီလို ရှိတယ်"

"ဪ"

ထိုသို့ ရှင်းပြနေချိန်တွင် နိုင်ဝင်းထွန်းရှေ့က ခုံပေါ်တွင် တင်ထားသော ဆောင်းဘောက်စ် အသေးလေးမှ အသံမြည်လာသည်။ သူမက ဘာများပါလိမ့်ဟု စူးစမ်းမိသည်။ နိုင်ဝင်းထွန်းက ခလုတ်တစ်ခုကို နှိပ်လိုက်သော အခါ သူတို့ဝင်လာခဲ့သော အခန်းတံခါးက အလိုလျောက် ပွင့်၍ သွားသည်။ ဂျိမ်းစဘွန်း ကားတွေ ထဲကလို ပါပဲလားဟု သူမတွေးနေမိသည်။

"ထိုင်.. နွေးနွေး"

နွေးနွေး ဆိုသော ကောင်မလေးက သူမ ညာဘက်ကခုံတွင် ဝင်ထိုင်လိုက်သည်။ တစ်ယောက်နှင့် တစ်ယောက် သုံးစက္ကန့်လောက် မျက်ဝန်းချင်း ဆုံမိကြသည်။ ထိုအချိန် အတွင်းမှာပင် နွေးနွေးဆိုသော မိန်းကလေးသည် နှစ်လိုဖွယ် ကောင်းသော မိန်းကလေး တစ်ယောက် ဖြစ်လိမ့်မည်ဟု ထင်လိုက်မိသည်။ နိုင်ဝင်းထွန်းက ကေသီတာနှင့် နွေးနွေးကို မိတ်ဆက်ပေးသည်။ ပြီးတော့မှ..

"သူဟာ ကျွန်တော်တို့ လုပ်ငန်းထဲမှာ ဝန်ထမ်း တစ်ယောက် ဖြစ်လာလိမ့်မယ်၊ နွေးနွေး၊ ဒီတော့ အခု ကျွန်တော်တို့ လုပ်ငန်းရဲ့ အောက်ခြေကနေ စပြီး လုပ်ငန်း ပြီးတဲ့အထိ ပြပေးပါ။ မကေသီတာ ဒီလုပ်ငန်းထဲမှာ နွေးနွေးဟာ အတော်ဆုံး လုပ်ငန်းသဘာဝကို နားအလည်ဆုံး အကျွမ်းကျင်ဆုံး မိန်းကလေးပါ၊ မကေသီတာ သိချင်တာရော၊ မသိတာရော အားလုံး မေးလို့ရပါတယ်"

"ဘယ်နေ့က စရမှာလဲ ဆရာ.."

"အခုပဲ စလိုက်ပါ နွေးနွေး"

ကေသီတာ အိမ်ပြန်ရောက်သည့် အချိန်တွင် မေမေကြီး တရားထိုင်နေသဖြင့် ကေသီတာလည်း ရေချိုးပြီး အခန်းထဲတွင် ခဏလှဲ၍ အနားယူနေစဉ် အောင်နှင့်မောင်တို့ နှစ်ယောက် ရောက်လာကြပြီး ကေသီတာ့ကို စပ်ဖြဲဖြဲ အမူအယာနှင့် ကြည့်လေသည်။

သူတို့ကြည့်သော အဓိပ်ပါယ်ကို သူမသိပါသည်။ သို့သော် မသိချင်ယောင် ဆောင်ထား လိုက်သည်။ အောင်နှင့်မောင်တို့ ထင်ထားသည်က ကေသီတာသည် အိမ်ပြန်ရောက်လျှင် စကားကို ရေပက်မဝင်အောင်ပြောပြီး သူတို့ကို ကြွားမည်။ ပြီးတော့ ကိုနိုင်ဝင်းထွန်းက သူ့ကို ဘယ်လိုဂရုစိုက်တာတွေ ဘာတွေ ပါလာမည်ဟု ကြွားလိမ့်မည်။ ထိုသို့ ကြွားလျှင် နားမထောင်ပဲ နေခြင်းဖြင့် ကေသီတာ့ကို စရန် ကြံညို ထားခဲ့ကြသော်လည်း ကေသီတာက သူတို့ထင်သလို မဟုတ်သဖြင့် ခံစစ်မှ တိုက်စစ်သို့ ပြောင်းပြီး ကေသီတာ့ အခန်းထဲသို့ ဝင်လာခဲ့ခြင်း ဖြစ်သည်။

"မကေ.. နေမကောင်းဘူးလား၊ မကေကို ကြည့်ရတာ တစ်မျိုးကြီးပဲ၊ ဘာတွေ အဆင်မပြေ ဖြစ်လာလို့လဲဟင်"

ထိုစကားနှင့်အတူ အောင်က ကေသီတာ့ နံဘေးတွင် ဝင်ထိုင်သည်။

"မေမေကြီးက မကေကို လေးနာရီခွဲကတည်းက မျှော်နေတာ၊ မကေ လူကြီးက အိမ်မှာ ဆက်ဆံသလိုပဲ ကောင်းကောင်းမွန်မွန် ဆက်ဆံရဲ့လား"

ထိုအမေးနှင့်အတူ မောင်ကလည်း လှဲနေသော မကေ၏ ခြေရင်းဘက်တွင် ဝင်ထိုင်သည်။

"ဆက်ဆံရေးက အိမ်မှာ ဆက်ဆံသလိုပါပဲ၊ အဆင်ပြေပါတယ်"

"မမကေကို ဒီနေ့ သူတို့က တော်တော် ခိုင်းလိုက်ကြသလား"

"အခိုင်းမခံရပါဘူး၊ မကေက အဲဒီအဆင့်ကို မရောက်သေးဘူး၊ ဒီနေ့က မကေ သိချင်တာတွေကို လျှောက်မေး လျှောက်ကြည့် လုပ်နေရတာပါ"

"အစ အဆုံး ပြောပြ မကေရာ.."

"မေမေကြီး ဘုရားရှိခိုးပြီးရင် ထမင်းစားကြမှာ မဟုတ်လား၊ ထမင်းဝိုင်းကြမှ ဒီနေ့ကြုံခဲ့ရတာတွေကို မေမေကြီးကို ပြောပြရင်းနှင့် တစ်ခါတည်း ပြောပြမယ်လေ သိလား၊ ခုတော့ မမ ခဏလောက် နားပါရစေ အောင် နှင့် မောင်ရယ်.. နော်"

ညနေ ထမင်းစားဝိုင်းကျတော့ ကေသီတာက ရွှေခြည်ထိုး လုပ်ငန်း၏ နက်နဲပုံ၊ အခက်ခဲများကို အားလုံး ဝိုင်းစဉ်းစားကြရပုံ၊ ရွှေခြည်ထိုး စျေးကွက်၊ မြန်မာနိုင်ငံ၏ တရားဝင် ဒေါ်လာ ရှာနိုင်သည့် လုပ်ငန်း၊ နိုင်ငံတော်တော်များများက သူတို့ တန်ဖိုး ထားကြသော အဆောက်သီးများကို လေးဘက်လေးတန်မှ ဓာတ်ပုံရိုက်၍ ပို့သော ပုံတွေကို ရွှေခြည်ထိုးရတာ ခက်ခဲပုံ၊ အလင်းအမှောင် အမှိန် အဖျော့ကို ကြိုးအရောင်နှင့် ရွေးရသည့် အခက်ခဲ စသည်တို့ကို ပြောပြသည်။

"ဒါဆို မောင်နိုင်က သမီးကို တော်တော်လေး ဂရုတစိုက် ရှင်းပြလိုက်တာပဲ၊ သမီး ကြိုးစားပြီး လေ့လာပေါ့"

"အဲဒီ အကြောင်းတွေကို ကိုနိုင်က သမီးကို ရှင်းပြတာ မဟုတ်ဘူး မေမေကြီး၊ company ကိုရောက်လာကတည်းက သူမျက်နှာလွှဲထားရလောက်အောင် လုပ်ငန်း ကျွမ်းကျင်တဲ့ နွေးနွေးဆိုတဲ့ ကောင်မလေး တစ်ယောက်က တစ်နေကုန် ရှင်းပြတာပါ။ ကိုနိုင်ကလည်း နာရီဝက်လောက်နေပြီးတော့ ကားနှင့် ပြန်ထွက်သွားတာ၊ သမီးကို ပြန်ပို့ချိန်ကျမှပဲ ပြန်ရောက်လာတာ မေမေကြီးရဲ့"

အင်း.. ခုတ်ရာတလွဲ၊ ရှရာ တစ်ခြားတော့ ဖြစ်ကုန်ပြီ ထင်ပါရဲ့ဟု ဒေါ်ထက်မေအောင် တွေးမိသည်။

"သမီးဟာ သိပ်မကြာခင် သူနှင့် လက်ထပ်တော့မယ့် အမျိုးသမီး ဆိုတာကိုရော ဝန်ထမ်းတွေက သိကြသလား"

"အဲလိုကြီးတော့ သိကြပုံ မရသေးဘူး မေမေကြီး၊ သမီးနှင့် သူချင့် company ထဲကို အတူတူ တွဲဝင်သွားတော့ ဝိုင်းကြည့်တဲ့ မျက်လုံးတွေကတော့ ကြောက်စရာ ကောင်းတယ်၊ နွေးနွေး ပြောပုံအရဆိုရင်တော့ ကိုနိုင်က တစ်ခါမှ မိန်းကလေး တစ်ယောက်နှင့် အတူတွဲပြီး company ထဲကို မလာဖူးဘူးတဲ့"

"ဒါဆို သမီးက ပထမဦးဆုံး သူနှင့် တွဲဝင်တဲ့ မိန်းကလေးပေါ့"

"နွေးနွေးကတော့ အဲဒီလို ပြောတာပဲ မေမေကြီး၊ ပြီးတော့ ကိုနိုင်က ဘယ်ဝန်ထမ်း မိန်းကလေးကိုမှ သူ့အခန်းထဲမှာ တစ်ယောက်ထဲ ဘယ်တော့မှ ခေါ်မတွေ့ဘူးတဲ့၊ အဖော် တစ်ယောက်နှင့် အတူ လာရတာချည်းပဲတဲ့"

"ဒါ ယောက်ကျားကောင်းတွေရဲ့ ဆင်ခြင်သင့်တဲ့နေရာမှာ ဆင်ခြင်တဲ့ စရိုက်လက္ခဏာပဲ ကောင်းတဲ့ အပြုအမူ တစ်ခုပဲ သမီး"

ထမင်းစားပြီးတော့ မြဆီ ဖုန်းလှမ်းဆက်ကာ ဒီနေ့ကိစ္စပြောရင် ကောင်းမလား တွေးလိုက်သေးသည်။ သို့သော် ဒီနေ့မှ စသောနေ့ ဖြစ်သဖြင့် ကိုယ့်ဘက်က သိပ်လောရာကျမည်။ လောဘကြီးရာ ကျမည်စိုး၍ မပြောတော့ပါ။ အချိန်တန်လျှင် ထိရအောင် အိုးနှစ်လုံး ထားပြီးပြီပဲ၊ ကြိုး နှစ်ချောင်း ထားပြီးပြီပဲ၊ ဘာလို့ မထိရ မငြိရမှာလဲ..၊

နွေးက ရွေးခြည်ထိုး လုပ်ငန်းအတွက် ဆောင်ရွက်ရသော တာဝန်များကို ကေသီတာ့အား အားလုံး ရှင်းပြပြီးချိန်မှာ ၇-ရက် တိတိကြာမြင့်သည်။ ကေသီတာနှင့် အချို့သော ဝန်ထမ်းများပင် ရင်းနှီးစပြုလာသည်။ နွေးနွေး၏ ချစ်စရာကောင်းသော စိတ်ထားမှာ ကေသီတာ့ကို သူတို့ ဆရာနိုင်ဝင်းထွန်းချင့် ဘာလား၊ ညာလား ဆိုတာကို လုံးဝ မမေးခြင်းပင်ဖြစ်သည်။ ပါဂျဲရိုး ကားကြီးပေါ်မှာတော့ အသွားအပြန် တိတ်ဆိတ် ခြင်းသည် ယခင်ကအတိုင်းပင် ဖြစ်သည်။

ဒီနေ့တော့ ကိုနိုင်က နွေးနှင့် ကေသီတာကို သူ့ရုံးခန်းတွင် ခေါ်ယူ တွေ့ဆုံသည်။

"မကေသီတာ ရွှေခြည်ထိုးလုပ်ငန်းကို အစကနေ အဆုံးထိ အဆင့်ဆင့် လုပ်ကိုင်ရတာတွေ အားလုံးကို အစီစဉ်တကျ သိပြီးပြီလို့ နွေးနွေးက ကျွန်တော့်ကို တင်ပြထားပါတယ် "

"ဟုတ်ကဲ့ "

"ဒီတော့ မကေသီတာ ဘယ် subject ကို စိတ်အဝင်စားဆုံးပါလဲ "

"ကျွန်မစိတ်ကြိုက် ရွေးခွင့်ရမယ် ဆိုရင်တော့ ဒီဇိုင်းတွေဖော်တဲ့ ဌာနမှာ လုပ်ချင်ပါတယ်။ အဲဒီမှာ လုပ်ချင်တာကလည်း နှစ်ချက်ရှိတယ်။ ပထမ တစ်ချက်က ကျွန်မကိုယ်တိုင်က ဒီဇိုင်းကို ဝါသနာပါတာရယ်၊ ဒုတိယ အချက်က အဲဒီ ဌာနရဲ့ အကြီးဆုံးတာဝန်ခံက ကျွန်မနှင့် ခင်ပြီး ဖြစ်တဲ့ နွေးနွေး ဖြစ်နေတာကြောင့်ပါ "

နွေးက ဘာဖြစ်လို့ အဲဒီလို ပြောရတာလဲ ဆိုသော သဘောနှင့် ကေသီတာ့ကို သူ့ပခုံးဖြင့် အသာတိုက်ပြီး ရက်ပြုံးကို ပြုံးသည်။ နိုင်ဝင်းထွန်းကတော့ ဘောလ်ပင်ကို မေးဖျားတွင် ထောက်၍ စဉ်းစားနေသည်။ သူဘာကို စဉ်းစားနေသနည်း။

"ကောင်းပြီ၊ နွေးနွေးတို့ ဆက်ရှင်မှာ မကေသီတာ မနက်ဖြန်ကစပြီး အလုပ်ဝင်လို့ ရပါပြီ"

အပြန် ပါဂျဲရိုး ကားပေါ်မှာတော့ ကေသီတာကပင် တိတ်ဆိတ်မှုကို စတင်ဖြိုခွင်းပြီး စကားစပြောသည်။

"ကေ့ကို နွေးရဲ့ ဌာနမှာ လုပ်ခွင့်ပေးတာ ကျေးဇူးအရမ်းတင်ပါတယ် ကိုနိုင် "

"ရပါတယ်၊ တစ်ကယ်လို့ မကေသီတာက တစ်ခြား ဆက်ရှင်ကို ပြောရင်တောင်မှ ကျွန်တော်က နွေးနွေးနှင့်ပဲ တွဲပေးမလို့ပါ"

"ကျွန်မ ကိုနိုင့်ကို နောက်တစ်ခု တောင်းဆိုစရာ ရှိသေးတယ်"

"ဟုတ်ကဲ့ ပြောပါ "

"ကျွန်မကို နေ့တိုင်း ကြို ပို့ နေရတာ ကိုနိုင့်အတွက် တာဝန် ကြီးလွန်းပါတယ်၊ ဒီတော့ ကျွန်မဘာသာပဲ ရုံးတက် ရုံးဆင်း လုပ်ပါရစေလားရှင် "

ကိုနိုင်သည် ကားကို ဘယ်ဘက်သို့ ချိုးကွေ့လိုက်သည်။

ထိုသို့ ကားကွေ့လိုက်ရသည့်အတွက် ရုတ်တရက် စကားပြန်မပြောနိုင်တာလား၊ ဘာပြောရမယ် ဆိုတာကို စဉ်းစားနေ၍ စကားပြန်မပြောနိုင်တာလား ဆိုတာတော့ ကိုနိုင်တစ်ယောက်သာ သိပါမည်။

"ကျွန်တော် မကေသီတာပြောတာကို နားလည်ပါတယ်၊ ကားကောင်းကြီးစီးပြီး စိတ်မလွတ်လပ်တာထက်စာရင် လူကြပ်နေတဲ့ ကားထဲမှာ စိတ်ချောင်ချောင်နှင့် စီးရတာကို မကေသီတာ ပိုနှစ်သက်မယ် ဆိုတာ ကျွန်တော် သိပါတယ်။ ဒါပေမယ့် ဒီကိစ္စကိုတော့ ကျွန်တော် လိုက်လျောလို့ မရဘူး၊ ဖေဖေနှင့်မေမေက ကျွန်တော့်ကို အသေအချာ မှာထားတဲ့ ကိစ္စမို့ပါ"

"ဒါဆို ကျွန်မက အန်တီ့ကို ဖုန်းဆက်ပြီး ပြောပြရင်ရော.."

"ခက်တယ် မကေသီတာ၊ အဲဒီလို ပြောလိုက်ရင် အဲဒီစကားရဲ့က နောက်မှာ အဓိပ္ပါယ်တွေ အများကြီး ဖြစ်သွားနိုင်တယ်၊ မကေသီတာရဲ့ မေမေကြီးကို ပိုင်တယ် ဆိုရင်တော့ ကျွန်တော် ဘာမှ မပြောလိုပါဘူး၊ ကျွန်တော်ကတော့ ကျွန်တော့် မိဘနှစ်ပါးကို လုံးဝ မပိုင်ဘူး"

ဒီတစ်ခါတော့ ကိုနိုင်ပြောတာ ဟုတ်သည်။ ဒီကားနှင့် အတူမသွားနိုင်ဘူးဆိုလျှင် ကိုနိုင်နှင့် စေ့စပ်ဖို့ လက်ထပ်ဖို့ဆိုသော ကိစ္စမှာ ပို၍ပင် ခက်ခဲသွားပေလိမ့်မည်။ ဘာကြောင့် မစီးချင်တာလဲ ဆိုသော မေးခွန်းကို ထိုအချိန် လူကြီးတွေက ထမေးလာလျှင် ဘယ်လို ဖြေရမည်နည်း။

ဒီတော့ ကေသီတာသည် တိတ်ကလေး လိုက်လာတာ အကောင်းဆုံးပဲဟု ဆုံးဖြတ်ပြီး ဘာမှမပြောတော့ပဲ လိုက်ခဲ့သည်။ ဤအကြိမ်သည် သူမနှင့် နိုင်ဝင်းထွန်းတို့ ကားပေါ်မှာ ပထမဆုံး အကြိမ် စကားပြောမိကြခြင်းသာ ဖြစ်ပါသည်။ အိမ်ကိုရောက်တော့ ကေသီတာသည် အရင်နေ့တွေထက် ပို၍ ရွှင်လန်းနေသည်ကို အိမ်ကလူတွေ အားလုံး ရိပ်မိကြသည်။ သို့သော် မေမေကြီးက အစ မျက်နှာ နွဲ့ကာ ကျေနပ်နေသလိုလို ရှိသဖြင့် မောင်က ကလေးနွဲ့နွဲ့ကာ စ သလိုလိုလေးမေးသည်။

"မမကြီး ဒီနေ့ ဘာကောက်ရလာသလဲဟင် "

"ကောက်ရတယ် .. ဘာကောက်ရရမှာလဲ ..၊ ဘာကို မေးတာလဲ "

"ဪ.. မမကြီး ပျော်နေလို့ တစ်ခုခုတော့ လွဲနေပြီလို့ မောင်က ထင်လို့ပါ နော်.. အောင်"

မူယာမောင်က ခင်မေအောင်ကို သက်သေ လုပ်သည်။ အောင်က ခေါင်းကို လေးငါးခါ ညိတ်၏။

"ဘာမှ ကောက်မရပါဘူး၊ နည်းနည်း စိတ်လွတ် လက်လွတ် ကလေး ဖြစ်လာတယ် ဆိုရင်တော့ ဟုတ်တယ်၊ ဒီလို မေမေကြီးရယ်.. ဒီနေ့ကိုနိုင်က သမီးကို သူ့လုပ်ငန်းထဲက ကြိုက်တဲ့ ဌာနမှာ လုပ်ဖို့ ရွေးခိုင်းတယ် "

မေးသူက မူယာမောင်နှင့် ခင်မေအောင် ဖြစ်သော်လည်း ကေသီတာက ဒေါ်ထက်မေအောင်ကိုသာ ရှင်းပြလိုက်သည်။

"အဲဒီတော့ ..."

"သမီးက နွေးလည်းရှိ၊ သမီးလည်း ဝါသနာပါတဲ့ ဒီဇိုင်းဘက်ကို ရွေးလိုက်တာပေါ့၊ ကိုနိုင်ကလည်း သဘောတူတယ်၊ နွေးဟာ သူ့ပြီးရင် ဒီလုပ်ငန်းမှာ အကျွမ်းကျင်ဆုံး မိန်းကလေးတဲ့၊ အဲဒါကြောင့် သမီး အူမြူးနေတာ၊ ငယ်ငယ်ကတည်းက အရုပ်ကလေး

တွေလုပ်ပြီး အကျီချုပ်ပေးတာလောက်ပဲ ကစားဖူးတာလေ၊ အခု နိုင်ငံခြားကို ပို့မယ့် ပစ္စည်းတွေကို ဒီဇိုင်း လုပ်ပေးရမှာ ဘယ်လောက် ပျော်စရာကောင်းသလဲ .. ကဲ..”

ကေသီတာကသာ အားရဝမ်းသာ ရှင်းပြနေသော်လည်း ဒေါ်ထက်မေအောင်က အားရကျေနပ်ကြောင်း အမူယာ မပြပဲ တစ်စုံတစ်ခုကို အလေးနက် စဉ်းစားနေသည့် ပုံစံမျိုး ရှိနေသည့် အတွက် မောင်နှင့် အောင်လည်း ငြိမ်နေရသဖြင့် ကေသီတာ၏ ပျော်ရွှင်မှုနှင့် ထွန်းလင်းနေသော မျက်နှာကလေးသာ ကျွံထွက်နေသည်။

ဒေါ်ထက်မေအောင်က လူကြီးပီပီ ဣန္ဒြေရရနှင့် ဖြစ်သင့်ဖြစ်ထိုက်သော အစီစဉ်ကို ဆွဲခဲ့ပြီး ဖြစ်သည်။ သို့သော် ယခု ကေသီတာ ပြောပြနေသော အကြောင်းရာတွေသာ အမှန်ဆိုလျှင် သူတို့ စီစဉ်မှုသည် အလကားတွေ ဖြစ်ကုန်တော့မည်။ ကေသီတာသည် ရွှေခြည်ထိုး လုပ်ငန်းသို့ ဝင်တာ တစ်လ နီးပါးတော့ ရှိမည်။ နိုင်ဝင်းထွန်း အကြောင်းကို မပြော၊ သူ့ကိုမှ မဟုတ်၊ အောင်၊ မောင်နှင့် ရီရီ့ကိုလည်း မပြော။ ဒေါ်ထက်မေအောင်က သူ့သမီးနှစ်ယောက်နှင့် ရီရီကို နိုင်ဝင်းထွန်းအကြောင်း စပေးရန် စကားလမ်းကြောင်းတည်ပေးရန် ခိုင်းသော်လည်း ..

“သူက သိပ်အလုပ်များတာဟ၊ ငါ့ကို ကားပေါ်က ချပေးပြီးတာနှင့် သူ့အခန်းထဲ ဝင်သွားရော၊ ငါ့ကို နွေးကပဲ လိုက်ပြပြီး ထမင်းစားချိန်ကျတော့ သူက အပြင်ထွက်ပြီ၊ ငါ့ကို ပြန်ဖို့ချိန်ရောက်မှ ပြန်ရောက်လာတာ ”

“ဟင်.. ဒါဆို ကိုနိုင်နှင့် မမက ရုံးမှာ အတူနေ အတူစား မဟုတ်ဘူးလား”

“အာ.. ဘယ်ကလာ.. ငါ့ကို မနက်ပို့မယ်၊ ညနေ အိမ်ပြန်ပို့မယ်၊ ဒါပဲ တွေ့တာ”

“ကားပေါ်မှာရော စကားတွေ ဘာတွေ မပြောကြဘူးလား”

“ဒီနေ့ အဆင်ပြေရဲ့လား၊ ဘာလား ဒီလောက်တော့ ရှိတာပေါ့ဟာ”

"ဒီလိုပုံဆို ကိုနိုင်က မမကို လူကြီးတွေ စီစဉ်ထားတာက လွဲပြီး ဘာမှ ပိုတာ မရှိဘူးပေ့ါ၊ ပြီးတော့ မတွေ့ရအောင် ရှောင်နေသလိုကြီး ဖြစ်မနေဘူးလား "

"အဲလိုတော့လဲ မဟုတ်ပါဘူး၊ သူ တစ်ကယ် အလုပ်များတယ်ဆိုတာလဲ တစ်ကယ်ပဲ၊ သူရောက်နေတဲ့ နေရာကနေ ဖုန်းနှင့် ပစ္စည်းတွေ လှမ်းမှာတာ၊ ကျွမ်းကျင်တဲ့ လူတွေ ခေါ်ပြီး အလုပ်အပ်တာတို့၊ လူ သုံးလေးယောက်နှင့် ခေါ်တွေ့ပြီး စကားပြောတာတို့ ကတော့ နေ့တိုင်းပဲ၊ အခု အင်္ဂလန်က ပြပွဲတစ်ခုမှာ သူ့ရွှေခြည်ထိုးတွေ ပြခွင့်ရဖို့ စီစဉ်နေတာ တော်တော်လေး နီးစပ်နေပြီတဲ့၊ နွေးကပြောတာ၊ အဲဒီ ဒီဇိုင်းကို ငါကိုင်ရရင်တော့ ရှယ်ကိုင်လိုက်မယ် " ဆိုသော စကားလောက်သာ ရသည်။ အခုနွေး ဆိုတာ တစ်ယောက် ထပ်ရောက်လာပြန်၊ ဟိုကလေးမကလည်း ကေသီတာထက် မောင်နိုင်ကို ပို ခင်ခင်မင်မင် ဆက်ဆံပုံပေါ်သည်။

"အဲဒီ နွေးဆိုတဲ့ ကောင်မလေးက ချောသလား မိကေ"

"ချောတယ် မေမေကြီး၊ သူက သိပ်ဝတ်ရဲတာ၊ ပြီးတော့ တော်လည်း တော်တယ်၊ ဂျပန်လိုလည်း တတ်တယ်၊ အင်္ဂလိပ်လိုလည်း မွတ်နေတာပဲ၊ အခုပြပွဲမှာ ကိုနိုင်က သူ့ကို ခေါ်သွားမှာတဲ့ "

ဒေါ်ထက်မေအောင် စိတ်ပူသည့် အဆင့်သို့ ရောက်သွားပြီဖြစ်သည်။ ဒီအဆင့် လောက်မှာ ကိုယ့်ဘက်က လောဖို့ မလိုသေးဘူးဟုလည်း ဆင်ခြင်ရသေးသည်။ စေ့စပ်ပွဲသည် ကြည်ဖြူစွာ အပ်နှင်းကြခြင်းသာ၊ ဖြစ်သ့ည်သည်။ ရောင်းမလား ဝယ်မယ်၊ ဝယ်မလား ရောင်းမယ် အဆင့်သို့ မရောက်သင့်ပေ၊ ဒီတော့ အချိန်ကိုသာ စောင့်ဖို့ လိုပေတော့မည်။

"ဒီလို အလုပ်မှာတော်တဲ့ မိန်းကလေး တစ်ယောက်နှင့် အတူလက်တွဲပြီး အလုပ်လုပ်ရတာ တန်ဖိုးရှိတယ် သမီး၊ သူ့ဆီက ပညာရအောင် ယူပေ့ါ၊ အလုပ်ကိစ္စနှင့် ပတ်သက် လို့ကတော့ ငါ့သမီးကို မေမေကြီးက ယုံပြီးသားပါ"

ထိုနေ့ စကားဝိုင်းသည် ထိုမျှနှင့်ပင် ပြီးကြရလေသည်။

ပါဂျဲရိုး ကားကြီးသည် ငြိမ့်ငြိမ့်မှန်မှန်ကလေး ပြေး၍နေသည်။ ကားပေါ်တွင် မတော့ ထုံးစံအတိုင်း တိတ်ဆိတ်မှုက လွှမ်းမိုးနေပြီး နိုင်ဝင်းထွန်း၏ မျက်နှာသည်လဲ နေ့စဉ်တွေ့ပနေကျအတိုင်း အားနာစိတ်၊ ရှက်စိတ်တို့ဖြင့် ရဲရဲ နီလျှက် ရှိသည်။ သူ့ဆီမှာ ကေသီတာ့ကို ပြောစရာ စကားများရှိပါသည်။ သို့သော် နှစ်ဖက်မိဘများက တမင် ဖွင်ဆင်ပေးလိုက်သော အခြေအနေကို သူက စကားပြောလျှင် သူသည် အခွင့်ရေး ယူတတ်သော ယောကျ်ား တစ်ယောက်ဟု ကေသီတာ ထင်သွားမှာကို သူစိုးရိမ်သည်။

နှစ်ဖက်မိခင်က အိုးချင်းထား၊ အိုးချင်းထိ အစီစဉ်ကို ကေသီတာကလည်း သိနေမှာ ကျန်းသေသည်။ သိလို့သာ စကားမပြောတာပေါ့၊ ရှေ့ခုံမှာလည်း မထိုင်တာပေါ့၊ စကားပြောသင့်သော သူနှစ်ဦး ကားတစ်စီးတည်း ပေါ်တွင် စကားမပြောဖြစ်တာကိုက တစ်ခုခု မှားယွင်းနေကြောင်း သေချာနေသည်။

ကေသီတာကလည်း သူမက စပြောလျှင် မိန်းကလေး ဣန္ဒြေပျက်သည်ဟု ထင်သလို နိုင်ဝင်းထွန်းကလည်း သူက စပြောလျှင် အခွင့်ရေးယူသည်ဟု ထင်မှာ ယူဆနေသည်။ ထို့ကြောင့် ပါဂျဲရိုးကြီးသည် တိတ်ဆိတ်နေ၏။ သို့သော် ဒီနေ့တော့ ကေသီတာ့မှာ ပြောစရာ စကား ရှိနေပြီ ဖြစ်သည်။ စကားကို ဘယ်က စပြောရင် ကောင်းမလဲဟု စဉ်းစားနေသဖြင့်သာ ထိတ်ဆိတ်နေခြင်း ဖြစ်သည်။ နောက်ဆုံးတော့ ရိုးရိုးပဲပြောတာ ကောင်းပါသည်ဟု ကေသီတာ ဆုံးဖြတ်လိုက်သည်။

"ကိုနိုင်.. ကိုနိုင့်ကို ပြောစရာ တစ်ခုရှိတယ်"

တိတ်ဆိတ်ခြင်းကို ဖြိုခွဲပြီး ထွက်လာသော စကားကြောင့် နိုင်ဝင်းထွန်း ရုတ်တရက် အံ့သြသွားသည်။

"ဟုတ်ကဲ့"

"ပြောစရာဆိုတာထက် အကူညီတောင်းတာဆိုရင် ပိုမှန်မယ် ကိုနိုင်"

"ဟုတ်ကဲ့"

"ကျွန်မတို့ ဆက်ရှင်မှာ လဲ့လဲ့မင်းဆိုတဲ့ ညီမလေးတစ်ယောက်က ကျွန်မတို့ လမ်းထိပ်မှာနေတာ ကိုနိုင်၊ သူ့အိမ်က အဲဒီလမ်းထိပ်ကနေ လျှောက်ရင် ၁၀-မိနစ်လောက်ပဲ လျှောက်ရတယ်တဲ့၊ အဲဒါ ကျွန်မနှင့် အတူတူ သူ့ကိုပါ ခေါ်ပါရစေလို့ ကိုနိုင့်ကို ခွင့်တောင်းတာပါ"

ထုံးစံအတိုင်းပင် ကိုနိုင်သည် ချက်ချင်းအဖြေမပေး၊ သူ့ရုံးက မိန်းကလေး တစ်ယောက်ကို သူ့ကားဖြင့် ခေါ်ဖို့ ဘယ်တုန်းကမှ မစဉ်းစားခဲ့ဖူး။ အခုတော့ စဉ်းစား ရတော့မည်။ ထိုကောင်မလေးက သူ့ကားပေါ်ပါလာလျှင် မိန်းကလေးနှစ်ယောက်မို့ သူတို့ချင်း စကားပြောဖော် ရလျှင် သူ အသက်ရှုချောင်မည်။ အခုလို နှစ်ယောက်ထဲ ဘာစကားမှ ပြောစရာမရှိ၊ ဘာပြောရမှန်း မသိသဖြင့် စိတ်ကြီးတင်းကျပ်နေသောမျိုး မဖြစ်နိုင်တော့၊ ဒီလိုဆိုလျှင် ခေါ်သင့်သည်ဟု သူ ယူဆလိုက်သည်။

"ဟုတ်ကဲ့ .. လမ်းကြုံတယ်ဆိုရင် ခေါ်ပါ၊ ကျွန်တော့်ကို အားမနာပါနှင့်"

"ကြုံတယ်၊ ကြုံတယ်၊ ကျွန်မ အိမ်အဝင် လမ်းကို မကွေ့ခင်ကလေးမှာ သူဆင်းမှာပဲ၊ မနက်ကျတော့လည်း သူ အဲဒီနေရာလေးကပဲ စောင့်လိမ့်မယ်၊ ဒါဆို ဒီနေ့ညနေကစပြီး သူ့ကို အဖော် ခေါ်ခဲ့တော့မယ်နော် "

"ဟုတ်ကဲ့ ခင်ဗျ"

ပထမတော့ လဲ့လဲ့မင်းက သူ့ သူဌေးကားကို လိုက်မစီးရဲကြောင်း ရုံးက သူငယ်ချင်းများနှင့် ပတ်ဝန်းကျင်က သိမြင်လျှင် တစ်မျိုး တွေးကြ မြင်ကြမည် ဖြစ်ကြောင်း ပြောရာ ကေသီတာက သူမအကြောင်း အကုန်ဖွင့်ချ ပြောပြတော့မှပင် ကားအတူ လိုက်စီးခြင်းသည် ကေသီတာ့ကို ကူညီခြင်း ဖြစ်ကြောင်း သဘောပေါက် နားလည်၍ သဘောတူခဲ့သည်။

ထိုနေ့ညနေ အပြန်တွင် ကားပေါ်၌ ရယ်သံရွှင်သံကလေးများ၊ ကိုရီးယား အခန်းဆက်ကားများ အကြောင်း၊ ကိုရီးယား company များ၏ ပြိုင်ဆိုင်မှု အကြောင်း၊ ပါတိတ်ဈေး ရွှေဈေးနှင့် နောက်ဆုံးပေါ် ဆံပင်ဖြောင့် ကိရိယာ အကြောင်း၊ တစ်ခါတစ်ခါ " ဟုတ်တယ် မလား ဆရာ" ဆိုသော လှမ်းတိုင်ပင်သံ၊ တစ်ခါတစ်ရံ "ဆရာက သိပ်ဘာက်လိုက်တာပဲ" ဆိုသော စိတ်ဆိုးသံ၊ တစ်ခါတစ်ခါတော့လည်း အကြောင်းရာ တစ်ခုခုကို ပြောပြီး သုံးယောက်စလုံး သဘောတကျ ရယ်သံများဖြင့် ကားစီးရခြင်း အရသာသည် ပျော်စရာကြီး ဖြစ်၍ လာသည်။

ထိုအကြောင်းကို အောင်နှင့် မောင်မှ တဆင့် ဒေါ်ထက်မေအောင် သိသွားသောအခါ သူတို့ ဆင်သည့် ဂွင်ထဲသို့ မဝင်တော့ကြောင်း နှစ်ဖက်စလုံးက သိရှိသွားပြီး ..

"မြကတော့ ရှေ့အပတ်ထဲ စီစဉ်ချင်ပြီ ထက်ရေ.. နွေးဆိုတဲ့ ကလေးမလေး ကိုလည်း တွေ့ပြီးပြီ၊ သွားလေ့လာတဲ့ သဘောပါ၊ အမယ်လေး .. ဘိုဆန်လိုက်တာ လွန်ရော၊ ရုပ်ရည်ကလေးကတော့ လှပါရဲ့၊ ပညာလည်း တော်ပါရဲ့၊ ဒါပေမယ့် မဖြစ်ဘူး ထက်ရေ၊ အဲဒီတော့ ရှေ့အပတ်ထဲ နေ့ကောင်းရက်သာသာ ရွေးလိုက်ပါတော့ "

"ကောင်းပြီ မြ၊ ဒီနေ့ညကို ရှေ့အပတ်ထဲ စီစဉ်မယ်ဆိုတာ မိကေကို ပြောလိုက်တော့မယ်၊ မြလည်း မြရဲ့ သားကို ပြောလိုက်တော့နော် ..ဒါပဲ"

ကားပေါ် တက်လိုက်ပြီး မကေသီတာ မျက်နှာကို မြင်လိုက်ရကတည်းက တစ်ခုခုတော့ ဖြစ်နေပြီဆိုတာကို လဲ့လဲ့မင်း စိတ်ထဲက သိလိုက်သဖြင့် ယခင်နေ့များကဲ့သို့ ရယ်စရာ ပျော်စရာ စကားများကို မပြောပဲ လိုက်လာခဲ့သည်။ မကေသီကလည်း သူမကို ယဲ့ယဲ့လေးမျှ ပြုံးရုံကလေး ပြုံးပြသဖြင့် သူမကလည်း အပြုံးကို အားကုန် မသုံးပဲ မကေသီတာ၏ အပြုံးကို လက်ခံရရှိပါသည် ဆိုရုံမျှသာ ပြန်ပြုံးလိုက်လေသည်။

ထိုသို့ ပြုံးပြီးပြီးချင်း ကားထဲမှာတိတ်ဆိတ်နေသော ကိစ္စသည် သူမနှင့်များ ပတ်သက်နေမလားဟု စဉ်းစားမိသေးသည်။ သို့သော် သူမသည် မကေသီကိုရော၊

ဆရာနိုင်ဝင်းထွန်း အပေါ်မှာပါ ဘာမျှ အမှားကျူးလွန်ခြင်း မရှိဟု ယုံကြည်ထားမိသည်။ ထို့ကြောင့် ကားပေါ်မှာ တိတ်ဆိတ်နေခြင်းသည် မကေသီနှင့် ဆရာနိုင်တို့၏ ကိုယ်ရေးကိုယ်တာ ကိစ္စသာ ဖြစ်ရမည်ဟု ယူဆလိုက်လေသည်။

ထိုအတွေးမှန်ကန်ကြောင်းကိုလည်း နေ့ခင်း ထမင်းစားကြသောအခါ လွဲလွဲမင်း သိရလေသည်။ လွဲလွဲမင်းးသည် မကေသီတို့ အကြောင်းကို တစ်ကြိမ်တစ်ခါမျှ မမေးခဲ့။ ယခုလည်း မကေသီကိုယ်တိုင် က ပြောပြ၍ သိရခြင်း ဖြစ်သည်။

"မမကလည်း မမကံကောင်းတာပေါ့၊ အဲဒါကို မမက ဘာဖြစ်လို့ ခပ်တည်တည် ကြီးနှင့် စကားမပြော ဘာမပြောလုပ်နေတာလဲ"

"မင်းကလည်း ကိုယ့်ဘက်ကသွားပြီး ပျော်ပျော်ရွှင်ရွှင်ကြီး သွားလုပ်နေလို့ ဘယ်သင့်တော်ပါ့မလဲ၊ မသကာ သူက စပြီး နည်းနည်းပါးပါး ပြောရင် တော်သေးတာပေါ့"

"ဒါဆို မမက အခုကတည်းက အနိုင်ယူဖို့ ကြိုတင် စီစဥ်နေပြီလား"

"အို.. မမက အနိုင်မယူချင်ပါဘူး၊ ဒါပေမယ့် ကိုယ့် က္ကန္ဒြေပျက်လောက် အောင်လည်း မလိုက်လျောနိုင်ဘူးလေ၊ ဒီနေ့ညနေ သူနှင့် အဲဒီကိစ္စကို ဆွေးနွေးစရာ ရှိလို့ မင်း ကိုယ့်ဘာသာပဲ ပြန်လိုက်တော့နော်"

လွဲလွဲမင်းသည် ကေသီတ့ကို အားကျခြင်း၊ ဝမ်းသာခြင်း စသော မျက်နှာဖြင့် ငေးကြည့် ဂုဏ်ယူနေသော်လည်း ကေသီတာ၏ မျက်နှာသည် ပျော်ရွှင်ခြင်း မရှိရုံမျှ မက၊ ကျေနပ်ခြင်းလောက်ပင် မရှိသလို ဖြစ်နေသဖြင့် အားမလို အားမရ ဖြစ်လာကာ ကေသီတာ့ လက်ကို ဆုပ်ကိုင်ရင်း

"မမက ဘာဖြစ်လို့ မပျော်တာလဲဟင်"

"အင်.. ဒီလို ကိစ္စက ဘာဖြစ်လို့ ပျော်ရမှာလဲ"

"အာ.. မမကလဲ မိန်းကလေးတစ်ယောက် ဘဝမှာ ဒါဘယ်လောက် ပျော်စရာကောင်းတဲ့ ကိစ္စမျိုးလဲ၊ ဘာလဲ မမမှာ ချစ်သူရှိနေလို့လား"

"မဟုတ်ရပါဘူး မင်းရယ်၊ မင်းထင်တာ မဟုတ်ပါဘူး၊ မမအပေါ် ကျေးဇူးရှိတဲ့ မေမေကြီးကို ကျေးဇူး မကျေတောင်မှ ရင်ထဲမှာ ရှိတဲ့ ဆန္ဒအတိုင်း ပြုစုချင်သေးတယ်။ ပြီးတော့ အခုလို အလုပ်ကလေးလုပ် အားရက်မှာ လည်ချင်တဲ့ နေရာတွေကို သူငယ်ချင်းတွေနှင့် လျှောက်လည်၊ အဲဒီလို လွတ်လွတ်လပ်လပ် နေချင်သေးတယ် မင်းရဲ့"

လှဲ့လှဲ့မင်းသည် ကသေီတာကို စိုက်ကြည့်ရင်း ပြုံးလေသည်။ ကေသီတာ ညာထားတာ တစ်ခုခုတော့ ရှိနေပြီ ဆိုတာ သူမ သိသွားသည်။

"စိတ်မဆိုးနှင့်နော်..မမ၊ မင်း မမကို တစ်ခုပဲမေးမယ်၊ မမ ဆရာနိုင်ကို မချစ်ဘူး မဟုတ်လား၊"

လှဲ့လှဲ့မင်း၏ မေးခွန်းကြောင့် ကေသီတာ တွေဝေသွားသည်။ မချစ်ဘူး မဟုတ်လားတဲ့.. ကေသီတာက အေးဆေးစွာပင် ပြန်ဖြေပါသည်။

"ဆရာနိုင်ကိုမှ မဟုတ်ဘူး၊ ဘယ်ယောက်ျားလေးကိုမှ မကေ မချစ်ခဲ့ဖူးပါဘူး"

"ဒါဆို မမက စေ့စပ်တာကို လက်မခံဘူးပေါ့ ဟုတ်လား"

ကန်တော်ကြီး ရေပြင်ပေါ်က လှိုင်းကြက်ခွပ်ကလေးတွေကို ကြည့်မည်ဆိုလျှင် လေနုနုကလေးတွေသာ သူ့မိခင် လေပြင်းထံမှ ခိုးထွက်လာပြီး ကန်တောကြီး ရေပြင်နှင့် ကစားနေသည်ဟု တွေးချင်လျှင် တွေးနိုင်ပါသည်။ ချစ်သူတွေလည်း ကန်တော်ကြီး ရေပြင်ကို မျက်နှာမူပြီး တစ်ယောက်နှင့် တစ်ယောက် အကြင်နာပါသော လိမ်နည်း မျိုးနှင့် သူက ကိုယ့်ကို စွဲလမ်းလာအောင် ပြုမူနေကြကုန်၏။

သို့သော် ကန်ရေပြင်ကို ကျော်ပေးပြီး တောင်ကုန်းကလေးနှင့် သစ်ပင်ကြီးများကိုသာ ငေးမောနေသော ထူးဆန်းသည့် အတွဲတစ်တွဲကို ဒီနေ့တော့ဖြင့် ကန်တော်ကြီးထဲမှာ တွေ့နေရသည်။

"အရိုးသားဆုံး စကားပြောရရင်တော့ အခုလို စေ့စပ်ပွဲကို လက်ခံခဲ့တာဟာ ကျွန်မကို ငယ်စဉ်ကတည်းက သမီးတွေနှင့် တန်းတူ အခွင့်အရေးပေး၊ စိတ်ဓာတ်အား မြှင့်တင်ပေး၊ ဆုံးမပေးခဲ့တဲ့ မေမေကြီးရဲ့ ကျေးဇူးကို အကြီးမားဆုံး ဆပ်ခြင်းလို့ မှတ်ယူတဲ့ အတွက်ပါ၊ ကိုနိုင့်ဆီမှာ အပြစ် တစ်စုံတစ်ရာကိုလည်း ကျွန်မ ရှာမတွေ့ပါဘူး"

နိုင်ဝင်းထွန်းသည် ခေါင်းကို ညိတ်လိုက်သည်။ ပြီးတော့ နဖူးကို ပါတ်သည်။ သူကရော ဘာများ ထူးသနည်း။ ငယ်စဉ်ကတည်းက မိဘစကားကို နားထောင်ခဲ့ရသည်။ အခုမှ မငြင်းရဲတော့၊ မေမေကပြောလျှင် ငယ်စဉ်ကတည်းက ပြီးခဲ့ရသည်။ အခုမှ မပြီး၍ မရတော့။

"ပွင့်ပွင့်လင်းလင်း မေးပါရစေဗျာ၊ မကေသီတာမှာ ချစ်သူတွေ ဘာတွေများ ရှိထားသလား"

"အို.. မရှိပါဘူး"

"သေချာတယ်နော် "

"ဒီမှာ ကိုနိုင်.. ကျွန်မမှာသာ ချစ်သူ ရှိရင် မေမေကြီးက ကိုနိုင်နှင့် ရည်ရွယ်ပါတယ်လို့ ပြောကတည်းက ကျွန်မမှာ ချစ်သူ ရှိကြောင်းကို တစ်ခါတည်း ပြောမှာပါ၊ ပြီးတော့ ပေးတွေ့မှာပါပဲ၊ ကဲ.. ဒါဆို ကိုနိုင့်မှာရော.. "

"အာ.. ကျွန်တော့်မှာလည်း မရှိပါဘူး၊ ယုံပါဗျာ "

"ကိုနိုင့်လို လူမျိုးကို ကြိုက်ချင်တဲ့ မိန်းကလေးတွေနှင့်၊ မိန်းကလေး မိဘတွေတော့ အများကြီး နေမှာပါနော် "

နိုင်ဝင်းထွန်းက ယဲ့ယဲ့ကလေး ပြုံးသည်။

"အဲဒါတော့ မှန်တယ်၊ ဒါကြောင့်မို့ ကျွန်တော် မကေသီတာဆီ ရောက်ခဲ့တာပေါ့၊ အမေက မကေသီမှ မကေသီပဲ၊ အော် .. ပြီးတော့ ပြောရဦးမယ်၊ မကေ မနက်ဖြန်က စပြီး အလုပ်မဆင်းနှင့်တော့နော်၊ စေ့စပ်ပွဲပြီးလို့ နောက်တစ်နေ့ကျမှပဲ ပြန်ဆင်းတော့တဲ့"

"တဲ့.. ဆိုတော့ အဲဒီ.. တဲ့ .. က ဘယ်သူရဲ့ တဲ့ လဲ"

"မကေ မေမေကြီးရဲ့ တဲ့ပါ"

ဖြည်းဖြည်းကလေး ကန်ရေပြင်နှင့် ကစားနေသော လေညှင်းကလေးနောက်သို့ သူ့မိခကြီးက အားနှင့် လိုက်လာသဖြင့် ကန်ရေပြင်သည် လှိုင်းကြီးတွေ ဖြစ်သွားပြီး ကေသီတာ့ ဆံပင်တွေ လေထဲတွင် ဝဲ၍ သွားလေသည်။

---

"အာ .. မကေကလည်း ၊ အောင် အမြဲတမ်းပြောတယ်၊ နှစ်ယောက်ချင်း တွေ့ကြရင် .. ကျွန်မကို ချစ်ရဲ့လား ဆိုတာ မေးပါဆိုနေ"

"အဲဒီဘက်ကို စကားမှ မရောက်ပဲ အောင်ရဲ့"

"ရည်းစားရှိမရှိ အပြန်အလှန် မေးပြီးရင် အဲဒီ မေးခွန်းကို ထုတ်မေးလို့ ရသားပဲ"

"သူ့မှာလည်း ချစ်သူ မရှိဘူးလို့ ပြောပြီးပြီပဲ အောင်ရဲ့"

"သူ့မှာ ချစ်သူ မရှိတာနှင့် မမကြီးကို ချစ်တာ မချစ်တာ တစ်ခြားစီပဲဆိုတာ မောင်တောင် သိတယ် မမကြီး၊ ရီရီရော သိလား"

"သိတာပေါ့.. သူ့မှာ ချစ်သူမရှိဘူးဆိုတော့ ကိုယ့်ကိုလည်း မချစ်ဘူးလို့ ဆိုလိုတာလားလို့ မမကြီးက မေးရမှာ .."

"ကဲ.. မမကြီး၊ ရီရီ ပြောတာ ရှင်းမနေဘူးလား"

ကေသီတာသည် ညီမလေးယောက်၏ အချစ်ခုံရုံးတွင် အကျအဆုံးများစွာဖြင့် ရင်ဆိုင် နေရရှာသည်။ သူ့ညီမတွေ ကြားချင်တာက ကိုနိုင်ကို သူက ဘယ်လိုတွေ နွဲ့လိုက်သည်။ ကိုနိုင်က သူ့ကို ဘယ်လိုတွေ ချော့သည်။ သူ့ကို ဘယ်လို ဖက်ထားသည်။ လက်ကလေးကို ကိုင်ပြီး ချစ်စကားကို ဘယ်လို ပြောသည် ဆိုတာ မျိုးသာ ဖြစ်လေသည်။

သို့သော်.. သူမနှင့် ကိုနိုင်က တွေ့လိုက်သည်နှင့် ဣန္ဒြေနှင့် သိက္ခာ ပြိုင်ဆိုင်ပွဲသာ ကျင်းပလေ့ ရှိသဖြင့် သူတို့ကြားချင်သော စကားတွေ မကြားရသည့် အတွက် ကေသီတာ့ကို မကျေမနပ် ဖြစ်နေကြခြင်း ဖြစ်သည်။ အခုလည်း ကေသီတာ့ထံမှ မကျေနပ်မနပ် နှင့်ပင် ထွက်သွားကြသည်။

ကေသီတာသည် ကုတင်ပေါ်လှဲရင်း မျက်စိများကို မှိတ်ထားလိုက်သည်။ ပြီးတော့ "ငါ အိမ်ထောင်ကျတော့မည်" ဟု စဉ်းစားမိသည်။ မှိတ်ထားသော မျက်စိထဲတွင် အဖေ့မျက်နှာကို ခပ်ရေးရေး မှတ်မိသလောက်လေး ပြန်ဖော်ကြည့်မိသည်။ ပြီးတော့ သူမတို့ ရွာထိပ်က ညောင်ပင်ကြီး၊ ပြီးတော့ မျက်နှာရေးရေးသာ ပေါ်တော့သော ကစားဖော်များ ..။

ထိုသို့ မျက်စိမှိတ်၍ စဉ်းစားနေရင်း ကေသီတာ မျက်လုံးများကို ဖွင့်၍ ထထိုင်သည်။ သူ အစီစဉ် ဆွဲရမည်။ စေ့စပ်သည့်နေ့မှာ သူ့ဘက်က တစ်စုံတစ်ရာ အမှား ခံ၍ မရပါ။ စေ့စပ်ပွဲနေ့အတွက် ဆံပင် မိတ်ကပ်၊ အင်္ကျီ ထမီနှင့် ဖိနပ်ဆို့က စပြီး တစ်ခုချင်းစီ စာအုပ်တစ်အုပ်နှင့် အသေးစိတ် အစီစဉ် ရေးဆွဲလိုက်သည်။ ထိုအပြုမူသည် နိုင်ဝင်းထွန်းကို ချစ်ခြင်းလား၊ နိုင်ဝင်းထွန်း၏ အချစ်ကို ရရှိရေးအတွက်လား၊ သူ့ ဣန္ဒြေကို ကာကွယ်ခြင်းလား၊ တစ်စုံတစ်ခုတော့ ဖြစ်လိမ့်မည် ထင်ပါသည်။

စေ့စပ်သည့် မနက်တွင် မေမေကြီးသည် ကေသီတာ့ကို နေ့စဉ်မနက် ခြောက်နာရီတွင် ပြုနေကျ ဘုရား သောက်တော်ရေချမ်း ကပ်သည်ကိုပင် ခွင့်မပြုတော့ ဘုရားဝတ် ပြုခွင့်တော့ ပေးပါသည်။ ခုနစ်နာရီ ခွဲတွင် မိတ်ကပ်ဆရာ မာမီနှင့် အခန်းတွင်း မိတ်ကပ်ပြင်ရသည်။

အောင်၏ မိတ်ကပ်ဆရာ မာမီနိုင်နိုင်လင်းခိုင်သည် တော်တော် စေ့စပ်သော မာမီ တစ်ယောက် ဖြစ်သည်။ သူမကို ဆပ်ပြာရည်နှင့် မျက်နှာသစ်ပြီး မျက်နှာကို အနီးက ကြည့်သည်။ အဝေးကကြည့်သည်။ ပြီးတော့ ဝတ်မည့် အင်္ကျီတို့ကို မျက်နှာသစ်ထားသော ဘာမျှ မလိမ်းရသေးသည့် မျက်နှာနှင့် ဝတ်ပြရသည်။ ပြီးတော့မှ သူ့ မိတ်ကပ်လိမ်းခြင်းကို စသည်။

"အောင့် မမမျက်နှာက အငြိမ် အောင်ရဲ့၊ ဝတ်မယ့် အင်္ကျီနှင့်ဆို အငြိမ်ပြင်တာ အကောင်းဆုံးပေါ့"

အောက်ခံ ဖောင်ဒေးရှင်း ပြီးတော့ သူရွေးပေးသော လက်သည်းနီ အရောင်ကိုသာ ဆိုးရသည်။ သူမ လက်သည်းနီ ဆိုးနေတုန်း အောင် နှင့် မောင်တို့ကို ဖောင်ဒေးရှင်း ချပေးသည်။ ပြီးတော့ ကေသီတာ့ကို ဆက်ကိုင်သည်။ မိတ်ကပ်များ ပြင်ဆင်ပြီး၍ နှုတ်ခမ်းနီ ဆိုးနေချိန်တွင် အိမ်ရှေ့ ဧည့်ခန်းမှ မေမေကြီးနှင့် အန်တီမြတို့ အချင်းချင်း နှုတ်ဆက်သံ၊ ရယ်မောသံ၊ နေရာပေးသံ တို့ကို ကြားလိုက်ရသောအခါ တိတ်ဆိတ် ငြိမ်သက်နေသော ဘုရား ပရဝဏ်ထဲတွင် ကြေးခေါင်းလောင်းကြီးကို ကြီးစွာသော ခေါင်းလောင်းတံနှင့် အားရပါးရ ထိုးချလိုက် သကဲ့သို့ ကေသီတာ့ နှလုံးသားကို ထိုအသံများက အားရပါးရ ထိုးချလိုက်လေသည်။

ကေသီတာသည် ဆတ်ကနဲ တုန် သွားသဖြင့် နှုတ်ခမ်းနီက နှုတ်ခမ်း အစွန်းကို ကျော်၍ ပါးပေါ်သို့ အနည်းငယ်စွန်းသွားသည်ကို မာမီနိုင်လင်းခိုင် က ပြုံးသည်။

"စိတ်မလှုပ်ရှားပါနှင့်၊ ဒါက ပထမ အဆင့်ပါ၊ ရင်းနှီးထားပြီးသားတွေ မဟုတ်လား၊ မျက်တောင် ကလေးတွေ ပြီးရင် ပြီးပါပြီ၊ ဟိုကလည်း မြင်ချင်ဇောနှင့် မောလှ ရောပေါ့"

ကေသီတာ့ကို အားလုံး ပြင်ဆင်ပြီးသွားသော အခါ မာမီနိုင်လင်းခိုင်က အောင်တို့ဘက်ကို လှည့်သည်။ သူမ အစီစဉ် စာအုပ်ကလေးကို ထုတ်ကြည့်လိုက်တော့မှ ရင်တွေသာ တုန်နေရုံမကပဲ လက်တွေပါ တုန် နေကြောင်း သူမ သိရသည်။ ပြီးသွားသော အစီစဉ်တွေကို အနီရောင် ဘောလ်ပင်နှင့် ခြစ်ပစ်ရင်း ကျန်သည့် အစီစဉ်တွေကို ကြည့်လိုက်တော့ သဇင်ပန်း ပန်ရန်နှင့် အိမ်သာတက်ရန် နှစ်ခုသာ ရှိတော့သည်။

ကေသီတာတွင် ဆီးကျဉ်တတ်သော ရောဂါ ပါးပါးကလေး ရှိသည်။ ထို့ကြောင့် လူကြီးများနှင့် ထိုင်ရမည့် အချိန်တွင် ထိုဝေဒနာ မခံစားရစေရန်နှင့် ပွဲက ကိုယ့်ပွဲ ဖြစ်နေသဖြင့် လူကြီးတွေရှေ့က ထထွက်သွား၍ မကောင်းသောကြောင့် ထိုကိစ္စကို ပြုကို ပြုရမည့် အစီစဉ်ထဲတွင် ထည့် ထားရခြင်း ဖြစ်သည်။ ကေသီတာ မတ်တပ် ရပ်လိုက်သည်။ ပြီးတော့ မောင့် ပခုံးကို တို့ကာ "အိမ်သာ" ဟု ပြောပြီး အောက်ထပ်ကို ဆင်း၍ အောင့် အခန်းထဲမှ ချောင်းကြည့်ရာ ကိုနိုင်ဝင်းထွန်းဘက်မှ လူ ဆယ့်နှစ်ယောက်ခန့် ပါပြီး မေမေကြီး ဖိတ်ထားသော လူရှစ်ယောက်ခန့်လည်း ရောက်နေကာ နိုင်ဝင်းထွန်းနှင့် မေမေကြီးတို့ စကားပြောနေတာကို တွေ့ရသည်။

သူမ အသာ ခြေဖျားထောက်ကာထွက်လာခဲ့ ပြီး အိမ်သာသို့ ဝင်သည်။ အိမ်သာထဲ ဝင်၍ တံခါး ပိတ်မလိုလုပ်မှ စေ့စပ်ပွဲ ဝတ်စုံကြီးနှင့် လာခဲ့တာ မှားပြီဟု သိလိုက်ရသည်။ သို့သော် ဆီးက သွားချင်နေပြီ ဖြစ်သဖြင့် ဝတ်စုံမှ ထမီကို မစွန်း မပေစေရန်၊ မကြေမတွန့်စေရန် ခေါက်တင်ပြီး အိမ်သာအထိုင်တွင် ... အိမ်သာ တံခါး ဆွဲဖွင့်ခြင်း ခံလိုက်ရပြီး ...

"ဟာ..."

"အမလေး"

ကေသီတာသည် မျက်နှာကို အုပ်၍ အိပ်ခန်းထဲသို့ ပြေးဝင်ပြီး ခုတင်ပေါ်တွင် မျက်နှာကို မှောက်ချကာ အားရပါးရ ငိုကြွေးနေသည်ကို မည်သူမျှ နားမလည်နိုင်အောင် ဖြစ်နေသည်။ အောက်ထပ်မှာလည်း ဆူဆူ ညံညံ အသံတွေ ကြားရ၏။

"တောင်းပန်ပါတယ်ဗျာ၊ စေ့စပ်ပွဲကို ကျွန်တော်ကပဲ တောင်းတောင်းပန်ပန်နှင့် ဖျက်ပါရစေ"

"မင်း ဒီလို ပြောလို့ ရရိုးလားကွဲ့၊ ဒါ ဟင်းရွက်ကန်စွန်း ရောင်းနေတဲ့ ကိစ္စမှ မဟုတ်ပဲ၊ လူကြီး သူကြီးတွေနှင့် သဘောတူ လုပ်ကြတဲ့ ကိစ္စ၊ တို့ ဘက်ကမိန်းကလေးကွဲ့၊ မင်းက ဘာကိစ္စနှင့် စေ့စပ်ပွဲကို ဖျက်ချင်ရတာလဲ"

"ကျွန်တော် မပြောပါရစေနှင့် ခင်ဗျာ၊ ကေသီတာကလည်း ကျွန်တော့်ကို ယူတော့မှာ မဟုတ်ပါဘူး၊ အမှားကတော့ ကျွန်တော့် အမှားပါ"

"သား အမှားကဘာလဲ၊ ပြော.. ပြောလေ၊ မေမေတို့ လူကြီးချင်း ညှိနှိုင်းလို့ ရပါတယ်"

"မရဘူး မေမေ၊ ဒီတစ်ခါတော့ မေမေ့ စကားကို သား နားမထောင်နိုင်တော့ဘူး၊ အမှားက ကျွန်တော့် အမှားပါ၊ ဒါပေမယ့် ကေသီတာရဲ့ သိက္ခာနှင့် ဂုဏ်ကို ထောက်ထားခြင်းအားဖြင့် ကျွန်တော် ဘာမှားတယ် ဆိုတာ မပြောပါရစေနှင့် ခင်ဗျာ "

"မင်း ဒီလို မလုပ်နှင့် ကွဲ့၊ တစ်ဘက်သတ် ဆုံးဖြတ်လို့ ဘယ်ရမလဲ၊ ညှိသည်တွေကိုတော့ တောင်းပန်ပါတယ် ရှင်၊ ခဏ သည်းခံကြပါဦး၊ ကျွန်မ သမီးကို မေးပါဦးမယ်၊ ကဲ.. မြတို့လည်း ထိုင်ကြပါဦး၊ ဒီမယ် မောင်နိုင် .. မိကေက စေ့စပ်မယ်ဆိုရင် မင်းက ငြင်းဦးမှာလား "

"အဲဒါ ဆိုရင်တော့ ကျွန်တော် မငြင်းပါဘူး၊ ဒါပေမယ့် သူကလည်း လက်ခံမှာ မဟုတ်ပါဘူး၊ ကျွန်တော် သိပါတယ်"

"ဒါ မင်း ကိစ္စ မဟုတ်ဘူးကွယ့်၊ ငါ့ သမီးကို ငါ လက်ဆွဲပြီး ခေါ်လာခဲ့မယ်၊ ဒီ စေ့စပ်ပွဲ ဖြစ်ကို ဖြစ်ရမယ်"

ဒေါ်မေထက်အောင်သည် အိမ်ပေါ်ထပ်သို့ တည်ငြိမ်အေးဆေးစွာပင် တက်သွားလေသည်။ အပေါ်ထပ် အလှပြင်ခန်းကိုရောက်တော့ အောင်နှင့်မောင်တို့ ဝိုင်းအုံနေသည့်ကြားထဲမှာ ငိုနေသော ကေသီတာ့ကို တွေ့ရလေသည်။ ဒေါ် ထက်မေအောင်ကို တွေ့တော့ အားလုံး နံဘေးသို့ ရှဲ၍ သွားကြသည်။

"သူဘာပြောသေးလဲ "

"ဘာမှ မပြောဘူး မေမေကြီး၊ မေးလို့လဲ မရဘူး၊ ငိုချည်း နေတော့တာပဲ "

ဒေါ်ထက်မေအောင် ခေါင်း တစ်ချက် ညိတ်သည်။

"ကဲ ဖယ်ကြစမ်း၊ မိကေသီ.. မေမေ့မျက်နှာကို ခဏ မော့ကြည့်စမ်း"

ကေသီတာသည် မှောက်လျက်ကပင် တစ်သိမ့်သိမ့် ငိုကြွေးရင်း ခေါင်းကိုခါသည်။ ကေသီတာ့ ဘဝတွင် မေမေကြီး၏ တိုက်ရိုက် အမိန့်ကို ပထမဦးဆုံး ဆန့်ကျင်ခြင်းပင် ဖြစ်သည်။

"သမီး၊ မိကေသီ၊ အခု ကိစ္စဟာ ပေါ့သေးသေးမဟုတ်ဘူးဆိုတာ သမီးသိမှာပါ၊ မင်းနှင့် မောင်နိုင် ဘာပြောပြီး ဘယ်လို ပြဿနာ တက်လို့ ဒီလို ဖြစ်တယ်ဆိုတာ၊ ဒီလို ဖျက်တယ်ဆိုတဲ့ စကား ထွက်လာရတာလဲ "

ကေသီတာသည် ငိုရှိုက်သံနှင့်ပင် ပြန်ပြောသည်။

"ဒီပွဲကို ဖျက်လိုက်ပါတော့ မေမေကြီးရယ်၊ သမီး သူ့ကို လက်မထပ်ချင်တော့ပါဘူး၊ အများက သမီးရဲ့ အမှားပါ"

"မိကေသီ ညည်း စေ့ကို စေ့စပ်ရမယ် "

"သတ်လိုက်ပါတော့ မေမေကြီးရဲ့၊ ဟောဒီက အမိုက်မကို သတ်သာ သတ်လိုက်ပါတော့ မေမေကြီးရဲ့"

နောက်တစ်နေ့ထုတ် သတင်းစာတွင် မောင်နိုင်ဝင်းထွန်းနှင့် မကေသီတာတို့ စေ့စပ်ပွဲပျက်ရခြင်းမှာ မကေသီတာ၏ အမှားကြောင့် မဟုတ်ပဲ မောင်နိုင်ဝင်းထွန်း၏ အမှားကြောင့်သာ ဖြစ်သောကြောင့် တောင်းပန်ပါသည် ဟူသော ကြော်ငြာတစ်ခု ပါလာလေသည်။ ဒေါ်ထက်မေအောင်က ထည့်ခိုင်းခြင်း မဟုတ်ပဲ ဒေါ်မြနွယ်တို့ဘက်က မိန်းကလေး၏ ဂုဏ်သိက္ခာအရ ထည့်ပေးရသော်လည်း နှစ်ဖက်စလုံးက လူကြီးများသည် ဘာ့ကြောင့် စေ့စပ်ဖို့ကို နှစ်ယောက်စလုံးက တစ်ပြိုင်နက် ငြင်းကြကြောင်းကို လုံးလုံး မသိကြပေ။

တစ်သက်လုံးလည်း သိ သွားကြလိမ့်မည် မဟုတ်ချေ။

# အခန်း (၂)

## မိုးယံစိုး

အရင်တုန်းက "မိကေသီ၊ အောင်ရေ "၊ " မောင် ဘယ်ရောက်နေလဲ၊ ရီရီရေ .. ငါ့ခြံ ခေါ်လာခဲ့ စမ်းပါဦး "၊ "မေမေကြီးရေ.. အောင် ဒီမှာ သူ့ရည်းစားအကြောင်းပြောလို့ လိုက်ရိုက်နေတယ်၊ လုပ်ပါဦး" စသော အသံများနှင့် အမြဲ ပျော်စရာကောင်းခဲ့သော အိမ်ကြီးသည် တိတ်ဆိတ်၍ နေသည်မှာ မိမိကြောင့်ဟု လုံးဝ ထင်မြင်ထားမိသဖြင့် ကေသီတာမှာ စိတ်ဆင်းရဲခြင်းကြီးစွာ ညှိုးခြုံး၍ ပိန်ကျသွားရာ ထိုကိစ္စမတိုင်ခင် တစ်ကြိမ် နှစ်ကြိမ်သာ မြင်ဖူးသူတို့မှာ မှတ်ပင် မမှတ်မိတော့ချေ။

ယခင်က စနေ တနင်္ဂနွေ ဒါမှ မဟုတ် ဈေးပိတ်သော ဝါတွင်း ဥပုသ်နေ့မျိုးဆိုလျှင် လက်သုပ်စုံလေး လုပ်စားလိုက်၊ လက်ဖက်သုပ်လေး လုပ်စားလိုက်၊ ကြာဖံချက်၊ ကျောက်ကျောနှင့် သာကူ လုပ်စားနေကြ အိမ်ကြီးမှာ ယခု ထိုကဲ့သို့ အပျော်များ မရှိတော့။ မေမေကြီးသည် မည်သူ့ကိုမျှ သိပ်စကားမပြောတော့။ ကေသီတာ့ ကိစ္စကိုလည်း မေးမြန်း ပြောဆိုခြင်း အလျှင်း မရှိရအောင် အားလုံးကို တင်းကျပ်စွာ ပိတ်ပင် ထားသည်။ ကေသီတာမှာ ယခင်တုန်းက အချိန်ကိုထ၊ ယခင်တုန်းက အလုပ်တွေကိုပင် လုပ်နေ သော်လည်း တစ်စုံတစ်ယောက်က ကေသီတာ့၏ ဝိညာဏ်ကို ထုတ်ယူထားပြီး ထိုထုတ်ယူ ထားသူ ခိုင်းသမျှ၊ အမိန့်ပေးသမျှ လိုက်လုပ်နေရသူလို ဖြစ်၍နေသည်။

အချင်းချင်းစကားပြောကြသည့် အခါတွင်လည်း မည်သူကမျှ အမိန့်ပေးမထားပါပဲ ခပ်တိုးတိုးသာ ပြောဆိုနေမိကြသည်။ တစ်နေ့တွင် မေမေကြီးထံသို့ ဒေါ်မြနွယ် ရောက်လာသည်။

"ထက်ရယ်.. အဆင်မပြေခဲ့တာတွေ အတွက် တို့လည်း တောင်းပန်ပါတယ် ဟိုကောင့်ကိုလည်း မေးတာ ခုထိ မေးလို့မရတာ ဘာကြောင့်များလဲ ဆိုတာ စဉ်းစားမိတိုင်း စိတ်ထဲမှာ တနုံ့နုံ့နှင့် ခံရသိပ်ခက်တာပဲ"

"မမေးပါနှင့်တော့ မြရယ်၊ ဆရာတော် ဘုရားပြောတာ သိပ်မှန်တယ်၊ ဒါ ငါ့ခြေ၊ ဒါ ငါ့လက်၊ ဒါ ငါ့ မျက်လုံး၊ ငါ့ ကိုယ်လုံး ထင်နေကြတာတဲ့၊ တစ်ကယ်ကတော့ ကိုယ်ပိုင်တာ

ဘာမှ မရှိဘူးတဲ့၊ ကိုယ်တို့က ကိုယ်ပိုင်တယ်လို့ ထင်ပြီး လုပ်ကြတာကိုး၊ ဒီကိစ္စဟာ ကိုယ့်ကို တရားပြတယ်လို့ပဲ မြင်တယ်၊ ဒါ့ကြောင့် တရားနှင့်ပဲ ဖြေတယ်၊ ဘယ်သူ့ကိုမှ အပြစ်မတင်ဘူး။ ငါ့ကိုယ်ငါတောင် မပိုင်တာ၊ သူ့ကိုငါပိုင်ဖို့ အတော် ဝေးပါလားလို့လေ . ."

"ကောင်းတယ် . . ထက်ရယ်၊ ထက်က သမီးတွေ မွေးထားတော့ မီးဖိုချောင် လှည့်မကြည့်ရတော့ ဘာသာရေးအတွက် တပန်းသာတာပေါ့၊ ဒါ့ကြောင့် မိကေကို ကိုယ်က လိုချင်တာ၊ အခုတော့ ကံစီမံရာ ပေါ့လေ၊ ဒါ့ထက် မိကေ ကရော အဲဒီနေ့က ဘာဖြစ်တယ်ဆိုတာ ပြောပြလား "

"မပြောဘူး၊ မြ၊ တို့လည်း မမေးရတော့ဘူးလို့ တားထားတယ်၊ သူလည်း ဒီကိစ္စအတွက် တော်တော်လေး နောင်တရပြီး မျက်နှာချင်းတောင် မဆိုင်ဝံ့လောက် အောင်ပဲ "

ထိုသို့ ညည့်ခန်းထဲတွင် ပြောနေကြသော စကားများကို အပေါ်ထပ်တွင် ကြမ်းတိုက် နေသော ကေသီတာ ကြားနေရသော အခါ မျက်ရည်များ ဝဲရာမှ စီး၍ကျသည်။ နာခေါင်းများလည်း နီရဲပြီး ကြမ်းတိုက်နေရာမှ ကုန်းကုန်းကလေး တစ်အစ်အစ်နှင့် အသံမထွက်ရဲပဲ ငိုရှာသည်။

"ကလေးမကိုလည်း အပြစ်မဆိုပါနှင့်၊ သူကလည်း သူ့အများပြော၊ ဟိုကလည်း သူ့အများပြောနှင့်ပါ၊ ဒါနဲ့ ထက်ရေ ဘယ်လိုမှတော့ သဘောမထားနှင့်နော်၊ ကိုနိုင့်ကိုတော့ သူ့အလုပ်ထဲက နွေးနွေးလှိုင်နှင့်ပဲ လက်ထပ်ပေးဖို့ ဆုံးဖြတ်လိုက်တော့တယ်၊ အခုလ ၂၈-ရက်နေ့မှာ၊ သူငယ်ချင်း မြအပေါ်မှာ ဘယ်လိုမှ သဘောမထားပါဘူးဆိုရင် မင်္ဂလာ ဆောင်လာခဲ့ပါလား သူငယ်ချင်းရယ်"

"တို့ ရောက်အောင်လာခဲ့ပါ့မယ် သူငယ်ချင်း စိတ်ချပါ"

ဒေါ်မြနွယ် ထွက်သွားတော့ မျက်စိမှုန်နေပြီး မျက်မျှန်တပ်မှ သွားလို့လာလို့ ရသော ဒေါ်ထက်မေအောင်က မောင့်ကို ခေါ်ပြီး ဖိတ်စာကို ဖတ်ခိုင်းသည်။ ဖိတ်စာကို ဖတ်ပြီးတော့ မောင်က ဒေါ်သဖြင့် ပြောသည်။

"မေမေကြီး အဲဒီ မင်္ဂလာဆောင်ကို သွားစရာ မလိုဘူး၊ ဒါ သက်သက် လာရှိသွားတာ မေမေကြီးရဲ့"

"သမီးတို့ လူငယ်အတွေးမှာတော့ မှန်ပါတယ်၊ မေကြီးတို့ အတွေးအရတော့ သွားရမယ်၊ မြနွယ်ဟာ မေမေကြီးနှင့် သူငယ်တန်း ကတည်းက ခင်ခဲ့တဲ့ ငယ် သူငယ်ချင်း အစစ်၊ ဒါကို အခု ဖြစ်တဲ့ ကိစ္စနှင့်လဲပစ်လို့ မရဘူး သမီး၊ သမီးတို့တော့ မလိုက်ပါနှင့်၊ မေကြီးနှင့် ရီရီ သွားလိုက်ပါ့မယ်၊ သဘောထားကြီးတယ်ဆိုတာ ခန္တီပါရမီရဲ့ အချက်တစ်ခုပဲ သမီး"

ဒေါ်ထက်မေအောင် စကားကြောင့် ကေသီတာကစပြီး ခေါင်းကို အောက်သို့ ငုံ့ချထားလိုက်သည်။

"ကဲ သမီးတို့ အောက်ထပ်မှာ တီဗွီကြည့်ချင်လဲ ကြည့်ကြ၊ နားချင်လဲ နားကြတော့၊ မေမေကြီး ပုတီးစိတ်တော့မယ် "

ကေသီတာတို့ မေမေကြီးကို ရှောင်ပြီး အောက်ထပ်သို့ ဆင်းလာခဲ့ကြသည်။ မည်သူမျှ တီဗွီမကြည့်ကြပါ၊ အငယ်ဆုံးမောင်က သူ့ ဆေးပညာ စာအုပ်ကို ကောက်ကိုင်သည်။

"မေမေကြီးက မမေးနှင့်ဆိုပေမယ့် အောင်ကတော့ မေးရဦးမှာပဲ၊ အခု ကိုနိုင် လက်ထပ်တဲ့ နွေးနွေးလှိုင်ဆိုတာက မမကြီး သူ့ကားနှင့် သူတို့ရုံးကို သွားနေကတည်းက ကိုနိုင်နှင့် ကြိုက်နေကြတာလား "

"ကိုယ်ကပဲ ရိုးရိုး ကြည့်လို့လား၊ သူတို့ကပဲ အနေအထိုင် ပိရိကြလို့လားတော့ မသိဘူး၊ ချစ်သူရည်းစားပုံစံ လုံးလုံးမရှိဘူး"

"မကြီးနှင့် ကားအတူစီးကြတာကို နွေးနွေးက မမေးဘူးလား"

"မမေးဖူးဘူး"

"မဖြစ်နိုင်ဘူး၊ မမကြီး၊ သူ မကြီးနှင့် မတွေ့ခင်ကထဲက သူနှင့် ငြိနေတာ ဖြစ်မှာ၊ လူကြီးတွေ စီစဉ်နေတာကို ရှန်းလို့ မရလို့ လိုက်နာနေပြီး အနားရောက်မှ ကပ်ဖြုတ်သွားတာ၊ မကြီးရဲ့ အရှက်ကို တမင်ခွဲ၊ ခုတုံးလုပ်ပြီး ဟိုငတိမကို ယူသွားတာ"

"မဟုတ်ဘူး၊ အောင်၊ အပြစ်က သူ့ အပြစ်မဟုတ်ဘူး၊ ဣန္ဒြေ သိက္ခာကို ကိုယ့်အသက်လို့ ငယ်ငယ်လေးကတည်းက ယုံကြည်မြတ်နိုးခဲ့တဲ့ မကေရဲ့ အပြစ်ပါ"

"ကဲ.. အဲဒါဆို ဘာဖြစ်လဲ.. အဲ့ဒီနေ့က ဘာတွေ နှစ်ယောက်တည်း ကြိတ်ဖြစ်လိုက်ရတာလဲ ပြော.."

ကေသီတာက ပြုံးရင်း ထရပ်လိုက်သည်။

"အခြေနေတွေ အားလုံးပြီးသွားတော့မှ ဘာဖြစ်လို့ ဒါတွေကို သိချင်နေရတာလဲ ညီမတို့ရယ်၊ အခုချိန်ဟာ မမကိုယ် မမ ပြန်ရအောင် မနည်း ကြိုးစားနေရတဲ့ အချိန်ပါ၊ အဲဒီ အကြောင်းတွေကို အမေးခံရတာပဲ ဖြစ်ဖြစ်၊ ဖြေရရင်ပဲ ဖြစ်ဖြစ် မကြီး အတွက် ရင်နာစရာတွေ မဆုံးအောင် ဖြစ်ဖြစ်လာလို့ မမေးကြပါနှင့်တော့ ညီမတို့ရယ်နော်.."

ကေသီတာသည် သူ့ညီမတွေ၏ အဖြေကို မစောင့်တော့ပဲ ပန်းခြံထဲက ခုံကလေးမှာ တစ်ယောက်တည်း သွားထိုင်နေလေသည်။

"မကြီး သနားပါတယ် အောင်ရာ.. နောက်ကို သွား မေးမေး မနေပါနှင့်တော့၊ ပြောလို့ မရတာမို့ သူမပြောတာပါ"

"အေးပါဟာ.. ငါကလည်း အဲဒီလို ကိစ္စမျိုးဆို သိပ်သိချင်တာ၊ ဒါပေမယ့် မမေးတော့ပါဘူးဟာ.."

"ရီကတော့ မမကြီးကို မကြည့်ရက်လို့ မေးကို မမေးတာ၊ ဟော.. မောင်.. မောင်နင့် သူငယ်ချင်း ပိုလာနေပြီ၊ မမကြီးကို တွေ့ပြီး သွားမေးနေဦးမယ်၊ ဒီကို နင်လှမ်းခေါ်လိုက် မောင် "

ရီရီ ပြရာသို့ ကြည့်လိုက်တော့ ငြိမ်းငြိမ်းပိုဆိုသော မောင့်သူငယ်ချင်းသည် တံခါးကို ပြန်စေ့ရင်း လမ်းအတိုင်း လျှောက်လာနေသည်။ စကြံပန်းပင်တွေကို ကျော်လျှင် မမကြီးနှင့် တွေ့တော့မှာမို့ မောင်က..

"ငြိမ်းပို.. ဟေ့..၊ ငြိမ်းပို လာ.. လာ.. ဒီကိုလာ.."

မောင်လှမ်း အခေါ်ပြီးမှာပင် ပိုက ကေသီတာကို တွေ့သွားသည်။ သို့သော် မောင်က အခေါ်ဦးသဖြင့် မောင်တို့ ရှိရာသို့သာ ပို လျှောက်လာသည် ။

"မိန်းမ လမ်းကြုံလို့ ဝင်လည်တာ မဟုတ်လား၊ ရီရေ သူ့ကို ရေတိုက်၊ ရေတောင်မှ ရေခဲသေတ္တာထဲက ရေမတိုက်နှင့်၊ သဲအိုးထဲက ရေပဲ တိုက်.."

"အောင်မယ်.. တမင် လာလည်တာပါနော်.. ဟိုကိစ္စကို သိချင်လို့၊ မကေသီတာ စေ့စပ်ပွဲ ကိစ္စလေ"

မောင်က နှုတ်ခမ်းကို ကျွတ်ကနဲ မြည်အောင် စုတ်လိုက်ရင်း နှုတ်ခမ်းတို့ကို ဆွဲဆန့်သည်။ ပြီးတော့ ခေါင်းကိုလည်း ခါသည်။ သို့သော် ငြိမ်းငြိမ်းပိုက မရမကကို အတင်းမေးနေသည်။ လုံးဝမပြောပဲနေလိုက်လျှင် ထင်ချင်ရာ ထင်သွားနိုင်သည့် အတွက် မောင်က ဖြစ်သမျှကို အမှန်အတိုင်း ပြောပြသည်။

"ဘာဖြစ်လို့ အဲလို ဖြစ်ကြတယ်ဆိုတာ နင်တို့ တစ်ကယ် မသိကြတာပေါ့"

"တို့က အပေါ်က မကြီးအခန်းမှာပဲ မိတ်ကပ် အလိမ်းခံနေတာလေ"

"မဟုတ်ပါဘူးကွာ၊ မင်းတို့ တစ်ခုခုကို ညာနေတာပါ"

"ဒီမှာ ပို.. မင်းနှင့် ငါနှင့်က ငယ်သူချင်းတွေပါ၊ ဒါ့ကြောင့်မို့ မင်းမေးတာကို ငါတို့ သိသမျှ အမှန်အတိုင်း ပြောပြတာပါ၊ အဲဒါကို မင်းက မယုံပဲ ငါတို့က တစ်ခုခု ညာထား လိမ်ထားတယ် ထင်နေရင် မင်း.. ငါတို့ အိမ်ကို နောက်မလာနှင့်တော့ .."

"ဟဲ့.. မောင်၊ နင် ဘယ်လိုပြောလိုက်တာလဲ၊ နင်ဟာလေ.. ရှေ့စကား နောက်စကား ဘယ်တော့မှ မကြည့်ဘူး"

"ရပါတယ်.. မမအောင်ရယ်၊ သူက ကျောင်းမှာလဲ ဒီလိုပါပဲ၊ ဒါအမှန်ပဲ ဆိုရင်တော့ ငါ မကေကို အရမ်းသနားတာပဲ၊ ဒါ ငါတို့ မိန်းကလေးတွေ အကြောက်ဆုံး ကိစ္စမျိုး မဟုတ်လား"

ငြိမ်းငြိမ်းပိုသည် စကြာပန်းပွင့်လေးတွေနှင့် ကစားနေသော ကေသီတာကို လှမ်းကြည့်ရင်း ပြောသည်။

"မမကြီးက ကျန်တာတွေ အကုန်လုံး ဟိုး အရင်က အတိုင်းပဲ၊ ဒါပေမယ့် သူ့မှာ အသက်ဓာတ် မပါသလိုပဲ၊ တစ်ယောက်ယောက်က ခိုင်းထားလို့ ၊ ဒါမှ မဟုတ် အခြေနေ တစ်ခုခုကြောင့် အကျင့်ပါနေလို့ လုပ်ကိုင်နေရသလိုမျိုး ဖြစ်နေတယ်"

"အဲဒီလို ဖြစ်တာ ရေရှည်တော့ မကောင်းဘူး၊ မောင်.. မင်းက ဆရာဝန်ဆိုတော့ ငါ့ထက်ပိုသိမှာပါ"

"အေး.. ငါလည်း ဘာလုပ်ပေးရရင် ကောင်းမလဲလို့ စဉ်းစားနေတာ"

"ငါသာဆိုရင်တော့ မင်းတို့ မမကြီးကို လူတွေများများနှင့် မနားတမ်း လုပ်ရတဲ့ အလုပ်တစ်ခုခုမှာ သွင်းပေးချင်တယ်"

"ဒီတစ်ခါတော့ ပိုပြောတာ မှန်တယ်အောင်၊ မောင်တို့ မေ့နေကြတာ"

"ခွေးမ၊ ဒီတစ်ခါတော့ မှန်တယ်ဆိုတော့ ငါ အရင်က စကားတွေက အာဖျံကြီး ရှီးနေတယ်ပေါ့ ဟုတ်လား.."

ပို့ ရန်တွေစကားကြောင့် အားလုံး ရယ်ဖြစ်ကြသည်။

"ဟုတ်တယ်၊ စိတ်ညစ်တဲ့ အချိန်မျိုးမှာ အလုပ်လုပ်တာဟာ အကောင်းဆုံး ဖြေဆေးပဲ၊ ကဲ.. ဒီတော့ မကေကို ဒီလို စီစဉ်ထားတယ်၊ ဘယ်အလုပ်လုပ်ချင်လဲလို့ မေးရမယ်"

"အမလေး.. ရှာတော်မူမနေပါနှင့်၊ ဟောဒီက အမိုက်မဲကလေး မိပိုမှာ အလုပ်ပါ တစ်ပါတည်း ပါပါတယ်ရှင့်၊ မကေက B.A (Business Management ) နော်.. ဒါဆို အိုကေပဲ"

"ကဲ.. ဒါဆို.. မကေကို အရင်ပြောပြီးမှ မေမေကြီးကို ပြောရမယ်"

"ဟာ.. အောင်ကလည်း .. မေမေကြီးကို အရင်ရှင်းပြ ပြောပြပြီးမှ မေမေကြီးက မိက ညည်း ဒီလိုနေမယ့် အစား ဒါလုပ်ဆို ပြတ်ပြီပေါ့ ၊ မေမေကြီးကို အရင် ပြောရမယ်"

"မကေကို အရင်ပြောရမယ် ဟုတ်တယ်မဟုတ်လား ရီရီ"

"မေမေကြီးကို အရင်ပြောမှ ဖြစ်မှာ အောင်ရ"

"တစ်ကယ်လုပ်ရမယ့် ကာယကံရှင်က မကေမို့ မကေကို အရင်ပြောရမှာ"

"ကဲ.. ဒီလိုလုပ်ကြပါလား ကွယ်တို့၊ မကေရော.. မေမေကြီးကိုရော အောင်၊ မောင်နှင့် ရီရီ အပြင် ဟောဒီက အမိုက်မပါ တစ်ခါတည်း ပြောကြတာပေါ့"

"ဟယ်.. အခုပြောမလို့လား "

"အာ.. အခုတော့ ဘယ်ဟုတ်မလဲ .. မနက်ဖြန် မနက်ပေါ့၊ ပို လာခဲ့မယ်လေ"

"ကောင်းတယ် သမီး၊ မေမေကြီး သဘောတူပါတယ်၊ သမီးမှာ အခုဖြစ်နေတဲ့ ဝေဒနာက စိတ်ကို အခြေပြုပြီးတော့ ဖြစ်တဲ့ ဝေဒနာပဲ၊ ငါတို့ မြတ်စွာဘုရားကတော့

"အကြောင်း မှန်သမျှသည် စိတ်ကြောင့် ဖြစ်ကုန်၏" " အကျိုး မှန်သမျှသည်လည်း စိတ်ကြောင့်ပင် ဖြစ်ကြကုန်၏ " လို့ ဟောခဲ့တယ် "

ဒေါ်ထက်မေအောင်က မောသွားဟန်ဖြင့် ရှေ့တွင် ရှိသော ရေနွေးအိုးမှ ရေနွေး တစ်ခွက်ကို ငှဲ့၍ ထည့်ပြီးသောက်သည်။

"အခုငါ့ သမီးလေးမှာ ခံစားနေရတဲ့ ဝေဒနာက စိတ်မှာ ဖြစ်တဲ့ ဝေဒနာပါ၊ ဒီဝေဒနာမျိုးက ဆေးပညာ ဆေးဝါးနှင့် ကုလို့ မရဘူး၊ နေရာရယ်၊ အချိန်ရယ်၊ အလုပ်ရယ်နှင့်ပဲ ကုလို့ရတာ၊ အလုပ်လုပ်ရင် စိတ်က အလုပ်ထဲမှာပဲ ရှိနေတဲ့ အတွက် သူ့အလိုလိုကို ကုစားပြီးသား ဖြစ်တာပေါ့၊ ကောင်းတယ်၊ မေမေကြီး သဘောတူတယ်၊ ဒါနှင့် အလုပ်က ဘာလုပ်ရမှာလည်း "

"အဲဒါတော့ ဘယ်နေရာရယ်လို့ ကျိန်းသေပြောလို့ မရသေးဘူး အန်တီ၊ လူရွေးစာမေးပွဲလေး ဖြေရဦးမယ်၊ ပြီးတော့ .. အင်တာဗျူးကလေး တစ်ခု ဖြေရဦးမယ်၊ အဲဒါတွေပြီးတော့မှ ဘယ်သူက ဘယ်နေရာဆိုတာ သိရမှာ အန်တီ "

ငြိမ်းငြိမ်းပိုက သွက်သွက်လက်လက်ပင် ရှင်းပြသည်။

"ကြော်.. ဒီလိုလား.. ဒါဆိုရင်လည်း ဖြေပေါ့၊ ငါ့သမီးကြီး အောင်မှာပါ၊ အောင်လည်း အောင်ပါစေကွယ်၊ မီးဖိုချောင် ကိစ္စကိုတော့ ရီရီက အောင်နှင့် အတူတူတွဲပြီး တာဝန်ယူပေါ့၊ ဈေးထဲကဆိုင်ကိုတော့ တစ်ပတ်တစ်ယောက် အလှည့်ကျ ဝင်ကြပေါ့"

ဒေါ်ထက်မေအောင် တို့၏ အဓိက စီးပွားရေးမှာ လက်ဖက်နှင့် အကြော်စုံများကို သိမ်ကြီးဈေးတွင် ဆိုင်ကြီး ဖွင့်၍ လက်လီလက်ကား ရောင်းဝယ်ခြင်းပင် ဖြစ်သည်။ ထိုအလုပ်ကို ကေ့အား မခိုင်းရခြင်းမှာ ကိုနိုင့်အမေ "မြ" ၏ ရွှေဆိုင်နှင့် နီးသောကြောင့် ဖြစ်သည်။

"အလုပ်က ရရင်တောင်မှ ကိုးနာရီလောက်မှ သွားရမှာပါ မေမေကြီး၊ သမီး လိုအပ်တာလေးတွေကိုတော့ ဝင်လုပ်ဖို့ အချိန်ရပါသေးတယ် "

"ကောင်းပြီလေ.. အဲဒါဆို သမီးတို့ အချင်းချင်း ညှိလိုက်ကြပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ မေမေကြီး"

ဒီလိုနှင့်ပင် ကေသီတာသည် အလုပ်အတွက် ပြင်ဆင်ရတော့သည်။ မေမေကြီး ပြောတာ သိပ်မှန်တာပဲဟု ကေသီတာ မကြာခဏ တွေးမိသည်။ စာမေးပွဲလေး တစ်ခုပါသည်ဆိုတော့ ပြိုင်ဆိုင်ရလျှင် အနိုင်ရမှ ကျေနပ်လေ့ရှိသော ကေသီတာသည် စာမေးပွဲအတွက် ပြင်ဆင်ရသည်။ ဖြေရမည့် ဘာသာရပ်တွေက အင်္ဂလိပ်စာနှင့် အထွေထွေ ဗဟုသုတတို့ပင် ဖြစ်သည်။ စာနှင့်တော်တော်လေး (၂ နှစ်နီးပါးခန့်) ဝေးနေသော ကေသီတာသည် အင်္ဂလိပ်စာကို အစက ပြန်ကောက်ရသည်။ အထွေထွေ ဗဟုသုတကိုတော့ မြန်မာနိုင်ငံ အနှစ်ချုပ် (၂၀၀၈) ကို ကိုင်ရသည်။

ရေးရ၊ မှတ်ရ၊ ဆိုကြည့်ရနှင့် သူ့ကိုယ်သူ ကျောင်းသူလေး တစ်ဦးလို ပြန်ခံစားရသည်။ ပို ကလည်း နေ့တိုင်းလိုလို အိမ်ကိုလာသည်။ အဲဒီနေ့က မောင်ကမေး၊ ကေသီတာက စာဆိုနေတုန်း ပို ရောက်လာသည်။

"အမယ်လေး .. အဲဒီလောက်လည်း ကြိုးစားမနေပါနှင့် မကေရယ်၊ ဒီအလုပ်က မကေရဲ့ အလုပ်ပါ၊ မကေ ရမှာပါ"

"လုပ်စရာတွေလည်း အကုန် လုပ်ပြီးပြီဆိုတော့လေ အပျင်းပြေ လုပ်နေကြတာပါ"

"ရှေ့အပတ် လေးရက်နေ့ ဖြေရမှာ မကေ၊ ပို ကြည့်လာခဲ့ပြီးပြီ၊ အင်္ဂလိပ်စာက ပထမရက်၊ ဒုတိယရက်က အထွေထွေ၊ သူတို့ ကပ်ထားတဲ့ လူစာရင်းအရဆိုရင် ဖြေမယ့်လူ ၈၇ ယောက် ရှိတယ်၊ မကေရဲ့ နံပတ်က လေးဆယ့်သုံး မကေ သွားကြည့်မနေနှင့်တော့၊ ဟုတ်ပြီလား"

"ကျေးဇူးတင်ပါတယ် ပိုရယ်၊ ပို့ကို ဘယ်လို.."

"ဘယ်လိုတွေ ဘယ်ဒင်းတွေ ပြောမနေနှင့်၊ ဒီကလည်း အကြံနှင့် ကူညီနေတာ၊ အခု ရုံးသွားဖော်မရှိတော့ တစ်ယောက်တည်း ဘယ်လောက် စိတ်ညစ်ဖို့ကောင်းလဲ၊ မကေ အလုပ်ရရင် ရုံးသွားဖော်ရပြီဆိုပြီး ကူညီနေတာ၊ အဲဒါ အမှန်အတိုင်း ပြောတာ"

ပို့ စကားဆုံးတော့ အားလုံး ဝိုင်းရယ်ကြသည်။ ပိုသည် ချစ်ဖို့ကောင်းသော ပိုးကရင်မလေး ဖြစ်သည်။ စကားပြောပွင့်လင်းသည်။ အမြဲတမ်း သွက်လက်ပြီး ပျော်ပျော် နေတတ်သည်။ ကေသီတာက ပြက္ခဒိန်မှာကြည့်တော့ စာမေးပွဲဖြေမည့်ရက်တွေက စနေနှင့် တနင်္ဂနွေ နေ့တွေ ဖြစ်နေသည်။

"မကြည့်နှင့် မကေ၊ စနေက ရုံးဆင်းရတယ်၊ တနင်္ဂနွေ တစ်ရက်ပဲ ရုံးပိတ်တာ၊ ဒီတော့ စနေနေ့ ပိုနှင့် အတူသွား၊ တနင်္ဂနွေကျရင်လဲ ပိုအဖော်လိုက်ပေးမှာပေါ့"

"ဟင်.. မောင်လည်း လိုက်မယ်လေ.."

"OK.."

စာမေးပွဲရော လူတွေ့ကိုပါ ကေသီတာ ကောင်းမွန်စွာ ဖြေဆိုနိုင်ခဲ့သည့်အတွက် အလုပ်ရသည်။ ကေသီတာ ရသည့်နေရာက ပို့ထက်ပင် တစ်ဆင့် မြင့်သေးသည်။ ကေသီတာ အလုပ်သည် ပလာဇာကြီးတစ်ခုလုံး၏ တစ်နေ့တာ ရောင်းရငွေ မှန်သမျှနှင့် ကုန်သွားသော ပစ္စည်းများကို ပြန်ဖြည့်ရန် စာရင်းတင်ရသည်။

ထို့ကြောင့် ကေသီတာ့ အလုပ်သည် အလုပ်ဝင်ကာစက မကျွမ်းကျင်သေးသဖြင့် ငိုချင်သလိုလို ဘာလိုလို ဖြစ်ပြီး အလုပ်မှ ထွက်ချင်စိတ်ပင် ပေါ်သည်။ သို့သော် အလုပ်နှင့် ပတ်သက်လာလျှင် ဖွဲ မလျှော့ချင်သော ကေသီတာသည် ငိုချင်စိတ်ကို ဘေးချိတ်ပြီး company ပေါ်မှ ကိန်းဂဏန်းများနှင့် ရန်ဖြစ်ရသည်မှာ အခြားလူကို မဆိုထားနှင့် ကိုယ့်နာမည်ကိုယ်တောင် မေ့ချင်ချင် ဖြစ်ခဲ့သည်။

တစ်နေ့တော့ ကေသီတာ ဒုက္ခတစ်ခုဖြစ်သည်။ ညနေစောင်းမှာ ရောင်းရငွေနှင့် ပစ္စည်းစာရင်း မကိုက်ခြင်းပင် ဖြစ်သည်။ ကက်ရှ်ရှာများက သွင်းသော ငွေအမောင့်က

ကေသီတာ့လက်ထဲတွင် ရှိသော ငွေအမောင့်နှင့် ညီသော်လည်း ရောင်းရသော ပစ္စည်းစာရင်းစာရင်းနှင့်ကျတော့ ကွာနေသည်။ ကွာနေတာက လိုနေတာ မဟုတ်၊ ပိုနေခြင်း ဖြစ်သည်။

ငွေ ဆယ့်နှစ်သိန်းလောက် ကေသီတာ့လက်ထဲတွင် ပိုနေ၏။ ကေသီတာ ချွေးပြန်နေပြီ ဖြစ်သည်။ နောက်ဆုံးလုပ်စရာ တစ်ခုသာ ရှိတော့သည်။ ကောင်တာ ဆယ့်နှစ်ခုစလုံးက ဒီနေ့ရောင်းရသော ပစ္စည်းများ စာရင်းကို တစ်ခုစီလိုက်ရှုံပဲရှိသည်။ ဘောလ်ပင် တစ်ချောင်းကအစ၊ ခဲတံ တစ်ချောင်း အချိုရည် တစ်ဗူးကအစ ပြန်လိုက်ရပေတော့မည်။

ကေသီတာသည် သူ့အလုပ်ကို စိန်ခေါ်လိုက်သည်။ ပို နာရီ သေးသေးလေးကို ငုံ့ကြည့်တော့ သုံးနာရီ လေးဆယ့်ငါးတောင် ရှိနေပြီ၊ မကေ ဘာကြောင့် ထွက်မလာရသေးသနည်း။

"ဟဲ့ မိပို.. နင်ဒီမှာ ဘာလုပ်နေတာလဲ "

ပခုံးကို ပုတ်လိုက်ပြီး အမေးခံလိုက်ရသဖြင့် ငြိမ်းပို လန့်သွားသည်။

"နင်ကလည်းဟာ ကောင်းကောင်းမေးစမ်းပါ၊ နာလိုက်တာ "

"ဘယ်သူ့ကို စောင့်နေတာပါလဲ ခင်ဗျာ.. ကဲ.. ကောင်းကောင်းမေးပြီ"

"မိန်း ကက်ရှ်ရှာက ငါ့မိတ်ဆွေကို စောင့်နေတာ "

"ဩော်.. အသစ်ဝင်လာတဲ့ အထဲကလား၊ အဲဒါများ အထဲဝင်စောင့်ရောပေါ့ "

"အမယ်လေး .. နင်တို့ ကက်ရှ်ရှာတွေက ဖင်ခေါင်းက ခပ်ကျယ်ကျယ်၊ အထဲ မဝင်ရဘူးဆို"

ပိုက ရန်တွေ့သည်။

"မဟုတ်ပါဘူးဟာ.. အဲဒါက သူစိမ်းတွေကို ပြောတာပါ၊ အမှတ်တမဲ့ဝင်ပြီး ခလုတ်လေး တစ်ချက်နှိပ်လိုက်တာနှင့် ငါတို့ ဂျေးထဲ ရောက်မှာ စိုးလို့ပါ၊ ကိုယ့်လူခံရှိရင် ဝင်ပေါ့ဟ"

"အေး.. ဒါဆိုဝင်မယ်၊ ဒါပဲနော်.. နင်ဝင်ခိုင်းလို့ ငါဝင်တာနော်"

အခန်းထဲသို့ ပို ရောက်သွားတော့ ကေသီတာ စစ်နေတာ ကောင်တာတစ်ခုပင် မရသေး၊ ကေသီတ့ မျက်နှာမှာ ချွေးပျံနေပြီ၊ လေးနာရီမှ ကိုးနာရီထိ ဝင်မည့် ကက်ရှ်ရှာကို မည်သို့ လွှဲပေးရမည်နည်း။

"ပိုရယ်.. ကေတော့ ဒုက္ခပဲ.. နောက်လူ ရောက်လာရင် ပြဿနာပဲ"

"ဒါဆို ခဏနေဦး မကေ၊ အပြင်မှာ ပို့ သူငယ်ချင်းရှိတယ်၊ သူ့ကို အကူညီတောင်းရင် ရနိုင်မယ် ထင်တယ်"

"သူက ဒီ ကက်ရှ် ကပဲလား"

"ဟုတ်တယ် သူက ပစ္စည်း အဝယ်နှင့် ဘဏ်ကိစ္စတွေကိုင်တာ၊ computer ကို ဟောဒီလို ဟောဒီလို ကျွမ်းတယ်၊ မကေ ခဏစောင့်"

"ကူပါဦးဟယ် .. စောင့်ပါ့မယ်"

ပိုအခန်းထဲက ထွက်သွားပြီး ချက်ချင်း ပြန်အဝင်လာတွင် လူတစ်ယောက် ပါလာသည့် အတွက် ကေ တော်တော် အံ့သြသွားသည်။ လမ်းရောက်တော့မှ မေးမယ်ဟု စိတ်ကူးလိုက်သည်။ ကေက သူဖြစ်နေတာကို ရှင်းပြလိုက်သည်။

"ဟာ.. ဒီလို ဘော့စ်က စစ်နေရင် ဘယ်ဖြစ်မလဲ၊ နောက်တနေ့ ကူးသွားမှာပေါ့၊ ဒီ ပြဿနာမျိုးတွေက ဖြစ်နေကြပါ၊ ကက်ရှ်ကကောင်မလေး တွေကို သူတို့ အပ်ငွေအတွက် လက်မှတ်ထိုးယူထားပြီးတော့ နောက်တစ်ယောက်ကို .. ဒီက.. ဘယ်သူ.."

"ကေသီတာပါ"

"ဗျာ ."

"ကေသီတာ ပါလို့ .."

"ဪ.. ဟုတ်ပြီ၊ နာမည်က နည်းနည်း ဆန်းနေလို့ စိတ်မရှိပါနဲ့၊ ကျွန်တော်က မိုးယံစိုးပါ၊ ပို့ သူငယ်ချင်း၊ အတူဝင်ကြတာ၊ ခဏစောင့်၊ ကက်ရှ်တွေကို ကျွန်တော် သွားခေါ်လိုက်မယ်"

ကက်ရှ်တွေ ရောက်လာတော့ အချို့က လက်မှတ်မထိုးနိုင်ဟု ငြင်းကြသည်။

"ကျွန်တော် ရှင်းပြမယ်ဗျာ၊ အခု လက်မှတ်ထိုးခိုင်းတယ် ဆိုတာ တစ်ခြားလူရဲ့ ငွေကို ထိုးရမှာ မဟုတ်ဘူး၊ ကိုယ့်ငွေကိုယ် လက်မှတ်ထိုးရုံပါ၊ ကိုယ်က တစ်ရာ အပ်ထားရင် တစ်ရာ အပ်ပါကြောင်း ဒါပဲ ဘာမှ မစိုးရိမ်နဲ့၊ ပိုက်ဆံက လိုနေတာ မဟုတ်ဘူး၊ ပိုနေတာ၊ ပစ္စည်းစာရင်း ကွာနေတယ်၊ ငွေအမောင့်က ပိုနေတယ် ဒါပဲ၊ အဲဒီတော့ ကျေးဇူးပြုပြီး ကိုယ့်အပ်ငွေကိုယ် တာဝန်ယူပေးကြပါဗျာ"

ဒီလိုနှင့်ပင် လက်မှတ်ထိုးသွားကြပြီး ညနေ လေးနာရီ ဝင်သူကို လွှဲနိုင်ခဲ့သည်။

"တော်ပါသေးရဲ့ ကျေးဇူးတင်ပါတယ် ရှင်၊ ကေတစ်ယောက်တည်းဆို ဘာလုပ်ရမယ် ဆိုတာ ဘယ်လိုမှ မသိနိုင်ဘူး"

"ရပါတယ်၊ ဒါမျိုးက ဖြစ်နေကြပါ၊ အရေးကြီးတာက ကက်ရှ်က အပ်တဲ့ ငွေစာရင်းမှန်ဖို့ပဲ၊ အဲဒီငွေစာရင်း မှန်ရင် ကျန်တာ ဆက်လုပ်လို့ ရသွားပြီ"

"ပို.. မနက်ဖြန် ကေ ဘယ်လို လုပ်ရမလဲဟင်"

"အာ.. ပို ဘယ်သိမှာလဲ၊ ပိုက စတိုဘက်က ဆိုတော့ ကက်ရှ်တွေ နားမလည်ဘူး၊ မိုးယံကိုပဲမေး"

ကေသီတာသည် မိုးယံဘက်သို့ မျက်နှာမူလိုက်သည်။ မိုးယံက အပြုံးနှင့် ခေါင်းတစ်ချက် ညိတ်ရင်း "မနက် သူ ပစ္စည်းစာရင်း အပ်တဲ့အခါ ကိုယ့်စာရင်းနှင့် မပေါင်းနှင့် ဦးပေါ့" ဟု အပြုံးနှင့် ပြောသည်။

"ပြီးတော့ရော.."

"ပြီးတော့ မကေသီနှင့် ကျွန်တော် စာရွက်တွေကိုင်ပြီး ပစ္စည်းစာရင်း စစ်ကြတာပေါ့၊ စိတ်ချပါ၊ စတိုက ပိုပိုတို့ အရာရှိကို ပစ္စည်း ထပ်ထည့်မထားဖို့ ပြောထားပေးပါ့မယ်"

ကေသီတာ အမောပြေပြီး သက်ပြင်းကြီး ချမိသည်။ ပြီးတော့ မိုးယံစိုး ဆိုသူကို ကျေးဇူးတင်ခြင်းနှင့် အားကိုးခြင်းဆိုသော အကြည့်နှင့် ကြည့်သည်။ မိုးယံကတော့ လိမ္မာပါးနပ်စွာဖြင့် ကေသီတာ့ အကြည့်ကို "အချစ်" ဆိုသော အကြည့်ဖြင့် ပြန်လည် လက်ခံလိုက်လေသည်။

ဤသို့ဖြင့် ကေသီတာ့ ဘဝထဲသို့ မိုးယံစိုး ဆိုသော လူတစ်ယောက် ဝင်ရောက်လာခဲ့ လေသည်။

အိမ်ပြန်ရောက်၍ ရေမိုးချိုး ညီအစ်မတတွေ ထမင်းစားပြီးတော့မှ တရားထိုင်ပြီးသော မေမေကြီးအတွက် ထမင်းပြင်ဆင်ပေးရသည်။ မေမေကြီးသည် ညဘက်တွေမှာ ထမင်းသိပ်မစားတော့၊ တစ်ချို့ ညမျိုးဆိုလျှင် နို့တစ်ခွက်နှင့် ပြီးသည့် ညမျိုးပင် ရှိသည်။

ပြီးတော့ မေမေကြီးသည် အရင်တုန်းကလို ဟိုဟာ စားချင်သည်၊ ဒီဟာကို ဒီလို ချက်စမ်းဆိုတာတွေ မရှိတော့။ အတ္တကို ဖြည်းဖြည်းချင်း လျှော့၍ ရသမျှ လျှော့နေသည်ဟု ကေသီတာတို့ နားလည်ကြသည်။ ပြီးတော့ မေမေကြီးသည် သက်သက်လွတ် စားခြင်းမျိုး မဟုတ်သော်လည်း သားငါးနှင့် အသီးရွက် ယှဉ်လာလျှင် အသီးရွက်ကိုသာ

ပိုစားလေ့ရှိလာသည်။ ထိုအသီးရွက်ကို သက်သက်လွတ် ချက်ပေးပါဟူ၍တော့ ဘယ်တော့မှ မပြော။ ကေသီတာတို့ ချက်ပေးသမျှ စားသည်။

ဒီနေ့လည်း ပဲပုတ်နှင့် ခရမ်းချဉ်သီးချက်ကလေးနှင့် မကျီးရွက်သုပ်ကို ထမင်းနှင့် တော်တော်များများ စားသဖြင့် ကေသီတာတို့ ညီအမတတွေ တော်တော် ဝမ်းသာနေကြသည်။ ထမင်းစားပြီးသည်နှင့် မေမေကြီးသည် ဝရံတာတွင် စကြံ လျှောက်လေ့ရှိ၏။ ထိုအချိန်တွင် ကေသီတာတို့ ညီအမတွေက မနက်ဖြန် မနက် ချက်ပြုတ်ရန်အတွက် ကြက်သွန်ဖြူနီကို ထောင်း၍ ငရုပ်သီး အကျက်မှုန့်နှင့် ရောထောင်းပြီး ဆီစိမ် ထားတတ်ကြသည်။ ဂျင်း၊ ကြက်သွန်ဖြူ စသည်တို့ကို မနက်ခန့်မှန်းဟင်းအတွက် ကြိုတင်စီစဉ်သည်။ ဥပမာ မနက် ငါးဘတ်မွှေမည် ဆိုလျှင် ဂျင်းနှင့် စပါးလင်ကိုရောကာ ထောင်းထားပြီး အဆင်သင့်လုပ်ထားသည်။ ပြီးတော့ သနပ်ရွက်နှင့် မန်ကျီးရွက် ချဉ်ရေဆိုလျှင် အရွက်များကို အနအရင့် သင်ကာ သန့်စင်ထားတတ်ကြသည်။

ထိုအလုပ်များ အားလုံးပြီးလျှင်တော့ ကေသီတာ့ အခန်းတွင် ညီအစ်မတတွေ စကားပြေကြသည်။ အခန်းတွေ၏ ဖွဲ့စည်းပုံ အကျယ်အဝန်းက အတူတူပင်ဖြစ်သော်လည်း ငယ်စဉ်ကာလ ကတည်းက သူတို့ထက် အသကကြီးသော ကေသီတာက ညဘက်ဆိုလျှင် သူတို့ ညီမတတွေကို အိပ်ခါနီး ပုံပြောပြတတ်သည့် အကျင့်က ကြီးလာသည်အထိ စွဲသလိုဖြစ်နေကာ ယခုချိန်ကျတော့ ပုံမပြောတော့ပဲ ညီအစ်မ တစ်သိုက်၏ စကားဝိုင်းလေး ဖြစ်လာလေသည်။

"သူကတော့ ပူဆာပြီကွာ၊ ဒါပေမယ့် မောင်က ဆ/မ လိုင်စင်အတွက် နယ် (၂)နှစ်သွားပြီးတော့မှပဲ မင်္ဂလာဆောင်အတွက် စဉ်းစားပါရစေဆိုတော့ သူက စေ့စပ်ထားပါရစေတဲ့"

"ဒါ.. သွယ်ဝိုက်တဲ့ နည်းနဲ့ မောင့်ကို စိတ်မချဘူးလို့ ပြောတာပဲ"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ မောင်က လက်ထပ်လိုက်ရင် သံယောဇဉ်တန်းလန်းကြီးနှင့် နယ်ကို မသွားချင်ဘူး၊ စိတ်လွတ် ကိုယ်လွတ် နှင့်ပဲ သွားချင်တာ"

မောင်ပြောတာကိုလည်း ညီအစ်မတွေ သဘောပေါက်ကြသည်။

"ဒါဆို လက်ထပ်ပြီးတော့ လင်တော်မောင်ကိုပါ ဆေးအကူ သင်တန်းပေးပြီး ဝင်ကူခိုင်းပေါ့"

ရီရီက ဝင်ပြီး အရွှန်းဖောက်သည်။

"ရပါလိမ့်မယ်.. အားကြီးကြီး၊ သူ့အိမ်က သူမရှိရင် သံပတ်ကုန်တဲ့ စက်ရုပ်လို ရပ်သွားမှာပေါ့"

ဟုတ်သည်။ ကိုကျော်မြင့် (မောင့်ချစ်သူ) မှာ ကွမ်းသီး၊ ကွမ်းစားဆေး၊ လက်ဖက်၊ လက်ဖက်ခြောက်နှင့် အကြော်စုံ၊ နယ်မှ ပဲမျိုးစုံရောင်းသော လက်လီလက်ကား ဆိုင်ကြီး ဖြစ်သည်။ မောင်တို့ ငါးပိ၊ ငါးခြောက်ဆိုင်တွင်လည်း ကုန်ခြောက်ဖြစ်သော လက်ဖက်၊ ကွမ်းသီး အကြော်စုံနှင့် ပဲမျိုးစုံတို့ကို ရင်းနှီးနေသော ကိုကျော်စွာတို့ထံမှ လက်ကားယူရင်း မောင်နှင့်တွေ့၍ ချစ်သူများ ဖြစ်သွားကြခြင်း ဖြစ်သည်။ ကိုကျော်စွာသည် သာမန် မေရှာနှင့် ဘွဲ့ရပြီး၍ ရိုးသားကြိုးစားသူ တစ်ယောက်ဖြစ်သည်။ အသောက်အစားကင်း ပြီး ကတိတည်သည်။ အပြစ်ပြောစရာ ဆိုလျှင်တော့ ညီမ သုံးယောက်စလုံးက အားကိုး နေရသော အစ်ကိုကြီး တစ်ယောက် ဖြစ်ခြင်းကြောင့် ထို ညီအစ်မတွေနှင့် မောင် မတည့်မှာ တစ်ခုပဲ စိုးရိမ်ရသည်။

မောင်က စိတ်ဆတ်သည်။ ပညာမာန နည်းနည်းလေးရှိသည်။ အနေအထိုင် ပွင့်လင်းရဲတင်းသည်။

"သူပြောတာလည်း မဆိုးပါဘူးမောင်ရဲ့၊ စေ့စပ်ထားလိုက်တော့ သူ့စိတ်ထဲမှာ နလုံးငြိမ်သွားတာပေါ့၊ သူလည်း ဒီမှာ အလုပ်လုပ်ရတာ စိတ်ဖြောင့်တာပေါ့"

"ကဲ .. ထားပါတော့၊ အဲဒီ စေ့စပ်ဖို့ ကိစ္စကို မေမေကြီးက လက်ခံအောင် ဘယ်သူ ပြောပေးမှာလဲ" ရုတ်တရက်ပြောလိုက်သော မောင့် စကားကြောင့် ကေသီတာ

မျက်နှာတစ်ချက် ပျက်၍ သွားသည်။ သူ့အမှားသည် သူချစ်ရပါသော ညီမလေး တစ်ယောက်ကို ဒုက္ခရောက်စေသည်ဆိုတာကို သူစိတ်မကောင်းဖြစ်ရလေသည်။

"မောင် နင်ဟာလေ၊ စကားပြောရင် ဘယ်တော့မှ ရှေ့နောက် မကြည့်ဘူး"

အောင်က ကေသီတာ မျက်နှာပျက်သွားတာကို တွေ့လိုက်သဖြင့် မောင့်ကို ဝင်ဟန့်လိုက်သည်။ မောင်ကလည်း သူပြောတာ မှားသွားကြောင်းကို ပြောပြီးမှ သိသည်။

"ဆောရီးကွာ.. အဲဒါကိုလည်း သိလို့ မောင်က သူပူဆာတာကို လှည့်ပတ် ရှောင်နေရတာပေ့ါ၊ ဘာပဲဖြစ်ဖြစ် မောင့် ဆုံးဖြတ်ချက်ကတော့ နယ်ကပြန်ပြီး ပို့စတင် ကျမှာပဲ လက်ထပ်မယ်၊ ဒါပဲ "

"မမကြီးရော company မှာ အဆင်ပြေရဲ့လား"

"အောင်က စကားလမ်းကြောင်းပြောင်းရန် ကြိုးစားသည်။ ကေသီတာသည် ဒီနေ့ သူကြုံခဲ့ရတာကို ပြောပြလျှင် ကောင်းမလား၊ မပြောပဲ ထားလျှင်ကောင်းမလား၊ ရုတ်ရက် ဝေခွဲမရ ဖြစ်နေမိသည်။ မပြောပဲ ထားလျှင် တစ်ချိန်ကျမှ သိသွားပါက သူ့အပြစ် ဖြစ်နိုင်သလို ပြောပြန်လျှင်လည်း လာပြန်ပြီလားတစ်ယောက် ဟူသော အကြည့်မျိုးဖြင့် ကြည့်လျှင် ကေ ခံနိုင်မည် မဟုတ်ပါ။

ဒီလို စဉ်းစားပြီးတော့မှ မိုးယံစိုးကို ဘာကြောင့် သူမအပေါ် မရိုးသားသူဟု ယူဆပြီးပြောလျှင်ကောင်းမလား၊ မကောင်းဘူးလားတွေ စဉ်းစားနေရတာလဲ ဆိုသော အချက်ကို တွေးမိပြီး ကေသီတာ့မျက်နှာ ရဲ ကနဲ တစ်ချက် ဖြစ်သွား၏။ အမှန်တော့ ယခုဖြစ်သော အဖြစ်သည် သာမန် အဖြစ်ပျက်လေး တစ်ခုသာ ဖြစ်ပါသည်။ အလုပ်ဝင်ကာစ မကျွမ်းကျင်သေးသူ ဝန်ထမ်းကောင်မလေးများ ဖြစ်နေကျ ထုံးစံတစ်ခုသာ ဖြစ်ပါ၏။

"ဒီနေ့ ကံကောင်းလို့ပေ့ါ"

ကေသီတာသည် သူကြုံခဲ့ရသော အဖြစ်ကို လေးနက်တည်ကြည်စွာ ပြောပြဖြစ်သည်။

"ဒါဆို မမကြီး မနက်ကျရင် ဘယ်လို လုပ်မလဲ"

"သူကတော့ ပို က စတိုကိုင်တာ သူက ဘဏ္ဍာနှင့် ပစ္စည်းစာရင်း ကိုင်ရမှာဆိုတော့ မနက်ဖြန် စောစော ထွက်ပြီး တစ်နေ့က လက်ကျန်စာရင်းနှင့် မကေရောင်းပြီးသား စာရင်းရယ် မကေနောက်က ဆက်ရောင်းတဲ့ မူမူရဲ့ စာရင်းရယ် သုံးခုစစ်မှ ဘယ်နေရာ လွဲနေတယ်ဆိုတာ သိမှာတဲ့"

"မမကြီး ကံကောင်းတာပေါ့နော်.. တစ်ယောက်တည်း ဆိုရင် ဘယ်လိုလုပ်မလဲ "

"အစက ပြန်စစ်မယ်လို့ စိတ်ကူးထားတာ၊ ဘောလ်ပင် တစ်ချောင်းကစပြီး ခဲဖျက်အထိ"

"အမယ်လေး.. စတိုးဆိုင် တစ်ဆိုင်ကို အဲလိုသာ စစ်ရရင်တော့ သေရချည်ရဲ့၊ ဟို အစ်ကို ကယ်ပေလို့ပဲနော်"

"ဒီလိုပဲ ပြောရတော့မှာပေါ့"

"ငွေကပိုနေတာဆိုတော့ ပြဿနာမရှိဘူး မဟုတ်လား"

"စာရင်းနှင့် မကိုက်ရင်တော့ ပြဿနာတက်မှာပဲ "

ရီရီက ပခုံးကိုတွန့်ပြီး လျှာလေးကို တစ်လစ်ထုတ်သည်။ ကြောက်စရာကြီး ဟူသော သဘောထင်ပါသည်။

"ပိုက စတိုကိုင်ပြီး သူက ပစ္စည်းကိုင်လို့သာ မကေ သက်သာတာ နို့မို့ဆို ဘယ်ချောင်မလဲ"

"အဲဒီလူ နာမည် ဘယ်သူ.."

"မိုးယံစိုး"

"မိုးယံစိုး.. ဟုတ်လား"

မိုးယံစိုးသည် အင်မတန် သွက်လက်ဖျတ်လတ်ပြီး အကင်းပါးသူ၊ အလိုက်သိတတ်သူ၊ စကားပြောကောင်းသူ..။ အင်္ဂလိပ် စကားပုံအရ ဆိုလျှင်တော့ မိုးယံစိုးလိုလူမျိုးကို "ပေါင်မုန့်ကို ဘယ်ဘက်က ထောပတ်သုတ်ရမည်ဆိုတာ သိသောသူ" ဟုသည်။ မိုးယံစိုးသည် ကောင်တာက မမကြီးတွေ ငိုင်ပြီး ပါးစပကြီးတွေပြဲနေအောင် စကားပြောကောင်းသည်။ အခုမှ အလုပ်စဝင်သော ကောင်မလေးတွေက ခင်မင်လာအောင် ကူညီပေးတတ်သည်။ ဘယ်ပစ္စည်းကို ရွေးရမှန်းမသိသော ဈေးဝယ်သူကို အနားကပ်ပြီး ပစ္စည်းများအကြောင်း ရှင်းပြတတ်သည်။

ဆီးချိုသမားတွေ အတွက် အဆီထုတ်ထားသော နို့၊ ကလေးငယ်လေးတွေအတွက် သံဓာတ် များများပါသော နို့၊ အရုပ်ဝယ်ချင်သည့် ကလေးတွေအတွက် ပါဝါရိန်းဂျားနှင့် အန်ထွာမင်း.. စသည့် ပစ္စည်းပေါင်းများစွာကို သူမသိတာ မရှိ။ ဖြစ်နိုင်လျှင် သူက အောက်ခံဘော်လီကိုပင် ဘယ်တံဆိပ်က ပိုကောင်းကြောင်း ပြောပြချင်နေသေးသူဖြစ်သည်။

ထို့ကြောင့် မိုးယံစိုးကို "သင်္ကေတ" စူပါမားကတ်ကြီးအတွက် ဂျိုကာတစ်ကောင်ဟု အားလုံးက သဘောတူ ခေါ်ဆိုထားကြသည်။

မိုးယံစိုး၏ ဘဝပေး ကုသိုလ်ကလည်း ရုပ်ရည်နှင့် ပတ်သက်၍ ဖြောင့်သည်ဟု ပြော၍ ရသည်။ နှုတ်ခမ်းပါးပါးက ရယ်လိုက်လျှင် ပါးချိုင့်ခွက်ခွက်က ညာဘက်ပါးပေါ်တွင် အထင်းသားရှိသည်။ နှာတံပေါ်ပေါ် မျင်ဝန်းကကြည်လင်နေပြီး စူးရှသည်။ မျက်ခုံးမွေးက အထူကြီး မဟုတ်သော်လည်း စိမ်းမြနက်မှောင်ကာ နေသည်။ ကိုယ်လုံးကိုယ်ပေါက် ရှိပြီး ဒိုက်ထိုး၊ အလေးမ နည်းနည်း လိုက်စားဖူး၍ ဂျင်းဘောင်းဘီတွေ ဘာတွေ ဝတ်သည့်အခါတွင် ကြည့်လို့ကောင်းသည်။

ဝန်ထမ်းဝတ်စုံဖြစ်သော စတိုင်ပန် အနက်ရောင်၊ အပြာရောင် နက်(ခ) တိုင်နှင့် ရှူးဖိနပ်တို့မှာ မိုးယံစိုး ဝတ်လိုက်လျှင် ပို၍ ကြည့်ကောင်း သွားတတ်သည်။ မိုးယံ ရောက်လာလျှင် Roll တစ်ခုလုံးကို နှုတ်ဆက်ရင်း စသွားတတ်သည်။ သူ့ အစကို ခံလိုက်ရသော ကောင်မလေးတွေကလည်း ပျော်ကြသည်။ မိုးယံစိုးက နည်းနည်းပါးပါး စကားစလျှင် ပါလာမည့် အပိုကြီး သုံးလေးယောက်နှင့် ရွယ်တူ နှစ်ယောက် သုံးယောက်လောက် ရှိသည်။ သို့သော် မိုးယံစိုးက သူတို့ကို သူငယ်ချင်းလို၊ နမလိုသာ ပေါင်းလေသည်။ သူတို့လို Plaza လုပ်ကောင်မလေးတွေနှင့် ရည်းစားဖြစ်ပြီး မတော်တဆ ယူလိုက်ရလျှင် သွားပြီ။

မိုးယံစိုးတို့ မိသားစုသည် ကျယ်ဝန်းသော ခြံကြီးထဲတွင် နှစ်ထပ်တိုက်နှင့် နေကြသည်။ သို့သော် နှစ်ထပ်တိုက်က ပေါင်ထားသော နှစ်ထပ်တိုက်ဖြစ်မှန်းကိုတော့ ဘယ်သူမှမသိ။ မိုးယံစိုးတို့ မောင်နှမ လေးဦး ရှိသည်။ သူက နို့ညှာဖြစ်ပြီး သူ့အောက်မှာ အငယ်ဆုံး နန္ဒာစိုး တစ်ယောက်ရှိသည်။ အစ်မကြီးနှစ်ယောက်စလုံးက သူတို့ အခြေနေ ယိမ်းယိုင်နေပြီဆိုတာကို သူတို့ကိုယ်တိုင် လက်မခံသေးသော အထည်ကြီးပျက်များ ဖြစ်သည်။

မိုးယံစိုးတို့မှာ ကြီးကြီးပိုင်းက လူတွေနှင့် ဒွေးရောယှက်တင် နေတတ်သည်။ ပါတီ၊ ညည့်ခံပွဲ၊ မွေးနေ့၊ ပျော်ပွဲစား.. အဲဒီနေရာတွေမှာ သာယာပြီ ပိုင်ပြီ ထင်သော ငတိနှစ်ကောင်ကို အပိုင်ရွေးယူခဲ့ကြသော်လည်း ယူပြီး လေးငါးနှစ်ကြာမှ အိမ်ဆိုင်ပိုင်ရှင် တစ်ယောက်မျှလောက်ပင် ငွေကြေးကိစ္စကို စိတ်မချသူတွေ ဖြစ်သည်။ တစ်ခါတစ်ရံ ပွပေါက် တိုးသော အချိန်များလည်း ရှိပါသည်။ အဲဒီလိုကျတော့လည်း မိသားစုတွေ တက်ညီလက်ညီ သုံးဖြုန်းကြသည်။

မိုးယံစိုး အမေနှင့် အစ်မတွေက နှစ်လုံးထိုးခြင်းနှင့် ရှမ်းကိုးမီး ဖဲရိုက် ငြိနေကြသည်။ ဒုတိယ အစ်မ၏ ယောက်ကျားက မိုးလင်းတာနှင့် စ ကစ်တတ်သည်။ သို့သော် ဆူဆူပူပူတော့ မရှိ။ သူ့လစ်မစ်ရောက်လျှင် အိပ်သွားတတ်သည်။ ဖခင်

ဆုံးပြီးနောက် ယိမ်းယိုင်သွားသော စီးပွားရေးကို ပြန်မတ်အောင် မလုပ်ပဲ ထင်သလို ပျော်ပါးကြသဖြင့် မိုးယံစိုးတို့ အိမ်ကြီးသည် ခရုခွံနှင့် တူနေသည်။

"မိုးယံ.. ငါတို့ မိသားစုမှာ နင်က ရုပ်အဖြောင့်ဆုံးပဲ၊ စကားလည်း အတတ်ဆုံးပဲ၊ ဒီတော့ နင့်မှာ အားကိုးစရာ ဒါပဲ ရှိတယ်၊ ချောတာ မချောတာထက် ထောတာ မထောတာကို နင်ရှာရမှာ၊ ငါတို့ကို ကြည့်စမ်း၊ အယူများတော့ ကုလားမယားလိုတောင် သော့မကိုင်နိုင်ဘူး၊ ထောလည်းထော ချောလည်းချောဆိုဂင်တော့ ပိုကောင်းတာပေါ့ဟာ" ဟူသော သူ့အစ်မနှစ်ယောက်၏ ဆုံးမစကားမှာ မိုးယံစိုး နှလုံးသားထဲတွင် မြှားတစ်စင်းလို စွဲငြိ၍နေသည်။

သို့သော် လူငယ်များ သဘာဝ သမီးရည်းစားတော့ ထားခဲ့ဖူးပါသည်။ ရည်းစားဦး ဆိုကြပါစို့။ ကောင်မလေးက ခပ်မိုက်မိုက်ကလေး၊ သူ့ကိုလည်း တော်တော် ချစ်ရှာပါသည်။ သူ့ကို ဂျင်းဘောင်းဘီနှင့် တီရှပ်တွေ ဘာတွေ ဝယ်ပေးတတ်သည်။ နောက်မှ သိရသည်က သူမက ငတိကြီးတစ်ယောက်၏ လက်ထပ်စာချုပ်မရှိသော ဇနီး၊ သူ အတန်တန် တောင်းပန်ပြီး ငတိကြီးကို ဖြတ်ဖို့ ပြောသော်လည်း ကောင်မလေးက "မင်း မသိပါဘူးကွာ" ဟုသာပြောတတ်သည်။ ပြတ်သွားကြတော့ သူတော်တော်ဆွေးလိုက် ရသေး၏။

နောက်သိပ်မကြာ မမကြီး တစ်ယောက်နှင့် ငြိပြန်သည်။ ထိုမမကြီးကတော့ သူ့ကို စည်းစံနစ်တွေ ဘာတွေနှင့် နေစေ့ချင်သည်။ သူကိုယ်တိုင်ကလည်း စည်းကမ်းရှိသည်။ မိုးယံစိုးက ပျော်ရာမှာသာ သူ့နှလုံးသားကို ထားချင်သူဆိုတော့ ခြောက်လလောက် အာကာတွင် ပြတ်ဆဲကြပြန်သည်။ ဒီတစ်ခါတော့ မိုးယံစိုး သိပ်မဆွေးတော့။ သမီးရည်းစား ပြတ်လျှင် ဘာလုပ်ရမည်ဆိုတာကို ပထမအကြိမ်ကတည်းက သိပြီးပြီ။

မိုးယံစိုးသည် အသောက်စား သိပ်မရှိသော်လည်း ပွဲကောင်းလျှင်တော့ သူဌေးသောက် သောက်တတ်သည်။ အကင်းပါးပြီး လူတွေခင်မင်လွယ်အောင် နေတတ်သည်။ ရယ်စရာလေးတွေကို ပြောတတ်သဖြင့် မိုးယံစိုးရှိသည့်နေရာတွင် ကောင်မလေး တွေရော ကောင်မကြီးတွေပါ ရယ်နေကြသော အသံကို ကြားရမြဲ ဖြစ်သည်။ မိုးယံစိုး ဘယ်လောက် စကားပြောကောင်းလဲဆိုလျှင် ဟမ်ဘာဂါဆိုင်မှာ လူချင်းမသိကြပဲ

အတူထိုင် ဖြစ်ကြသော မမကြီးတစ်ယောက်က ဟမ်ဘာဂါ အချဉ်ရေကို အဝပိတ်နေသဖြင့် အားထည့်ပြီး ဖိညှစ်ရာ မိုးယံစိုး အင်္ကျီလက်မောင်းကို အချဉ်ရေ သုံးလေးစက် စင်သွားသည်မှ တောင်းပန်ရင်း စကားပြောမိကြရာက ယခု "သင်္ကေတ" စူပါမားကတ်ကြီး ထဲသို့ ရောက်လာခြင်း ဖြစ်သည်။

မိုးယံစိုးသည် ဟမ်ဘာဂါ မမ၏ လက်အောက်တွင် မပူမပင် မကြောင့်မကျ၊ တစ်လ နှစ်သိန်းလစာနှင့် အလုပ်လုပ်ရသည်။ Market အတွင်းရှိဝန်ထမ်းတွေနှင့် တစ်ယောက်မှ အဆင်မပြောသော အပျိုကြီး ဟမ်ဘာဂါ မမသည် မိုးယံစိုးဆိုလျှင် ပြီးသည်။ မိုးယံစိုးသည် မမကြီးကို ညှုသည်။ ခရာသည်။ စသည်။ နောက်သည်။ တစ်ခါတစ်ရံ သမီးရည်းစား ဆန်ဆန် ရန်ဖြစ်ကြပြီး သမီးရည်းစားတွေလို စိတ်ကောက် လိုက်သေးသည်။

ထို့ကြောင့် ကေသီတာ ဖြစ်သော ကိစ္စမှာ ကေသီတာကသာ တောင်ကြီးပြို သကဲ့သို့ ထင်မှတ်နေသော်လည်း မိုးယံစိုး အတွက်ကမူ ခဲလုံးနှင့် ခလုတ်တိုက် သလောက်သာ ရှိသည်။ နောက်တစ်နေ့တွင် ကေသီတာ၊ ပိုပိုနှင့် မိုးယံစိုးတို့ company သို့ စောစော လာပြီး ကက်ရှ်က အပ်သော စာရင်းငွေနှင့် ပစ္စည်းတွေကို တိုက်သောအခါ အားကစားပစ္စည်း တစ်စုံစာ ဝယ်သွားသော ဘောင်ချာကို ကေသီတာက ကောင်တာမှာ ပြီး စာရင်းသွင်းထားကြောင်း သိရသဖြင့် အားလုံးပျော်သွားကြသည်။

"တော်ပါသေးရဲ့.. အခုမှပဲ ရင်ထဲက အလုံးကြီး ကျသွားတော့တယ်၊ ညတုန်းက ဘုရားရှိခိုးရင်း သမ္ဗာဒေဝ နတ်ကောင်းနတ်မြတ်တွေ ကယ်ကြပါလို့ ဆုတောင်းလိုက်ရတာ အမောပဲ၊ ကျေးဇူးနော် ပို နှင့် ကိုမိုးယံစိုး"

"ရပါတယ်၊ ကျွန်တော်ကတော့ ညက အိပ်ပျော်တယ်၊ ငွေက ကိုယ့်လက်ထဲမှာ ရှိနေပြီး ပစ္စည်းပျောက်တာ ဆိုတာ ရှာရအလွယ်ဆုံးပဲ၊ အဲ.. ငွေကလိုပြီး ပစ္စည်းက ကွက်တိဖြစ်နေရင်သာ စိတ်ပူရတာ၊ ညက စိတ်မပူပဲ အိပ်တော့ အိမ်မက်တောင် မက်သေးတယ်"

"ဒါပေါ့ .. ကာယကံရှင် မပတ်တဲ့သူက ဘယ်စိတ်ပူပါ့မလဲ"

"မိုးယံ နှင့်အိမ်မက်က ဘာလဲ"

ထိုစကားနှစ်ခွန်းကို ကေသီနှင့် ပိုက တစ်ပြိုင်နက်တည်း ပြောမိခြင်း ဖြစ်ပါသည်။ မိုးယံစိုးက ကေသီ့စကားကို အရင်ဖြေသည်။

"ကာယကံရှင် မပတ်လို့ စိတ်မပူတာ မဟုတ်ပါဘူး၊ မကေသီတာရယ် .. ကျွန်တော့် လုပ်သက်၊ ပြီးတော့ ကျွမ်းကျင်မှုနှင့် တွေးလိုက်ရင် Base တွေမှာ ရှာစရာမလိုဘူး ဆိုတာ သိပြီး ပစ္စည်းတွေကို တွေ့မယ်လို့ သိထားလို့ စိတ်မပူတာပါ၊ အဲဒီနေ့က အချိန်မရှိတော့လို့၊ နာရီဝက်လောက်သာ အချိန်ရရင် ချက်ချင်းတောင် ရှာလို့ ရတယ်၊ နောက်ဝင်တဲ့ ကောင်မလေးက ကျွန်တော်နှင့် တော်တော်ရင်းနှီးပါတယ်၊ သူ့ကို ပြောပြပြီး ရှာလိုက်ရင် ရတာပေါ့၊ ဒါပေမယ့် နောင် ပိုက်ဆံနှင့် ပစ္စည်းလွှဲတိုင်း မကေသီကို မသင်္ကာ ဖြစ်မှာစိုးလို့ မလုပ်လိုက်တာ၊ မကေသီ့ကို တစ်ညလုံး အိပ်မရဘူးဆိုတော့ ကျွန်တော် ညံ့သေးတာပဲလို့ တွေးမိတယ်၊ အဲဒါ စိတ်ထဲကလာတဲ့ စကားပါ"

မိုးယံစိုးသည် စကားလေး တစ်ခွန်းရလျှင် ထိုစကားကို ဟုတ်သည် မဟုတ်သည် အပထား၊ စကားတွေအများကြီး ပွားပစ်နိုင်သော စွမ်းရည်ရှိသူဖြစ်သည်။ ပြီးတော့ မိုးယံစိုး စကားပြောသည့်အခါ ပြောသည့်အသံသည် ဘာဝပေး ကုသိုလ်ကြောင့်လားတော့ မသိ၊ တစ်ကယ့်ကို ရင်ထဲကလာသော အသံလိုလို တစ်ကယ်ပင် လှိုက်လှိုက်လှဲလှဲ ရှိလှသည်။ အခုပင်လျှင် ကေသီတာသည် မိုးယံစိုး၏ စကားပြော ကျွမ်းကျင်မှု ထောင်ချောက်ထဲသို့ ကျရောက်သွား၏။

"အာ.. မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကေ ဆိုလိုတာက ကာယကံရှင်လောက် ဘယ်သူမှ စိတ်မပူနိုင်ဘူးဆိုတဲ့ စကားက ကိုမိုးယံစိုး ပြောသလိုမျိုး မဟုတ်ပါဘူး၊ စိတ်မဆိုးပါနှင့်"

ခေါင်းခါရင်း ကေသီတာသည် မိုးယံစိုးစကားကို အတင်းငြင်းသည်။

"စိတ်မဆိုးပါဘူး မကေသီတာရဲ့၊ ကျွန်တော်က ရင်ထဲက ရှိတာ ပြောပြတာပါ၊ ရပါတယ်"

"ဟဲ့.. မိုးယံ၊ နင်မက်တဲ့ အိမ်မက်က ဘာလဲလို့ မေးနေတယ်လေ"

ငြိမ်းပိုက လက်ထဲတွင် ကိုင်ထားသော File ကြီးနှင့် လမ်းလျှောက်ရင်း မိုးယံစိုးကို ရိုက်သည်။ company ထဲမှာ လမ်းလျှောက်ရင်း စကားပြောရသဖြင့် ပထမဆုံးရသော ချည်လုံးကလေးကို ရပ်ပစ်လိုက်ပြီး နေရာပြောင်းဖို့ မိုးယံစိုး စီစဉ်သည်။

"သြော်.. အိမ်မက်လား.. အိမ်မက်ထဲမှာ မကေသီတာက ပျောက်နေတဲ့ ပစ္စည်းတွေ ပြန်တွေ့တယ်တဲ့၊ အဲဒါ မကေသီတာက ဝမ်းသာလွန်းလို့ ငါတို့ နှစ်ယောက်ကို လက်ဖက်ရည်နှင့် ကော်ဖီတိုက်တယ်တဲ့ .."

စကားဆုံးတော့ သုံးယောက်သား ရယ်လိုက်ကြသည်။

"နင့်စကားတွေက ရှေ့နောက် မညီဘူး၊ ခုနကပြောတော့ နင် အိပ်ပျော်တယ်ဆို .. မစိုးရိမ်ဘူးဆို"

"အေးလေ.. စိုးရိမ်နေရင် အိမ်မက် မမက်ဘူးလေဟာ၊ အိပ်လို့မှ မရတာ၊ အိမ်မက်မက်တယ် ဆိုတာ စိုးရိမ်လို့ မဟုတ်ပါဘူး၊ စွဲလန်းလို့ မနေ့က ရုံးဆင်းခါနီး ဖြစ်တဲ့ အဖြစ်ကို ငါ စွဲလန်းသွားလို့ နေမှာပေါ့"

မိုးယံစိုး စကားဆုံးသည်နှင့် ခေါင်းငုံ့ လမ်းလျှောက်နေသော ကေသီတာသည် မိုးယံကို ဖျပ်ကနဲ မော့ကြည့်လိုက်တော့ သူ့ကို ငဲ့ကြည့်နေသော မိုးယံစိုး မျက်ဝန်းတွေနှင့် ဆုံသည့်အခါ ရင်ထဲ လှပ်ကနဲဖြစ်သွားရသဖြင့် ကေသီတာ ကမန်းကတမ်း ခေါင်းကို ပြန်ငုံ့လိုက်ရလေသည်။

ယမန်နေ့ညက ဖူးနေသော ပန်းဖူးကလေးတစ်ခု ကေသီတာတို့ ခြံထဲမှာ ပွင့်နေသည်။ မနေ့က ပိုးမျှင်အိမ်ထဲမှာ အိပ်နေသော ပိုးတုံးလုံးကလေး တစ်ကောင်

သူ့အိမ်လေးကို ဖောက်ခွဲကာ လိပ်ပြာလေးတစ်ကောင်အဖြစ် အပြင်လောကသို့ ရောက်လာသည်။ နဂျယ်အိမ်သည် အပေါက်ကလေးများ ဖြစ်သွားပြီး နဂျယ်ကောင်လေးများ ဖြစ်သွားကြသည်။

လောကသည် မနက်ခင်းနေရောင်တွင် ရွှန်းရွှန်းစိုနေသည်။

ကေသီတာသည် ထိုလှပသော နံနက်ခင်းကို ဝရံတာပေါ်မှ ကြည့်၍ နေသည်။ မည်သည့် နေရာတွင် မဆို ထောင့်တိုင်း ထောင့်တိုင်း၌ ရင်ခုန်ခြင်းသည် ရှိနေပြီး သူ့သဘောနှင့်သူ ငြင်သာစွာ လှုပ်ရှားနေသည်။ ကေသီတာသည် ပန်းခြံထဲသို့ ဆင်းထိုင်ပြီး ထိုအလှအပနှင့် သူ့ကိုယ်သူ ရောပစ်လိုက်သည်။

အခုအလုပ်စဝင်ပြီးသည့် နှစ်လတွင် ကေသီတာသည် ရက်ရှည်ဖျားနေရာမှ နလန်ထလာသော သူကဲ့သို့ လည်းကောင်း၊ ပန်းတိမ်ဆရာက ပြန်သပေးသော ရွှေဆွဲကြိုးကဲ့သို့ လည်းကောင်း၊ ပွင့်ကာစ ပန်းလေးကဲ့သို့ လည်းကောင်း လှပတင့်တယ်ခြင်း၊ တောက်ပဝင်းလက်ခြင်း၊ စိုပြေလန်းဆန်းခြင်းနှင့် ပြည့်စုံ၍ နေ၏။

ယခင်က စက်ရုပ်တစ်ရုပ်ကဲ့သို့ မျက်နှာတွင် လတ်ဆတ်၍ သွေးဆူလွယ်သော မျက်နှာကလေးကို ပြန်တွေ့လာရသည်။ ယခင်က တွေဝေ ငေးမောနေသော နေရာတွင် စိတ်လှုပ်ရှားမှုကြောင့် သွေးဆူလွယ်နေသော မျက်နှာကို တွေ့ရမည်။ သူ့အတွက် အဓိပ္ပါယ် မရှိဟု ယုံကြည့်ခဲ့သော လောကကြီးထဲသို့ ကိုယ်တိုင်ဝင်၍ လောကကြီး၏ အဓိပ္ပါယ်ကို သူက ပြန်ရှာဖွေနေသည်။

ယခု ကေသီတာ၏ တာဝန်သည် ညနေ လေးနာရီမှ ည ကိုးနာရီ ဖြစ်သဖြင့် အပြန်တွင် ပို မပါတော့ပဲ သူတစ်ယောက်တည်း ဖြစ်နေသည်။ အိမ်ရှေ့ထိရောက်အောင် ပို့ပေးသည့် ဖယ်ရီကား ရှိသော်လည်း ကေသီတာက အောက်ဆိုက်ကားကိုသာ စီးလေ့ရှိသည်။ ဖယ်ရီကားက လူစောင့်ရသဖြင့် ၉း၁၅ လောက်မှ ထွက်ရခြင်း ပန်းပဲတန်း၊ လသာ၊ သာကေတ၊ ရန်ကင်း၊ တောင်ဥက္ကလာ စသည့် မြို့နယ်နေရာစုံသို့ လိုက်ပို့ပြီးမှ ကေသီတာတို့ ရှိရာ သဃ်န်းကျွန်းရပ်ကွက်သို့ ရောက်ခြင်း ဖြစ်သဖြင့် ခေါင်းမူးအောင်

ဖယ်ရီကားကို တစ်လျှောက်လုံး စီးရပြီး အိမ်သို့ ၁၀း၀၀ နာရီ၊ ဒါမှ မဟုတ် ၁၁း၁၅ လောက်မှ ရောက်လေ့ရှိသဖြင့် ကေသီတာက အောက်ဆိုက် ဘတ်စ်ကားကိုသာ စီးလေ့ရှိခြင်းဖြစ်သည်။

ရုံးအတက်ကိုတော့ ကေသီတာသည် ဖယ်ရီဖြင့်သာ သွားလေ့ရှိသည်။ အပြန်ညများတွင် ကားမှတ်တိုင်သို့ မိုးယံစိုးက နေ့စဉ် လိုက်ပို့လေ့ရှိသည်။ ပိုက လေးနာရီဆို ပြန်ပြီ ဖြစ်သောကြောင့် ထိုအချိန်သည် မိုးယံစိုးနှင့် ကေသီတာ နှစ်ယောက်တည်း အတူရှိသော အချိန် ဖြစ်သည်။ ထိုအချိန်တွင် ကေသီတာသည် ရင်ဖိုရသည်။ မြေကြီးနှင့် ခြေထောက်ထိအောင် မနည်း လျှောက်ယူရသည်။ အချစ်နတ်သားသည် နှလုံးသားကို အောက်မှ ပင့်မြှောက်ထားသဖြင့် လောကကြီးသည် အလေးချိန်မဲ့ပြီး ပေါ့ရှပ်နေကာ ကေသီတာသည် အလိုလို အားအင် ကုန်ခန်း နေတတ်သည်။

မိုးယံစိုး အလုပ်များနေပြီး လိုက်မပို့နိုင်သော နေ့ရက်မျိုးဆိုလျှင် ကေသီတာသည် တစ်ခုခုလိုနေသည်။ ကတ္တရာ လမ်းပေါ်သို့ ခြေချရတာကအစ ဒေါသဖြစ်နေသည်။ စောင့်ရတာ ကြာသော ကားကို ဒေါသဖြစ်လွယ်နေသည်။ ကားပေါ်မှ လူတွေက သူမကိုချည်း ဖိတိုးနေသည်ဟု ထင်နေရသည်။ မှတ်တိုင်မှာ ကားကြာကြာရပ်ပြီး လူခေါ်နေတာ ကိုလည်း ကြာလွန်းသည်ဟု ထင်သည်။ ပန်းဆိုးတန်းနှင့် သူ့အိမ်ခရီး အကွာဝေးကိုလည်း အကြာကြီး စီးရသော ခရီးဝေးကြီး တစ်ခုလို ဖြစ်နေသည်။

အကယ်၍သာ မိုးယံက မှတ်တိုင်ကိုမျှ မဟုတ်၊ သူပါ ဘတ်စ်ကားပေါ် တက်စီးလာသည့် အခါမျိုးတွင်တော့ ထိုဝေဒနာတွေ အားလုံးပျောက်၍ အချိန်သည် တိုတောင်းခြင်း၊ ခရီး အကွာဝေးက နီးလွန်းခြင်း ဘာကိုမဆို ကျေနပ်နေတတ်ခြင်းတို့ကို ခံစားရလေ့ရှိသည်။ ငြိမ်းပိုနှင့် မိုးယံစိုးတို့ စကားပြောတာကို ကေသီတာ ကြည့်သောအခါ သိပ်လွယ်ကူနေသည်။ သူနှင့် မိုးယံစိုးတို့ စကားပြောသည့်အခါ ထိုသို့ မလွယ်၊ ပြောကြသော စကားထဲတွင် တစ်ခုခု ပါနေတတ်သည်။ ထို တစ်ခုခုသည် ကေသီတာ့ကို လွှမ်းမိုးထားလေသည်။

ထိုနေ့က မိုးကလေး တစ်ဖွဲတစ်ဆုပ် ကျသည်။ ကေသီတာ ထီးထုတ်ဆောင်း၏။ နံဘေးက မိုးယံကို ထီးထဲ ဝင်ပါလားဟု ခေါ်လျှင် ကောင်းမလား၊ မခေါ်ပဲ ထားလျှင် ကောင်းမလားဆိုသော မေးခွန်းထက် ခက်ခဲသော မေးခွန်းသည် ဒီကမ္ဘာမြေပေါ်တွင် မရှိ။ လှစ်ကနဲ ခိုးကြည့်တိုင်းလည်း မျက်ဝန်းချင်းက ဆုံဆုံနေသည်။ လေးကြိမ်မြောက် မျက်ဝန်းချင်း ဆုံပြီးသောအခါ ကေသီတာ ခြေလှမ်းတွေ မှားချင်လာသည်။ မိုးက တိုး၍ သည်းလာသည်။

ထိုအချိန်တွင် ထီးကိုင်ထားသော သူ့လက်ချောင်းတွေပေါ်ကို ပူနွေး၍ အင်အား အပြည့်ပါသော လက်တစ်ချောင်းက အုပ်မိုးကာ ထီးကိုယူသွားပြီး ခပ်မြင့်မြင့် နေရာမှနေ မိုးစက်တွေကို ကာကွယ်လိုက်သည်။ ကေသီတာသည် မိုးယံစိုး ခြေထောက်တွေကို မကြာခဏ တက်၍ တက်၍ နင်းမိလေသည်။

"ရှစ်ခါတောင် ရှိပြီနော်"

"ဟုတ်တယ်.. ဆောရီး .. ထီးနှင့် နှစ်ယောက် တွဲ မလျှောက်တတ်ဘူး"

"ဟုတ်ရဲ့လား"

"အခု တက်တက်နင်းမိနေတာ မတွေ့ဘူးလား"

နှစ်ယောက်သားရယ်မိကြပြန်သည်။

"နေ့ခင်းတုန်းက ငြိမ်းပိုနှင့် အလောင်းအစားတစ်ခု လုပ်ဖြစ်တယ်"

"ဘောလုံးပွဲလား"

ငြိမ်းပိုသည် မိန်းကလေးတန်မဲ့ ဘောလုံးပွဲတွေကို ကြိုက်နှစ်သက်တတ်သူ ဖြစ်သည်။ သူကတော့ ဒေးဗစ်ဘက်ခမ်းမှ လွဲ၍ မည်သူ့ကိုမျှ မသိ။ ရယ်လိုက်လျှင် အပြစ်ကင်းစင်သော ကလေးတစ်ယောက်နှင့် တူသည့် ဘက်ခမ်းလို မျက်နှာပေါက်မျိုးကို ကေသီတာ သဘောကျသည်။

"ဘောလုံးပွဲလောင်းတာ မဟုတ်ဘူး၊ ကေသီတာ့ကို လောင်းတာ"

"အိုး.. အဓိပ္ပါယ်မရှိတာ.. ကေ့ မှာ လောင်းစရာ ဘာရှိလဲ"

"ရှိတာပေါ့၊ ကျွန်တော်က ပြောတယ်လေ၊ ဒီလောက်လှတဲ့ မကေမှာ ချစ်သူရှိမှာပေါ့၊ သူ့ချစ်သူက ဘာဖြစ်လို့ လာမကြိုတာလဲ လို့၊ အဲဒီတော့ ပိုပိုက မကေမှာ ချစ်သူလည်း မရှိဘူး၊ ရည်းစားလည်း မရှိဘူးတဲ့"

"အဲဒီတော့.."

ကေသီတာသည် သွက်သွက်လက်လက် ဝင်ထောက်ပေးလိုက်သည်။

"သူက လုံးဝမရှိဘူး လောင်းမလားတဲ့၊ ကျွန်တော်ကလည်း ခန့်မှန်းရင် လွဲခဲတဲ့ လူမို့လို ရှိကို ရှိရမယ်၊ လောင်းမယ်လို့ သဘောတူပြီးတော့ အဲဒါ ဘယ်သူနိုင်လဲလို့ မကေသီတာကို အခုမေးတာ.."

ကေသီတာသည် ပြုံးနေသည်။ ပြီးတော့ ရင်ထဲမှာ ကျေနပ်နေသည်။ ထိုကိစ္စသည် လုပ်ဇာတ်ပင် ဖြစ်စေ၊ တမင်တကာပင် ဖြစ်စေ၊ တစ်ကယ်ပင်ဖြစ်စေ၊ ထိုသို့ အမေးခံရသည် ကိုပင် ကေသီတာက ကျေနပ်သည်။ ကြည်နူး၍ နေသည်။

"အဲဒါ ဘယ်သူနိုင်သလဲ လို့"

"ရှင် ရှုံးတာပေါ့"

"ဟာ.. သွားပါပြီ"

ကျေနပ်နေကြသော မျက်ဝန်းချင်း ဆုံတွေ့ကြသည်။

ထိုသို့ ဆုံတွေ့ပြီးသော မျက်ဝန်းများ၏ နောက်တွင် အားကြီးသော တစ်စုံ တစ်ရာသည် ထုနှင့်ထည်နှင့် ရှိ၍ နေသည်ကို နှစ်ယောက်စလုံး သိလိုက်ကြလေသည်။ .

ကေသီတာသည် သူ့ပထမ လခကို မေမေကြီးအား ကန်တော့ခဲ့ပြီး ဒုတိယ လစာကို ညီအစ်မတွေ တစ်ခုခု လုပ်စားမည်ဟု ဆုံးဖြတ်ထားသည့်အတိုင်း ဒုတိယ လစာထုတ်သော အခါ နန်းကြီးသုပ်လုပ်စားရန် ဆုံးဖြတ်ကြသည်။ အဲဒီပွဲမှာ အလုပ် ပြောပေးသည့် ပိုပိုက အခရာ ဖြစ်သည်။ ကေသီတာ၏ တာဝန်ချိန်က ညနေ လေးနာရီမှ ဖြစ်သဖြင့် အဆင်ပြေနေသည်။ မနက်ပိုင်း ညီအစ်မတစ်တွေ ချက်ပြုတ်ကြ၊ လုပ်ကြ၊ ကိုင်ကြမည် ဖြစ်သည်။

"ဟေ့ .. မကေ.. မိုးယံကို မဖိတ်ဘူးလား"

"ဖိတ်လို့ ကောင်းပါ့မလား"

"မဖိတ်လို့ကော ကောင်းပါ့မလား"

"အိမ်က တစ်မျိုးထင်မှာ စိုးလို့ပါ၊ ဘာအကြောင်းမှ မရှိပဲ ယောက်ကျားလေး တစ်ယောက်ကို ဖိတ်ရတာ တာဝန်ကြီးတယ်"

"မကေကိုယ် မကေ လန့်နေတာ ဖြစ်လိမ့်မယ်၊ မကေ ငွေတွေ ပိုနေတုန်းက မိုးယံကူညီတာ အိမ်ကို ပြောပြဖူးလား"

"ဒါပေါ့၊ အောင်နှင့် မောင်ကို ပြောပြထားဖူးတာပေါ့"

"ဒါဆို အဲဒီတုန်းက ကူညီခဲ့တဲ့သူဆိုပြီး မိတ်ဆက်ပေးလိုက်ရင် ပြီးပြီပေါ့"

"အောင်က ထားတော့ လူကြီးဆန်ဆန် ရှိတယ်၊ မောင်က စကားပြောတာ မစဉ်းစားဘူး၊ တော်ကြာ.."

"အမယ်လေး.. မိုးယံလို လူမျိုးကို မကေက သွားပြီးစိုးရိမ်နေတယ်၊ မိုးယံက မကေ ညီမတွေကို ဒိလိုဒီလို စကားနှင့်ခင်အောင် လုပ်သွားလိမ့်မယ်၊ စိတ်ချ၊ ဒီကောင့်အကြောင်း ပို အကုန်သိပါတယ်ဟာ "

ငြိမ်းပိုက လက်ညှိုးလေးကို လေထဲ ဝှေ့ရမ်းရင်း ပြောသည်။

"အေးလေ.. ဒါဆိုရင်လဲ ပို ပဲ ဖိတ်လိုက်လေ"

"ဟာ.. ပို ဖိတ်လို့ ဘယ်ကောင်းမှာလဲ၊ ကာယကံရှင် ကိုယ်တိုင် ဖိတ်မှ ပိုကောင်းတာပေါ့"

"အတူတူပဲ မဟုတ်ဖူးလား"

"ဘယ်တူမှာလဲ၊ အဓိပ္ပါယ်တွေ အများကြီး ကွာတယ်"

ကေသီတာ ငြိမ်သက်စွာ စဉ်းစားသည်။ ကိုယ့်ကိုကိုယ် လန့်နေတာဟု သူ့ကို ပိုက စွပ်စွဲသွားသည်။ အဲဒါ ဟုတ်ပါသည်။ ကေသီတာသည် မိုးယံနှင့် အိမ်မှ လူများ မသင့်မတင့် ဖြစ်မှာကို စိုးရိမ်စိတ်ရှိနေသည်။ သို့သော် သူ့ ပွဲကလေးကိုတော့ ဖိတ်ဖို့ ဆုံးဖြတ်လိုက်ပါသည်။

ညီအစ်မတစ်တွေနှင့် ငြိမ်းပိုတို့ တစ်မနက်ခင်းလုံး ပျော်ရွှင်စွာ တက်ညီလက်ညီ အလုပ်လုပ်လိုက်သဖြင့် ဆယ်နာရီ မထိုးခင် နန်းကြီးသုပ်က ဟင်းချိုဟင်းနှင့် တကွ ပြီးသွားသဖြင့် အိမ်ကြွကိုယ်တော်တွေကို ပြင်ဆင်ထားသည့် စားပွဲဝိုင်းမှာ ဆွမ်းစား ဖိတ်ထားခြင်း မရှိပဲ ကပ်နိုင်ခဲ့သည်။ ကျောင်းဝေးသော ကိုယ်တော် တစ်ပါးသာ အိမ်တွင် ဘုန်းမပေးနိုင်ပဲ ကျောင်းအတွက် ထည့်ပေးလိုက်ရသည်။

ဆယ်နာရီ ခွဲလောက်တွင် မိုးယံရောက်လာသည်။ ငြိမ်းပိုကပင် အောင်တို့နှင့် မိတ်ဆက်ပေးသည်။ ဒေါ်ထက်မေအောင်ကတော့ ယဉ်ကျေးသိမ်မွေ့စွာပင် စကားဆိုသည်။

"အေးကွယ်.. သမီးကြီးကို အကူညီပေးဖူးတယ်ဆိုတော့ ကျေးဇူးလည်းတင် ဝမ်းလည်းသာပါတယ် ကွယ်၊ ကဲ.. သူငယ်ချင်းတွေ ခင်ခင်မင်မင် စားကြသောက်ကြရင်းနှင့် စကားပြောကြဦး၊ ရီရီ မေမေကြီးကို ဘုရားခန်း လိုက်ပို့"

ညော့်သည် လူစိမ်းဆို၍ မိုးယံတစ်ယောက်သာ ရှိသောကြောင့် မိန်းကလေးအုပ်က အားကောင်းသည် ဆိုရမည်။ ဆယ့်တစ်နာရီခွဲ လောက်မှာ စားကြသောက်ကြမည်ဆိုတော့ အောင်က ဇလုံကြီး တစ်လုံးနှင့် လူခြောက်ယောက်စာ တစ်ပြိုင်နက်တည်း ရောသုပ်ရန် စီစဉ်သည်။ ထိုအစီစဉ်ကို မိုးယံစိုးက ဖျက်သည်။

"ခေါက်ဆွဲသုပ်၊ ကြာဇံသုပ်၊ နန်းကြီးသုပ်တို့ စားတဲ့အခါ လူတစ်ယောက်နှင့် တစ်ယောက် အကြိုက်ချင်းက မတူတတ်ကြဘူး ခင်ဗျာ၊ အသုပ်တစ်ပွဲမှာ ထည့်ရတဲ့ ပစ္စည်းတွေ အနည်းအများကို ကြည့်ပြီး အဲဒီ လူတစ်ယောက်ရဲ့ စိတ်ကို အနည်းဆုံး ခန့်မှန်းခြေ မှန်းလို့ ရတယ်၊ ကျောင်းကင်းတင်း မှာတုန်းက ကျွန်တော်အဲဒီလို လေ့လာတာ တော်တော်များများ မှန်ခဲ့ဖူးတယ်"

"ကိုမိုးယံစိုး ဆိုလိုတာက ကျွန်မတို့ တစ်ယောက်ချင်း ကိုယ့်အသုပ်ကို ကိုယ်သုပ်စား ကျွန်မတို့ထည့်တဲ့ ပစ္စည်းအနည်းအများပေါ် မူတည်ပြီး ကျွန်မတို့ရဲ့ စိတ်ကို ခန့်မှန်းနိုင်တယ် အဲဒီလိုလား"

မောင်က မေးသည်။

"ဟုတ်တယ်၊ ကျွန်တော်ဆိုလိုတာ အဲဒီ သဘောပဲ၊ ဒါပေမယ့် အခုလို ကြိုသိထားပြီးတော့ လုပ်တာမျိုးကျတော့ မကောင်းဘူးပေါ့ဗျာ၊ တစ်ယောက်ချင်း သုပ်တာကို ကျွန်တော်က လေ့လာရင်း စိတ်ထားခန့်မှန်းမလို့ လုပ်ထားတာ အခု ပျက်သွားတယ်၊ ရပါတယ်၊ မိန်းကလေး တစ်ယောက်စိတ်ကို တစ်ခြား နည်းတွေနှင့်လည်း ခန့်မှန်းလို့ ရပါတယ်"

"ကောင်းပြီလေ.. ဒါဆို တစ်ခြားနည်းတွေနှင့်လည်း ကျွန်မတို့စိတ်ကို ခန့်မှန်း ကြည့်လိုက်ဦးပေါ့၊ ဘယ်လိုနည်းနှင့် ခန့်မှန်းမယ်ဆိုတာ မပြောနှင့် သိလား"

မောင်က ခပ်တည်တည်ပြောရင်း လူခြောက်ယောက်စာ အသုပ်ကို သုပ်ပြီးမှ အသားကိုတော့ မိမိနှစ်သက်သလို ထည့်စားနိုင်ရန် အလယ်ခေါင်တွင် ပန်းကန်နှင့်

ချပေးသည်။ အောက်ခြေသိမ်း အလုပ်တွေ အားလုံးကိုတော့ ခင်ရီလွင်က ကြုံးလုပ်ပြီး အောင်က ပန်းကန်တွေ ပြင်ပေးခြင်း၊ ပိုနှင့် ကေသီတာက ဟင်းချိုထည့်ပေးကြရင်းနှင့် ပန်းခြံထဲတွင် ကျင်းပသော သူတို့ နန်းကြီးသုပ် စားပွဲကလေးသည် ပျော်ပွဲစားလေး တစ်ခုလို ဖြစ်သွားသည်။

နေ့လည် တစ်နာရီမှာ မိုးယံစိုး ပြန်သွားပြီး ငြိမ်းပိုကတော့ မကေနှင့်အတူ အိမ်ကပဲ ထွက်လာခဲ့တော့မည် ဆိုကာ အိမ်တွင်နေခဲ့သည်။ ဆေးပြီးသား ပန်းကန်များ သုတ်ခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းတို့ကို မကေနှင့် ရီရီတို့က လုပ်ကြသည်။ အားလပ်သွားပြီဖြစ်သော မောင်နှင့် အောင်တို့က ငြိမ်းပိုကို စကားစ စုံစမ်းသည်။

မောင်သည် မိုးယံ အကြောင်းကို သိပ် မသိထားသော်လည်း ကေသီတာ ပြောထားသမျှနှင့် ယခုဆက်ဆံရေး အခြေနေ၊ မိုးယံစိုး၏ ပါးနပ်မှုနှင့် ရုပ်ရည်၊ စသည်တို့ကို ကြည့်ပြီး ရေရှည် စဉ်းစားလိုက်သောအခါ မိုးယံစိုးတွင် မမကြီးတို့ ငြိမ်းပိုတို့ တရားဝင် သိထားသော ချစ်သူ မရှိဘူးဆိုလျှင် မမကြီးအတွက် စိတ်မချရဆိုတာကို သဘောပေါက်ကြသည်။

"ပို.. နင့် ဘော်ဒါ မိုးယံစိုးမှာ ရည်းစားရှိလား"

"အခုတော့ မရှိဘူးဟ၊ အရင်တုန်းကတော့ တစ်ယောက်ရှိခဲ့ဖူးတယ်၊ ပြတ်သွား ပြီလို့ ပြောတာပဲ၊ ဘာဖြစ်လို့လဲဟင် "

"သိချင်လို့ မေးကြည့်တာပါ၊ မိုးယံစိုးရဲ့ သဘောထားက ဘယ်လိုလဲ"

"ပျော်ပျော်နေတတ်တယ်၊ လူချစ်လူခင် ပေါတယ်၊ လူတစ်ယောက်ကို ကူညီချင်တယ်၊ စကားပြောကောင်းတယ်၊ မောင်နှမ လေးယောက်ထဲမှာ သူက နို့ညှာ ခေါ်မှာပေါ့၊ သူတို့ အိမ်ကလည်း သားလေးတစ်ယောက်တည်း ပါလို့ ဖူးဖူး မှုတ်ထားကြတာလေ"

"ဘွဲ့ရပြီးသားလား"

"အေးပေါ့၊ I.C (Industrial chemistry) နှင့် ကျောင်းပြီးထားတာ၊ လုပ်ရတော့ ကွန်ပြူတာနှင့် ဂဏန်းတွေ ပေါင်းနေရတာ၊ နေပါဦး မောင်က ပို့ကို မိုးယံအကြောင်း ဘာဖြစ်လို့ ဒီလောက်မေးနေတာလဲ"

"ကြိုတင် ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်သည်..ဆိုတဲ့ စကားကို ပို ကြားဖူးတယ် မလား၊ မျက်လုံးမှာ လမ်းကြောင်းတွေ ရှိတယ်၊ အဲဒီ မျက်လုံး လမ်းကြောင်းတွေကို မောင် နည်းနည်း တွေ့ထားတယ်၊ ဒါ့ကြောင့် ကြိုတင် ကာကွယ်ဖို့ ပို့ကို မေးနေရတာပေါ့၊ မမကြီးကရော ပို့ကို မိုးယံအကြောင်းတွေ မေးသေးလား"

"ဟင့်အင်း.. မမေးဘူး"

"အဲဒါလည်း မကောင်းဘူး၊ ပို့ကို တစ်ခုတော့ အကူညီတောင်းထားရမယ်၊ မမကြီးနှင့် မိုးယံ အခြေနေ တစ်မျိုးပြောင်းသွားရင် မောင့်ကို သတိပေးသိလား၊ အဲဒါလေး တစ်ချက်တော့ ကူညီပါ ပို့ ရယ်နော်၊ မမကြီးက ရိုးလွန်းလို့ပါ"

ဒီလိုနှင့် နောက်နေ့ရင်တွေမှာ ဘာ့ကြောင့်မှန်းမသိ၊ မိုးယံနှင့် ကေသီတာတို့ တစ်ယောက်နှင့် တစ်ယောက် ခပ်တန်းတန်း ဖြစ်သွားကြသည်။ ထိုသို့ ဖြစ်ရသည်မှာ မိုးယံဘက်ကပဲ စတာလား၊ ကေသီတာ့ဘက်ကပဲ စတာလား ဆိုတာတော့ မကွဲပြား၊ ရုံးအပြန်ရက်တွေမှာ ပုံမှန် စကားပြောတာက လွဲလို့ အခြား စကားပြောတာ နည်းသွားသည်။ အထူးခြားဆုံးကတော့ အကြည့်ချင်း မဆုံဖြစ်အောင် နှစ်ယောက်စလုံးက ထိန်းသိမ်းထားကြခြင်း ဖြစ်သည်။

မိုးယံစိုးဘက်က စိမ်းသွားသည် ဆိုခြင်းထက် ယခင်ကလို ကေသီတာ့ကို ခပ်ပေါ့ပေါ့ သဘောထား၍ မရကြောင်းကို မိသားစုနှင့် တွေ့လိုက်ရသည့်အခါ နားလည်သွားသည်။ အရင်ချစ်ခဲ့သောသူ နှစ်ယောက်က သူတို့ချင်းနှင့် သူငယ်ချင်းတွေသာ သိကြသည်။ အိမ်တွေက မသိကြ၊ ယခုကေသီတာကို သူချစ်မည်ဆိုလျှင် ဟိုဘက်ဒီဘက် နှစ်ဘက်သိသော ငြိမ်းငြိမ်းပို တစ်ယောက်လုံး ရှိနေသဖြင့် အိမ်တွေက သိသွားနိုင်၍ သူတို့

အချစ်သည် အပျော်ချစ် ချစ်၍ မရကြောင်းကို မိုးယံစိုး သဘောပေါက်သောကြောင့် ထိုကိစ္စကို စဉ်းစားရန် ကေသီတာ့ကို နည်းနည်း ခွာနေမိတာ ဖြစ်သည်။

ကေသီတာကတော့ ဏ္ဍနြေကို ထိန်းသိမ်းလွန်းသူ ဖြစ်သောကြောင့် ယောက်ကျားလေးဘက်က စထိန်းလိုက်သည်နှင့် သူ့ဘက်က အလိုလို ထိန်းပြီးသား ဖြစ်သွားခြင်းပင် ဖြစ်သည်။ ထိုသို့ ဖြစ်သွားသည်ကို အသိဆုံးက ငြိမ်းငြိမ်းပို ဖြစ်သည်။

"မကေနှင့် မိုးယံ စိတ်ကောက်နေကြတာလား "

"ဟင်.. မကောက်ပါဘူး၊ ဘယ်သူက ပြောလို့လဲ "

"ဘယ်သူမှ မပြောပါဘူး၊ ပို့ စိတ်ထဲ အရင်တုန်းကလို စပဟယ်၊ နောက်ဟယ်နှင့် ပျော်ပျော်ရွှင်ရွှင် မရှိတော့ဘူးလားလို့ ခံစားရလို့ပါ"

"ပိုကလည်း နေ့တိုင်းကြီးတော့ ဘယ်သူက အဲလို နေနိုင်မှာလဲ၊ သူ့မှာလည်း သူ့ အခက်ခဲ ရှိဦးမှာပေါ့"

ပို့ကို သင့်တင့် လျှောက်ပတ်သော အဖြေကို ပေးလိုက်ရသော်လည်း ကေသီတာ့ စိတ်ထဲမှာလည်း ပို ပြောသလို ခံစားနေရသည်။ သူ့အိမ်မှာ နန်းကြီးသုပ် စားပြီး နောက်တစ်နေ့မှ စ၍ ဒီလိုဖြစ်သည်ဟု ကေသီတာ သတိထားမိသည်။ မိုးယံသည် အိမ်က တစ်ယောက်ယောက်နှင့် အဆင်မပြေဖြစ်သွားသလား ဆိုတာ တွေးကြည့်တော့လည်း ပြန်သည်အထိ ရယ်ရယ်မောမောနှင့်သာ ရှိနေခဲ့သည်။

မိုးယံစိုးနှင့် ပတ်သက်ပြီး ထူးခြားမှု တစ်စုံတစ်ရာရှိလျှင် ပိုက သူ့ကို ကြိုတင်ပြီး သတိပေးပြောနိုင်သည်။ သို့မဟုတ် သူမ တိုက်ရိုက် သိရမည်။ ကေသီတာ့ဘက်ကတော့ မိုးယံနှင့် ပတ်သက်၍ ခံစားမှု တစ်စုံတစ်ရာ အပြောင်းလဲ မရှိတာတော့ သေချာပါသည်။ ထိုသို့ တစ်ယောက်တည်း တွေးထားသော ကေသီတာသည် အပြောင်းလဲက မည်သူ့ထံကမှ တဆင့်မလာပဲ သူမဆီကို တိုက်ရိုက်ရောက်ရှိလာသည်ကို တွေ့ရလေသည်။

ထိုနေ့က ကေသီတာ့ section သို့ ပိုရောက်လာသည်။

ပိုသည် ကေသီတာ အလုပ်လုပ်တာကို ခဏစောင့်နေပြီး ခဏကလေး အားချိန်တွင်မှ စကားပြောသည်။

"မကေ.. ဒီနေ့ အပြန် ပို မကေနှင့် လိုက်နိုင်မှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ ပို ရဲ့"

"ပို့ သူငယ်ချင်းရဲ့ အမေ ဆေးရုံတက်နေရတာ၊ အဲဒါ သူနှင့် အတူလိုက်ပြီး ပို သွားမေးမလို့"

ကေသီတာ လှမ်းကြည့်တော့ ပို့ မျက်နှာတွင် စပ်ဖြဲဖြဲ ပြုံးစိစိ အမူယာကို တွေ့ရသဖြင့် ကေ့စိတ်ထဲမှာ ဘဝင်မကျ။ ဒါပေမယ့် တား၍ ကောင်းသော ကိစ္စမျိုး မဟုတ်သဖြင့် ကေ ခေါင်းကိုသာ ညိတ်လိုက်သည်။ ပြန်ချိန်ရောက်တော့ ကေသည် ထုံးစံအတိုင်း ဖယ်ရီကားကို မစီးပဲ အောက်ဆိုက် ကားနှင့်ပင် ပြန်ရန်အတွက် ထွက်အလာ မိုးစက်ပါးပါးကလေး ကျသည်နှင့် ထီးကို ဖွင့်၍ အဆောင်းတွင် ညင်သာနွေးထွေးသော လက်တစ်စုံ ကေသီတာ့ လက်ပေါ်သို့ ကျလာပြီး ကေသီတာ့ထီးသည် ထိုလက်ထဲသို့ ပါသွားလေသည်။

"မိုးယံ"

"ဟုတ်တယ် .. မကေ.. ပိုပိုက သူ့သူငယ်ချင်း အမေ နေမကောင်းလို့ သွားကြည့်တယ် မဟုတ်လား"

"အင်း.. ကေ့ကို လာပြောသွားတယ်"

"အဲဒါ ညာသွားတာ ကေ၊ ကေ့ကို ကျွန်တော် စကားပြောစရာရှိလို့ ရှောင်ပေးပါဆိုလို့ ရှောင်သွားတာ"

"ရှင်.."

"ဟုတ်တယ်.. တစ်ကယ်ကျတော့ ကော့ကို မညာရက်ဘူးလေ၊ အဲဒါကို ဖွင့်မပြောလည်း ပြောလည်း ရတာပဲ၊ ဒါပေမယ့် ကော့ မျက်နှာ မြင်ရတော့ အမှန်အတိုင်းပဲ ဖွင့်ပြောတော့မယ်လို့ ဆုံးဖြတ်မိတယ်၊ နှလုံးသားထဲက စကားကို ပြောတဲ့နေ့မှာ လိမ်တာ ညာတာတွေ မပြောချင်တော့ဘူး မကော.."

"မကော နားမလည်ဘူး.. ဘာတွေ ပြောနေတာလဲ မိုးယံ"

မိုးယံသည် အသက်ကို အားရပါးရ တစ်ချက် ရှိုက်သွင်းရင်း မိုးပေးထားသော ထီးကို အနည်းငယ် နိမ့်ကာ သူ့ညာဘက်တွင် ရှိသော မကောကို ငုံ့၍ လေးလေးနက်နက် အသံဖြင့် ပြောသည်။

"မကော.. မကော ကို ကျွန်တော် သိပ်ချစ်တယ် "

လျှပ်စီးတစ်ချက် လက်လိုက်သည်ဟု မကော ထင်သည်။

သို့သော် မဟုတ်ပါ၊ မကော နှလုံးသားထဲမှာ တစ်ချက် လင်း ကနဲ ဖြစ်သွားခြင်းသာ ဖြစ်ပါသည်။ မကောသည် အောက်က ပင့်တင်သော ရင်ခုန်သံကြောင့် လေထဲတွင် မျောနေသလို ခံစားနေရသည်။

"မကော အဖို့တော့ ဒီစကားမျိုးတွေက ကြားနေကျ စကားမျိုးပဲ ဖြစ်ပါလိမ့်မယ်၊ မကော နှင့် လက်ပွန်းတတီး ခင်မင်ဖူးတဲ့ ယောက်ကျားလေး မှန်သမျှက မကောကို ဒီစကားမျိုး ပြောကြမှာပဲ၊ မပြောကြဖူးဆိုဂုင်လည်း အခြေအနေ မပေးလို့ မပြောဖြစ် ကြတာပဲ ဖြစ်ရမယ် "

မိုးယံ စကားဆုံးတော့ ကောသီတာ ပြုံးမိသည်။ နိုင်ဝင်းထွန်းကို သတိရသွား သောကြောင့် ဖြစ်၏။ ထိုအချိန်ကျမှ လျှပ်စီးက တစ်ကယ်လက်ပြီး ကောသီတာ့ အပြုံးကို မိုးယံက တွေ့သွားခဲ့သည်။

"ဘာကို ပြုံးတာလဲ မကေ.. မကေမှာ ချစ်သူရှိပြီးသား မို့လို့လား"

"မဟုတ်ပါဘူး၊ ကေ ပြုံးတာက တစ်ခုပါ၊ ပြီးတော့ ကေ့ဆီမှာ ရည်းစားမပြောနှင့် လက်ပွန်းတတီးနေတဲ့ ယောက်ကျားလေး တစ်ယောက်မှ မရှိခဲ့ပါဘူး"

"ကျွန်တော်က လွဲရင်ပေါ့ ဟုတ်လား"

"မဟုတ်ဘူး မိုးယံ၊ မိုးယံနှင့် ကျွန်မနှင့်နေတာကို လက်ပွန်းတတီးနေတယ်လို့ ကျွန်မ မသတ်မှတ်ဘူး၊ သာမန် ခင်မင်မှုလို့ပဲ ကျွန်မသတ်မှတ်တယ်၊ ဟိုး အရင်ကလည်း အဲဒီအတိုင်းပဲ သတ်မှတ်တယ်"

ကေသီတာ့ တုန့်ပြန် စကားကြောင့် မိုးယံ တော်တော်လေး အံ့သြသွားသည်။ သူနှင့် ဆက်ဆံရေးကို ကေသီတာ သတ်မှတ်ထားပုံနှင့် "ကျွန်မ" ဆိုသော စကားလုံးကို အရင်သုံးနေကျ "မကေ" ဆိုသော အသုံးနှုန်းနေရာမှာ ထည့်သုံးသွားသောကြောင့် ဖြစ်သည်။

"ကျွန်တော် မကေကို တစ်ပတ်လောက် မေးထူးခေါ်ပြောလောက်ပဲ နေမိတာကို မကေ စိတ်ဆိုးနေတယ် ထင်တယ်"

"မဟုတ်ပါဘူး မိုးယံ၊ မိုးယံ အလုပ်ရှုပ်နေလို့ပဲလို့ ကျွန်မထင်ပါတယ်၊ လူတစ်ယောက်က ကျွန်မကိုချည်းပဲ အမြဲ ဂရုစိုက်နေရမယ်လို့ ဘယ်တုန်းကမှ မသတ်မှတ်ခဲ့ဖူးပါဘူး၊ လူဆိုတာ အတ္တဟိတ၊ ပရဟိတပါ၊ ကိုယ့် ကိစ္စပြီးမှ သူတစ်ပါး ကိစ္စကို ဆောင်ရွက် နိုင်မှာပါ"

ကေသီတာသည် မိုးယံစိုးကို တိတ်တိတ်ကလေး စိတ်ဝင်စားခဲ့ပါသည်။ သို့သော် စိတ်ဝင်စားမှုသည် သူမ ဣန္ဒြေနှင့် သိက္ခာကို ထိပါးသော အဖြစ်မျိုးသို့ မရောက်အောင်တော့ အမြဲ ထိန်းခဲ့သည်။ အခု မိုးယံ ပြောသည့် စကားတွေက သူ့ဘက်က ခပ်ပါချင်ချင်ဟု ရည်းစားစကားကို အထက်စီးက အပြောခံရသည်ဟု ခံစားမိသဖြင့် ခပ်ဆတ်ဆတ် တုန့်ပြန်ခြင်း ဖြစ်သည်။

"အဲဒီလိုတော့ မဟုတ်ဘူး၊ မကေ၊ မကေ ဆီကို ကျွန်တော်မလာတာ မကေကို တစ်ကယ် ချစ်မချစ် ကိုယ့်ကို ကိုယ် သေချာအောင်လို့ပါ၊ မကေနှင့် အတူတူ နေ့တိုင်း တွေ့ခွင့်ရနေလို့ သာယာတာလား၊ မကေကို မေတ္တာစစ်နှင့် ချစ်တာလားဆိုတာ ကွဲပြားအောင်လို့ပါ၊ မကေနှင့် တွေ့ရုံတွေ့ပြီး စကားမပြောရ၊ ရယ်ရယ်မောမော မနေရတော့ ကျွန်တော် မပျော်ဘူး၊ ကျွန်တော့် စိတ်ထဲမှာရော၊ ရင်ထဲမှာပါ တစ်ခုမက အရာပေါင်းများစွာ လစ်ဟာနေတယ်၊ ဒါတောင် ကျွန်တော် မကေကို တွေ့နေရသေးတယ်နော်၊ တွေ့လည်းမတွေ့ရတော့ဘူး၊ ပိုင်ဆိုင်ခွင့်လည်း မရှိတော့ဘူးဆိုရင် ကျွန်တော် ဘယ်လိုမှ နေနိုင်မှာ မဟုတ်ဘူး၊ အဲဒါကြောင့် မကေကို ကျွန်တော် ချစ်နေတာကို ပိုပြီး သိသာ ထင်ရှားအောင်လို့ မကေကို အခုမှ ဖွင့်ပြောရတာပါ၊ တစ်မျိုး မထင်ပါနှင့် မကေရယ်"

မကေ ပြုံးသည်ကို မကေမျက်နှာအား ငေးရင်း ပြောနေသော မိုးယံ မြင်ရလေသည်။ မကေ ပြုံးသည်က နိုင်ဝင်းထွန်းနှင့် သူ့ အကြားတွင် လိုအပ်နေသော စကားများမှာ အခု မိုးယံ တောင်းတောင်းပန်ပန်နှင့် ပြောနေသော စကားမျိုး ဖြစ်သည်။ သူမ ပုံစံ တစ်ချက် ပြောင်းလိုက်သည်နှင့် ထို အပြောင်းလဲသည် ယောက်ကျားလေး တစ်ယောက်အပေါ် သက်ရောက်မှုရှိခြင်းတည်း ဟူသော အရသာကို မိန်းကလေးတိုင်း နှစ်သက်ကြသဖြင့် ကေသီတာလည်း နှစ်သက်ပါသည်။

"ကောင်းပြီလေ.. ကျွန်မ စဉ်းစားပါဦးမယ်"

"ဘယ်လောက်ကြာကြာ စဉ်းစားမှာလဲ ဟင်၊ ဘယ်တော့လောက် ကျွန်တော် အဖြေကို ကြားရမှာလဲ"

"အိုး.. ကိုယ့်နှလုံးသားကို ကိုယ်မေးရတယ်ဆိုတာ ဘယ်နေ့ ဘယ်ရက်လို့ ဘယ်လို ပြောရပ့ါမလဲ၊ နှလုံးသားက အဖြေပေးတဲ့ နေ့ပေါ့"

"အတိုင်းတာ တစ်ခု မရှိဘူးလား မကေရယ်"

"ကျွန်မ အဲဒါ အခု မပြောနိုင်သေးပါဘူး"

ကားဂိတ်ကို ရောက်ပြီး ကားလာတော့ မိုးယံ လိုက်တက်လာတာကို ကေသီတာ ဘာမျှ မပြောပါ။ ကားခကို နှစ်ယောက်စာ အတွက် ပေးတာကိုလည်း ကေသီတာ တစ်ခွန်းမျှ မပြောပါ။ မိုးယံသည် သီတာလမ်း မှတ်တိုင်မှာ ဆင်းရမည် ဖြစ်သော်လည်း တာမွေအထိ လိုက်လာပြီး တာမွေမှတ်တိုင်တွင် လူ အဆင်းများသဖြင့် လွတ်သောနေရာကို ကေသီတာ့ အတွက် ဦးပေးပြီး သူက တာမွေမှ သီတာလမ်းသို့ နောက်ပြန် လမ်းလျှောက်လေ့ ရှိသည်။

ဒီနေ့တော့ မိုးယံ ကံဆိုးတာလား မသိ၊ ကေသီတာ ရပ်နေသော နေရာမှ ကောင်မလေး တစ်ယောက်က မင်္ဂလာဈေး မှတ်တိုင်တွင် ဆင်းသွားသဖြင့် မိုးယံသည် သူဆင်းရမည့် မှတ်တိုင်တွင် ဆင်းခါနီး နှုတ်ဆက်တော့ ကေသီတာက ယဉ်ကျေးစွာ ပြန်ပြုံးပြခဲ့ပါသည်။ အိမ်ကို ပြန်ရောက်တော့ ကေသီတာသည် ဘာကိုမှန်း မသိပဲ ပျော်နေသည်။ သွက်သွက်လက်လက် ချက်ချက်ချာချာလည်း ဖြစ်နေသည်။ ရွှင်မြူး လန်းဆန်း၍ လည်း နေသည်။ ခွန်အားသစ်နှင့် အင်အားသစ်တို့ကိုလည်း ပြန်၍ ရလာသည်။

ရည်းစားစကား အပြောခံရပြီးနောက် မိန်းကလေးတို့ ရလေ့ရှိသော ပီတိနှင့် ထိုညရဲ့ လမင်းနှင့် ကြယ်များကို ဝရံတာမှ ကေသီတာ ငေးနေခဲ့ပါသည်။

"နင်မှားတာပေါ့ မိုးယံ၊ နင်က မကေ ငါ့ကို ကျနေပြီ၊ ငါ ဖွင့်ပြောရင် လွယ်လွယ်နှင့် ရမှာပဲဆိုတဲ့ စိတ်ကလေးတော့ ထားခဲ့တယ် မဟုတ်လား"

"အဲဒီလိုတော့ မဟုတ်ပါဘူးဟာ၊ ဒါပေမယ့် အခုလောက် ခက်ခဲသွားလိမ့်မယ် လို့တော့ ငါ မထင်ထားတာ အမှန်ပဲ"

"မကေတို့ ညီအစ်မ သုံးယောက်ကို သူတို့ မေမေကြီးက အဆုံးမဆုံး ကိစ္စက ဣန္ဒြေ ပဲ၊ သူက သူ့သမီးတွေကို မာနကြီးခိုင်းတာ မဟုတ်ဘူး၊ ဣန္ဒြေကိုပဲ ကာကွယ်ခိုင်းတာ၊ နင်ပြောတဲ့ စကားတွေထဲမှာ မကေက ကျနေသလို သွားပြောတော့ ဣန္ဒြေကို ပြန်ကောက်သွားတာပေါ့ "

"အေးဟာ.. ငါနောက်ကျရင် အဲဒီလို စကားမျိုးကို ဆင်ခြင်ပါ့မယ်၊ နင်လည်း ငါ့ကို ကူညီပါဦးဟာ၊ အခု မကေက ဖယ်ရီပဲစီးတော့ ငါလည်း ဘာလုပ်ရမှန်းကို မသိတော့တာဟာ၊ ငါသူ့ကိုတော့ တစ်ကယ် ချစ်တာပါ ပိုပို"

"အေးလေ.. ငါလည်း စကားကြုံရင် ပြောပေးပါ့မယ်၊ သိသိသာသာတော့ ပြောလို့ မရဘူးဟ၊ တော်ကြာ မကေက ငါ့ပါ စကားမပြောရင် နင် ဒုက္ခ ရောက်လိမ့်မယ် "

"အေးပါ.. ပိုပိုရာ၊ မကေက ငါ့အကြောင်းကို သေချာသိချင်ရင် မေးစရာ နင်တစ်ယောက်ပဲ ရှိတည၊ နင့်ဆီကို သူရောက်လာမှာပါ"

"အေး.. နင်က ဒီလို အပိုင်တွက်တာတွေကြောင့် ဒုက္ခရောက်နေတာ၊ လာမေးရင် ငါပြောပေးမယ် စိတ်ချ"

ဟုတ်ပါသည်။

ကေသီတာသည် ဖယ်ရီကားကို ပြန်စီးနေသည်။ မော်တင် ၁၀ လမ်း တွင်ဆင်းသော တရုတ်မလေး နှစ်ယောက်ရှိရာ ကေသီတာက မော်တင်ဂိတ်အထိ ဖယ်ရီကို စီးပြီး မော်တင် ၃၉ ကားဂိတ်မှ နေရာရပြီး အေးဆေးစွာ အိမ်သို့ပြန်သည်။ အရင်ပြန်ချိန်ထက် မိနစ် ၂၀ လောက် နောက်ကျခြင်းမျှ အပ အခြား အပြောင်းလဲ မရှိပါ။

ထို မိနစ် ၂၀ နောက်ကျရခြင်း အကြောင်းကိုလည်း ရှင်းရင်းဖြင့် မိုးယံစိုး ရည်းစားစကား ပြောသည့် ကိစ္စပါ ကေသီတာက တစ်ခါတည်း အောင်၊ မောင်နှင့် ရီရီ တို့ကို ပြောပြလေသည်။ ရီရီက..

"ရီရီ အောင့်ကို မပြောဘူးလား၊ အဲဒီ အစ်ကို မမကြီးကို ကြည့်ပုံက မရိုးသားဘူးလို့"

"ဒီလို တစ်နေ့ ဖြစ်မယ်ဆိုတာ မောင် သိပါတယ်၊ အောင့်ကိုတောင် ပြောထားသေးတယ်၊ မမကြီးရဲ့ လူက ကိုနိုင်ဝင်းထွန်းလို မိန်းကလေး ကြောက်တတ်တဲ့

လူမျိုး မဟုတ်ဘူး၊ မိန်းကလေး တစ်ယောက်ကို ဘယ်လို ပေါင်းရမလဲဆိုတာကို သိတဲ့လူ၊ သူ့မှာ အတွေ့အကြုံ ရှိခဲ့ဖူးလိမ့်မယ်၊ ဒီ ရုံးမှာ မရှိဘူးဆိုရင်တောင်မှ တစ်ခြားမှာတော့ ရှိခဲ့ဖူးလိမ့်မယ်၊ မိုးယံဟာ လူရည်လည်တယ် ဆိုတာကိုတော့ မမကြီး မမေ့ပါနဲ့"

"ကိုယ့် စိတ်ထဲမှာ သံသယ ဖြစ်ချင်တဲ့ ကိစ္စရှိရင် ပိုပို့ကို မေးပေါ့"

အောင်က စဉ်းစဉ်းစားစားဖြင့် ဝင်ပြောသည်။

"အောင်ကလဲ.. ပိုပိုက မမကြီးအရင် သူနှင့် သိတာပဲ၊ ပို့ဆီက စကားက ကောင်းတဲ့ စကားပဲ လာမှာပေါ့၊ ရီရီကတော့ ဒီကိစ္စမှာ ပိုပို့ အကြံပါပါလိမ့်တောင် ထင်တယ်"

ထိုသို့နှင့် ညဘက်မအိပ်ခင် စကားဝိုင်းထဲတွင် မိုးယံသည် ညီအစ်မ လေးယောက်အတွက် အပျင်းပြေ ဆွေးနွေးစရာ တစ်ခုဖြစ်လာခဲ့သည်။ ကေသီတာ ပေးရသည့် ကတိက ညီအစ်မတွေအားလုံး မသိပဲ မိုးယံကို အဖြေပေးခြင်း မပြုရဆိုတာပဲ ဖြစ်သည်။

ရုံးမှာတော့ မိုးယံ၊ ငြိမ်းငြိမ်းပိုနှင့် ကေသီတာတို့သည် ပုံမှန် ဆက်ဆံလျက်ရှိပြီး ယခင်ကလောက် တတွဲတွဲတော့ မတွေ့ရချေ။

တစ်နေ့တော့ ကေသီတာ့ ထမင်းစားခန်းထဲသို့ ပိုပိုရောက်လာသည်။

"မကေတို့ အိမ်က လက်ရာကို စားချင်လို့.. " ဟုဆိုကာ ပိုပိုက သူ့ ထမင်းချိုင့်ကို ဖွင့်သည်။ ထိုနေ့က ကေသီတာ့ကို ထည့်ပေးလိုက်သည့် ဟင်းက ရေချို ငါးတန် ဆီပြန်၊ မန်ကျီးရွက်သုပ်နှင့်၊ သီးစုံ ကုလားဟင်းတို့ ဖြစ်သည်။ ပိုပို ဟင်းက ဝက်သားနှင့် အာလူး ဖြစ်သည်။

"စားလို့ ကောင်းလိုက်တာ မကေရယ်၊ ပိုတို့ အိမ်က ချက်လိုက်ရင် ဟင်းငုပ်တုပ်တွေချည်းပဲ၊ ဘယ်တော့မှ မကေတို့လို အတွဲ အစပ်ကလေး မပါဘူး၊"

ငြိမ်းငြိမ်းပိုသည် သီးစုံကုလားဟင်းကို သောက်ရင်း ဆိုသည်။ ထမင်းစားပြီးသွားတော့ ချိုင့်တွေ ဆေးကြရင်း ပိုပိုက ဆိုသည်။

"မကေက အခု ဖယ်ရီနှင့် ပြန်တယ်ဆို ဟုတ်လား "

"ဟုတ်တယ် ပိုရဲ့၊ မော်တင် ၁၀ လမ်းမှာဆင်းတဲ့ တရုတ်မလေး နှစ်ယောက်လောက် ရှိတော့ ကေ့ကို မောင်တင် ၃၉ ကားဂိတ်ထိ ပို့ခိုင်းပြီး ၃၉ ကားဂိတ်ကနေ စီးတော့ ကြိုက်တဲ့ နေရာရွေးရုံပေါ့၊ အိမ်ကိုတော့ အရင်ထက် မိနစ် ၂၀ လောက် နောက်ကျပြီးမှ ရောက်တယ်၊ ထိုင်စီးရတာတော့ လူသက်သာတာပေါ့လေ "

"မိုးယံကြောင့်လည်း ပါတယ် မဟုတ်လား"

"၅၀ % တော့ ပါပါတယ်၊ နောက် ၅၀% က စကားစပ်မိလို့ ပြေကြရင်း ကားမောင်းတဲ့ ကိုထါန်းလျက အကြံပေးတာနှင့် စီးကြည့်တော့ အဆင်ပြေတာနှင့် စီးဖြစ်သွားတာပါ"

ငြိမ်းငြိမ်းပိုသည် ကေသီတာနှင့် မိုးယံတို့အကြောင်း သိသော်လည်း မေးခဲပါသည်။ ပြောလဲ ပြောခဲသည်။ ဒီနေ့တော့ ပိုပိုကိုယ်တိုင်က စမေးခြင်းဖြစ်သည်။ ကေသီတာကတော့ မိုးယံ သူ့ကို ဖွင့်ပြောသည်ဆိုတာကလွဲ၍ ဘာမျှထပ်မေးမရချေ။

"မကေက အခုလို နေလိုက်တော့ မိုးယံ တော်တော်လေး နောင်တရသွားတယ်၊ သူ့အဖြစ်က တစ်နေ့တစ်လုံး ရွှေဥ ဥပေးနေတဲ့ ငန်းကို ရင်ခွဲပြီး ရွှေဥရှာတဲ့ လူမိုက်လို ဖြစ်သွားပြီလို့ ပို့ကို ပြောတယ် "

"ဘာဖြစ်လို့လဲ ပို ရဲ့"

"ဩော်.. သူဖွင့်မပြောပဲနေရင် မကေနှင့် ပျော်ပျော်ရွှင်ရွှင် နေရဦးမယ်၊ အခု ဖွင့်ပြောလိုက်တော့ တစ်နေ့တစ်ခါ ပျော်ရွှင်ခွင့်လေးတောင် သူ့မှာ မရှိတော့ဘူးတဲ့ "

"ဟင်.. ကေက သူ့ကို ခေါ်ခေါ်ပြောပြော ရှိပါတယ်၊ သူ့ကိုလည်း ပြောထားသားပဲ စဉ်းစားနေတယ်လို့"

ငြိမ်းငြိမ်းပိုက သူ့ထမင်းချိုင့်နှင့် ကေသီတာ့ ထမင်းချိုင့်ကို ရေစစ်စေရန် မှောက်ထားပေးရင်းမှ..

"တစ်ကယ်တော့ မိုးယံ ဘဝက သနားစရာကောင်းပါတယ်၊ သူ ငယ်ဘဝတုန်းကပဲ ကံကောင်းခဲ့တာ၊ သူ့အဖေ ဘိတ် (မြိတ်) ဘက်မှာ ကိုယ်ပိုင်စက်လှေ နှစ်စီးနှင့် ငါးဖမ်းပြီး ငါးခြောက်တင်နိုင်တုန်းကတော့ တော်တော်လေး အဆင်ပြေတာ.."

ကေသီတာ ဘာမှ မပြောပဲ နားထောင်နေမိသည်။ ဘာပဲဖြစ်ဖြစ် ရီရီ့ ထင်ကြေးမှန်နေသည်။

"အဲဒါ တစ်နေ့ ငါးမန်းပေါက်လေးတစ်ကောင်က တံတောင်ဆစ်ကို ဟတ်မိတာ ပေါ့ပေါ့နေရင်းကနေ အနာရင်းပြီး ပြည်တည် ယောင်လာပြီး အကြီးအကျယ် ဖျားလို့ ပင်လယ်ထဲမှာပဲ ဆုံးသွားတာ"

"ကြော်.."

"အဲဒီ ငါးလုပ်ငန်းက မိုးယံ အဖေတစ်ယောက်ပဲ နားလည်တာဆိုတော့ သူမရှိတော့တဲ့ တောက်ပိုင်း မရိုးသားတဲ့ ဝန်ထမ်းတွေကြောင့် မိုးယံတို့အမေက စက်လှေနှစ်စီးနှင့် ငါးခြောက်လုပ်ငန်းကို အပြတ်ရောင်းပြီး သူ့အစ်ကို မိုးယံရဲ့ ဦးလေး တစ်ယောက်နှင့် သားရေစိမ်းလုပ်ငန်းလုပ်တာလည်း တော်တော်လေး ပြုတ်သွားတယ်"

"အိမ်ထောင်ဦးစီး တစ်ယောက်မရှိတဲ့ အိမ်ဟာ စည်းစံနစ်မရှိရင် မလွယ်ဘူး"

"ဟုတ်တယ် မကေ.. ဒါကတော့ မကေတို့လည်း ကိုယ်ချင်းစာနိုင်တာပဲ၊ မကေတို့ မေမေကြီးက စည်းနှင့် စံနစ်နှင့် နေနိုင်လို့ မသိသာပေမယ့် မိုးယံတို့မေမေက ရှမ်းကိုးမီးရိုက်တယ်၊ ပိုကာဆွဲတယ်၊ နှစ်လုံး သုံးလုံးထိုးတယ်၊ သူနှင့် ကစားတဲ့

အသိုင်းဝိုင်းက စီးပွားရေးခိုင်တဲ့ လူဂုဏ်တန် တွေချည်းပဲ၊ သူတို့နှင့် အတူပျော်၊ သူတို့နေသလို နေတော့ ဘယ်လို ခံနိုင်မှာလဲ”

ပိုပိုပြောပြချက်အရ ဆိုလျှင်တော့ မိုးယံတို့ မိသားစုသည် အထည်ကြီးပျက် ဘဝသို့ ရောက်နေကြောင်း ကေ တွက်ဆမိသည်။

“မိုးယံ အရွယ်ရောက်လာတော့ အိမ်မှာ ရှိသမျှ ပစ္စည်းက ပြောင်နေပြီ၊ သွားသွားလာလာ ဝတ်ဖို့လောက်ပဲ ရှိတော့တာ”

“စက်လှေ နှစ်စီး ရောင်းတဲ့ တန်ဖိုးက နည်းသလား ပိုရယ်၊ ဒါနှင့်တင် စီးပွားရေး ကောင်းကောင်း လုပ်လို့ရတဲ့ ဟာကို”

ပိုပိုသည် ကေသီတာ သူ့ဘက် ပါလာမှန်းသိသဖြင့် ဝမ်းသာနေသည်။ မကောင်းသော စိတ်ဆန္ဒနှင့်တော့ဖြင့် မဟုတ်ပါ၊ မိမိကူညီသော ကိစ္စတစ်ခု အောင်မြင်တော့မည် ဖြစ်သဖြင့် ဝမ်းသာသော ဝမ်းသာခြင်းမျိုးသာ ဖြစ်သည်။

“ကိုယ်မကျွမ်းကျင်တဲ့ အလုပ်တွေ လျှောက်လုပ်မိတာရယ်၊ နဂိုကထဲက ယောက်ျား လုပ်စာထိုင်စားပြီး ပျော်ပျော်နေတတ်တာရယ်နှင့် ကုန်တာပေါ့ မကေရယ်”

“ဒီလို ဖြစ်ရပ်မျိုးက သိပ်ရင်နာဖို့ကောင်းတာပဲ”

“ဟုတ်တယ်၊ မိုးယံ အရွယ်ရောက်လို့ ဘွဲ့တွေ ဘာတွေရတော့ စိုက်ထုတ်ပေးစရာ အရင်းနှီး မရှိတဲ့ အပြင် မိုးယံကတောင် ပြန်ထောက်ပံ့နေရတာ”

“သူ့ အစ်မကြီးရဲ့ ယောက်ကျားက စိန်ပွဲစားဆို ..”

“ဟုတ်တယ် .. နာမည်ကြီးထဲကပဲ၊ ဒါပေမယ့် သူကလည်း အိမ်ထောင်နှင့်ဆိုတော့ ဘယ်မှာ ထိထိရောက်ရောက် ထောက်ပံ့နိုင်ပါ မလဲ”

“တစ်ကယ်တော့ အိမ်ထောင်ရေးဆိုတာ မလွယ်ဘူးနော်”

ကေသီတာက ငြိးသံပြုတော့မှ ပိုပိုလည်း စိတ်ညစ်စရာတွေ ဆက်ပြောနေလျှင် ကေသီတာ စိတ်ညစ်ပြီး ပိုဝေးသွားနိုင်သဖြင့် မိုးယံကို သနားလောက်သော နေရာတွင်ပင် အိမ်ကိစ္စကို ရပ်ထားလိုက်သည်။

"ဒါ့ကြောင့် မိုးယံက ပြောတာပေါ့၊ သူ့အိမ်မှာ စိတ်ညစ်ရသမျှ အပြင်မှာ၊ ရုံးမှာ ပျော်ပျော်နေမိတယ်တဲ့၊ မကေနှင့်တွေ့တော့ သူတော်တော် ပျော်နေမိတယ်တဲ့၊ အခုတော့ သူ့ဘဝက စည်ပိုင်းထဲ ဝင်နေရသလိုပဲတဲ့ "

ကေသီတာ သက်ပြင်းကို ချသည်။ ကေသီတာသည် ပထမတော့ သူ့အကြောင်းကို ပိုပိုအား ပြောပြလိုက်လျှင် ပိုပိုကတစ်ဆင့် မိုးယံသိပြီး သူ့လိုလူတွေ ရှိပါသေးလားဆိုသည့် စိတ်နှင့် အားတင်းနိုင်ရန်အတွက် သူသည် မေမေကြီး၏ သမီး၏ သမီးအရင်း မဟုတ်ကြောင်းကို ပြောပြဖို့ စဉ်းစားလိုက်မိသေးသည်။

သို့သော် မေမေကြီးက ထိုအကြောင်းကို မည်သူ့ကိုမျှ မောင်နှမတွေအားလုံး မည်သည့် ကိစ္စနှင့်မျှ မပြောရ၊ လေးယောက်သော ညီအစ်မ အားလုံးသည် မေမေကြီး၏ သမီးအရင်းများ ဖြစ်ကြသည်ဟုသာ မှတ်ယူရမည်ဟု တင်းကြပ်စွာ တားဆီးထားသော ကတိကြောင့် ပြော၍ မထွက်တော့ပေ။

"အင်းလေ.. လူတစ်ကိုယ် ကံတစ်မျိုးပေါ့၊ဘာပဲဖြစ်ဖြစ် လောကဓံ တရားရှစ်ပါးမှာ အဆိုးလေးပါ၊ အကောင်းလေးပါး ရှိလေတော့ တစ်နေရာတည်းမှာတော့ ရပ်မနေပါဘူး၊ တစ်ချိန် ကံကောင်းတဲ့ ဘက်လဲ ရောက်လာမှာပေါ့ ပိုရဲ့၊ အဲဒီ ကျရင် မိုးယံက လိမ္မာဖို့ပဲ လိုတာ"

"မကေကလည်း မိုးယံကို တစ်ချို့ ကိစ္စကလေးတွေ နားလည်ပေးပါ မကေရယ်"

"အခုလို ကိစ္စတွေက ပို့ဆီက မကေသိရတာ ကောင်းပါတယ်၊ ဒါပေမယ့် သူ့ကို မကေ ဆုံးဖြတ်ချက်ချတဲ့ အခါမှာ ဒီကိစ္စတွေက အဓိက မဟုတ်ဘူးဆိုတာကိုတော့ ပို ယုံစေချင်တယ် "

"ဒါဆို မမကြီးက မိုးယံကို အဖြေပေးတော့မယ်ပေါ့"

"မဟုတ်ဘူး အဖြေပေးဖို့ ပြောတာ မဟုတ်ဘူး၊ အဖြေတစ်ခုကိုတော့ ရွေးထားသင့်ပြီလို့ ပြောတာ၊ မမကြီး ကြုံခဲ့တဲ့ အကြောင်းကို အားလုံး ပြောပြထားပြီးပြီပဲ"

"ဒီအချိန်မှာ မမကြီး အဖြေပေးဖို့ ဆုံးဖြတ်တယ်ဆိုရင် စောသေးတယ်လို့ပဲ မောင်ကတော့ ပြောရမှာပဲ၊ အခု မမကြီး ခွာထားတာ မဟုတ်လား၊ သူ ဘယ်လို ပြန်ဝင်လာမလဲ ဆိုတာ တစ်ချက် ရှိသေးတယ်၊ ယောက်ျားတွေကို လျော့ မတွက်နှင့် မမကြီး၊ သူ ပြန်အဝင်ကို တစ်ချက်စောင့်ကြည့်ပါဦး၊ အခု သူဝင်တာက အောင်သွယ်နှင့် ဝင်တဲ့ သဘောပဲ ရှိသေးတာ၊ မမကြီးဘက်က မထူးခြားဘူးဆိုရင် သူကိုယ်တိုင် ဝင်လာပါလိမ့်မယ်၊ ယောက်ျားလေးတစ်ယောက်ဟာ ချစ်တယ်လို့ ကိုယ်တိုင် ပြောပြီးရင် .. အဖြေကိုလည်း ကိုယ်တိုင် လာယူသင့်တာပေါ့"

မောင်က နည်းနည်းကလေး တင်းသော လေသံဖြင့် ပြောသည်။

"မမကြီးဘက်က တစ်ခုခု ဆုံးဖြတ်ထားပြီးပြီဆိုရင်လည်း ရင်ထဲမှာပဲ ထားဦးပေါ့၊ ကိုယ့် ဆုံးဖြတ်ချက်နှင့် သူ့အနေအထိုင် ကိုက်ရင်တော့ တစ်မျိုးပေါ့၊"

အောင်ကတော့ စဉ်းစဉ်းစားစား ချင့်ချိန်ပြီး ပြောသည်။ တစ်ခါက အောင့်ကို အောင်စံသိန်းဆိုသော သွားကောလိပ်မှ ကျောင်းသားလေး တစ်ယောက်က လိုက်ဖူးသည်။ အောင်က ခြောက်လလောက် ထိုကောင်လေးလိုက်ပြီးမှ စကားပြန်ပြောခဲ့ပြီး အဖြေပေးဖို့ ရှစ်လလောက် စောင့်ကြည့်ခဲ့၍ တစ်နေ့တွင် မြို့ထဲ အသွား အောင်စံသိန်းကို ကုလားမလေးတစ်ယောက်နှင့် လက်ချင်းတွဲလျှက် တွေ့သည်။ အောင်စံသိန်းတို့ကတော့ အောင့်ကို မတွေ့။

နောက်နေ့တွေမှာလည်း အောင်စံသိန်းသည် အောင့်ဆီက အဖြေကို တောင်းနေဆဲပင်ဖြစ်သည်။ အကယ်၍ အောင် ထိုနေ့က မြို့ထဲ မသွားပဲ ထိုကောင်မလေးနှင့် အောင်စံသိန်းကို မတွေ့ခဲ့လျှင် အဖြေက အိုကေ ဟူသော အဖြေကို

ပေးဖို့ ဖုံးဖြတ်ပြီးသားဖြစ်သည်။ ဤအဖြေကိုသာ ထိုလူရလျှင် အောင်နှင့် ကုလားမလေး နှစ်ယောက်စလုံးကိုပဲ ဆက်တွဲမလား၊ ဟိုဘက်ကိုပဲ ဖြတ်ပြီး အသစ်ရသော အောင်နှင့်ပဲ တွဲမလား ဆိုတာတော့ မသိ။ ထိုအတွေးကြံလေးများ ရှိဖူးသဖြင့် တစ်ကြိမ် ပြဿနာရှိခဲ့ဖူးသော ကေသီတာ့ကို သူတို့ ဝိုင်း အကြံပေးနေကြခြင်း ဖြစ်သည်။

"ကောင်းပြီလေ.. သူ့ဘက်က ဘယ်လို ပြန်စမလဲဆိုတာသာ ကြည့်ရတာပေါ့"

ကေသီတာက စိန်ခေါ်သလိုမျိုး ပြောသည်။ ကေသီတာသည် ထိုသစကားကို အောင်တို့ မောင်တို့ ကျေနပ်အောင် ပြောတာလား၊ သူ့နလုံးသားကို သူစိန်ခေါ်တာလား မသိချေ။ ထိုနေ့က ပိုပို ထမင်းအတူလာစားသည်။ ခဏကြာတော့ မိုးယံစိုးပါ ရောက်လာသည်။ မိုးယံစိုး၏ ဟင်းက လမ်းဘေးဆိုင်ကလေးတွေမှာ ရောင်းသော ပဲပုတ်၊ ဂျုံးမြစ်ကြော်တစ်ထုပ်၊ မြေပဲ တစ်ထုပ်၊ အာလူးကြော် တစ်ထုပ်နှင့် ကန်စွန်းရွက် ချဉ်ရေဟင်း.. ။

ကေသီတာ စိတ်မကောင်း ဖြစ်သွားသည်။ ကေသီတာ့ ဟင်းက ရဲယိုရွက်နှင့် ငါးခူစင်းကော၊ ငါးမုန့်ကြော်နှင့် ချဉ်ပေါင်ရွက်ချဉ်ရည်ဟင်း ဖြစ်သဖြင့် ကေသီတာသည် ငါးခူစင်းကောကိုလည်း မိုးယံစိုးကို ထည့်ပေးသည်။ ငါးမုန့်တစ်ကောင်ကိုလည်း ထည့်ပေးသည်။ မိုးယံစိုး အားနာနေမှာစိုး၍ ပဲပုတ်ကြော်ကို ယူစားသည်။ မြေပဲကိုလည်း ယူစားသည်။

"စား မိုးယံ အားမနာနှင့်၊ ဒီနေ့ချက်တာ မောင့်အလှည့်၊ မောင်ချက်ပေးလိုက်တာ၊ မကေတို့အိမ်မှာ ဟင်းချက် အကောင်းဆုံးက မောင်ပဲ သိလား"

ကေသီတာသည် သုံးယောက် ထမင်းစားရသဖြင့် ပျော်နေဟန် ဆောင်ထား ရသည်။ အမျန်တော့ ကေသီတာသည် အစားစာ ကောင်းကောင်းမွန်မွန် မစားရသော မိုးယံစိုးကို သနားနေခဲ့သည်။ စီးပွားရေးကလည်း ကျနေသော အမေ၊ အမ၊ ညီမတွေကလည်း ဖဲနှင့် နှစ်လုံး သုံးလုံးမှလွဲ၍ ဘာကိုမှ ဂရုမစိုက်သော အိမ်မှာ မိုးယံသည် အစားသောက်ကို ဖြစ်သလို စားရပေလိမ့်မည်။ သူထည့်ပေးသော ဟင်းတွေနှင့် အားရပါးရ

စားနေသော မိုးယံကိုကြည့်၍ ကေသီတာသည် သနားလည်း သနားသည်။ ပျော်လည်း ပျော်နေမိသည်။ စိတ်မကောင်းလဲ ဖြစ်နေမိပြန်သည်။

"ဒီနေ့ ထမင်းစားလို့ ကောင်းလိုက်တာဗျာ၊ မကေရဲ့ ညီမလေးမောင့်ကို ပြောလိုက်ပါ၊ ကျေးဇူး အရမ်းတင်တယ်လို့"

"မောင်က ပိုပိုနှင့် တစ်ခါ ဒီကိုလာဖူးတယ်၊ ပိုပိုကပဲ မိတ်ဆက်ပေးတာ၊ အဲဒီတုန်းက မကေက ဒီမှာ မလုပ်သေးဘူး"

"ဩော်.."

စကားစက ပြတ်သွားသည်။ ပိုပိုသည် မိုးယံအကြောင်းတွေကို သူ့ကို ပြောပြသကဲ့သို့ သူ့အကြောင်းတွေကိုလည်း မိုးယံကို ပြောပြမှာပဲဟု ကေသီတာ သဘောပေါက်သွားသည်။ ဒါကို ဘာဖြစ်လို့ အစကတည်းက မတွေးမိတာလဲ၊ ကေသီတာသည် တုံးစရာရှိလျှင် အဲဒီလို တုံးသော ငတုံးမလေး တစ်ယောက် ဖြစ်သည်။

"မကေ"

မိုးယံကခေါ်သည်။ မကေကခေါင်းကို ညိတ်၍ မိုးယံကို အသံတိတ်ပင် ပြန်ထူးလိုက်သည်။

"ကျွန်တော့်ကို မနိုပ်စက်ပါနှင့်တော့ မကေရယ်၊ ကျွန်တော် မကေကို အရမ်းချစ်နေတယ်"

ကေသီတာ ဘာမှပြန်မပြောနိုင်။ ခေါင်းကို ငုံ့၍ ထမင်းချိုင့်ကိုသာ မဲပြီး ရေသုတ်နေသည်။

"မကေ ကျွန်တော့်ကို ခပ်တန်းတန်း ဆက်ဆံတော့ ကျွန်တော် နေလို့ မပျော်တော့ဘူး၊ ဘာတွေ ဆုံးရှုံးသွားမှန်းလည်း ကျွန်တော် မသိတော့ဘူး၊ ကျွန်တော့်ကို အဖြေတစ်ခုခုတော့ ပေးပါ မကေ"

"ခပ်တန်းတန်းနေတာ မဟုတ်ပါဘူး၊ တစ်ခါတုန်းက မိုးယံ ပြောသလို မိုးယံကို ခွာပြီးနေကြည့်တာပါ၊ မိုးယံနှင့်တွေ့နေကြ မတွေ့ရင် ၊ အရင်လို ခင်နေကျ မခင်ရင် ဘယ်လိုများ နေမလဲလို့"

"ဘယ်.. ဘယ်လို နေလဲဟင်.. မကေ"

မိုးယံက သိလိုဇောနှင့် အတင်းမေးသည်။ မိုးယံရင်ထဲမှာ ရင်ခုန်သံတွေ တစ်ခုနှင့်တစ်ခု လု၍ နေသည်။

"တစ်မျိုးပဲ.. ပြီးတော့ မပျော်ဘူး.."

"ဟင်.. ဒါဆိုရင်.. မကေ.. မကေ.. ကျွန်တော့်ကို.."

မကေ လက်ဖဝါးပေါ်သို့ နွေးထွေးစွာ အုပ်မိုးလာသော လက်တစ်မိုးသည် ရင်ထဲတိုင်အောင် နွေးထွေးသွားသလို ခံစားလိုက်ရသည်။

အချစ်သည် ကြိုတင် စီစဉ်ထားသည့် များစွာသော အစီစဉ်များ၊ တွက်ချက်မှုများ၊ တိုင်ပင် တွေးတောခြင်းများကို တစ်စက္ကန့်အတွင်း ချေဖျက် နိုင်စွမ်းရှိသည့် ထူးခြားသော စွမ်းရည်ရှိ ခံစားမှု တစ်မျိုးပင်ဖြစ်သည်။

မိုးယံက အဖြေတောင်းလာလျှင် စဉ်းစားဦးမည်ဟု ပြောထားပြီး အောင်၊ မောင်၊ ရီရီတို့နှင့် တိုင်ပင်မည်ဟူသော ကတိကို ကေက ညီမတွေကို ပေးခဲ့သည်။ အခုတော့ ထိုကိစ္စကိုပင် သတိမရတော့။ နွေးထွေးစွာဖြင့် တစ်ကိုယ်လုံးသို့ တစ်ရှိန်ထိုး စီးဆင်းသွားသော ရင်ခုန်သံမှာ သူမ နစ်မျောသွားပြီဖြစ်သည်။

"ကေ.. မိုးယံကို ချစ်တယ်နော်.."

"မိုးယံကို ပျော်စေချင်တာလည်း ပါတာပေါ့၊ မိုးယံက ကေ့ကို ကတိပေးစရာ တစ်ခုရှိတယ်"

"ဘာလဲ ကေ.. ပြောလေ၊ ဘာကတိပေးရမှာလဲ၊ ပေးရမယ့် ကတိက မိုးယံ အပြင်းအထန် ယုံကြည်ထားတာ မဟုတ်ရင် ချက်ချင်း ပေးနိုင်တယ်၊ ယုံကြည်ထားတာ ဆိုရင်တော့ မိုးယံကို စဉ်းစားခွင့် ပေးရမယ်"

ကေ ဘာကတိလိုချင်လဲ ပြော၊ ပေးမယ် ဆိုသော စကားထက် အခုလို ပြောလိုက်သော စကားက ပိုလေးနက်သည်၊ မိန်းကလေးတိုင်းက အထင်ကြီးကြသည် ဆိုတာ မိုးယံ သဘောပေါက်ပြီးသား ဖြစ်သည်။

"အမယ်လေး .. ယုံကြည့်ချက်တွေ ဘာတွေနှင့် အဲဒီလောက် ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး၊မိုးယံ ဘာလုပ်လုပ် ကေ့ကို အသိပေးပြီးမှ လုပ်ပါလို့ ပြောချင်တာပါ"

"အာ.. ဒါများကေရယ်၊ စိတ်ချ၊ အိမ်သာတက်တာနှင့် ရှူးရှူးပေါက်တာကလွဲလို့ ကျန်တာတွေ ကေမသိပဲ ဘာမှ မိုးယံ မလုပ်ပါဘူး၊ ကျေနပ်ပြီလား"

ဒီလိုနှင့် မိုးယံနှင့် ချစ်သူဖြစ်ပြီး တစ်ပတ်လောက် အကြာတွင်မှ ကေသီတာက အောင်နှင့် မောင်ကို ဖွင့်ပြောသည်။ အောင်နှင့် မောင်တို့ စိတ်ဆိုးကြသည်။ ကေ သူတို့ ကျေနပ်အောင် မနည်းတောင်းပန်ရသည်။ အဲဒီအချိန်မှာ သူ ဘာကိုမှ သတိမရတော့ပဲ ဆေးမိသူလို ဖြစ်သွားကြောင်း ပြောပြရသည်။

"ဒါဆိုရင် ဒုတိယ ကတိကိုတော့ မမကြီး သေသေချာချာ တည်အောင် ကြိုးစားရမယ်"

"ဘာကတိလဲ မောင်၊ ဒီ တစ်ခါတော့ မကေကို ယုံပါ၊ ပြော.. ပေးနိုင်တဲ့ ကတိသာ ဖြစ်ပါစေ၊ မကေ ပေးမယ်"

ကေသီတာက စိတ်အားထက်သန်စွာ ပြောသည်။

"ချစ်သူအဆင့်ကနေ တစ်ခြား အဆင့် တစ်ခုကို ပြောင်းမယ် ဆိုရင်တော့"

"အိုး.. မဟုတ်တာ မောင်ရယ်၊ မကေက သူ့ကို လက်တောင်မှ ပေးကိုင်တာ မဟုတ်ပါဘူး၊ မကေကိုယ် မကေ ကောင်းကောင်း ထိန်းသိမ်းနိုင်ပါတယ်"

မကေ၏ မျက်နှာမှာ နီရဲပြီး ညိုးနွမ်းသွားသည်။

"မောင်ကို့ စကားပြောလောမကြီးပါနှင့်လို့ အောင်အမြဲတမ်းပြောတယ်နော်.. မောင် ပြောချင်တာက ဒီလို မကေ၊ ချစ်သူဘဝကို ထားလိုက်တော့၊ မကေကသူ့ကို ဘယ်အထိ ရည်မှန်းထားလဲ၊ အိမ်ထောင်ရေး အထိလား"

"ဒါကတော့ သူ့ အပေါ်မူတည်တာပေါ့"

"ဟုတ်ပါပြီ၊ မကေဟာ ဣန္ဒြေ သိက္ခာနှင့် ပတ်သက်ရင် ဘယ်လောက် ထိန်းသိမ်းနိုင်တယ် ဆိုတာကို အောင်တို့ နားလည်ပါတယ်၊ ကိုယ့်ဘက်က ထိန်းသိမ်းနိုင်မှ ကျန်တဲ့ ကိစ္စတွေမှာ အထက်စီးက ပြောလို့ ရမှာ မကေ၊ ကိုယ့်ဘက်က အမြဲ အသာစီး ရနေဖို့ မဟုတ်ပါဘူး၊ မကေလည်း တစ်ခါ ကြုံပြီးသားပဲ၊ အဲဒီ အဆင့်ကို ပြောင်းလဲမယ် ဆိုရင် အောင်နှင့် မောင့်ကို တိုင်ပင်ပါလို့ ကတိတောင်းတာပါ"

ကေသီတာသည် သက်ပြင်းကို ချလိုက်မိသည်။ သူ့ ညီမတွေ ပြောသောစကားကို သူကောင်းကောင်း သိပါသည်။ သူ့ကို နယ် မကျွံမိစေရန် ပြောနေကြခြင်း ဖြစ်သည်။

"အောင်နှင့် မောင်က မကေကို အဲဒီလောက်ထိ အထင်သေးသလား"

"အထင်သေးလို့ မဟုတ်ဘူး မကေ၊ မောင်က ချစ်သူ ရှိပြီးသားလူ ဆိုတော့ သိတယ်၊ မိုးယံစိုးဟာ ကိုနိုင်ဝင်းထွန်းလို လူမျိုး မဟုတ်ဘူး၊ ခြေသွက် လက်သွက် ရှိလို့ သတိပေးတာ"

ချက်ချင်းအောင်က မောင့် ကို လှမ်းကြည့်သည်။

"မကြည့်နှင့် အောင်၊ မောင်က ပြောစရာ ရှိရင် ပွင့်ပွင့် လင်းလင်းပဲ ပြောတတ်တာ၊ စေတနာနှင့် ပြောတဲ့ စကားကို စေတနာလို့ မမြင်ပဲ မိုးယံစိုးကို ဒီလို ပြောလို့ မောင့်ကို စိတ်ဆိုးတယ်ဆိုရင်လည်း ဆိုးပေ့စေတော့"

ကေသီတာမှာ မျက်နှာညိုးရုံ မက မျက်နှာပါ ပျက်သွားသည်။ ကိုယ့်ချစ်သူကိုတော့ ဒီလို အပြောမခံချင်တာ အမှန်ပင် ဖြစ်သည်။ စေတနာ ပါသောစကားသည် မချိုပေ.. ဆိုသော စကားပုံကိုလည်း ကေသီတာ သိပါသည်။ ကေသီတာ့ ရင်ထဲမှာ မိုးယံအတွက် ဝမ်းနည်းသွားသည်။

"ကောင်းပါပြီကွာ၊ အောင်နှင့် မောင်ကို ကတိပေးပါတယ်၊ ဒီ ကတိကို မကေ အသက်နှင့် အတူ ထိန်းသိမ်းပါ့မယ်"

ကေသီတာ၏ ချစ်သူ ဘဝသည် ပျော်စရာ ကောင်းခဲ့ပါသည်။ အလိုက်သိသော၊ ချစ်သူကို မည်သို့ ပျော်ရွှင်စေရမည်ဆိုတာကို နားလည်သော၊ အချစ်ကို ရပြီး ဖြစ်သော်လည်း ချစ်သူကို ခင်အောင် သံယောဇဉ် ပိုတွယ်အောင် လုပ်တတ်သော မိုးယံစိုးကြောင့် ကေသီတာသည် မိုးယံစိုးကို နှလုံးသားထဲမှ မြတ်နိုးစွာ ချစ်မိသဖြင့် ကေသီတာ၏ ချစ်သူဘဝသည် ပျော်စရာကောင်းသည်ဟု ပတ်ဝန်းကျင် အမြင်တွင် ရှိလေသည်။

တစ်နေ့တော့ ကေသီတာ၏ အစီစဉ်ဖြင့် အိမ်တွင် ရုံးပိတ်ရက် ကြာဇံချက် စားရန် မောင်နှမတွေ စီစဉ် ကြသည်။ ငြိမ်းငြိမ်းပိုနှင့် မိုးယံစိုးကိုလည်း ဖိတ်ရန် စဉ်းစားပြီး သဘောတူကြသည်။ မိုးယံစိုးသည် သူတင် မဟုတ်၊ သူ့ ညီမလေးနှင့် အစ်မကိုပါ ခေါ်လာချင်သည်ဟု ပြောသည့်အခါ ကေသီတာသည် ထိုပွဲသည် တစ်ဖက်နှင့် တစ်ဖက် အကဲစမ်းကြမည့် ပွဲတစ်ပွဲဟု မြင်လာမိသော်လည်း ချစ်သူ ဆန္ဒအတိုင်း သဘောတူခဲ့ပြီး အောင်နှင့် မောင်ကို ပြောပြသော အခါ အောင်နှင့် မောင်ကလည်း ကေသီတာက လက်ခံခဲ့တာ တစ်ကြောင်း၊ မိုးယံစိုးတို့ အသိုင်းဝိုင်းကို လေ့လာချင်တာက တစ်ကြောင်းတို့ကြောင့် သဘောတူကြသည့်အခါ ကေသီတာမှာ သက်ပြင်းချနေရသည်။ ထိုနေ့တွင် ချစ်သူကို စကားပြောသည့် အခါ ပျော်စရာ ခပ်ပေါ့ပေါ့ တွေ မပြောဖို့ မှာရသေးသည်။

မနက်မိုးလင်း၍ (၈) နာရီလောက်တွင် မေမေကြီးမှာ တစ်ချက် အမော ဖောက်လာပြီး ခြေဖျား လက်ဖျားတွေ အေးစက်လာ၍ ကုနေကျ ဒေါက်တာ ငွေစိုးကို သွားရောက် ပင့်ပြီး ကုသမှ အနည်းငယ် သက်သာရာရပြီး ကေသီတာနှင့် အောင်မှာ မေမေကြီးအနားတွင် ရှိနေကြသဖြင့် အလုပ်မှန်သမျှ မောင်နှင့် ရီရီတို့သာ ကြာဖံချက်အတွက် ကြိုးလုပ်ရလေသည်။

မိုးယံတို့ မောင်နှမတွေနှင့် ပိုပိုတို့ ရောက်လာသော အခါ ကြာဖံချက်က အိုးထဲ မရောက်သေး၊ မေမေကြီး အကြောင်း ပြောပြတော့ မိုးယံနှင့် ပိုပိုတို့ တက်လိုက် သွားကြသည်။ ကေသီတာနှင့် အောင်တို့ မေမေကြီး အနားတွင် ရှိနေပြီး ကေသီတာက ညင်သာစွာ ယပ်ခပ်ပေး၍ အောင်က ဖြည်းညင်းစွာ နှိပ်ပေးနေပြီး မေမေကြီးကတော့ မှိန်း၍ နေသည်။ ပိုနှင့် မိုးယံတို့ ဝင်ထိုင်တော့ မေမေကြီးက မျက်စိဖွင့်၍ ကြည့်သည်။ ကြာဖံချက် ချက်စားမည် ဆိုတာကို မေမေကြီးက သိထားသည်။

"ညှော်သည်တွေလား သမီးကြီး"

"ဟုတ်ကဲ့ မေမေကြီး ကော့ ညှော်သည်တွေပါ"

"ကဲ.. ဒါဆို သွားကြကွယ်၊ မေမေကြီး သက်သာပါပြီ၊ ချိန်း ပြု ထားကြပြီးမှတော့ ကတိကဝတ် ပျက်လို့ ဘယ်ကောင်းပါ့မလဲ သွားကြ"

"ရတယ် မေမေကြီး အောက်မှာ ကူမယ့်လူတွေ ရှိပါတယ်၊ ကေတို့ မေမေကြီး အနားမှာပဲ.."

"သမီးကြီး.. မေမေကြီးက ပြောတဲ့ စကားဆိုရင် လိုက်နာတာပဲ လိုချင်တယ်နော်"

"ဟုတ်ကဲ့ပါ မေမေကြီး"

မေမေကြီး၏ စိတ်သဘောကို သိသည်က တစ်ကြောင်း၊ ဆရာဝန်က စိတ်လှုပ်ရှားစရာ၊ ဒေါသဖြစ်စရာတို့ အဖြစ်မခံပါနှင့် ဟု တားသွားသည်က တစ်ကြောင်း

တို့ကြောင့် ကေသီတာတို့ အောက်ထပ်သို့ အသာဆင်းခဲ့ရသည်။ အောက်တွင် ရီရီက ကြာဇံချက်ထဲ ထည့်ရမည့် အသီးရွက်များကို ဆေးနေသည်။ မောင်က ကြက်သား ကိုင်နေသည်။

"ရီလေး.. မောင့်ကို ဓားကမ်းလိုက်စမ်း၊ အဲဒါတွေ ဆေးပြီးရင် ကြာဇံကို ရေစွေးဖျောထားပေး၊ ကြာဇံနူးခါနီးတော့မှ ကြွက်နားရွက်ကလေးတွေကိုထည့် ကြားလား "

"ဟုတ်ကဲ့ မမလေး"

"ပြီးရင် ရောက်သီး စိတ်ကလေးတွေ စိတ်ပြီး ပန်းကန်နှစ်ခုထဲ ခွဲထည့်ထားဦးနော် "

ကေသီတာနှင့် ပိုလည်း လိုအပ်တာတွေကို ဝိုင်းလုပ်ကြသည်။ မိုးယံ အစ်မဖြစ်သူ ဆွေဆွေဦးနှင့် ညီမဖြစ်သူ မာလာမင်းတို့လည်း မျက်စိရှေ့တွင် တွေ့သမျှကို အဆင်ပြေသလို လုပ်ကြသည်။ ဆွေဆွေဦးက စကားများသလောက် ညီမဖြစ်သူ မာလာမင်းက စကားအတော်နည်းသည်ကို တွေ့ရသည်။

"ပို ပြောတော့ မူယာမောင်တို့က အရင်က ငါးဖမ်းစက်လှေရှိတယ်ဆို ..ဟုတ်လား "

"ဖေဖေ ရှိတုန်းကပါ၊ အခုတော့ ရောင်းပစ်လိုက်ပါပြီ "

"ငါးဖမ်း လုပ်ငန်းလိုင်စင်ရော ရှိသေးလား "

"ကျွန်မတို့က လုပ်ငန်းရော လှေနှစ်စီးပါ တစ်ခါတည်း ရောင်းပစ်လိုက်တာပါ "

"ဟယ်.. ဟုတ်လား .. ဘယ်လောက်ရလဲဟင် "

ဆွေဆွေဦး အမေးကြောင့် မောင် နည်းနည်း မျက်နှာပျက်သွားသော်လည်း ဆွေဆွေဦးကို မကြည့်ပဲ ပုံမှန် လေသံရအောင် ထိန်း၍ ပြောသည်။

"အဲဒီတုန်းက ဈေးပါပဲ၊ မောင်က ငယ်တော့ သေသေချာချာ မသိလိုက်ဘူး "

"ဪ.. ဒါဆို အဲဒီတုန်းက လိုင်စင်ဆောင်ထားတဲ့ စာရွက်တွေ ဘာတွေ၊ နစ်စဉ်ကြေးဆောင်တဲ့ စာရွက်တွေ ရှိသေးလား၊ တစ်ရွက် နှစ်ရွက်ပေါ့"

"စာရွက်စာတမ်းတွေက မေမေကြီး သိမ်းထားတာပဲ၊ မောင်တို့ ဘာမှ မသိဘူး"

"အဲဒါဆို မောင်တို့ မေမေကြီးကို မေးလိုက်၊ လိုင်စင် ဆောင်ထားတာ၊ ဒါမှမဟုတ် နှစ်စဉ်ကြေးဆောင်ထားတဲ့ ပြေစာရှိရင် ကမ်းရိုးတန်း ဖုန်း လျှောက်လို့ ရတယ်"

"ဟာ.. အစ်မကလည်း ဘာတွေ လျှောက်ပြောနေတာ လဲ"

မိုးယံက အားနာသလို ဝင်ပြောသည်။

"အံမယ် ဘာဖြစ်လဲဟဲ့၊ ဒါ ကိုယ့်အချင်းချင်း မို့လို့ ပြောတာ ဂွင်ပဲလေ၊ ကိုယ်ငွေရှိရင် ဈေးရင်းနှင့် ကိုင်ရမယ်၊ မကိုင်ချင်လို့ ရောင်းမယ်ဆိုလည်း နှစ်ပုံးလောက် အလကား သုံးရမယ့် ကိစ္စကို.."

"မကေတို့က အဲဒါတွေ နားမလည်ပါဘူး၊ လိုက်လည်း မလုပ်တတ်ပါဘူး မဆွေရယ်"

"အမယ်လေး.. ဒီကကောင်မကို အဲဒီလိုင်စင်ကြေး ဖြတ်ပိုင်းဟောင်းနှင့် နှစ်စဉ်ကြေး ဆောင်ထားတဲ့ စာရွက်တွေသာပေးစမ်းပါ၊ နှစ်ပုံးလောက် သုံးရနည်းလား အောင် ရဲ့၊ မဟုတ်ဘူးလား"

ဆွေဆွေ့ စကားနောက်ကို လိုက်လာသော စကား မရှိ၊ မာလာမင်းက နံနံပင် သင်နေရင်းက ဆွေဆွေ့ကို တံတောင်နှင့် တွတ်သည်။

"ရှီလေး ရှောက်သီး စိတ်ပြီးရင် မေမေကြီးနား ခဏသွားနေ၊ နှိပ်မပေးနှင့်နော်၊ အိပ်နေရင် နိုးသွားဦးမယ်၊ အသာလေး ယပ်ခပ်ပြီး ထိုင်နေလိုက်နော်.. ဟုတ်ပြီလား"

"ဟုတ်ကဲ့ မမကြီး"

"မိုးယံ ခုံကို အိမ်ရှေ့မှာ မခင်းပဲ ခြံထဲမှာပဲ ခင်းမယ်နော်၊ မေမေကြီးကို အနှောင့်အယှက် ဖြစ်မှာစိုးလို့၊ နေဦး ခြံထဲမှာ ခင်းဖို့ ဖယောင်းပုဆိုး ကေထုတ်ပေးမယ် "

"ရတယ် ကေ.. ပန်းခြံလေးထဲမှာပဲ ခင်းလိုက်မယ်နော် "

ထိုနေ့က ကြာဇံ ချက်စားကြခြင်းသည် ထင်သလောက်တော့ ပျော်စရာ မကောင်းချေ။ မေမေကြီး နေမကောင်းတာက တစ်ကြောင်း၊ ဘယ်ဒိတ်ဒိတ်ကြဲ နာမည်ကြီး company က သားနှင့် ဘယ် အရာရှိသမီး မင်္ဂလာဆောင် အကြောင်း၊ ပွဲစားသမီးကလေး မွေးနေ့မှာ ဒင်နာပါတီ ဘယ်လို ပေးကြောင်း၊ စိန်လက်စွပ် အကွင်း နှစ်ဆယ်ကျော် မွေးနေ့ လက်ဆောင် ရကြောင်းတွေ လျှောက်ပြောနေသော ဆွေဆွေ့ကြောင့် မိုးယံ မျက်နှာပျက်နေပြီး ကေသီလည်း မပျော်နိုင်ခဲ့။ အောင်က မောင့်ကို စကား မကျွံစေရန် မျက်ရိပ်ဖြင့် သတိပေးရင်း ပွဲကို ထိန်းကာ ဆွေဆွေ့စကားကို အလိုက်အထိုက် လိုက်နေရသည်။

ထိုစဉ် မေမေကြီးက ရီရီ့ကိုတွဲပြီး ပန်းခြံထဲ ရောက်လာကြသဖြင့် အားလုံး ပြာသွားကြသည်။

"အေးအေးဆေးဆေး စားကြပါကွယ်၊ ဒီလို စုချိန်းပြီး စားတဲ့နေ့ကျမှ မေမေကြီးကြောင့် မပျော်ရတာကို ခွင့်လွှတ်ပါကွယ် "

"ဟာ.. ကျွန်တော်တို့ ဘယ်လိုမှ သဘောမထားပါဘူး၊ မေမေကြီး "

"ကိုယ့်ခန္ဓာဆိုပေမယ့် ကိုယ်မှ မပိုင်တာပဲ၊ ကိုယ်သာပိုင်ရင် နောက်နေ့မှ ဖြစ်လို့ အမိန့်ပေးမိမှာပေါ့၊ ကဲ.. ရီလေး စားချင်စားတော့၊ သမီးကြီး"

"ရှင်.. မေမေကြီး "

"မေမေကြီးကို တွဲစမ်းကွယ်၊ ပန်းခြံထဲ မေမေကြီး လမ်းလျှောက်ချင်လို့ "

"ရီလေးပဲ တွဲပေးပါ့မယ်၊ မကြီး နေပါ.."

"ရီလေး.."

"ရှင်.. မေမေကြီး"

"မေမေကြီးက တစ်ခွန်းဆို တစ်ခွန်းပဲ ကြိုက်တယ်ကွယ်"

"ဟုတ်ကဲ့ မေမေကြီး"

ရီလေးက ခေါင်းလေးငုံ့ အရိုသေပေး၍ နောက်ဆုတ်သွားပြီး ကေသီတာက မိုးယံကို တစ်ချက်ကြည့်ကာ မေမေကြီး၏ လက်မောင်းကို ကိုင်လိုက်သည်။ ထို့ကြောင့် ထိုနေ့က ကြာဖံဟင်းခါးပွဲသည် ပျော်သင့်သလောက် မပျော်ခဲ့ရဟု ပြောရခြင်းဖြစ်သည်။ နောက်တစ်နေ့ အလုပ်တွင် တွေ့ပသောအခါ ကေသီတာက မေမေကြီး နေမကောင်းခြင်းကြောင့် သူတို့ ပျော်သင့်သလောက် မပျော်ခဲ့ရခြင်းအား မိုးယံကို အားနာနေမိသလို မိုးယံကလည်း ကြွားလွန်းသော သူ့အစ်မဆွေဆွေဦးကြောင့် ကေသီတာတို့အား မျက်နှာပူမိကြောင်း ပြောမိကြသည်။

"ဆွေဆွေက ဒီအတိုင်းပဲ ကေရယ်၊ စကားပြောရင် သိပ် မထိန်းဘူး၊ မာလာမင်းက ကေ့ကို အားတွေနာလို့"

"ညီမလေးက သိပ်အေးတာပဲနော်"

"ဟုတ်တယ် မင်း က မိုးယံတို့မိသားစုထဲမှာ သနားစရာ အကောင်းဆုံးပဲ၊ သူလူဖြစ်တဲ့ အချိန်မှာ မိုးယံတို့ စီးပွားရေးက တော်တော်ကို ကျနေပြီ၊ သူ့မှာ ဒီအရွယ်ထိ ဆွဲကြိုး ငါးမူးသားကလေးနှင့်ပဲ ကျေနပ်ခဲ့ရတာ"

"ဪ.."

"ထားပါတော့ ကေရယ်.. ကေနှင့် တွေ့တုန်း စိတ်မကောင်းစရာတွေ မတွေးချင်ဘူး၊ မိုးယံ ဒီနေ့ ကေ့ဆီက တောင်းစရာ နှစ်ခု ရှိတယ်"

"တောင်းစရာ .. နှစ်ခု.."

"ဟုတ်တယ်.. ကေက ပေးမှာပါ၊ ပထမ တစ်ခုက ဒီနေ့ ကေနှင့် အတူ ရွှေတိဂုံဘုရားကို သွားချင်တယ်"

"ရွှေတိဂုံဘုရား .. သွားလေ၊ နောက်တစ်ခုကရော ..."

"နောက်တစ်ခုက ဘုရားပေါ်မှာ ကေ့လက်ကလေးကို ကိုင်ပြီး ဘုရားကို လက်ျာရစ် ပူဇော်ချင်တယ်"

ကေသည် ခေါင်းလေးကို ငုံ့၍ ပြုံးနေလေသည်။

ကြာသာပတေးနေ့ တစ်နေ့တွင် ကေသီတာတို့အိမ်သို့ ပိုရောက်လာသည်။ ပိုသည် ကေသီတာ အိမ်တွင် မရှိကြောင်း သိလျက်နှင့်ပင် တမင်လာခြင်းဖြစ်ပြီး သူလာရသော ကိစ္စသည်လည်း ကေသီတာမရှိမှ ကောင်းမည့် ကိစ္စဖြစ်သည့်အတွက် ဖြစ်သည်။

"ပို တမင် မကေ မရှိတဲ့ အချိန် လာခဲ့တာ သူငယ်ချင်း၊ သူငယ်ချင်းကို အကူညီလေး တစ်ခုတောင်းချင်လို့"

မှုယာမောင်သည် ပိုပို့ကို မျက်မှောင်ကုပ်ကြည့်ရင်း "အကူအညီ" ဟူ၍ သံယောင်လိုက်၍ ပြောမိသည်။

"တစ်ခြား မဟုတ်ပါဘူး သူငယ်ချင်း၊ ပစ္စည်းလေးတစ်ခု ပြချင်လို့ပါ၊ ပစ္စည်း ပိုင်ရှင်ကလည်း စိတ်ချရတဲ့ လူမို့ပါ"

"ဘာပစ္စည်းလဲ မိပို"

"စိန်နားကပ်တစ်ရံ မောင် .. ဒီမှာ.."

"မိပို ဒီလို ပစ္စည်းတွေ တို့ မဝယ်တတ်ဘူး၊ လိုချင်ရင် တို့က မေမေကြီးကိုပဲ ပြောရတာ၊ ပြီးတော့ မေမေကြီးက စိတ်ချရတဲ့ သူ့မိတ်ဆွေ စိန်ပွဲစားတွေနှင့်ပဲ ဝယ်တယ်"

"အခုလည်း ဒီပစ္စည်းက စိတ်ချရပါတယ် မောင်ရယ်၊ မောင် သံသယ ရှိတယ်ဆိုရင် ကြိုက်တဲ့ လူနှင့် စစ်ကြည့်ပါ၊ အကူညီတောင်းတဲ့ သဘောလည်း ပါပါတယ် မောင်၊ ဖြစ်ပုံက ဒီ နားကပ်ပိုင်ရှင်က "ယုံကြည် အပ်နှံ" စာချုပ်နှင့် လက်မှတ်ထိုးပြီး ငွေကိုးသိန်းတိတိယူပြီး ကိစ္စတစ်ခုလုပ်တာ ကိစ္စက အဆင်မပြေဘူးကွာ၊ အဲတော့ ဟိုဘက်မှာ ငွေ ၁၉ သိန်းလောက်က စုးနေရော.. ဒီဘက်က သူလုပ်တဲ့ ကိစ္စကလည်း နောက်ထပ် ၁၀လလောက် စောင့်ရဦးမှာ၊ ဆုံးတော့ မဆုံးဘူးပေါ့လေ၊ အခု ယုံကြည်အပ်နှံ စာချုပ်နှင့်လူက ဒီသတင်းကြားလို့ ငွေပြန်တောင်းတော့ မပေးနိုင်ရင် အဖမ်းခံရတော့မလို ဖြစ်နေတာ၊ တစ်ခြားလူ မဟုတ်ပါဘူး၊ မိုးယံတို့ မမကြီး ဒေါ်ဇင်မာဝင်းပဲ၊ သူကတော့ ၂၀ လောက်နှင့် ပေးချင်တာတဲ့"

ပိုပို စကားဆုံးသောအခါ မူယာမောင်မှာ တော်တော် စဉ်းစားရကြပ်၍သွားသည်။ သည်လောက် ငွေကြေး ပမာဏက သူတို့ မိသားစုအတွက် လွယ်ကူပါသည်။ သို့သော် ယခုလို ရောင်းသော ပစ္စည်းမျိုးကို သူတို့ တစ်ကြိမ်မှ မဝယ်ခဲ့ဖူးချေ။ သူတို့ ဝတ်ထားသော လက်ဝတ် လက်စားများကို မေမေကြီး စိတ်ကြိုက် ပွဲစားများ၊ ခင်မင်ရင်းနှီးပြီးသား ဆိုင်များကသာ ဝယ်ခဲ့တာ ဖြစ်သည်။ သာမန် ဆိုလျှင် မဖြစ်နိုင်ဟု ငြင်းရုံရှိသော်လည်း မမကြီးနှင့် ပတ်သက်နေသော အသိုင်းဝိုင်းမှ ဖြစ်နေသဖြင့် ရုတ်တရက် စကားမကျွံစေရန် သတိထားလိုက်သည်။

"ဒါဆိုရင်တော့ နည်းနည်း ခက်တယ် မိပို၊ မေမေကြီးကိုတော့ အသိပေးရမှာပဲ၊ မေမေကြီးရဲ့ အဆုံးအဖြတ်လိုတယ်၊ မေမေကြီးက သူကိုယ်တိုင် ဆင်ပေးတာကလွဲလို့ မောင်တို့ လိုချင်တဲ့ ပစ္စည်းရှိရင် ပြောမှ ကြိုက်တာ"

"ဒေါ် ဇင်မာဝင်းရဲ့ သဘောကလည်း သူ့လုပ်ငန်း ငွေပေါ်တဲ့အခါ ဒီပစ္စည်းကို ပြန်လိုချင်တယ်၊ သူတို့ မင်္ဂလာဦးလက်ဖွဲ့လေးမို့ တော်တော် မြတ်နိုးပုံရလို့ ဆုတ်သာ တက်သာ ရှိတဲ့ ပိုတို့ဆီကို ရောင်းချင်တာပါ"

မောင် တစ်ချက်စဉ်းစားသည်။ အောင် ရှိလျှင်လည်း အကောင်းသား၊ အောင်ကလည်း ဒီနေ့ကျမှ အပြင်သွားနေသည်။

"ဒါဆိုရင် ဒီလို လုပ်ကွာ.. မိပို၊ မင်း ရှစ်နာရီလောက်မှာ အိမ်ကို ဖုန်းဆက် ကိုယ်က အဆင်ပြေတယ်ဆိုရင် ပစ္စည်းကိုယူပြီး မင်းလာခဲ့၊ ပစ္စည်းကြည့်တတ်တဲ့ သူလည်း ခေါ်ထားလိုက်မယ် "

"အဆင်ပြေအောင် ကူညီပေးပါ သူငယ်ချင်းရယ်.. သူတို့လည်း အဲဒီ ကိစ္စနှင့် ခေါင်းစားနေကြတယ်၊မောင်.. ပြီးတော့ ဒီ ပစ္စည်းပိုင်ရှင်က မိုးယံ အစ်မဆိုတာ ကေ့ကို မပြောပါနှင့်နော်"

"အာ.. အဲဒီလိုတော့ မရဘူး၊ ပြောရလိမ့်မယ်၊ မိုးယံ အစ်မက ဒီလို လုပ်တယ်ဆိုတာ မကေသိရမယ်၊ ဒီကိစ္စကို မကေ မိုးယံကို ပြန်မပြောဖို့ကတော့ စိတ်ချ"

"အေးပါကွာ.. မောင့်ကို ချင်တယ်၊ အားလည်းကိုးပါတယ်၊ မကေကိုလဲ ယုံပါတယ်၊ ဒေါ် ဇင်မာဝင်းကိုရော ခေါ်လာခဲ့ရဦးမလား "

"နင်နှင့်ပဲ ပြီးတယ် မဟုတ်လား"

"ပြီးတာပေါ့ ဟ"

"ဒါဆိုရင်လည်း ခေါ်မလာပါနှင့်တော့ဟာ .. မကေနှင့် ကိစ္စ သူတို့လည်း သိထားတော့ မျက်နှာပူတယ်ဟ "

"အေး..အေး.. ဒါဆို ရှစ်နာရီ ဖုန်းဆက်မယ်နော်၊ ပြေလည်ပါစေဟာ.."

"အေးပါဟာ.."

ငြိမ်းငြိမ်းပိုသည် သူရမည့် ပွဲခကို တွက်ရင်း မောင်တို့အိမ်မှ ပြန်လာခဲ့လေသည်။

http://mmteashop.com

ငြိမ်းငြိမ်းပိုက ငွေကို သေချာစေ့ငှစွာ ရေတွက်ပြီး ကျောပိုးအိတ်ထဲသို့ သေသေချာချာ ထည့်သည်ကို မေမေကြီးက ကြည့်ပြီး နောက် အောင်နှင့် မောင် ဘက်သို့ လှည့်၍ ..

"အောင် နှင့် မောင် အဖော်လိုက်သွားလိုက် .."

"ဟာ.. ရပါတယ် မေမေကြီး၊ ပိုနှင့် ပါလာတာ ပို့ ဦးလေး အရင်းပါ၊ အိမ်မှာပဲ အတူတူနေတာ ကားကလည်း ပိုတို့ အိမ်ကပိုင်တဲ့ TAXI ပါ။ ဦးလေးက လူပြိုကြီးလေ၊ ဒီကားမောင်းရင်း ပိုတို့ အိမ်မှာနေတာမို့ စိတ်ချပါ"

"စိတ်ချပါ အန်တီ၊ ဒီ ကလေးမ ပိုတို့ အိမ်လာလည်လို့ ကြုံတဲ့အခါတိုင်း ကျွန်တော် လိုက်ပို့ပေးနေကြပါ၊ အန်တီ မမှတ်မိလို့ နေပါလိမ့်မယ်၊"

"အေးကွယ် .. အသက်ကြီးလာတော့ မျက်စိကလဲ မွဲပြီဆိုတော့ မမှတ်မိတော့ဘူး"

"စိတ်ချပါ မေမေကြီးရဲ့၊ ဒါ ပို့ ဦးလေး အရင်းပါ"

"အေး.. အေး.. ငွေက များတော့ကွယ်၊ စိတ်ပူရတာပေါ့"

"အဲဒီ အတွက် ကျေးဇူးပါပဲ မေမေကြီး၊ သွားဦးမယ်နော် အန်တီ.. သွားပြီ"

ငြိမ်းပိုသည် စိန်အကဲ ဖြတ်ပေးသော မေမေကြီး၏ ငယ်သူငယ်ချင်း ပွဲစားအန်တီ့ကိုပါ တစ်ခါတည်း နှုတ်ဆက်သည်။

"အေး.. အေး.. ကောင်းပါပြီ သမီးရယ်"

ငြိမ်းပိုတို့ ဆင်းသွားကြသောအခါ မေမေကြီးက ဒေါ်မြကြည်ကို စာအိတ်တစ်အိတ် ထုတ်၍ ပေးသည်။

"ဒါ.. ဘာလုပ်တာလဲ ထက်"

"ပညာရှင်ကြေးလေ.. မြရဲ့"

"မိထက် ညည်းနှင့် ကျူပ်နှင့်က ငယ်သူငယ်ချင်းတွေလေ၊ သူငယ်ချင်းချင်း ဒီလို လုပ်စရာလား"

"ပေးကတည်းက ပညာရှင်ကြေးလို့ ပြောပါတယ်ကွာ"

"မြ မလိုချင်ဘူး၊ အဲဒီတော့ ဒီလိုလုပ်၊ ထက်တို့က ဥပုသ်နေ့တိုင်း ဆရာ့တော့်ကျောင်းကို ဆွမ်းဟင်းချိုင့် ပို့တယ် မဟုတ်လား၊ အဲဒီငွေကို မြနာမည်နှင့် ပို့ပေး"

"သာဓုတော်.. သာဓု၊ ဒီလ ဟင်းကိုင် ဘယ်သူတွေလဲဟဲ့"

"အောင်နှင့် ရီလေးပါ မေမေကြီး"

"အေး.. ဒါဆို ဒီ အလှူငွေကို သူတို့ကို ပေးထားလိုက်"

စကားဆုံးသည်နှင့် မေမေကြီးသည် ပစ္စည်းကို ဗူးကလေးထဲက ထုတ်၍ ကြည့်သည်။

"မိထက်.. ဒီပစ္စည်းက အရည်တော်တော့်ကို လက်တယ်၊ ပစ္စည်းကောင်းလေးပဲ၊ သူတို့ တော်တော် ဗိုက်နာနေလို့ ထုတ်တာဖြစ်တာ ဖြစ်လိမ့်မယ်၊ စောင့်ရောင်းရင် အနည်းဆုံး ၂၅ လောက်တောင် ရနိုင်တယ်၊ ဒါ့ကြောင့် မိထက်ကို ယူစေချင်တာ"

မေမေကြီးက ကေနပ်သော အပြုံးနှင့် ခေါင်းကို တစ်ချက် ညိတ်သည်။ ပြီးတော့ မေမေကြီးသည် မျက်ဝန်းကပြုံး၍ မျက်ရည် ဝဲလာသည်။

"ခင်ရီလွင်.. သမီး၊ ရီရီ.. ရီလေး.."

ရုတ်တရက် မေမေကြီးခေါ်သံက ငိုသံပါနေသဖြင့် အားလုံး ထိတ်လန့် သွားကြသည်။ ရီလေးလည်း ကြောင်၍ နေသည်။

"လာ.. မေမေကြီး အနားကို လာဦး"

ရီလေး မေမေကြီးကို ငေး၍ ကြောင်ကြည့်နေသည်။

"ရီလေး သွားလိုက်လေ.. မေမေကြီး ခေါ်နေတာကို"

အောင်က ခပ်ဆတ်ဆတ်လေး ပြောလိုက်တော့မှ ရီလေး မေမေကြီး အနား သွားရပ်သည်။ မေမေကြီးက ရီလေးလက်ကို ဆွဲ၍ ထိုင်ခိုင်းသည်။ ပြီးတော့မှ..

"ရီလေးရဲ့ ကျောက်နားကပ်ကလေးကို ချွတ်လိုက်စမ်း၊ သမီး"

"ရှင်.."

မေမေကြီးက ဘာတစ်ခွန်းမှ ဆက်မပြောတော့၊ ကြည့်နေကြသူ အားလုံးကတော့ ဘာဆိုတာ သိလိုက်ကြပြီ ဖြစ်သည်။ ရီလေး ချွတ်ပေးသော ကျောက်နားကပ်ကလေးကို မေမေကြီးက ခုံပေါ်သို့တင်ပြီး သူ့လက်ထဲက စိန်နားကပ်ကို ရီလေးအား ပေးသည်။

"ရော့.. ဒါဝတ်လိုက်စမ်း သမီး"

"မေမေကြီး.. ဒီလောက် တန်ဖိုးကြီးတာကြီးကို ရီလေး မယူပါရစေနဲ့"

"ရီလေး.. မေမေကြီး စကားနှစ်ခွန်း မပြောချင်ဘူးကွယ်"

ရီလေး ဘာမှ မတတ်နိုင်တော့ပဲ စိန်နားကပ်ကို ပန်ရာ လက်တွေတုန်နေသဖြင့် ပန်၍ မရ။ ကေသီတာက ဝင်ပန်ပေးရသည်။ စိန်နားကပ်ကို ပန်ပြီးသွားသော အခါ မေမေကြီးသည် မျက်ရည်များ ဝဲလျှက် နှုတ်ခမ်းတွေက ပြုံးရင်း ရီလေးကို ကြည့်ကာ..

"မေမေကြီးကို ကိုယ့်မိခင်တစ်ယောက်လို အောင်၊ မောင်နှင့် ကေသီတာတို့ကို ကိုယ့်အစ်မတွေလို ပြုစုခဲ့၊ ကူညီခဲ့၊ ချစ်ခဲ့၊ သံယောဇဉ်ထားခဲ့၊ အနစ်နာခံခဲ့တဲ့ နလုံးသားလှတဲ့ ရီလေးကို မေမေကြီးက ဂုဏ်ပြုတယ်၊ ကဲ သမီးတို့ ကျေနပ်ကြရဲ့လား"

"ကျေနပ်ပါတယ် မေမေကြီး.. ဟေး.. ရီလေးကွ.."

ကေ အောင်နှင့် မောင်တို့က လက်ခုပ် တစ်ဖြောင်းဖြောင်းတီးပြီး ကျေနပ်ကြောင်းကို ပြသလိုက်ကြသည်။ ထိုအခါ ရီလေးက မေမေကြီးကို ဖက်၍ ငိုတော့သည်။ ဒေါ်မြနွယ်က ခေါင်းကိုညိတ်၍ ပီတိ အပြုံးကို ပြုံးသည်။ ပြီးတော့ ..

"ထက်ရေ.. ငါ မင်းကို ချီးကျူးပါတယ်၊ အားလည်းကျပါရဲ့၊ ငါ့ အိမ်က သားနှင့်တော့ တစ်ခြားစီပါလားကွယ် "

ဒေါ်ထက်မေအောင်သည် ကြည်လင်ငြိမ်းချမ်းစွာ ပြုံး၍ သူ့သမီးများကို ပီတိလွှမ်းသော မျက်ဝန်းများနှင့် ကြည့်ပြီးလျှင် "ဒီလို ဖြစ်လာဖို့ဆိုတာ ငယ်စဉ်ကတည်းက စီမံကိန်းနှင့် ပြုစု ပျိုးထောင်ရတာ မြရဲ့၊ အခုတော့ ငါသေမယ်ဆိုရင်လည်း စိတ်ချလက်ချ သေလို့ ရပါပြီ" ဟု ဝမ်းသာအားရ ဆိုလေသည်။

ဒေါ်မြကြည် ပြန်ပြီးနောက် ဒေါ်ထက်မေအောင် အိပ်ယာသို့ဝင်လျှင် ညီအစ်မ တစ်သိုက် ခဏတစ်ဖြုပ် စကားပြောပြီးနောက် အသီးသီး အိပ်ယာဝင်ကြသည်။ အိပ်ယာထဲသို့ ရောက်သော်လည်း ရီလေးမှာ အိပ်လို့ မရ။ ဝုပ်တုက်ထိုင်ပြီး ကျောက်နား ကပ်ကို ပြန်ချွတ်၊ စိန်နားကပ်ကို ပန်ကာ ကြည့်နေကျ မှန်ဝိုင်းလေးနှင့် ကြည့်သည်။ တစ်ခါ စိန်နားကပ်ကို ဖြုတ်၍ ကျောက်နားကပ်ကလေးကို ပြန်ဝတ်ပြန်သည်။ ပြီးတော့ စိန်နားကပ်ကို သေသေချာချာ ဗူးထဲထည့်ကာ ခေါင်းအုံးအောက်ထဲ ထိုးထည့်၍ အိပ်ယာပေါ် လှဲသည်။

ခဏကြာလျှင် ခေါင်းအုံးအောက်က ဗူးလေးကို ပြန်ထုတ်၊ ကျောက်နားကပ်ကို ပြန်ချွတ်၊ စိန်နားကပ်ကို ပြန်ပန်၊ မှန်ထဲမှာ ကြည့်၊ ခေါင်းကလေး မော့ကြည့်၊ ခါကြည့်၊ ငုံ့ကြည့်၊ ကျောက်နာ ကပ်ပြန်ပန်၊ စိန်နားကပ် လက်ထဲထည့်၊ ဗူးထဲ ပြန်ထည့်၊ ခေါင်းအုံး အောက် ပြန်ထည့်၊ အိပ်ယာပေါ် ပြန်လှဲ..၊

နောက်တစ်ကြိမ် ခေါင်း အုံး အောက်မှ...

ချောင်းကြည့်နေကြသော ကေသီတာ၊ မောင်နှင့် အောင်တို့ ဗိုက်ကိုနှိပ်၍ တစ်ခွီးခွီးနှင့် ရယ်ကြသည်။ နောက်ဆုံးတော့ ရီလေးနှင့် အခန်းချင်း ကပ်လျက်ရှိသော မောင်က မနေနိုင်တော့.. ကေသီတာ့ဆီ ရောက်လာပြီး တိုးတိုးတိတ် တိတ် တိုင်ပင်သည်။

"ဒေါက်.. ဒေါက်.. ဒေါက် .."

တံခါးခေါက် သံကြောင့် ရီလေး လန့်သွားသည်။ နားတွင် ပန်ထားသော စိန်နားကပ်ကို အရင် ကမန်းကတန်း ချွတ်သည်။ မေမေကြီးက ပွဲလမ်းသဘင်၊ သွားစရာ လာစရာ ရှိမှ ဝတ်ရမည်ဟု အားလုံးရှေ့မှာ ပြောထားသည် မဟုတ်ပါလား။ အလျင်စလို ချွတ်ရသဖြင့် စိန်နားကပ်က ရုတ်တရက် ချွတ်၍ မရ။

"ဒေါက်.. ဒေါက်.. ဒေါက် .."

တံခါးခေါက်သံက ပိုပြင်းထန်လာလေလေ၊ ရီလေးမှာ ချွတ်၍ မရလေလေ ဖြစ်ပြီး အခန်းထဲမှ ချောင်းကြည့်နေသော ကေသီတာနှင့် အောင်တို့မှာ ဗိုက်ကိုနှိပ်၍ ပါးစပ်များပိတ်ကာ ရယ်ကြရလေသည်။

"ဒေါက်.. ဒေါက် .."

"လာပြီ.. လာပါပြီ .."

ရီလေးက ချွတ်၍ ရသွားသော စိန်နားကပ်ကိုရော ဖူးနှင့် ကျောက်နားကပ်ကိုပါ ခေါင်းအုံးအောက်ထဲ ထိုးထည့်ပြီး တံခါးကို အပြေးဖွင့်တော့ ရယ်ချင်စိတ်ကို မြိုသိပ်ရင်း ခပ်တည်တည်ရုပ် အတင်းဖမ်းထားသော မောင့်ကို တွေ့ရသည်။

"မောင်.. ဘာလိုချင်လို့လဲဟင် "

"ဘာမှ မလိုချင်ဘူး၊ ရီလေးကို ဆေးလာပေးတာ "

"ဆေး .."

"ဟုတ်တယ်.. ရီလေး ည အိပ်မပျော်မှာစိုးလို့ ရော့.. အိပ်ဆေး..."

ယောင်ယမ်းပြီး ရီလေး လှမ်းယူလိုက်တော့ မောင်က လျှာပွတ်ဆေးတွေ ထည့်ပေးလိုက်သည်။ ရီလေး ကြောင်နေတုန်း တစ်ထက်အခန်းမှ ရယ်သံတွေ ထွက်လာသည်။ ရီလေး သဘောပေါက်သွားပြီး မောင့်ကို လိုက်ရိုက်သည်။ မောင်က ကောသီတာ့ အခန်းထဲ ဝင်ပြေးသည်။ အခန်းထဲမှာ ဗိုက်ကို နှိပ်၍ ရယ်နေသော ကောသီတာနှင့် အောင့်ကိုတွေ့တော့ ရီလေးသည် ရယ်နေသူတွေ အားလုံးကို လိုက်ရိုက်သဖြင့် ညီအစ်မလေးယောက် ဆူညံ အော်ဟစ်ရင်း ပြေးလွှားကြသည်။

ထိုအသံများကို အိပ်ခန်းထဲမှ ကြားနေရသော မေမေကြီးသည် တစ်ယောက်တည်း ကျေနပ်စွာ ပြုံး၍ နေလေသည်။

ထိုနေ့သည် "သင်္ကေတ" စုပါမားကကြီးထဲတွင်ရှိသော ဝန်ထမ်းများအားလုံး ပျော်ရွှင်နေကြသော နေ့ဖြစ်သည်။ နှစ်သစ် သင်္ကြန်တွင်း ပိတ်ရက်မစခင် နောက်ဆုံးနေ့ကို နေ့ဝက်သာဖွင့်ပြီး ကျန်သည့်နေ့ဝက်ကို ဝန်ထမ်းအချင်းချင်း သင်္ကြန် အကြို ရေပက်ကြခြင်း၊ company ကဘူဖေးလ် ကျွေးခြင်းတို့အပြင် ဝန်ထမ်းများအားလုံးထဲမှ အလုပ်ဆင်းရက် ပြည့်ဆု၊ အရောင်းရဆုံး ထူးချွန်ဆု၊ အမှားအနည်းဆုံးဆု၊ နှင့် တာဝန်ကျေ ဝန်ထမ်းဆုတို့ကို ပေးပြီး နောက် ဝန်ထမ်းများထဲက ရှယ်ယာဝင် သူဌေးများ သဘောကျသော ဝန်ထမ်းများကိုလည်း ရာထူးတိုးပေးတတ်သည်။

ရာထူးတိုးသူ တစ်ဦးကို ကြော်ငြာလိုက်တိုင်း ခင်မင်သူ ယန်ထမ်းများက ထိုသူကို ဂုဏ်ပြု သင်္ကြန်အကြို ရေပြေးလောင်းကြသည်။ မှတ်တမ်းတင် (VDO) ကလည်း ရိုက်လျှက် ရှိနေသည်။ အော်စကာ ဆုပေးပွဲနှင့် တော်တော်လေး တူနေပါသည်။

"အခု ကြော်ငြာမယ့် ရာထူးကတော့ မန်နေဂျာချုပ် ဦးခန့်မင်းရဲ့ ကိုယ်ရေးအရာရှိ (Personal assistant) ရာထူးပါ ခင်ဗျာ"

ဆူညံနေသူများ ခေတ္တ တိတ်သွားကြ၏။

"ဟုတ်ကဲ့ .. အဲဒီ ရာထူးကိုတော့ .."

ကြော်ငြာသူက ရာထူးရသူကို မကြော်ငြာသေးပဲ ဝန်ထမ်းတွေကို လျှောက်ကြည့်နေသဖြင့် တော်တော်လေး အူယားနေကြသည်။ ထိုရာထူးကို ရသူသည် မန်နေဂျာချုပ်နှင့် နေ့စဉ် အတူနေ အတူတွေ့ ခင်မင်ရင်းနှီးနေသဖြင့် သူက လူတိုင်းကို အကူညီပေးနိုင်သလို ဒုက္ခလည်း ပေးနိုင်သော ရာထူးဖြစ်သဖြင့် လူတိုင်းလိုလို လိုချင်မက်မောသော ရာထူး တစ်ခုလည်း ဖြစ်သည်။

"ဟုတ်ကဲ့ .. အဲဒီ ရာထူးကိုတော့ .. ဌာနစိတ်.. လေးက.. မ.. ကေသီတာက ရသွားပါတယ် ခင်ဗျား..."

"ဟေး..."

ခင်မင်မင်သူတွေက ရှေ့က ပြေးလာကာ ကေ့ကို ရေလောင်းကြသည်။ ငြိမ်းပိုက နံဘေးမှာ ရှိနေသဖြင့် ရှေ့ဆုံးက ဖြစ်သည်။ ထိုသို့ ရေလာလောင်းသူတွေထဲတွင် မိုးယံစိုး မပါပါ။ ဘာ့ကြောင့်လဲ ဆိုတာတော့ ကေလဲ မသိ။ ခင်မင်သူတွေက နှုတ်ဆက် ဂုဏ်ပြုကြ၊ အခုမှ ဖားချင်သူတွေလည်း နှုတ်ဆက်ကြ၊ မိတ်ဆက်ကြ၊ ကေသည် အကယ်ဒမီရသော မင်းသမီး တစ်ယောက်လို ဖြစ်နေသည်။ အချို့က စပ်ဖြီဖြီနှင့် နှာခေါင်း ရှုံ့ကြပြီး တစ်ချို့ကလည်း ပြုံးတုံ့တုံ့ဖြင့် ခေါင်းကို ညိတ်ကြလေသည်။

ထို့နောက် ရာထူးများကို ဆက်ကြော်ငြာရင်း Market ကြီးအတွက် အဝယ်တော်များ စာရင်းကို ကြော်ငြာရာတွင် ..

"ဦးမိုးယံကို စားသောက်ကုန် ပစ္စည်းများနှင့် စတေရှင်နယ်ရီ (စာရေးကြိယာများ ) အဝယ်တော်အဖြစ် ခန့်အပ်ပါတယ် ခင်ဗျား.."

မိုးယံစိုးမှာ ခင်မင်သူ များသည့် အတွက် တစ်ယောက် တစ်ချက် ပက်သော ရေသန့်ဗူးများ အောက်မှ ရုန်းမထွက်နိုင်တော့။ ထိုရာထူးမှာလည်း အောက်ဆိုက် အတော်ရှိသော ရာထူးဖြစ်သည့် အတွက် လူတိုင်းလိုလို လိုချင်ကြသော နေရာ တစ်နေရာ

ဖြစ်သည်။ သို့သော်.. အများသူငှာ တပ်မက်ကြသော ရာထူးကို ရသော ချစ်သူ နှစ်ယောက်သည် ပျော်ရွှင်နိုင်သလားဆိုတော့ မပျော်ရွှင်နိုင်ကြပါ။ ကေက ထိုနေ့က ရာထူးအတွက် အသုံးလိုသော ဟန်းဖုန်း အသစ်တစ်လုံးနှင့် ခရက်ဒစ်ကဒ်ကို ရရှိသည်။

"မိုးယံကို အပြင် လွှတ်ပြီး ကေ့ကို သူ့အနားခေါ်တာ လုံးဝ မရိုးသားဘူး.."

"မိုးယံ ပြောတဲ့ စကားက နေရင်းထိုင်ရင်း ကေ့ သိက္ခာကို စော်ကားသလို ဖြစ်နေတယ် မိုးယံ"

ကိုယ်ကျင့် သိက္ခာနှင့် ပတ်သက်လျှင် နည်းနည်းလေးမှ အထိပါး မခံသော ကေက မိုးယံကို ခပ်ဆတ်ဆတ် တုန့်ပြန်သည်။

"ဒီလူကြီးတွေ အကြောင်း ကေ့ ထက် မိုးယံက ပိုသိပါတယ်၊ ဒါ ဟာ ထောင်ချောက် တစ်ခုပဲ.. မရိုးသားမှု တစ်ခုပဲ.. မိုးယံ ဒီ ငနဲကြီးတွေကို မယုံဘူးကွာ.. ကေ့ကို စိတ်မချဘူး.."

"မိုးယံ..အခု ပြောတဲ့ စကားကို ပြန်ရုတ်သိမ်းလိုက်၊ ကေက ဣန္ဒြေ သိက္ခာကို တစ်စက်မှ အထိမခံတဲ့ မိန်းမဆိုတာ မိုးယံ အသိဆုံးပါ၊ သူတို့ ပေးတဲ့ ဖုန်းဆိုတာ ကေ ဒီနေ့လိုချင် ဒီနေ့ ဝယ်လို့ရတဲ့ ပစ္စည်းပါ၊ စိတ်ချ မိုးယံ သူတို့ မရိုးသားဘူးလို့ ထင်တာနှင့် ချက်ချင်း ထွက်ပစ်လိုက်မယ်၊ ကေက ဘယ်ရာထူးကိုမှ ဣန္ဒြေ သိက္ခာနှင့် မလဲဘူး"

"သူတို့မှာ ထောင်ချောက်တွေ ရှိတတ်တယ် ကေ .."

"အလုပ်တောင် မလုပ်ရသေးဘူး၊ ကေ့ ဣန္ဒြေနှင့် သိက္ခာကို မယုံကြည်တဲ့ ချစ်သူမျိုးကို ရတာတော့ ကေ ဝမ်းနည်းလို့ မဆုံးဘူး"

"မယုံတာ မဟုတ်ပါဘူး.. စိုးရိမ်တာပါ ကေရယ်.."

"တော်ပြီ.. မိုးယံ၊ ဒီစကားကို ဒီမှာပဲ ရပ်လိုက်တော့"

"အဲဒီ ရာထူးတိုးတာရဲ့ အကျိုးဆက်ကတော့ သူက ကေ့ကို စေ့စပ်ခွင့် တောင်းတာပဲ၊ သူကလည်း ဒီအလုပ်က ထွက်မယ်၊ ကေ့ကိုလည်း ထွက်၊ ကေနဲ့သူ စေ့စပ်ပြီးရင် သူ နိုင်ငံခြားကို သွားမယ်တဲ့၊ သူ ဟိုမှာ ငွေစုပြီး ပြန်လာရင် လက်ထပ်မယ် ဆိုပါတော့၊ သူက ခုမှ တရားဝင်ပြောလို့ အောင်တို့ကို တိုင်ပင်တာ"

ကေ့စကားကို အောင်၊ မောင်နှင့် ရီလေးတို့က စိတ်ဝင်စားစွာ နားထောင် နေကြသည်။ အောင်က ..

"နိုင်ငံခြားမှာ အလုပ်လုပ်တယ်ဆိုတာက ကိုယ်ဖြစ်ချင်တဲ့ ဆန္ဒနဲ့ ဟိုကို ရောက်တဲ့ အခါ ဖြစ်လာတာနဲ့ တစ်ထပ်တည်းကျတဲ့သူ နည်းတယ်နော်၊ အဲဒီ အလုပ်က သေချာတဲ့ အလုပ်မဟုတ်ဘူး"

"ဟုတ်တယ်၊ ကဲ.. နေစမ်းပါဦး၊ အခု ကေ့ မန်နေဂျာ ချုပ်ကရော ကေ့ကို သူပြောသလို ကိစ္စမျိုး ရှိလား"

"အခု အချိန် ၂ လ ကြာတဲ့ထိတော့ သူလည်း သူ့အလုပ်၊ သူ့ သိက္ခာနဲ့ပါပဲ၊ မိုးယံ လာကြိုနေတာကိုလည်း ခွင့်ပြုနေတာပဲ၊ ပေးထားတဲ့ ဟန်းဖုန်း ကိုလည်း လုပ်ငန်း အတွက်က လွဲလို့ ကိုယ်ရေးကိုယ်တာ တစ်ခါမှ သူတို့ဘက်က မသုံးဖူးဘူး၊ ကေက အိမ်ရောက်လို့ ၅း၃၀ မှာ ဖုန်းပိတ်ခွင့် တောင်းတာကိုလည်း ခွင့်ပြုကြတယ်၊ အဲဒါတွေ ကိုလည်း သူ့ကို ပြောပြထားပြီးသားပဲ"

အောင်နှင့် မောင် သက်ပြင်းကိုချသည်။

"မိုးယံ နည်းနည်းတော့ အချစ်လွန်နေပုံရတယ်၊ အေးဆေး ရှင်းမှ ရလိမ့်ထင်တယ် မမကြီး"

"သူ အချစ်လွန်တာက ကိုယ့် သိက္ခာကို ထိခိုက်သလို ဖြစ်နေတယ်"

"မဟုတ်သေးဘူး မမကြီး၊ သူနိုင်ငံခြား သွားချင်ရင် သွားပေါ့၊ ဒီမှာ စေ့စပ်ထားလိုက်၊ မမကြီးရဲ့ လူကြီးတွေကိုလည်း ဖိတ်၊ company က သူငယ်ချင်း သုံးလေးယောက် လောက်ကိုလည်း ဖိတ်၊ ဒါဆို သူနိုင်ငံခြားကို စိတ်အေးလက်အေး သွားလို့ ရပြီပဲ၊ မမကြီးကလာ်း ရတဲ့ လစာကို စုပေါ့၊ သူလည်း စု၊ အများဆုံးစောင့်ရ၊ တစ်နှစ် နှစ်နှစ်ပေါ့၊ အဲဒါ မကောင်းဘူးလား"

ညီအစ်မတစ်တွေ ရီလေးကို ဝိုင်းကြည့်လိုက်ကြသည်။

သူတို့ တိုင်ပင်ကြတိုင်း ရီလေးကို မိန်းကလေး သဘာဝ အရသာ နားထောင်ခွင့် ပေးထားသည်။ ရီလေးက ထောက်ခံလျှင် ထောက်ခံ၊ ကန့်ကွက်လျှင် ကန့်ကွက်။ ဒီလောက်သာရှိသည်။ အခုတော့ ရီလေးပေးသည့် အကြံက ကေသီတို့အတွက် အဆင်ပြေနေသည်။

"အံမယ်.. ဒေါ် ခင်ရီလွင်.. ရှင်က ဒါတွေ ဘာတွေတောင် တွေးတတ်နေပြီပေါ့.. ဟုတ်လား"

"ရီလေးက အမြဲ နားထောင်နေကျဆိုတော့ ဇာတ်လမ်းကို သိနေလို့ပါ၊ မမကြီးက အလုပ်ကလည်း ထွက်ရဦးမယ်၊ စေ့လည်း စေ့စပ်ရဦးမယ် ဆိုတော့ နာတာပေါ့၊ ဂုဏ်သိက္ခာ အရလည်း နာတယ်လေ၊ အချိန်နှင့် ငွေအတွက်လည်း နာတယ်၊ ဒါ့ကြောင့်မို့ ပြောမိတာပါ"

"အေးကွာ.. ရီလေး ပြောတာက မှန်နေတယ်၊ ..အဲဒီ အတိုင်း မေးကြည့်လိုက်ကွာ..လူကြီး စုံရာနှင့် စေ့စပ်ပြီးတာတောင်မှ စိတ်မချဘူး ဆိုရင်တော့ကော မကေ.."

"တော်ပြီ မောင်၊ အဲဒီကျရင် မကေ ဘာပြောရမယ်ဆိုတာ မကေ သိတယ်၊ အခု မကေဘက်က လိုက်လျောနိုင်တာ သူ့ကို ပြောပြမယ်လေ၊ ညီကြည့်ကြတာပေါ့"

သူတို့ ညပိုင်း အစည်းဝေးလေး ပြီးသွားသဖြင့် ကေ့ အခန်းမှာ ကေ တစ်ယောက်တည်း ကျန်ခဲ့သည်။ အမှန်တော့ ကေက စေ့စပ်တာတွေ ဘာတွေ မလုပ်ချင်ပဲ တစ်ခါတည်း လက်ထပ်လိုက်ချင်တာ ဖြစ်သည်။ သို့သော် မေမေကြီး ကျန်းမာရေးကလည်း အခုကောင်းချင် ကောင်းနေပြီး တော်ကြာ ဖောက်ချင် ဖောက်လာတတ်တာ မျိုး ဖြစ်နေသည်။ သေွးတိုး အတက်အကျကလဲ မမှန်၊ ဒီလို အချိန်မျိုးမှာ သူမက ကိုယ့် အတ္တကိုကိုယ် ရှေ့တန်းမတင်သင့်ဟု နားလည်နေမိသည်။

ညီမတွေကလည်း လက်ထပ်ဖို့ထက် စေ့စပ်ထားဖို့လောက်သာ အလေး ပေးကြသည်။ အချိန်ဆွဲနိုင်သမျှ ဆွဲ၍ မရလျှင် စေ့စပ်ကြရန် ဖြစ်သည်။ မနက်ဖြန် ညှိနှိုင်းပွဲတွင် ဘယ်လို အဖြေမျိုး ရောက်ပြီး ဘာစကားတွေ ထပ်ပြောရဦးမည်ဆိုတာ ကေမသိပါ။ အချစ် သည် အချစ်၏ ကြည်နူးခြင်းထက် အချစ်ကြောင့် ဖြစ်သော အကျိုးနှင့် အကြောင်းကို အခြေနေနှင့် လိုက်လျောညီထွေ လိုက်ညှိနေရသော ဖြစ်စဉ် တစ်ခုဟု ကေသီတာ သဘောပေါက်လာသည်။

အချစ်ဆိုတာ မရခင်တုန်းကသာ ရလျှင် ငြိမ်းချမ်းလိမ့်မည်ဟု ထင်နေရသော အရာဖြစ်သည်။ ရလာသည့် အခါတွင်တော့ စိတ်လွတ်ကိုယ်လွတ် ငြိမ်းချမ်းစွာ ချစ်နေရသည့် အချိန်က နည်းပြီး အကျိုးနှင့် အကြောင်းနှင့် အချစ်ကို မထိခိုက်အောင် ကာကွယ်တိုက်ခိုက်နေရသည့် အချိန်ကသာ များသည်ဟု ကေသီတာ ကောင်းကောင်း နားလည် သွားပြီ ဖြစ်လေသည်။

မိုးယံစိုးသည် ချစ်သူ ကေသီတာ ပြောသမျှကို နားလည်ပါသည်။ ကေသီတာ၏ အစီစဉ်သည် ငြင်းပယ်ဖို့ ခက်လောက်အောင် ပြည့်စုံနေသည်။ သို့သော် ဒီ အစီစဉ်ကို ဆောင်ရွက်လျှင် သူ နိုင်ငံခြားသို့ ကိစ္စနှင့် စေ့စပ်ပွဲကပါ ပါလာပြီ ဖြစ်သည်။ ဤတွင် မိုးယံစိုး၏ အခက်ခဲမှာ ငွေဖြစ်သည်။ စေ့စပ်ပွဲအတွက်နှင့် နိုင်ငံခြားသို့ ပို့ပေးသူကို ပေးရန် ငွေ သူ့ဆီမှာ မရှိပါ။ သူ့ သွားရေးလာရေး၊ ဝတ်ရေး စားရေးများအတွက် အစ်မဖြစ်သူ မဇင် (ဒေါ်ဇင်မာဝင်း) က နှစ်လများစွာ ကူညီပေးခဲ့ နိုင်ခဲ့သော်လည်း ဒီလို တစ်လုံးတစ်ခဲတည်း ကုန်ကျငွေကို ထုတ်ပေးနိုင်လောက်အောင်တော့ အင်အားမရှိပါ။

စေ့စပ်ပွဲအတွက် လက်စွပ်ကလေး တစ်ယောက် တစ်ကွင်းစီ လဲဖို့ကတော့ သူ့လခဖြင့် ဝယ်လို့ ရနိုင်ပါသည်။ ကျွေးဖို့ မွေးဖို့နေရာ၊ ပြင်ဆင်မှု အစရှိသည်တို့ အတွက် ကုန်ရန်ငွေ သူ့ဆီမှာ မရှိပါ။ သူသွားချင်သည့် တောင်ကိုးရီးယားသို့ ပို့ပေးမည့် companyက ဒီနိုင်ငံမှ အတွက် သိန်း ၅၀၊ ဟိုရောက် အလုပ်ရပြီး ၂ လအတွင်း သိန်း ၃၀ ပေးရမည်ဖြစ်သည်။ ထို့ကြောင့် မိုးယံစိုးမှာ ရှေ့ကို မာန်နှင့် တက်ချင်သော်လည်း အားက မသန်ချေ။ မိုးယံစိုးသည် ထိုကိစ္စကို တစ်ကိုယ်တည်းလဲ ကြိတ် မဖြေရှင်းနိုင်၊ မိသားစုကလဲ မကူနိုင်၊ သူငယ်ချင်းအပေါင်းများကလည်း နားလည်ပေးနိုင်သော်ငြား ကယ်တင်ပေးဖို့တော့ မတတ်နိုင်ကြချေ။

နောက်ဆုံးတော့ ချစ်သူကိုသာ ပြောရတော့သည်။ ချစ်သူကလည်း သူကိုယ်တိုင် မဆုံးဖြတ်နိုင်။ သူ့မိသားစုနှင့် သူ့မိခင်ကို တိုင်ပင်ရဦးမည်ဆိုသော စကားသာ ပထမဆုံးရသည်။

"ပိုပို ပြောပုံ အရဆိုရင်တော့ သူတို့မိသားစုက တော်တော်လေး ချမ်းသာပုံ ပေါ်တယ် မိုးယံ၊ သူတို့မှာ ယောက်ကျားလေးမရှိလို့သာ စားစရိတ်လုံလောက်ရုံ ငါးခြောက်ဆိုင်ကြီး တစ်ဆိုင်နှင့် ငြိမ်နေရတာ၊ နင် လိမ်လိမ်မာမာနှင့် နေတတ် ထိုင်တတ်ရင် အဲဒါ နင့်အတွက်ချည်းပဲ "

ဒါက သူ့ အစ်မလေး ဆွေဆွေဦး၏ စကားဖြစ်သည်။

"ကောင်မလေးကတော့ နင့်ကို တော်တော်ချစ်ပုံပဲ ငမိုး၊ ငါ နင့်ကို တစ်သက်လုံး ကြည့်လာခဲ့ရတာ နင်အဆင်ပြေရင် ငါတို့ကို တစ်လှည့်တော့ ပြည်ကြည့်ဦးပေါ့ဟာ၊ ငါလည်း အခု စုန်းစုန်းမြုပ်နေပြီ၊ နင့်ဆီကပဲ မျှော်လင့်ချက်ရှိတော့တာ "

ဒါက သူ့ကို တစ်လျှောက်လုံး ပတ်ဝန်းကျင်က အထည်ကြီးပျက်မှန်း မသိရအောင် ရှေ့တွင် တစ်မျိုး၊ ကွယ်ရာမှာ တစ်ဖုံ စောင့်ရှောက်ခဲ့သော အစ်မ အကြီးဆုံး ဒေါ်ဇင်မာဝင်း၏ စကားဖြစ်သည်။ သူတို့ အိမ်၏ စီးပွားရေးအခြေနေကို သူသိပါသည်။ အခုလက်ရှိ နေနေသည့် တိုက်နှင့် ခြံကလည်း ဘဏ်ကို ပေါင်ထားနှင့်ပြီးပြီ။ သူ့

အစ်မတွေကတော့ ပတ်ဝန်းကျင်ရော၊ ထိတွေ့ ဆက်ဆံနေသူတွေကပါ မရိပ်မိအောင် ဟန်နှင့် မာန်ကို မွေးထားကြတုန်း ဖြစ်သည်။ သူတို့ကိုယ်သူတို့ နေနိုင်စားနိုင်ဟူ၍ မာန်ကို တင်းနေတုန်းပင်ဖြစ်သည်။

မိုးယံစိုးအနေဖြင့် ကေသီတာ့ကို လက်ထပ်လိုက်လျှင် သူတို့ဘက်က အပူတစ်ခုတော့ လျော့သွားမည်။ သူတို့ ကျဆင်းနေသော စီးပွားရေးကို မိုးယံစိုးက ကေသီတာ့ အကူညီဖြင့် ပြန်ထူထောင်နိုင်ဦးမည် ဆိုသော မျှော်လင့်ချက်ကြီးတစ်ခုကို မာလာမင်းဆိုသော ညီမလေးလွဲ၍ ကျန်သော အစ်မများနှင့် သူတို့ ခင်ပွန်းတွေက ကြီးကျယ်စွာ ထားနေကြသည်။ ထို့ကြောင့် မိုးယံစိုးက ကေသီတာ့ အပေါ်မှာ အချစ်နှင့်ရော ဘဝအတွက်ပါ မျှော်လင့်ချက် နှစ်ခုစလုံးဖြင့် မျှော်လင့်ချက်ကြီး ထားမိနေခြင်း ဖြစ်ပြီး စေ့စပ်ရေးနှင့် နိုင်ငံခြားထွက်ရေးဆိုသော အိမ်မက်ကို ကေသီတာ၏ ဖြူစင်သော အချစ်ပေါ်တွင် အားကိုးခဲ့လေသည်။ ထိုနေ့က ကေသီတာက ဆိုသည်။

"ကေ.. မေမေကြီးကို တိုင်ပင်ကြည့်တော့ မေမေကြီးက စေ့စပ်ဖို့ကို သူတာဝန်ယူတယ်တဲ့၊ မိုးယံနိုင်ငံခြား သွားဖို့ ကိစ္စကိုတော့ စေ့စပ်ပြီးမှပဲ ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတာ နှစ်ဖက်တိုင်ပင်ချင်ပါတယ်တဲ့၊ မိုးယံက စေ့စပ်ဖို့ ကိစ္စက အဓိက မဟုတ်လား"

အမှန်တော့ မိုးယံအတွက်က နှစ်ခုစလုံး အရေးကြီးနေပါသည်။ နိုင်ငံခြားသို့ မလွှတ်တော့ပဲ ထိုငွေနှင့်ပင် ဒီမှာ ရင်းနှီး စားသောက်နိုင်အောင် ဖန်တီးပေးမှာလား ဆိုတာကို မိုးယံ စဉ်းစားရပြီ။

"ဒါဆို.. မင်း ကောင်မလေးကို တို့အခြေနေတွေ အားလုံး ပြောပြလိုက်ပြီပေါ့"

"မဇက်တို့ အကြောင်း ဘာမှ မပါပါဘူး၊ ကျွန်တော်လုပ်ချင်တာကိုတော့ ပြောပြရတာပေါ့"

"ငါတို့ နင့်တစ်ယောက်ကိုပဲ အားကိုးစရာ ရှိတော့တာတော့ ဟုတ်တယ် မိုးယံ၊ ဒါပေမယ့် ငါတိုပမှာလည်း ငါတို့ မာန်နှင့် ငါတို့နော်၊ သိက္ခာတော့ အကျ မခံနိုင်ဘူး"

"စိတ်ချပါ မဇင်၊ ကျွန်တော် စေ့စပ်တဲ့ ကိစ္စက မဇင်တို့နှင့် ဘာမှ မဆိုင်ပါဘူး၊ ကျွန်တော်နှင့် ကေ့ သဘောချည်းပါပဲ"

"ဒါနှင့် စေ့စပ်ပွဲက စနေနေ့နော်.."

"အင်း..လေ.."

"အင်း.. ငါ့မောင် အခုကတည်းက ဟိုဘက်က ဖြစ်စေချင်တဲ့အတိုင်း လိုက်လုပ်နေရပြီဆိုတော့ မဇင်တော့ ရင်ခပ်လေးလေးပဲ"

အစ်အကြီးဆုံး မဇင်မာဝင်းစကားကြောင့် မိုးယံစိုး တော်တော်လေး အာရုံနောက်သွားသည်။ သူ ကေ့ကို ချစ်တုန်းက ဒီကိစ္စတွေ မပါခဲ့။ အခုကျတော့လည်း သူ့အကျိုးနှင့်သူ သူ့ အကြောင်းတရားနှင့်သူ ပါလာကြ၊ ရောက်လာကြသည်။ အမှန်တော့ ချစ်သူနှစ်ဦး ရိုးရိုးကလေး လက်ထပ်လိုက်လျှင် ပြီးရော ကိစ္စသည် ဘယ်လို အကြောင်းတွေကြောင့် ဒီလို ဖြစ်ကုန်သနည်း ဆိုတာ မိုးယံစိုး သိသော်လည်း နားတော့ မလည်နိုင်ချေ။ သူသည် အရာပေါင်းများစွာ၏ ကာဆီးမှုထဲမှာ ပိတ်မိနေသည်ဟု ခံစားနေရသည်။

သူ ကေသီတာ့ကို ချစ်ခဲ့သော ချစ်ခြင်းသည် ဘယ်ကိုရောက်သွား၍ ဒီ အကြောင်းရာများက ဘယ်ကရောက်လာကြသနည်း ဆိုတာကိုလဲ နားမလည်နိုင်ချေ။ ချစ်သူကေ ကတော့ သူ့ကို ရိုးရိုးကလေးသာ မှာသည်။

"မိုးယံ .. ရိုးရိုးကလေးပဲ ဝတ်လာခဲ့နော်၊ ကေအိမ်ကပဲ စောင့်နေမယ် သိလား"

အခုပဲ သူ့အစ်မက ခဏငှားလာသော နီလာ လက်စွပ်တစ်ကွင်းနှင့် ရတနာ ခုနစ်သွယ် လက်စွပ်တစ်ကွင်းကို လာပေးသည်။ မိုးယံ ခဏသာ ဝတ်ကြည့်ပြီး ချစ်သူ့ စကားကိုပဲ နားထောင်ရန် ဆုံးဖြတ်လိုက်မိပါသည်။

ကေတို့ ညီအစ်မတွေ အားလုံး အလှ ပြင်ဆင်ပြီးချိန်တွင် company မှ ဖိတ်ထားသူများ ရောက်လာကြပြီး ကေ နှင့် မောင်တို့က ဧည့်ခံကြသည်။ ကေသီတာသည် ဒီတစ်ခါ စေ့စပ်ပွဲမှာတော့ အဖြူပေါ်မှာ အဝါနုဖောက်ထားသော အချိတ် ဝမ်းဆက် ကလေးကို ဝတ်ထားသည်။ သူ့ခါးလည်ထိ ဆံပင်ကိုတော့ ပွဲထိုင် ဆံထုံးကလေးထုံး၍ သဇင်ပန်း ပန်ထားသည်။ လည်တိုင်မှာ ပုလဲသွယ် လည်ဆွဲ၊ လက်သူကြွယ်မှာ မောင်နံ့ခုနစ်ဖော် လက်စွပ်နှင့် နီလာပါ လက်စွပ်လေးတစ်ကွင်း၊ နားတွင် ပန်နေကျ နားကပ်နှင့် လက်ကောက်မှာ စိတ်တန်းစီ လက်ကောက်လေး တစ်ရံသာ ဝတ်ထားသည်။

မျက်နှာကိုတော့ ထုံးစံအတိုင်း မိတ်ကပ်ဆရာ ပြင်ပေးသည့် ပုံစံ ခပ်ပါးပါးသာ ခြယ်သထား၏။ ပိုပိုရောက်လာတော့ ဝိုင်းက ပို၍ ဆူညံသွားသည်။ မေမေကြီးလည်း ဒီနေ့ မျက်နှာကြည့်ရွှင်နေပြီး ကျေနပ် ပျော်ရွှင်နေပုံ ရသဖြင့် ကေသက်ပြင်းချနိုင်သည်။

"မကေရယ်.. လှလိုက်တာ.. ကြည့်စမ်း၊ မင်းတို့တော့ မသိဘူး၊ ပို တော့ မကေကို နမြောလာပြီ.."

ငြိမ်းပိုက ကေသီတာကို ဖက်ထားရင်းက ဆိုသည်။

"အံမယ်.. နမြောတယ်.. ဘာတယ်နှင့်၊ အစီစဉ်တွေလာမေး၊ လာမှတ်ပြီး ကြိတ်ကြံနေတာ မဟုတ်လား.."

အောင့် စကားကြောင့် အားလုံးက ပို့ကို ဝိုင်းရယ်ကြသည်။

"ဟွန်း.. မသိဘူးများ မှတ်နေလား.. မမကြီး ပြီးရင် မမလတ်၊ မမလတ်ပြီးရင် မမလေး အစီစဉ်အတိုင်းဆိုပြီး ထိပ်ဆုံးပန်းက စပွင့်သွားလို့ နောက်ပန်းတွေ ကြိတ်ပျော် နေတာ မသိဘူးများ ထင်လို့လား "

ပို့ စကားဆုံးတော့ အောင်တို့ကို companyမှ ဧည့်သည်တွေက ဝိုင်းရယ်ကြ ပြန်သည်။ မောင်က ပို့ကို ခွေးမ ဟု တိုးတိုးလေး ကျိန်ဆဲသည်။ ထိုအချိန်တွင်ပင် မန်နေဂျာချုပ် ဦးခန့်မင်း၊ ဒုတိယ မန်နေဂျာများ ဖြစ်သော ဒေါ်စိုးစိုးမူ၊ ဦးမင်းဇော်နှင့် ဆရာ ကျော်သီဟတို့ ရောက်လာကြသည်။ ဦးခန့်မင်းက "ကွန်ဂရက် ကျူလေးရှင်း ကေသီတာ " ဟုဆိုကာ ဝမ်းသာအားရ လက်ဆွဲနှုတ်ဆက်သည်။ အသီးသီး နေရာချထားပေးပြီးချိန်တွင် ရှေ့နေကြီး ဦးဝေမင်းဆန်းလည်း ရောက်လာသည်။ ကိုးနာရီခွဲရန် ရှစ်မိနစ်သာ လိုတော့သည်။ မိုးယံစိုးတို့က ရောက်မလာသေးသဖြင့် ကေသီတာ အနည်းငယ် စိုးရိမ်လာကာ မျက်နှာ နည်းနည်း ပျက်ချင်နေသည်။

တစ်ကြိမ် အမှားကြုံထားသူ ဖြစ်သဖြင့် နောက်တစ်ကြိမ်အမှား ဆိုတာကို တစ်ခြားလူတွေထက် ပိုပြီး ထိတ်လန့်နေမိတာ အမှန်ပင် ဖြစ်သည်။ ကေသီတာ စိတ်ပူနေတာကို အောင် နှင့် မောင်ကလည်း သိပါသည်။ ရီလေးကတော့ ကိတ်မုန့်တိုက်မှ ကိတ်မုန့်ထည့်သူ၊ ကိတ်မုန့်လှီးသူတို့နှင့် သတ်နေရသည်။ စေ့စပ်ပွဲသည် တီးတိုး စကားသံလေးများ ဖြင့်သာ ငြိမ်သက်နေပြီး တစ်ခုခု လိုနေသလို ထင်ရသည်။

ကေသီတာ မျက်နှာပျက်တာ တော်တော်လေး သိသာလာတော့ မေမေကြီးက ဆိုသည်။

"သမီးကြီး.. မိကေ၊ မောင်မိုးယံတို့ အိမ်ကို ဖုန်းဆက်ကြည့်ပါလားကွယ်၊ တစ်ခုခုများ လွဲသလားလို့ "

ကေသီတာ မထရဲပါ၊ ဖုန်းလည်း မဆက်ရဲ၊ မျက်ရည်တို့က ဝဲချင်လာနေသည်။ ဒေါ်မြကြည် ရောက်လာသည်။ ဘာမှ မသိသူတွေကတော့ အေးအေးဆေးဆေးပင်၊ သတို့သားဘက်က ထိုင်ဖို့ ပြင်ဆင်ပေးထားသော ခုံတွေကိုသာ တစ်ချက် တစ်ချက်

ကြည့်နေကြသည်။ ကေက မောင့်ကို အားကိုး တကြီး ကြည့်သည်။ မောင်သည် ခေါင်းကို တစ်ချက် ညိတ်ပြီး ထိုင်နေရာမှ ထကာ ဖုန်းရှိရာသို့ သွားသည်။ အောင်ကတော့ company မှ လူများနှင့် အလိုက်အထိုက် စကားပြောနေရသော်လည်း မျက်နှာမှာ စိုးရိမ်စိတ်က ထင်းနေသည်။ မောင် ဖုန်းနံပတ်တွေကို နှိပ်နေသော အချိန်မှာပင် ခြံထဲသို့ ကားသုံးစီး ဝင်လာသည်။

"လာပြီ.. လာပြီ.. မိုးယံတို့ လာကြပြီ"

ကေသည် မျက်ရည် တစ်စက်က ပေါက်ကနဲ ကျသွားသဖြင့် မိုးယံတို့ကို ပရိတ်သတ်က ကြည့်နေကြသည့် အချိန်တွင်းမှာ အခန်းထဲ ကမန်းကတန်းဝင်၍ မျက်ရည်ကို သုတ် တို့ပတ်နှင့် အုပ်ရသည်။ ဖိုလိုက်နေသော ရင်ကို အသာဖိရသည်။ လည်မြိုမှာ တစ်နေသော ဘာမှန်းမသိသည့် အရာကို မြိုချရသည်။ ပြီးတော့ ချက်ချင်း အိမ်ရှေ့ကို ပြေးထွက်တော့ ဦးခန့်မင်းက မိုးယံစိုးကို လက်ဆွဲနှုတ်ဆက်နေတာ တွေ့သည်။ ပြီးတော့ ဒေါ်စိုးစိုးမူ၊ ဆရာမင်းဇော်၊ ဆရာကျော်သီဟ..

မိုးယံက ကေ့ကို လှမ်းပြုံးပြပြီး နှစ်ယောက်ထိုင် ကျွန်းသား ကနုတ်ထိုင်ခုံမှာ ထိုင်သည်။ မေမေကြီးက လှမ်းကြည့်သဖြင့် ကေလည်း မေမေကြီးကို လက်အုပ်ချီ၍ မိုးယံ နံဘေးမှာ အသာလေးခွာ၍ ဝင်ထိုင်သည်။ ရုတ်တရက် မည်သူက စတီးလိုက်သည် မသိသော လက်ခုပ်သံကထွက်လာရာ နောက်ထပ် လက်ခုပ်သံများ မစဲအောင် ဖြစ်သွားသည်။ ရိုးရိုးကလေးနှင့် မင်္ဂလာရှိသော ပွဲလေးဟု မေမေကြီးက ထင်သည်။ အောင်နှင့် မောင်က ပျော်နေကြသည်။ ရီလေးက သူ့တာဝန်ဖြစ်သော ရေခဲမုန့်နှင့် ဆိတ်သားပတ်နှစ်ခု၊ အီကလဲယားတစ်ခု၊ သစ်သီးကိတ် တစ်ချပ်ပါသော ရေခဲမုန့် ပန်းကန်များကို ဆိုင်မှ ဝန်ထမ်းများနှင့်အတူတူ စီမံ ချပေးနေသည်။ မေမေကြီးကို အရင် ပြီးတော့ ကေနှင့် မိုးယံစိုး.. စသည်ဖြင့် အစဉ်လိုက် တည်ခင်း ဧည့်ခံပေးသည်။

ရီလေးလာပေးသော ရေခဲမုန့်ခွက်ကို ယူရင်း ဒေါ်ဇက်မာဝင်း မျက်နှာ တစ်ချက်ပျက်သွားသည်။ ပြီးတော့ ရီလေး၏ ရေခဲမုန့်ကို ယူနေသော ဆွေဆွေကို တစ်ချက်ကြည့်သည်။ ဆွေဆွေကတော့ ပုံမှန် ရယ်မောနေသည်။ အောင်နှင့် မောင်တို့

ဝတ်ထားသော စိန်တွေကို စိတ်ကူးဖြင့် ဈေးဖြတ်နေမိသည်။ ကေသီတာကတော့ ပစ္စည်းအနည်းငယ်သာ ဝတ်ထားသည်။ သူ့ချစ်သူကို အားမငယ်စေချင်သည့် ဆန္ဒရှိဟန်တူသည်။

ထိုစဉ် မိုးယံတို့နှင့် ပါလာသော ဧည့်သည်ထဲမှ မိန်းမကြီးတစ်ယောက်က ရှေ့သို့ မုန့်ပန်းကန်ကို ကိုင်ရင်းတက်လာပြီး ဒေါ်ဖင်မာဝင်းကို တိုးတိုးကပ်၍ ပြောသည်။ ဒေါ်ဖင်မာဝင်း မျက်နှာ ပျက်စပြုလာပြီ ဖြစ်သည်။

"ကျွန်တော်က လာလာကြိုတော့ မေးပါတယ်၊ ကိုမိုးယံစိုး ဘယ်တော့လဲဆိုတော့ လိုပါသေးတယ်တဲ့၊ တစ်ခါ ဒေါ် ကေသီတာကို မေးတော့လည်း ဆရာရယ် ဝေးပါသေးတယ်တဲ့.. ဟော.. အခု ကြိတ်ကြံထားတာ ပေါ်ပြီ.."

ဆရာ ဦးခန့်မင်းစကားကို company မှ လူတော်တော်များများနှင့် ဧည့်ပရိတ်သတ်တွေက ရယ်ကြသည်။ ကေသီတာကတော့ ခေါင်းလေးငုံ့၍ ရှက်ပြုံးကလေး ပြုံးနေသည်။ ထိုအချိန်တွင် ဒေါ်ဖင်မာဝင်း၊ ဒေါ်ဆွေဆွေဦးနှင့် သူတို့ဘက်က ပရိတ်သတ် တီးတိုး တီးတိုး ဖြစ်နေကြတာ မည်သူမျှ သတိမထားမိ။ မိုးယံစိုးတို့ဘက်က မိန်းကလေးတစ်ယောက် စားပြီးသွားသော မုန့်ပန်းကန်ကို ကိုယ်တိုင် သွားသိမ်းရင်း နောက်ဖေးဘက်မှာ ပန်းကန်တွေနှင့် အလုပ်ရှုပ်နေသော ရီလေးကို မေးသည်။

"မမ.. မမ စိန်နားကပ်က အစစ်လားဟင်"

"ဟုတ်ပါတယ်.. ဘာဖြစ်လို့လဲ"

"လှလို့ပါ၊ ကိုယ်ပိုင်လားဟင်၊ ဘယ်လိုမှ မထင်နှင့်နော်၊ ကိုယ်ပိုင်ဆိုရင် ဘယ်က ဝယ်တာလဲ သိချင်လို့ပါ"

"တစ်လောကပဲ လာရောင်းလို့ မေမေကြီး ဝယ်ပေးတာ"

"ဩော်.. ဆိုင်က မဟုတ်ဘူးပေါ့"

"မဟုတ်ဘူးရှင့်"

"ဪ.. ဪ.."

မိန်းကလေး သဘာဝ ကိုယ်ဝတ်ထားသော လက်ဝတ်ပစ္စည်းကို အထင်တကြီးနှင့် လာမေးသည့်အတွက် ရီလေး ဝမ်းသာနေရှာသည်။ ရှေ့မှာ သယ်ရမှာတွေ ရှိသဖြင့် ပြန်ထွက်ခဲ့သည်။

"ပိုပို့ကို မေးနေစရာမလိုဘူး၊ ကြာဖံချက် စားတုန်းကလည်း အဲဒီကောင်မလေးကို တစ်အိမ်လုံးက ခိုင်းနေကြတာပဲ၊ ငါတောင် ခိုင်းခဲ့သေးတယ်၊ မဟုတ်ပါဘူး၊ ပေးဝတ်မယ် ဆိုရင်လည်း ဝတ်ပါ၊ ဒီနေ့ကိုတော့ ရှောင်သင့်တာပေါ့၊ ဒါ သက်သက်တို့ကို ပညာပေးတာပဲ"

ထိုအချိန်မှာ ပိုပို ရောက်လာသည်။

"ပိုပို .. မုန့်လိုက်ချနေတဲ့ ကောင်မလေးက ကေသီတာနှင့် ဘာတော်သလဲ"

"ဘာမှ မတော်ဘူး မဇင်၊ စိန်နားကပ် ကိစ္စလား"

"မကေကလည်းကွာ ဘာတွေ လျှောက်လုပ်တာလဲ မသိဘူး၊ သူဝတ်ရင် တော်သေးတယ်၊ အိမ်ဖော်ကိုများ ပေးဝတ်ရတယ်လို့"

"နင်တို့ ပစ္စည်းလောက်တော့ ငါတို့က အိမ်ဖော် ဆင်တာလောက်ပဲ ရှိတယ်ဆိုတဲ့ သဘောပဲ၊ ဒါ တင်စီးတာပေါ့"

ထိုစဉ် ခုန ရီလေးကို မေးနေသော ကောင်မလေး ပြန်ရောက်လာပြီး ပြောသည့် စကားကို ခေါင်းချင်းဆိုင်၍ နားထောင်ကြသည်။ ပြီးတော့ ထိုခေါင်းချင်းဆိုင်နေသော အုပ်စုသည် များသည်ထက် များလာနေသည်။ ထိုသို့ ဖြစ်နေသည်ကို မေမေကြီးနှင့် အောင်၊ မောင်တို့က သတိထားမိကြသည်။ ကေသီတာနှင့် မိုးယံတို့ကတော့ ဘေးချင်းယှဉ်ပြီး ဘာတွေ ပြောနေကြမှန်း မသိ၊ မိုးယံက ကေသီတာ့ လက်ကလေးကို

ဆုပ်ကိုင်၍ ထားသည်။ ဆိုင်နေသော ဦးခေါင်းများ ကွဲပြီး ရှဲသွားကြသည်။ ဒေါ်ဇင်မာဝင်းနှင့် ဒေါ်ဆွေဆွေဦးတို့၏ မျက်နှာပေါ်မှာ ဒေါသတွေကို တွေ့ရသည်။

"ဟုတ်ကဲ့.. ပရိသတ်ကြီး ခင်ဗျာ.. အခုလို မင်္ဂလာရှိတဲ့ မင်္ဂလာ အချိန်လေးမှာ မင်္ဂလာစကားလေးတွေ ပြောကြရအောင်ပါ.."

ရှေ့နေကြီး ဦးဝေမင်းဆန်းက သူ့တိုက်ပုံ အင်္ကျီကို သပ်ရပ်အောင် ပြင်ရင်း ချောင်းကို ဟန့်၍ စကားဆိုလိုက်သဖြင့် စကားပြောနေသူတွေ၊ ရယ်နေသူတွေ၊ လွတ်လွတ်လပ်လပ် နေနေကြသူတွေ အားလုံး တိတ်ဆိတ်သွားပြီး ရှေ့နေကြီးကို လှမ်းကြည့် လိုက်ကြသည်။ ဒီတော့မှ ရီလေးလည်း ပွဲအမှီ အမြေးအလှူး ဝင်ထိုင်ရရှာသည်။ ထိုအချိန်မှာပင်..

"ရှေ့နေကြီးရဲ့ မင်္ဂလာ စကား မတိုင်ခင် ကျွန်မကို ခဏလောက် စကားပြောခွင့် ပြုပါလားရှင်"

ထရပ်ပြီးပြောလိုက်သော ဒေါ်ဇင်မာဝင်း၏ စကားကြောင့် အားလုံးအံ့သြ သွားကြသည်။ တစ်ချို့က မိုးယံစိုးအကြောင်း ဂုဏ်တင်စရာစကားများ ပြောလိမ့်မည် ထင်ကြသည်။ ရှေ့နေကြီးကလည်း သတို့သားဘက်က စကားပြောခွင့်တောင်းခြင်းကို မငြင်းပါ။

"သြော်.. ဟုတ်ကဲ့.. ပြောနိုင်ပါတယ် ခင်ဗျာ.. ပြောပါ"

မိုးယံနှင့် ကေသီတာတို့ တစ်ယောက်နှင့် တစ်ယောက် ကြည့်၍ ပြုံးလိုက်ကြသည်။

"ကျွန်မပြောချင်တာကတော့ မကေသီတာရဲ့ မိခင် ဒေါ်ထက်မေအောင်ကိုပါ "

မေမေကြီးက ပြုံး၍ ခေါင်းကို ညိတ်ကာ ပြောခွင့် ပြုသည်။

"ကျွန်မက ဒေါ်ထက်မေအောင်ကို လွှန်ခဲ့တဲ့ တစ်လလောက်က စိန်နားကပ် တစ်ရံကို ငွေသိန်း ၂၀ နှင့် ရောင်းခဲ့ဖူးပါတယ်။ ကျွန်မ ဒီလို ပြောရတာကို မရှက်ပါဘူး၊ အသံတိတ် အစော်ကား ခံနေရတာကိုတော့ မခံနိုင်ဘူး၊ ဒေါ်ထက်မေအောင်က ကျွန်မရောင်းခဲ့တဲ့ စိန်နားကပ်ကို သူ့အိမ်က မှန့်လိုက်ချပေးတဲ့ အိမ်ဖော်မလေးကို ပေးဝတ်ထားတာဟာ ဘာသဘောလဲ ဆိုတာ သိချင်ပါတယ်"

ခါးထောက်ရင်း မေးလိုက်သော ဒေါ်ဇင်မာဝင်း စကားကြောင့် မိုးယံ ထိုင်နေရာမှ ဝုန်းကနဲ ထသည်။ လူတွေက ရီလေးကို ဝိုင်းကြည့်ကြသည်။

"မမကြီး.."

"မဇင်.. ဘာတွေ လျှောက်ပြောနေတာလဲ .. ဘာတွေပြောနေတာလဲ "

"မင်း မသိရင် နားထောင်နေလိုက် မိုးယံ၊ ငါတို့က ပွင့်ပွင့်လင်းလင်း သမားတွေ၊ ပြောင်အနှိမ်ခံနေရတာတော့ မခံနိုင်ဘူး၊ ဖြေပါ၊ ဒေါ်ထက်မေအောင် "

အားလုံး မေမေကြီးကို ကြည့်လိုက်ကြတော့ မေမေကြီး မျက်နှာက အေးအေးချမ်းချမ်းပင် ရှိသည်။ သူ့ကို ခါးထောက်ပြီး ပြောနေသော ဒေါ်ဇင်မာဝင်းကို ငြိမ်းချမ်းစွာပင် ကြည့်ရင်းပြောသည်။

"ဟုတ်ပါတယ်၊ ကျွန်မ အဲဒီ စိန်နားကပ်ကို သူတို့ ဆိုဈေး သိန်း၂၀ နှင့်ပဲ ဝယ်ခဲ့တာပါ၊ ကျွန်မရဲ့ သူငယ်ချင်း ဟိုမှာ ထိုင်နေတဲ့ စိန်ပွဲစား ဒေါ်မြကြည်က သင့်တော်တယ် ဆိုလို့ ပွဲစားအဖြစ် အဲဒီတုန်းက တာဝန်ယူခဲ့တဲ့ ကျွန်မ သမီး မှုယာမောင်ရဲ့ သူငယ်ချင်း ငြိမ်းငြိမ်းပိုဆီက ဝယ်ခဲ့ပါတယ်။ အဲဒီတုန်းက သူတို့ မပါပါဘူး"

မေမေကြီးက စကားကို အေးချမ်းစွာပင် ဆိုသည်။

"ကျွန်မတို့ ရောင်းတယ်ဆိုတာကို ပိုပိုက မပြောဘူးလား"

"ပြောပါတယ်.. ကေသီတာရဲ့ချစ်သူ မိုးယံမမရဲ့ ပစ္စည်းဖြစ်ကြောင်း ပြောပါတယ် "

မေမေကြီး စကားဆုံးတော့ ဒေါ်ဇင်မာဝင်းက ဟက်ဟက်ပက်ပက် ရယ်သည်။ ပရိတ်သတ်က ဒေါ်ဇင်မာဝင်းကို ကြောင်၍ ငေး၍ ကြည့်နေကြ၏။ မိုးယံစိုးမှာ ငွေကြေး အရရော၊ လူမှုရေးအရပါ တစ်သက်လုံး မှီခို အားထားခဲ့ရသော အစ်မတစ်ယောက် ဖြစ်နေသည့် အတွက် ရုတ်တရက် ဘာမှ ဝင်မပြောသာ။ ကြောင်ပြီး ငေးကြည့်နေမိသည်။ ကေသီတာလည်း ထိုနည်းတူ ဖြစ်သည်။ ဒေါ်ဇင်မာဝင်းသည် အားရပါးရ ရယ်ခြင်းကို ရပ်ပြီး မာန သံဖြင့်..

"ဒါဆိုရင် .. ဒေါ် ထက်မေအောင်က သိသိကြီးနှင့် ကျွန်မတို့ကို တမင်တကာ ချိုးတာပေ့ါ၊ နှိမ်တာပေ့ါ .. ဟုတ်လား"

"မမကြီး၊ မမကြီး .. အဲဒါတွေ.. မဟုတ်ဘူးလို့ ပြောလိုက်လေ"

ရီလေးက ဝင်ပြီး ကြုံးအော်သည်။ ကေသီတာက ဘာလုပ်ရမှန်း မသိ။ မေမေကြီးကို လှမ်းကြည့်တော့ မေမေကြီးက ကေသီတာကို လက်လှမ်းပြ၍ ကာပြီး ဒေါ်ဇင်မာဝင်းကို ကြည့်သည်။ မေမေကြီး မျက်နှာတွင် အပြုံး မရှိတော့။ တည်ငြိမ် ခန့်ငြားခြင်းသာ ရှိတော့သည်။ ဒီတော့ ရီလေးလည်း ငြိမ်နေလိုက်ရ၏။

"ဟောဒီက ခင်ရီလွင်ဟာ အိမ်ဖော်တစ်ယောက် ဆိုတာတော့ ဟုတ်ပါတယ်၊ သူ ဆယ့်တစ်နှစ် သမီး အရွယ် ကတည်းက ကျွန်မအိမ်ကို ရောက်လာပြီး ဆယ့်နှစ်နှစ် သမီး အရွယ်မှာ သူ့ရဲ့ တစ်ဦးတည်းသော အားကိုးရာ သူ့ မိခင် ဆုံးပါးသွားတယ်။ ဆယ့်လေးနှစ် သမီး အရွယ်ထိ ကျွန်မအိမ်မှာ အလုပ်တွေကို ကြိုးကြိုးစားစား လုပ်ခဲ့တယ်၊ လေးလေးစားစား လုပ်ခဲ့တယ်၊ သံယောဇဉ်နှင့် နေခဲ့တယ်၊ အဲဒါကြောင့် ကျွန်မက သူ့ကို ချစ်ခင်ပြီး အဲဒီ အရွယ်မှာပဲ ခု ပရိတ်ထဲမှာ ရှိနေတဲ့ ရွှေနေကြီး ဦးဝေမင်းသန့်နှင့် တိုင်ပင်ပြီးတော့ အမွေစား အမွေခံ အဖြစ်နှင့် မွေးစားခဲ့တာပါ၊ ခင်ရီလွင်ဟာ ကျွန်မရဲ့ သမီးတစ်ယောက်ပါပဲ"

ဒေါ်ဇင်မာဝင်းက ခေါင်းကို ခါရမ်းပြီး ဒေါ် ဆွေဆွေဦးက ဒေါသသံဖြင့် ဆိုသည်။

"မွေးစားလည်း အိမ်ဖော်က အိမ်ဖော်ပါပဲ၊ ပြီးတော့ သူ့ကို အများကလည်း ဒီအိမ်ရဲ့ အိမ်ဖော်လို့ပဲ ထင်ကြတယ်၊ အခုလို လုပ်လိုက်တာ သိပ်ပညာသားတဲ့ နိမ်နည်းပါ၊ ကျွန်မတို့ကလည်း ကျွန်မတို့ ဂုဏ်သိက္ခာနှင့် မာနနှင့် ပါ၊ အဆင်မချောတာလေး တစ်ခုကြောင့် နားကပ်တစ်ရံ ရောင်းတာဟာ ကျွန်မတို့ စီးပွားရေး ချွတ်ချုံကျနေတာ မဟုတ်ပါဘူး၊ နင်တို့ ပစ္စည်းလောက်တော့ ငါတို့က အိမ်ဖော်ပဲ ပေးဝတ်တယ် ဆိုတာမျိုး အသံတိတ် နှိမ်တာကတော့ ကျွန်မတို့ မခံနိုင်ဘူး၊ ကျွန်မတို့ကို သိန်း ၂၀ ဖိုး နှိမ်လိုက်တာပေါ့လေ၊ .. ဒါ လူကြီး လူကောင်းလား"

"မဆွေ.. မဆွေရဲ့ စကားတွေ သိပ်ကို လွန်နေပြီနော်၊ မေမေကြီး ကျွန်တော် တောင်းပန်ပါတယ် ခင်ဗျာ၊ အဲဒီ ကိစ္စတွေကို ကျွန်တော် သိလည်း မသိခဲ့ပါဘူး၊ အခုလို သိလိုက်ရလို့လည်း ကျွန်တော့် စိတ်ထဲမှာ ဘယ်လိုမှကို မနေပါဘူး၊ မဇင်နှင့် မဆွေတို့ရယ်.. လူကြီးတွေရဲ့ မျက်နှာနှင့် ကျွန်တော့် မျက်နှာကို ထောက်ကြပါဦးဗျာ၊ ဒါတွေက အရေးမကြီးတဲ့ ကိစ္စတွေပါ"

မိုးယံ စကားဆုံးသည်နှင့် ရှေ့နေကြီး ဝေမင်းဆန်းက ကြားဝင်ရတော့သည်။

"ဟုတ်ပါတယ်ဗျာ.. ကလေးတွေ အနေရ ခက်ကုန်ကြတာပေါ့၊ ဒီလို ကိစ္စမျိုးဆိုတာ နှစ်ဖက် ဆွေရယ် မျိုးရယ် ဖြစ်လာကြပြီ ဆိုရင် အေးအေးဆေးဆေးတဲ့ စိတ်နှင့် ရှင်းလို့ ရတဲ့ ကိစ္စတွေပါ၊ ကဲ.. ကျွန်တော်တို့ စေ့စပ်ပွဲကလေးကို ဆက်ရအောင်ပါ"

"ဒါ စေ့စပ်ပွဲမှ မဟုတ်ပဲ၊ ကျွန်မတို့ကို ခေါ်ပြီး အရှက်ကွဲအောင် ခွဲတဲ့ ပွဲပဲ"

"မမဇင်"

မိုးယံက ကြုံး၍ အော်သည်။

"ကျုပ်ကို ရှုးအောင် မလုပ်ကြပါနှင့် ဗျာ၊ ကြာရင် ကျုပ် ရှက်လို့ ရူးလိမ့်မယ်"

"အေး.. အရက်က နင်တစ်ယောက်ထဲ ရှိတာ မဟုတ်ဘူး၊ မိုးယံ၊ ငါတို့ မှာလည်း ရှိတယ်၊ ငါတို့ကရော မရက်ရဘူးလား၊ ဒါ တစ်သက်လုံး ရက်နေရမယ့် အရက်မျိုးဟဲ့.. မိုးယံရဲ့"

မောင်နမ နှစ်ယောက် အော်ဟစ်နေကြသည့် အချိန်တွင် ပွဲတက် ပရိသတ်လည်း ပွစိပွစိဖြင့် ပွက်လောရိုက်စ ပြုလာသည်။ မေမေကြီးသည် အခြေအနေအားလုံးကို တစ်ချက် ကြည့်လိုက်ပြီး တစ်ခုခုတော့ ပြတ်သားရတော့မည် ဆိုတာကို နားလည်လာသည်။

"ကဲ.. စေ့စပ်ပွဲကို လာကြတဲ့ ပရိတ်သတ်ကို ကျွန်မတစ်ခု ပြောချင်ပါတယ်၊ ယခု သတို့သားလောင်းဘက်က စွပ်စွဲတဲ့ သူတို့ကို နိမ်တယ်၊ အရက်ခွဲတယ်ဆိုတာ မဟုတ်ခဲ့ရိုး မှန်သော်လည်း သူတို့ အနေနင့်ကတော့ သူတို့ဘက်က ဒီလို ခံစားရတယ် ဆိုရင် မွေးစားသမီးပင် ဖြစ်ပေမယ့်လို့ သမီးတစ်ယောက်လို စိတ် ထားခဲ့မိတဲ့ ကျွန်မရဲ့ အပြစ်ကြောင့်လို့ ဝန်ခံပြီး တောင်းပန်ပါတယ် "

မေမေကြီး၏ စကားကြောင့် အောင်၊ မောင် နှင့် ကေသီတာတို့ အံ့သြသွားကြသည်။ စိတ်ကို ထိန်းထားသော မောင်သည် မေမေကြီးထံမှ ထိုစကားကို ကြားရသော အခါ စိတ်ကို ထိန်း၍ မရနိုင်တော့ပြီ။ လတ်ဆတ်သော လူငယ် တစ်ယောက်၏ ဒေါသသည် နှုတ်ဖျားသို့ ရုတ်ချည်း ခုန်တက်လာ၏။

"ဒီမှာ .. ကျွန်မတို့ လက်ဝတ်လက်စား ဝတ်တဲ့ အခါ ဘယ်တော့မှ သူတစ်ပါး လာရောင်းတဲ့ ပစ္စည်းကို ဝယ်မဝတ်ခဲ့ဖူးဘူး၊ ဒါပေမယ့် အဲဒီနေ့က ပိုပိုက ရှင်းပြတော့ မိုးယံနင့် ပတ်သက်နေတယ် ဆိုတာ တစ်ချက်ကို မေမေကြီးက စဉ်းစားပြီးတော့မှ နောင် ဆွေမျိုး ဖြစ်လာမယ့် သူတွေဆိုတဲ့ ဆုံးဖြတ်ချက်နင့် ဝယ်ခဲ့တာ၊ အဲဒါကို မေမေကြီးက ဘာမှတောင်းပန်နေစရာ မလိုဘူး၊ ကိုယ်ဝယ်ပြီးတဲ့ ပစ္စည်းပဲ သိမ်းပဲထားထား၊ လှူပဲ လှူလှူ၊ ပေးချင်တဲ့သူပေး၊ ခွေးပဲ ဆွဲပေးပေး ရောင်းပြီးတဲ့သူနင့် ဘာမှ မပတ်သက်ဘူး၊ မကျေနပ်ရင် လဲသာ သေလိုက်ကြပေတော့ "

မောင့် စကားဆုံးတော့ ဒေါ် ဖင်မာဝင်းနှင့် ဒေါ်ဆွေဆွေဦးတို့ ဝုန်းကနဲ ထရပ်သည်။ မောင့် တပ်လှန့်သံသည် စိန်ခေါ်သံ ဖြစ်သွားလေပြီ၊ မောင်တို့ကလည်း ထရပ်လိုက်ကြသည်။ မိုးယံက သူ့ အစ်တွေကို ဆွဲသည်။ ကေသီတာက အောင်နှင့် မောင်ကို ဆွဲသည်။ companyက ဝန်ထမ်းတွေနှင့် ဧည့်ပရိတ်သတ်များမှာ ဘာလုပ်ရမှန်း မသိ ဖြစ်ကုန်ကြသည်။

"မဖင် တော်ကြပါတော့ဗျာ၊ ဘာလဲ.. မဖင်တို့က ကျွန်တော့်ပွဲကို ဖျက်နေကြတာလား.. ဖျက်ကြမလို့လား"

"မိုးယံ နင်ဝင်မရှုပ်နှင့်၊ နင့်ဟာတွေက ငါတို့ကို ပြောနေတာ ကြားရဲ့လား"

"မဆွေတို့ကလည်း ပြောနေတာပဲ မဟုတ်လား"

ကေသီတာကလည်း အောင်နှင့် မောင်ကို ဆွဲရင်း တောင်းပန်သည်။

"အောင်နှင့် မောင်ရယ် သည်းခံလိုက်ပါ၊ ဒီကိစ္စတွေက အရေးမကြီးပါဘူး၊ မကေကို သနားရင် သည်းခံပေးကြပါနော်၊ မကေတောင်းပန်ပါတယ်"

"မမကြီးကို သနားလို့ တစ်လျှောက်လုံး သည်းခံနေခဲ့တာပေါ့ မမကြီးရဲ့၊ ဒီလောက် စော်ကားလာတာကိုတော့ မောင် မခံနိုင်တော့ဘူး၊ ဘယ့်နှယ် ကိုယ်ကလည်း ကူညီရသေးတယ်"

"အောင်တို့ ငြိမ်ခံနေရင် ဧည့်သည်တွေ ရှေ့မှာ သူတို့ ပိုကဲလာတော့မှာ"

ဟိုဘက် ဒီဘက် စကားတွေဆုံပြီး စေ့စပ်ပွဲသည် ရန်ပွဲအသွင်သို့ ရောက်မှန်းမသိ ရောက်လာကြသည်။ ဒေါ်ထက်မေအောင်ကတော့ ဘာမျှကို မပြောတော့၊ ဒေါ်ဖင်မာဝင်း အသံကလည်းစာ၍ ဒေါ်ဆွေဆွေဦး အသံကလည်း စူးနေသည်။ ပရိတ်သတ်ကလည်း နီးရာလူကို ဖြန်ဖြေကြသည်။ မရ။ ထိုအချိန်တွင် အော်သံနက်ကြီး တစ်ခု ထွက်လာသည်။

"ကျွန်တော့်ကို စကားခဏ ပြောခွင့်ပေးပါဗျာ၊ ကျွန်တော့်ကို ခဏလေး စကားပြောခွင့် မပေးကြတော့ဘူးလား ဗျာ"

မိုးယံ၏ အော်သံကြီးကြောင့် ပရိတ်သတ်က ခဏ ငြိမ်ကျသွားသည်။

"အခုပြောတဲ့ ကိစ္စကို ကျွန်တော် မသိရတာ အမှန်ပါ၊ ကြိုပြီး သိထားခဲ့ရင်လည်း အဲဒီ ကိစ္စက ကျွန်တော်နှင့် မကေအတွက် ဘာမှ မထူးခြားတဲ့ ကိစ္စပါ၊ ထိခိုက်မှုလို့လည်း ကျွန်တော် မခံစားရပါဘူး၊ ကျွန်တော်တို့ နှစ်ယောက်ရဲ့ စေ့စပ်ပွဲကို စာနာ နားလည်ပေးသော အားဖြင့် ဒီကိစ္စတွေကို ပြီးတော့မှပဲ ပြောကြပါလို့ ကျွန်တော် အနူး အညွတ် တောင်းပန်ပါတယ် ဗျာ.."

စကားပြောရင်း ငိုသံကြီး ပါလာသော မိုးယံစိုး၏ အသံကြောင့် လူတွေ တော်တော်များများ နားလည်သွားကြသည်။ ခဏလည်း ငြိမ်သွားကြသည်။ ဒီတော့မှ မေမေကြီးက ဆိုသည်..

"မောင်မိုးယံနှင့် သမီးကြီးကို ကျွန်မ နားလည်ပါတယ်၊ ဒါပေမယ့် ကျွန်မ နောက်ဆုံး စကားကို ပြောမှ ဖြစ်တော့မယ်လို့ ဆုံးဖြတ်ပြီး အခုရှုပ်မှ နောင်ရှင်းဆိုတဲ့ စကားအတိုင်း ရှေ့နေကြီးလည်း ရှိတုန်း တစ်ခါတည်း ပြောပါရစေ"

လူတွေက ဒေါ်ထက်မေအောင် ရှိရာဘက်သို့ တစ်ခါ ပြန်လှည့်ကြည့်ကြ ပြန်သည်။

"အခု စေ့စပ်မယ့် ကျွန်မက သမီးကြီးလို့ ခေါ်တဲ့ (ထိုအချိန်တွင် ဒေါ်ထက်မေအောင်နှင့် ကေသီတာတို့ မျက်ဝန်းချင်း ဆုံကြသည်) ကေသီတာဟာ အများသိသလို ကျွန်မရဲ့ သမီး အရင်း မဟုတ်ပါဘူး၊ သူလည်းပဲ မွေးစားသမီး ဆိုတာပါပဲ"

ပရိသတ်အားလုံး တိတ်ဆိတ်သွားသည်။ ကေသီတာသည် မိုးယံကို ဆွဲကိုင်ထားသော လက်ကို လွှတ်ချလိုက်ပြီး မျက်နှာကို တစ်ချက်အုပ်၍ အားရပါးရ

ရှိက်ကာ ပခုံးနှင့် ရင်တို့ တစ်ဆတ်ဆတ် တုန်၍ နေသည်။ မိုးယံက ကေသီတာ၏ ပခုံးကို ကိုင်လိုက်သည်။ ပခုံးကို ကိုင်ထားသော မိုးယံ၏ လက်များပါ တုန်၍ နေသည်။

"ကေ.. မကေ.. သူ .. ပြောတာ ဟုတ်သလား .. ဟုတ်လား .."

တစ်သိမ့်သိမ့် တုန်၍နေသော ပခုံးသည် ဖြည်းညှင်းစွာ ရပ်၍ သွားသည်။ ကေသည် မျက်နှာကို လက်ဖဝါးနှင့် အုပ်ထားတုန်းပင် ဖြစ်သည်။ ပြီးတော့မှ လက်များကို မျက်နှာမှ ခွာသည်။ ကေ မျက်ရည်တွေ ကျနေသည်။ သို့သော် မငိုပါ။

"ဟုတ်ပါတယ်၊ ကျွန်မလည်း ရီလေးလိုပါပဲ၊ မေမေကြီးရဲ့ မွေးစား သမီးတစ်ယောက် ဆိုတာ အမှန်ပါပဲ.."

ကေသီတာ့ စကားဆုံးသောအခါ အော်သံ ဟစ်သံတွေ ဆူညံ၍ သွားသည်။ ဘယ်သူတွေက ဘာတွေပြောလို့ ဘယ်သူတွေက ဘာတွေ အော်နေသည်ဆိုတာကို ကေသီတာ မမှတ်မိတော့။ ကေသီတာသည် ရပ်နေရာမှ နေရာ မရွေ့..

မိုးယံစိုး၏ အော်သံကိုလည်း ကြားရသည်။ သူ့အစ်မတွေနှင့် အောင်တို့ မောင်တို့၏ အော်သံတွေကိုလည်း ကြားရသည်။ မေမေကြီးက ဘာတစ်ခွန်းမျှ မပြောပဲ အိမ်ပေါ်သို့ တက်သွားသည်ကိုလည်း မြင်သည်။ အသံတွေကို ကြားသည်။ သို့သော် ထိုအသံတွေက ဘာအသံတွေမှန်းကို မသိတော့။ ရက်စက်သော တိုက်ပွဲကြီး အလယ်မှာ ရောက်နေသည့် တပ်သားသစ်လေး တစ်ယောက်လို ကေသီတာသည် ကြောင်ပြီး ရပ်နေသည်။ ခြံထဲက ကားတွေ မောင်းထွက်သွားသံများကို ကြားရသည်။

တိုးတိုးတိတ်တိတ် နှုတ်ဆက် ထွက်ခွာသွားသံများကိုလည်း ကြားရသည်။ ကေသီတာ့ အမြင်တွေအားလုံး ဝေဝါးနေသည်။ အသံ တစ်ချို့ကိုတော့ ဗလုံးဗထွေးနှင့် ကြားရပြန်သည်။ သူက မွေးစားသမီးတဲ့ ဆိုသော အသံကို ဖြစ်သည်။

အရာ အားလုံးသည် ...

အားလုံး ပြီးဆုံးသွားပြီ ဖြစ်လေသည်။

မေမေကြီးကို စမ်းသပ်နေသော ဒေါက်တာ ဦးခင်ထွန်းမှာ ကေသီတာတို့ အိမ်၏ family Doctor မိသားစု ဆရာဝန် တစ်ဦးဖြစ်သည့်အတိုင်း မေမေကြီး၏ ရောဂါ ဇစ်မြစ်နှင့် ဖြစ်ဖူးခဲ့သမျှ ရောဂါ အားလုံးကို သိပြီး ဖြစ်သည့်အတွက် ကေသီတာတို့ ညီအစ်မတစ်တွေ ဘာမျှ ပြောနေစရာမလိုပဲ လိုအပ်တာလေးတွေကို ဆောင်ရွက်ပေးဖို့သာ ရှိသည်။ ဒေါက်တာ ဦးခင်ထါန်းက မေမေကြီးကို ဆေးထိုးပေးသည်။ ပြီးတော့ သောက်ဆေးကို ရီလေးဆီ အသေအချာ ပေးသည်။ ဆေးတိုက်ချိန်ကို သေသေချာချာ မှာသည်။

"ဒေါ်ထက်မေအောင် အရင်အိပ်နေကျ အချိန်ကျမှ ညဆေးကို သောက်ပါ၊ ဒေါ်ထက်မေအောင် အိပ်မပျော်လို့ တွေးတဲ့ အတွေးတွေအတွက် နလုံးက ပိုပြီး အလုပ်လုပ်ရလို့ ပိုအားနည်းနေတာပါ၊ ဒီညတော့ အိပ်ပျော်မှာပါ၊ ကျွန်တော်ဆေးလည်း ထိုးပေးခဲ့ပါတယ်၊သူ အိပ်မပျော်ခင်ထိတော့ တစ်ယောက်ယောက်လောက်က သူ့အနားမှာ နေပေးစေချင်ပါတယ်"

"စိတ်ချပါ ဒေါက်တာ"

ဒေါက်တာ့ကား ထွက်သွားပြီးနောက် သူတို့ အိမကြီးသည် တိတ်ဆိတ်သွား ပြန်သည်။ သူတို့ ညီအစ်မတွေသည် တိုင်ပင်မထားပါပဲ စကားကို လိုမှသာ ပြောဖြစ်ကြ တော့သည်။ ပြောသည့် အခါတွင်လည်း စကားသံသည် အလိုလို တိုးနေတတ်သည်။ ကေသီတာသည် အိမ်ပေါ်ထပ် ပြတင်းခန်းဆီး အကွယ်မှနေ အိမ်ရှေ့သံတံခါးကို ကြောက်မက်ဖွယ်ရာကောင်းသော နေရာတစ်ခုလို ကြည့်နေမိသည်။ သူ ခြံအပြင် မထွက်တာ ဘယ်နှစ်ရက်ရှိပြီလဲ။

"မမကြီးကို မေမေကြီးက ခဏတဲ့"

ရီလေးက ခပ်တိုးတိုးလာပြောသဖြင့် ကေသီတာ လိုက်လာခဲ့သည်။ မေမေကြီးက သူ့ ခေါင်းရင်းနားမှာ ကပ်ထိုင်ဖို့ လက်ဟန်ဖြင့် ပြသည်။ ကေ ဝင်ထိုင်လိုက်တော့

မေမေကြီးက ကော့လက်ကလေးတွေကို ဆွဲယူ၍ သူ့လက်များဖြင့် အုပ်မိုး၍ ထားသည်။ ပြီးတော့ မေမေကြီးသည် မျက်ဝန်းများကို မှေး၍ မှိတ်ပစ်လိုက်သည်။ ရီလေးက မေမေကြီး ခြေဖဝါးကို နှိပ်ပေး၍ နေသည်။

"ငါ့ သမီးကြီးဟာ မွေးစားသမီးပါလို့ မေမေကြီး ပြောခဲ့လိုက်တာကို သမီးကြီး စိတ်ဆိုးသလား"

ကေသီတာ နှုတ်ဖျားက ဖွင့်မပြောပဲ ခေါင်းကိုသာ ခွရမ်းလိုက်သောကြောင့် ခေါင်းခါရမ်းခြင်းကို မေမေကြီး မမြင်ရသော်လည်း သူ အုပ်မိုးထားသော လက်ကလေးနစ်ဖက် ဘယ်ညာရမ်းသွားသဖြင့် မေမေကြီးက ပြုံးသည်။

"စေ့စပ်ပွဲမှာ ဘာမှ မဟုတ်တဲ့ ကိစ္စကလေးကိုတောင်မှ သူတို့ ဒီလောက် အကဲဆတ်နေရင် ငါ့သမီးကြီးက သူ့မောင်နှင့် အိမ်ထောင်ကျပြီးမှ မွေးစားသမီးမှန်း သိရင် ငါ့သမီးလေးကို ပြဿနာ ရှာကြတော့မယ်၊ စိန်နားကပ်နေ့ကတည်းက ပြောပါလား၊ မွေးစားသမီး ဆိုတာကို တမင်ချန်ထားပြီး ထိုးထည့်တယ် ဆိုတဲ့ သူတို့ဘက်က ယူဆချက်နှင့် ငါ့သမီးကလေး စိတ်ချမ်းသာရမှာ မဟုတ်ဘူး၊ ဒါ့ကြောင့် သူတို့ကြည်ဖြူရင် ယူစေဆိုပြီး သမီးလေးရဲ့ အဖြစ်မှန်ကို ဉာဏ်နှင့် ဆင်ခြင်ပြီးမှ မေမေကြီး ပြောခဲ့တာပါ"

"သမီး ကျေနပ်ပါတယ် မေမေကြီး၊ တစ်ကယ်လို့ မပြောရင်တောင် သမီးကဖွင့်ပြောတော့မှာပါ၊ မေမောကီးပြောတော့ သမီးအတွက် ပိုကောင်းသွားတာပေါ့"

ဒေါ်ထက်မေအောင် ချောင်းတော်တော်လေး ဆိုးပြီးတော့ မော၍နေသည်။ ရေပုလင်းကို လက်ညှိုးထိုးသဖြင့် ကေသီတာ ရေတိုက်ရသည်။

"ငါ့ သမီးကြီး မမေမေကြီး အပေါ် မကောင်း မမြင်ဘူးဆိုတာကို ယုံပါတယ်၊ ဒါပေမယ့် ငါ့သမီးကြီး အတွက် မေမေကြီး စိတ်မကောင်း ဖြစ်မိတာလည်း တစ်ကယ်ပါပဲ"

"မေမေကြီး.. မကေ ဆိုတဲ့ မေမေကြီးရဲ့ သမီး အကြီးကို ချစ်ရင် .. မေမေကြီး အိပ်ရေးဝအောင် အိပ်တော့နော်၊ ညဘက် ဒီအကြောင်းတွေကို တွေးမနေနှင့်တော့၊

ဖြစ်ခဲ့တဲ့ ကိစ္စဟာ အကြောင်းရာ တစ်ခု၊ လူတစ်ယောက်ကြောင့် ဖြစ်ခဲ့ရတာမှ မဟုတ်ပဲ၊ အကြောင်းရာပေါင်းများစွာ၊ လူပေါင်းများစွာ၊ တိုက်ဆိုင်မှုပေါင်းများစွာတွေနှင့် အချိန်ကိုက် ဖြစ်ခဲ့တာပါ။ သမီးရဲ့ ကံကြမ္မာက စီစဉ်ထားသလို အတိအကျ ရောက်လာခဲ့တာပါ။ မေမေကြီးရဲ့ မှန်သော စကားတစ်ခွန်းတည်းကြောင့် မဟုတ်ဘူးဆိုတာ သမီး အမြဲတမ်း နားလည်ပါတယ် မေမေကြီး၊ မေမေကြီး.. ယုံပါ..''

''လိမ္မာလိုက်တဲ့ သမီးကြီးရယ်''

ဒေါ်ထက်မေအောင်က ပြုံးရင်း ဖွဖွကိုင်ထားသော ကော့လက်ကလေးများကို ဖိညှစ် ဆုပ်ကိုင်လိုက်သည်။ ခြေရင်းဘက်တွင် သံပုရာသီးဖြင့် မေမေကြီး၏ ခြေဖဝါးကို လိမ်း၍ ပေးနေသော ရီလေးက ''အိ'' ကနဲ ကြိတ်၍ ငိုသံထွက်သံလာသည်။ ရီလေးကလည်း ထိုကိစ္စကို သူ့ကြောင့်ဟု ထင်ထားသူဖြစ်သည်။

''ရီလေး.. ဒီအကြောင်းပြောရင် မငိုရဘူးလို့ မမကြီး ဘယ်နှစ်ခါ ပြောရမှာလဲ''

ရီလေး ဘာမှ ပြန်မပြောပဲ မျက်ရည်ကို သုတ်သည်။

''ကဲ.. သမီးတို့ သွားကြတော့၊ မေမေကြီး ခဏမှေးလိုက်ဦးမယ်၊ အိပ်ပျော်တော့လည်း အိပ်တာပေါ့၊ မေမေကြီးရင်ထဲမှာ ရှင်းပြီး အေးသွားပါပြီကွယ်''

''ဆရာဝန်က မေမေကြီး အနားမှာ နေပေးရမယ်တဲ့''

''မေမေကြီးကို စိတ်ချပါ၊ တစ်ယောက်တည်း စိတ်လွတ်ကိုယ်လွတ် နားချင်လို့ပါ''

ဒါနှင့်ပင် ကေနှင့် ရီလေးတို့ မေမေကြီး အခန်းနံဘေးက ဝရံတာသို့ ထွက်လာခဲ့သည်။

''သူ့ အစ်မတွေက ကိုမိုးယံကို အတင်းဆွဲခေါ်သွားတော့ မေမေကြီးကလှမ်းပြီး ပြောပါသေးတယ်၊ မိုးယံစိုး.. သားတဲ့၊ မင်း မေမေကြီးကိုနားလည်ရင် တစ်ယောက်တည်း

လာခဲ့ပါတဲ့၊ မေမေကြီးတို့ မျှော်နေမယ်တဲ့၊ အဲဒီလို ပြောလိုက်တာ မမကြီးရဲ့၊ ကိုမိုးယံစိုး ရောက်ချင်ရောက်လာမှာပါ ”

ရီလေးစကားကြောင့် ကေ မျက်လွှာကိုချပြီး ခေါင်းကို ရမ်းသည်။ ပြီးတော့ တည်ငြိမ်သော အသံဖြင့် ငြင်သာစွာပင် ပြောသည်။

“သူ မလာတော့ပါဘူး ရီလေး၊ သူ.. သူ့ အစ်မတွေရဲ့ စကားကို နားထောင်သွားပါပြီ၊ သူ့ အစ်မတွေက မကေဆီကို သူပြန်မလာနိုင်တော့အောင် သူတို့အိမ်ကို ရောင်းပြီး သူ့ကို နိုင်ငံခြား ပို့လိုက်ပြီ၊ သူဟာ သူ့အတွက် ပေးဆပ်ခဲ့တဲ့ သူ့မိသားစုကို ပြန်လည်ကူညီနိုင်တဲ့ ယောက်ကျားကောင်း တစ်ယောက်ဖြစ်ပါစေလို့ပဲ မကေ ဆုတောင်းရတော့မှာပေါ့၊ အဲဒါ ပိုပိုဆီက နောက်ဆုံးရခဲ့တဲ့ သတင်းပဲ”

ကေသီတာ့ စကားဆုံးတော့ ရီလေး တိတ်သွားသည်။ ဘာမျှ မပြောတော့။ ကေသီတာ ပန်းခြံကလေးထဲမှာ တိတ်တဆိတ် ပွင့်နေသော ပန်းကလေးတွေကို ငေးကြည့်ရင်း ငယ်စဉ်တုန်းက အဖေဖြစ်သူ “ကျောပေါ်မှာထိုင်ရင်း ဘုရားပွဲ သွားခဲ့ရတာကို အဆက်စပ်မရှိ သွားသတိရသည်။ အဖေ့ပုံရိပ်ကို ဖမ်းကြည့်တော့ ဝိုးတဝါးမျှသာ..။ မထင်ရှားတော့။ ကေသီတာသည် သူ့ နှုတ်ခမ်းကို သူကိုက်လိုက်သည်။

သူသည် ငယ်ကံ မကောင်းခဲ့သဖြင့် မိရင်း၊ ဖရင်းဖြင့် မနေခဲ့ရပါ။ ဒေါ်ထက်မေအောင်နှင့် တွေ့၍ ကံကောင်းပြီး အေးချမ်းစွာဖြင့် ငြိမ်ဝပ်ပိပြား၍ ပညာတတ်သော မိန်းမငယ်လေးဘဝကို မွေးစားသမီးတစ်ယောက် အနေနှင့် ရရှိခဲ့ သော်လည်း အိမ်ထောင်ရေးကံမှာမူ စေ့စပ်ပွဲအထိသာ ခံခဲ့သောကြောင့် ဆိုးဝါးသည်ဟုသာ ဆိုရမည်။ သို့သော်… သူ တစ်စုံတစ်ယောက်ကိုတော့ မျှော်လင့် နေချင်သေးသည်။

မွေးစားသမီး တစ်ယောက်အနေဖြင့် သူ ကောင်းမွန်စွာ နေထိုင်ခဲ့သည့်အတွက် သူ့ ကံကြမ္မာထဲမှာ တစ်စုံတစ်ခုသော မျှော်လင့်စရာလေး ရှိမည်ဆိုလျှင် မျှော်လင့် နေချင်ပါသည်။ မွေးစားသမီး တစ်ယောက်၏ ဘဝမှာ ရင်နှင့်ရင်း၍ ရသော နွေးထွေးသည့် မျှော်လင့်ချက် ကလေးမျိုးမျှသာ ဖြစ်သည်။ သူ မျှော်လင့်၍ နေသည်။ ပန်းခြံကလေးကို

ငေးကြည့်ရင်း ကေသီတာ ပန်းခြံကလေးထဲမှာ တစ်ယောက်တည်း သွားထိုင်နေချင်မိသည်။

ခုနက မေမေကြီး ပြောသလို တစ်ယောက်တည်း စိတ်လွတ် ကိုယ်လွတ်ကို နားပစ်လိုက်ချင်သည်။ မေမေကြီးကို သွားကြည့်တော့ အိပ်ပျော်နေပြီ ဖြစ်သည်။ ထို့ကြောင့် ရီလေးကို ပခုံး အသားတို့ပြီး မေမေကြီးအနားမှာနေဖို့ သတိပေးလိုက်သည်။ ပြီးတော့ သူ ပန်းခြံထဲသို့ တစ်ယောက်တည်း ဆင်းလာပြီး ပန်းကလေးတွေ ပွင့်နေသော ခုံတန်းကလေးတွင် ထိုင်ကာ အသံမဲ့ အရောင် တစ်ခုတည်းနှင့်သာ ပွင့်နေသော ပန်းကလေးတွေကို ငေးနေမိသည်။

ပြီးတော့ သူမ အတွေးထဲမှာ စေ့စပ်ရက် ရွေးသည့်နေ့တုန်းက သူချက်သော ဟင်းကို အားရပါးရ စားနေသော ကိုနိုင်ဝင်းထွန်း၏ မျက်နှာကို မြင်ယောင်လာသည်။ မိုးဖွဲကလေးများ ကျလာ၍ ထီးထုတ်အဆောင်းတွင် သူ့လက်ဖမိုး ပေါ်သို့ ရုတ်တရက် ကျလာသော နွေးထွေးစေသည့် လက်အစုံကြောင့် ရင်ဖို၍ မော့ကြည့်သောအခါ သူ့ကို ငုံ့၍ ငေးနေသော မိုးယံစိုး၏ မျက်နှာကိုလည်း ပြန်လည် မြင်ယောင်သည်။

သူမ နံဘေးမှာ ပန်းကလေးတွေက အရောင်တစ်ခုတည်းနှင့်သာ တည်ငြိမ်စွာ ပွင့်၍ နေကြသည်။ ပန်းကလေးတွေသည် လောကကြီးကို သူတို့ရသော အရောင်တစ်ခုတည်းနှင့် တည်ငြိမ်စွာ ရင်ဆိုင်နေကြပါသည်။ ကေသီတာလည်း မွေးစားသမီးဆိုသော အရောင်ကလေးနှင့် ပန်းကလေးတစ်ပွင့်လို လောကကြီးကို တည်ငြိမ်စွာ ရင်ဆိုင်ချင်ပါသည်။

ကေသီတာ့တွင် ထို မျှော်လင့်ချက်ကလေးသာ ရှိပါသည်။

# အခန်း (၃)

# ကောင်းဇော်

ဟင်းရည် ထည့်ထားသော ချိုင့်ကို သတိထား၍ ကိုင်ရမည်ဟု တွေးရင်း ခြံတံခါးကို မြန်မြန် သော့ခတ်ရသည်။ ဒီနေ့ အုန်းနို့ ငါးဖယ်ဟင်းကြောင့် နည်းနည်း လက်ဝင်ပြီး နေ့စဉ် ထမင်းပို့ချိန်၏ မိနစ် အစိတ်ခန့် နောက်ကျနေပြီ ဖြစ်သည်။ ခြံတံခါး သော့ခတ်ပြီး လှည့်အထွက်တွင် သူတို့ အိမ်ရှေ့ လမ်းကလေးပေါ်မှ တစ်လမ်းတည်းသား မိန်းမကြီး နှစ်ယောက်က "ထမင်းပို့လား" ဟု ကေသီတာ့ကို လှမ်းမေးကြသည်။

"ဟုတ်ကဲ့ အန်တီ၊ ထမင်းပို့ပါ"

"ဒီနေ့ နည်းနည်း နောက်ကျသလားလို့"

"ဟုတ်တယ် အန်တီရယ်၊ လက်ဝင်တဲ့ ဟင်း ချက်မိလို့"

သုံးယောက်သား ရယ်လိုက်ကြပြီး လမ်းထိပ်ရောက်တော့ လမ်းခွဲသွားကြသည်။ ကေသီတာက ကားမှတ်တိုင်သို့ ခပ်သွက်သွက် လျှောက်ရင်း ၁၀ မိနစ်လောက်စောင့်လို့မှ ကားမလာလျှင် ကက ငှားဖို့ ဆုံးဖြတ်လိုက်သည်။ နေ့လည်ခင်းလဲဖြစ်၊ လူဆင်း လူတက်လည်း နည်းသော မှတ်တိုင်လည်း ဖြစ်သဖြင့် ကားစောင့်နေသူက ကေသီတာ တစ်ယောက်တည်း သာရှိနေသည်။

ကေသီတာသည် မှတ်တိုင်မှ ကျောက်ထိုင်ခုံပေါ်တွင် ထမင်းချိုင့်ကို တင်၍ ကားပေါ်အတက်တွင် ထမီခိုင်စေရန် လှည့်၍ ပြင်အဝတ်တွင် ကားမှတ်တိုင် နောက်ဘက်ရှိ မြောင်းထဲတွင် ထိုအရာကို တွေ့ရခြင်းဖြစ်သည်။ ယောက်ကျားကိုင် ခေါက်ပိုက်ဆံအိတ် တစ်အိတ်သည် ပွင့်ဟလျက် ခပ်စောင်းစောင်း ရှိနေပြီး အညို ဖြစ်သည်။ နံဘေးမှာ ကြက်သွေးရောင် စာအုပ်တစ်အုပ်၊ မှတ်ပုံတင်ဟု ထင်ရသော အရာတစ်ခု၊ နောက်ထပ် စာအုပ်လေးတစ်အုပ်နှင့် စာရွက်ခေါက်ကလေးများ ..။

ဆောင်းရာသီ ဖြစ်သဖြင့် ရေခန်း၍ ဗွက်ထနေသော ရေမြောင်းထဲတွင် နစ်နေခြင်း ဖြစ်သည်။ မြောင်းနှုတ်ခမ်းမှာ အမည်မိသသော ရေကြိုက်ပင်တွေ ပေါက်နေကြ၏။

ပတ်ဝန်းကျင်ကို ကြည့်တော့လည်း လူက မရှိ။ မြောင်းနား အသေအချာ တိုးကပ်၍ ကြည့်သောအခါ မျက်ပုံတင်မှန်း သေချာသဖြင့် ကေသီတာ ဘယ်လိုလုပ်ရမလဲ စဉ်းစားသည်။ ကူညီချင်လျှင် မြောင်းစပ်သို့ တိုးကပ်၍ ကောက်ယူယုံမှ တစ်ပါး အခြားမရှိပြီ။

ကေသီတာ မြောင်းအစပ်သို့ အရဲစွန့်ပြီး ဆင်းလိုက်သည်။ သူ့ ဘယ်ခြေထောက် သည် ဖိကနဲ မြေကြီး ခြောက်ဟန်ဆောင်ထားသော ရွံ့ဗွက်ထဲသို့ တိုး၍ ဝင်သွားသည်။ ကေလက်လှမ်းလိုက်တော့ မှတ်ပုံတင်ကို ရသည်။ စာအုပ်ကလေးကို လှမ်းနေတုန်း ကိုရွှေကားက လာနေသည်။ မြုပ်နေသည့် ခြေထောက်က ပြန်နှုတ်လို့ မရတော့။ ရဦးတော့ ခြေထောက်မှာ ရွှံ့တွေနှင့် သူ့ကို တင်မည် မထင်။

ရေ့ ရွှံ့မြောင်းထဲသို့ ကိုယ်ကို လဲကျမသွားစေရန် အတော်ကြိုးစားထိန်းကာ တွေ့သမျှ အားလုံးကို ကေသီတာ ကောက်ပြီး ပြန်တက်လာတော့ ခြေထောက်နှစ်ဖက်စလုံး ဗွက်တွေ ပေနေပြီဖြစ်သည်။ အိမ်ကို တစ်ခေါက်ပြန်၍ ရေဆေးရုံမှ လွဲ၍ ဘာမျှ မတတ်နိုင်တော့။

ထမင်းချိုင့်ကိုဆွဲ ထမီကိုဆွဲကာ ခြေထောက်မှာ ဗွက်တွေနှင့် သူ့ကို လူတွေက ဝိုင်းကြည့်ကြသည်။ သူမဘာမျှ ရှင်းပြမနေတော့၊ ခြေထောက်ရေဆေးရင်း ဖိနပ်လဲရင်းနှင့်မှ ဖတ်ကြည့်တော့ တစ်ခုက နိုင်ငံသား စိစစ်ရေးကဒ်ပြား။

မောင်ကောင်းဇော်

၄-၈-၁၉၈၅

ဗမာ

ဗုဒ္ဓ.. တဲ့။

နောက်ကြက်သွေးရောင် စာအုပ်ကလေးကိုကြည့်တော့ passport စာအုပ်ကလေး ဖြစ်သည်။ သက်တမ်း တစ်ကြိမ်သာ တိုးရသေး၏။ လိပ်စာနှစ်ခုကို ကြည့်တော့ မတူ။ passport ထဲမှာပါသည့် လိပ်စာပေါ်မှာ ထိုးထားသည့် လက်မှတ်နှင့် နေ့စွဲက ၂၀၀၇ မို့ ထိုလိပ်စာက အမှန် ဖြစ်ပုံရလိမ့်မည်။ သိမ်ကြီးဈေးသို့ သွားနေသော ကားလေးပေါ်တွင် ကေသီတာတွေးရင်း ပါလာသည်။ သူဘာလုပ်ရရင် ကောင်းမလဲ။ ရီလေးတော့ ခုလောက်ဆို ဆာလို့ မဖြူတို့ ဆိုင်ကပဲ ထမင်းဝယ်စားနေပြီလား မသိ။

မေမေကြီး လွန်ခဲ့သည့် (၂) နှစ်က ဆုံးသည်။

မေမေကြီး ဆုံးပြီး တစ်နှစ်အကြာမှာ အောင်က အလျင် အိမ်ထောင်ကျသွားသည်။ အောင်သည် မောင့်ဆီကို လာနေသော မောင့်သူငယ်ချင်း ဆရာဝန်ကလေးနှင့် အိမ်ထောင်ကျသွားသည်။ ဟိုတစ်ဖက်ကလည်း ပြည့်စုံသူတွေမို့ အောင့်ကို သမီးလေး တစ်ယောက်လိုပဲ ခေါ်သွားချင်ကြသည်။ ထို့အပြင် မောင်ကလည်း ဆ/မ လိုင်စင်အတွက် နယ်သို့ (၂) နှစ်သွားပြီးလျှင် ရန်ကုန်သို့ ပြန်ရရန် ခဲယဉ်းသဖြင့် မထူးတော့ပြီဟု သဘောထားကာ လက်ထပ်ရန် ဆုံးဖြတ်လိုက်သောအခါ သူတို့နေခဲ့သော အိမ်ကြီးကိစ္စကို ရှေ့နေ ဦးဝေမင်းဆန်းနှင့် တိုင်ပင်၍ အားလုံး သဘောတူသော ဈေးနှင့် ရောင်းချလိုက်ကာ ဘဏ်ငွေများ၊ စုဆောင်းပစ္စည်းများ၊ လက်ဝတ်လက်စား အားလုံးတို့ကို ရှေ့နေနှင့် သက်သေများ ရှေ့တွင် မေမေကြီး၏ ဆန္ဒအတိုင်း ခွဲဝေကြသည်။

ဤတွင် ကေသီတာက သိမ်ကြီးဈေးမှ မေမေကြီး တစ်သက်လုံး ရောင်းချ နေခဲ့သော၊ မိတ်လည်းရှိနေပြီ ဖြစ်သော ငါးခြောက်နှင့် လက်ဖက်ကုန်စုံဆိုင်ကို ငွေနှိမ်၍ ယူရာ၊ ရီလေးကလည်း ကေသီတာနှင့်ပင် အတူနေမည် ဆိုသဖြင့် ရီလေးကပါ ငွေတစ်ဝက် စိုက်ပါသည်။ အောင်နှင့် မောင်ကလည်း အခြေအနေအရ သူတို့ ဆက်မထိန်းနိုင် တော့သော ဆိုင်ကို သူစိမ်းလက်ထဲ အပ်ရမည့် အစား ကိုယ့်ချင်းချင်းပေးရသဖြင့် ဝမ်းသာအားရပင် ငွေ အလိုက်အထိုက်နှင့် ကျေနပ်လိုက်ကြသည်။

ထို့ကြောင့် ကေသီတာနှင့် ရီလေးတို့ နှစ်ယောက်သည် ရန်ကုန်မြို့ အစွန်ရပ်ကွက်ကလေး တစ်ခု၌ ပေ (၈၀) မြေတစ်ကွက် ဝယ်ပြီး အိမ်ဆောက်၍ နှစ်ယောက်သား အတူနေလာကြသည်မှာ တစ်နှစ်နီးပါးပင် ရှိပြီ ဖြစ်သည်။

ဆိုင်ကိုရောက်တော့ ရီလေးမှာ ထမင်းဝယ်မစားပဲ ကေ့ကို စောင့်နေသည်ကို တွေ့ရသည်။

"မမကြီး တစ်ခုခုကြောင့် ကြာနေတာ၊ လာကို လာမှာလို့ ရီရီက ကျိန်းသေ တွက်ထားတာ၊ ဘာဖြစ်လို့ ဝယ်စားရမှာလဲ၊ နေဦး.. ထမင်းစားပြီးမှ ရီလေးကို ပိုက်ဆာအောင် လုပ်တဲ့ ငနဲ သေချာကို ကြည့်ရဦးမယ်"

ရီလေးသည် သူချက်လာသော အုန်းနို့ ငါးဖယ်ဟင်းကို ထမင်းနှင့် အားရပါးရ စားရင်းက ပြောနေသည်။ ရီလေး ထမင်းစားတုန်း ကေက ဈေးရောင်းပေးရသည်။ ညနေ ဈေးသိမ်းတော့ ညီအစ်မနှစ်ယောက် အတူတူ ပြန်ကြသည်။ အပူပင်ဆို၍ ဘာမျှ မရှိ။ ရီလေးက ထမင်းစားပြီး လက်ဖက်ရည်တစ်ခွက်ကိုသောက်ရင်း ပိုက်ဆံအိတ်ကို ဖွင့်ကြည့်သည်။

"အံမယ်.. နာမည်က ကောင်းဖော်ဆိုပါလား၊ ပိုက်ဆံအိတ်ထဲမှာ တစ်ပြားမှ ပါမလာပုံထောက်တော့ ကေနဲ့ ခါးပိုက်နှိုက်နှင့်တွေ့ပြီး ဟိုက သူတို့ သုံးမရတာတွေ လွှင့်ပစ်သွားတာ နေမှာပေါ့၊ ဟော.. ဒါကဘာလဲ၊ ကာလာနှင့် ကြောင်လျှာသီးတွေ ဘာတွေနှင့် ဆိုတော့ ရုပ်တော့ ဖြောင့်သားပဲ၊ ဟင်း.. မမကြီးတို့ကတော့ လုပ်ပြန်ပြီပေါ့လေ"

ရီလေးက passport ကို လက်ဖဝါးနှင့် တစ်ဖတ်ဖတ်ရိုက်ရင်း ဆိုသည်။

"တော်စမ်းပါ ရီလေးရယ်.. အဲဒါက အရေးကြီးတယ်၊ နိုင်ငံခြားသွားဖို့ လုပ်ထားတဲ့ လက်မှတ် ရီလေးရဲ့"

"လာပြန်ပြီလား.. နိုင်ငံခြား တစ်ယောက်"

"မမနှင့် ဘာဆိုင်လို့လဲ ရီလေးရဲ့၊ မနေနိုင် မထိုင်နိုင် ကောက်မိတာတော့ ဝန်ခံပါရဲ့၊ ကောက်မိပြီးတော့ အကြောင်းကိုသိတော့ ပိုဆိုးတာပေါ့၊ အဲဒီ လက်မှတ်မရှိရင် သူ တော်တော် ဒုက္ခရောက်မှာ.. ပြန်ပေးဖို့ သင့်တာတော့ အမှန်ပဲ"

"ဒါကတော့ ပေးရမှာပေါ့၊ ကိုယ့်ဆီထားလို့ ဘာမှ အကျိုးမရှိတာ"

"ဟုတ်တယ်.. အဲဒါ ပြန်လည်း ပေးချင်တယ်၊ ပတ်လည်း မပတ်သက်ချင်ဘူး၊ ဘယ်လိုလုပ်ရင်ကောင်းမလဲ"

ရီလေးက နှုတ်ခမ်းကို ဆွဲဆန့်ပြီးမဲ့၍ ကေသီတာ့ကို မေးထိုးသည်။ ပြီးတော့ passport ကိုင်ပြီး နားထင်ကို တစ်ဖတ်ဖတ်ရိုက်ရင်း အကြံထုတ်နေပြန်သည်။

"လိပ်စာက ရန်ကင်းဆိုတော့ အဝေးကြီးတော့ မဟုတ်ဘူး မမကြီးရဲ့၊ ဒီတော့ ရန်ကင်းကိုသွားပြီးတော့ .. ဟာ ရှုပ်ပါတယ်၊ ကိုယ်က ကြားက ပင်ပန်းဦးမယ်၊ မတွေ့ရင် ဘာညာက လာဦးမယ်.."

ကေက ရီလေး ပြောနေတာတွေကို နားထောင်မနေတော့ပဲ ဝယ်သူပါးတုန်း မနေ့က ရောက်သည့် ငါးမြွေထိုးခြောက်တွေ ခြောက်လွှန်းသဖြင့် ရေတောက် ပေးနေလိုက်သည်။

"ဟာ.. အကြံ ရပြီ မမကြီး၊ ဒီလိုလုပ်၊ ရပ်ကွက်ရုံးခန်းကို ညနေဘက်ကျရင် သွားပေးလိုက်မယ်၊ ကျွန်မတို့ မြောင်းထဲက ကောက်ရတယ်ပေါ့၊ အဲဒါ ဥက္ကဋ္ဌကြီးတို့က တစ်ဆင့် လိပ်စာအတိုင်း ပို့ပေးပါပေါ့၊ မကောင်းဘူးလား၊ ကိုယ်နှင့်လည်း မပတ်သက်တော့ဘူး၊ အေးရော.."

"အေး.. ကောင်းတယ်၊ ရီလေး.. ငါ့ ညီမလေးက အဲဒါတွေ အားကိုးနေရတာ"

ရီလေးက သူ့ကို လှည့်မကြည့်ပဲ ငါးခြောက်တွေကို ရေတောက်နေရင်း ကျောပေးပြောနေသော ကေ့ကို နောက်ဘက်မှ ပြောင်ပြလိုက်သည်။ ပြီးတော့ pass port စာအုပ်ထဲက ကောင်းဇော်ဆိုသူ၏ ခပ်တည်တည်ပုံကို ကြည့်၍ မဲ့လိုက်၏။

ထိုနေ့သည် ဥပုသ်နေ့ဖြစ်သဖြင့် ကေသိတာတို့ ညီအစ်မနစ်ယောက် မြန်မာစာတန်းထိုး ကိုရီးယားတစ်ခွေ၊ လက်ဖက်သုပ်၊ ရေနွေးကြမ်းနှင့် နေ့ခင်းဘက် ငြိမ့်နေကြသည်။ အရေးထဲ ကိုရီးယား ဇာတ်လမ်းက မကေလို စေ့စပ်ဖို့အတွက် ကောင်လေးက အလုပ်ရှာသော ဇာတ်လမ်းဖြစ်နေ၏။ ထိုးနေသော မြန်မာစာသားတွေက ကေ့အတွက် အနှောင့်သွား မလွတ်တာတွေ ဖြစ်နေသဖြင့် ရီလေးက ...

"အခွေလဲလိုက်မယ်၊ မမကြီးရာ..၊ ကားကြီးက ဘာကားကြီးမှန်းမသိဘူး၊ အာဖျံကွီးပဲ၊ ဒီမှာ "တံတိုင်းနီနှင့် တိုက်ပွဲ"တဲ့၊ ဖိုက်တာတွေ ပါမယ်ထင်တယ်၊ ရှေးကားကြီး မမကြီးရဲ့၊ ကိုရီးယားကို ရှေးအဝတ်စားနှင့် ပိုကြိုက်တယ်"

ရီလေးက သူ့ဘာသာသူ ပြောပြီး သူ့ဘာသာ ခွေလဲသည်။ ထိုစဉ်မှာပင် "အစ်မတို့.. အစ်မတို့" ဟူသော ခေါ်သံ ခြံအပြင်ဘက်မှ ကြားရသဖြင့် ကေ ထကြည့်တော့ တံခါးဝမှာ လူလေးငါးယောက်ကို တွေ့ရသည်။

"ဘာကိစ္စလဲ မသိဘူးရှင့်"

"ခြော်.. အစ်မ ရုံးခန်းကို လာပို့သွားတဲ့ မှတ်ပုံတင်နှင့် pass port လေ၊ အဲဒါ ပိုင်ရှင်က ပြန်ရပြီး အစ်မကို တွေ့ချင်တယ်ဆိုလို့ လိုက်ပို့တာ"

ထိုအချိန်တွင် ရီလေးလည်း နောက်မှ ရောက်လာသဖြင့် ရီလေးက "ပြေးလို့ မလွတ်ပါလား" ဟု ခပ်တိုးတိုးပြောရင်း အိမ်ထဲမှ ထွက်၍ အိမ်ရှေ့တံခါးကို ဖွင့်ပေးသည်။ ကေ က အိမ်ထဲပြန်ဝင်သည်။

"ကောက်ရတဲ့ လူက သူပါ၊ ကျွန်မရဲ့ မမ"

"ကျေးဇူးတင်လိုက်တာ သမီးရယ်၊ အန်တီ့သားကလေးက အဲဒီ Pass port ပျောက်ရင်တော့ အသေအချာကို ဒုက္ခရောက်မှာ၊ သားက လုံးချင်း အိမ်ယာတွေ ဆောက်တဲ့ လုပ်ငန်းမှာ ဝရိန်ဆရာလေ၊ သားရဲ့ ဆရာက အခု ဂျပန်ကို သွားနှင့်ပြီ၊ သူ့ဆရာနှင့်သူ ဒီ pass port ကို အတူလုပ်တာလေ၊ သူ့ဆရာက ဒီ pass port နံပတ်ကို မှတ်သွားတာ၊ ခေါ်ရင် သူက အဲဒီ နံပတ်နှင့်ပဲ ခေါ်မှာမို့ ပျောက်သွားတော့ ဒေါင်းတောက်သွားတာပဲ သမီးရယ်၊ ကျေးဇူးပါပဲ"

မေမေကြီးတို့ အရွယ်လောက်ရှိမည့် မိန်းမကြီး တစ်ယောက်က လက်ကို စုံကိုင်လှုပ်ရမ်းရင်း ဝမ်းသာအားရ ပြောနေသည်။ ကေကလည်း သူ ကောက်ရသည့် အဖြစ်ကို အကျဉ်းချုံး၍ ပြောပြလိုက်သည်။

"အိမ်ကို လာပေးတော့ အရမ်းဝမ်းသာ သွားကြတာပေါ့၊ ဒါနှင့် လာပေးတဲ့ ကလေးတွေကို ကျေးဇူးတင်တာနှင့် မုန့်ဖိုးပေးပါတယ်၊ သူတို့က မယူပဲ ငြင်းတယ်၊ သူတို့ ကောက်ရတာ မဟုတ်ဘူးဆိုပြီး ပြောပြတော့မှ သမီးတို့မှန်း သိရတာ၊ သူတို့ကိုလည်း မုန့်ဖိုး အတင်းပေးရတာပေါ့၊ ဟဲ့.. သား မောင်ကောင်း ပေးလိုက်လေ"

အဲဒီတော့မှ အားနာနေသော မျက်နှာနှင့် ဓာတ်ပုံထဲက လူသည် သူဆွဲလာသော ကျွတ်ကျွတ်အိတ် နှစ်လုံးကို လှမ်း၍ ကမ်းပေးသည်။

"ဟာ.. မလုပ်ပါနှင့်၊ ကျွန်မတို့ မယူပါရစေနှင့်၊ ဒါ.. ဒီလိုပဲ ပို့ပေးလိုက်တာပါ၊ မယူပါရစေနှင့်"

"မလုပ်ပါနှင့် အစ်မရယ်၊ ကျွန်တော် ဒီဟာသာ ပျောက်ရင် တစ်ကယ့်ကို ဒုက္ခမို့ ၃ ရက်လောက် အိပ်လို့ကို မရတာ၊ ဘယ်လောက်ထိလဲဆို အိပ်မရတဲ့ အဆုံးညကြီး သန်းခေါင် ၂ နာရီလောက်ထပြီး ဓာတ်မီးတစ်လက်နှင့် အိမ်ကနေ ကားမှတ်တိုင်ထိ ပြန်ရှာတာ.. တစ်နေ့ခင်းလုံး တစ်ညနေလုံး ရှာပြီးသားကို စိတ်ထဲမှာ နေလို့ မရလို့ ပြန်ရှာမိတာပါ၊ ပြန်ရတော့ ကျွန်တော် ဘယ်လောက် ဝမ်းသာလိုက်မလဲ ဆိုတာ အစ်မပဲ စဉ်းစားကြည့်ပါတော့၊ ဒီတော့ ဒီမုန့်ကို လက်ခံပါ အစ်မရယ်.. ယူပါ.."

ရိုးသားပုံရသော ဟန်ပန်၊ မျက်လုံးနှင့် စကား အသုံးနှုန်းတို့ကို ကေသီတာ သတိထားမိသည်။ သူက လက်ထဲက အထုပ်ကို ကေသီတာ့ထံ အတင်းထိုးပေးနေသည်။ ကေသီတာတို့ကြားမှ သူ့မိခင် ဖြစ်ဟန်တူသော အန်တီကြီးက ထိုသူ့လက်ထဲမှ အထုပ်တစ်ထုပ်ကို ကေသီတာ့ဘက် ထိုးပေးပြီးနောက် နောက်တစ်ထုပ်ကို ရီလေးထံသို့ အတင်းထိုးပေးသည်။

"အမယ်လေး .. မယူပါရစေနှင့်၊ ကောက်ရတာ မမကေ တစ်ယောက်တည်းပါ၊ ဒီက မပါပါဘူး"

"လာပေးတာ အစ်မနှစ်ယောက် ဆိုလို့ နှစ်ယောက်စာ ဝယ်လာတာပါ ခင်ဗျာ၊ ယူပါ"

ရီလေးလည်း ငြင်းမရ သဖြင့် ယူလိုက်ရသည်။ မတ်တပ်ကြီးတွေ ဖြစ်နေသဖြင့် ကေက နေရာပေး၍ ရီလေးက လက်ဖက်သုပ် သုပ်သည်။ ထိုင်မိကြတော့ ကိုယ့် မိခင်အရွယ် မိန်းမကြီး တစ်ဦးလည်း ပါသဖြင့် မေးမြန်း စုံစမ်းသော အကြောင်းတွေကို ကေက အကျဉ်းချုပ်သာ ဖြေဆိုခဲ့သည်။

"ညီ အစ်မနှစ်ယောက်တည်း ဆိုတော့ ကောင်းတာပေါ့၊ အန်တီလည်း သားအမိနှစ်ယောက် တည်းပဲ၊ အန်တီက အထက်တန်းကျောင်း ဆရာမကနေ ပင်စင် ယူလိုက်တာပါ၊ သားလေးက ဝါယာရိန်းနှင့် YIT ပြီးတာလေ၊ အခုလည်း အဆောက်ဦးတွေ ကန်ထရိုက်တိုက်တွေမှာ မီးဆင်တဲ့ အလုပ်ပဲ လုပ်နေတာ"

"ဪ.. ကောင်းသားပဲ .."

"သမီးတို့ အရောင်းအဝယ်တွေရော .."

"အရောင်း အဝယ်ကတော့ ဒီလိုပါပဲ အန်တီရယ်၊ သူ့ ရာသီအလိုက်ပေါ့၊ ကျွန်မတို့ ဘိုးစဉ် ဘောင်ဆက် အလုပ်လို ဖြစ်နေတော့ မိတ်ရှိပြီးသားမို့ မဆိုးပါဘူး၊ ဆိုပါတော့ အန်တီ"

ကောင်းဇော်ဆိုသူက တော်တော် စကားနည်းပုံရသည်။ ညှော်ခန်းမှာ ချိတ်ထားသော ဘွဲ့ယူဝတ်စုံဖြင့် ရိုက်ထားသောပုံကို ငေး၍နေသည်။ လက်ဖက်သုပ် ရောက်လာတော့ ညှော်ခံရပြန်သည်။

"ဘာပဲ ဖြစ်ဖြစ်ပေါ့ သမီးရယ်၊ ဒါ ကံပါလို့ ဆုံကြရတယ်လို့ပဲ သဘောထားပါတော့၊ အန်တီ သိမ်ကြီးဈေးဘက် ရောက်တဲ့အခါလည်း သမီးတို့ဆိုင်ကို ဝင်ခဲ့ပါဦးမယ်"

"ဟုတ်ကဲ့၊ ကျွန်မတို့က တစ်ယောက် တစ်လှည့်စီ ရောင်းကြတာဆိုတော့ တစ်ယောက်မရှိ၊ တစ်ယောက်တော့ ရှိပါတယ်"

"အို.. ရပါတယ်.. ဘယ်သူပဲ ရှိရှိပေါ့၊ သိနေကြပြီပဲဟာ.. မဟုတ်ဘူးလား"

ဘာမှ မဟုတ်ပါပဲ ရယ်မောဖြစ်ကြသည်။ ထိုအန်တီနာမည်က ဒေါ်စောမြိုင်ဟု ခေါ်သည်။ "ကျောင်းသားတွေကတော့ တီချယ်မြိုင်လို့ ခေါ်ကြတယ်" ဟု အန်တီကြီးက ရယ်မောရင်း ဆိုသည်။ လုပ်သက်ရင့် ကျောင်းဆရာမကြီး တစ်ယောက်မို့ လို့လားတော့ မသိ။ စကားပြော အလွန်ကောင်းသည်။ လက်ဟန်ခြေဟန်နှင့် ဆိုတော့ အန်တီမြိုင့် စကားတွေက နားထောင်ရတာ မျက်စိထဲ တန်းမြင်သည်။ ပြန်ကာနီးတော့မှ ကေ့ကို တစ်ချက်စိုက်ကြည့်ရင်း ကောင်းဇော်က ဆိုသည်..

"ကျွန်တော် တစ်ခုတော့ တောင်းဆိုပါရစေဗျာ.."

"ဟုတ်ကဲ့ရှင့်.. ပြောပါ"

"ကျွန်တော် pass port ပျောက်တာ သတင်းစာ နှစ်စောင်စလုံးမှာ ကြော်ငြာ ထည့်ခဲ့ပါတယ်၊ တွေ့လျှင် ထိုက်တန်စွာ ကျေးဇူးဆပ်မည်လို့လည်း ပါပါတယ်၊ ဒီတော့ အခု လက်ဆောင်က ဘာမှ မဟုတ်ပါဘူးဗျာ၊ ကျွန်တော် ဒီက ညီမနှစ်ယောက်ကို အိမ်မှာ ထမင်းဖိတ်ကျွေးပါရစေဗျာ၊ အဲဒါလေး တစ်ခုတော့ ခွင့်ပြုပေးပါ"

"မလုပ်ပါနှင့်ရှင်၊ တစ်ခြားကြောင့်တော့ မဟုတ်ပါဘူး၊ ကျွန်မတို့မှာက ညီအစ်မနှစ်ယောက်တည်း ဆိုတော့ ဈေးဆိုင်တစ်ဖက်နှင့် မအားကြလို့ပါ ရှင်"

"အို.. သမီးတို့ကလည်း အခုလို ဈေးပိတ်တဲ့ ဥပုသ်နေ့ တစ်နေ့နေ့ပေါ့၊ သမီးရဲ့၊ သမီးတို့က ကျေးဇူးရှင် ဖြစ်သွားတော့ အန်တီတို့မှာ ကျေးဇူးကြီး တင်နေတယ်၊ ဝမ်းမြောက်ဝမ်းသာ ဆပ်ပါရစေ.. သမီးတို့ မငြင်းပါနှင့်"

"အန်တီရယ်.. အန်တီတို့ အခုလို လက်ဆောင်တွေ ပေးတာနှင့်တင် သမီးတို့က ကျေနပ်ပါပြီ၊ အန်တီတို့လည်း ကျေနပ်လိုက်ကြပါတော့နော် "

အန်တီမြိုင်သည် ကေ့စကားကြောင့် ငိုင်၍သွားသည်။ စိတ်မကောင်း ဖြစ်သွားပုံလည်း ရသည်။ တွေ့ကတည်းက ပြုံး၍ နေသော အန်တီမြိုင့် မျက်နှာမှာ အပြုံးက ပျောက်၍သွားသည်။ ပြီးတော့ သက်ပြင်းကိုချသည်။ မျက်မှန်ကို ချွတ်ပြီးသုတ်ရင်း ခေါင်းကို ညိတ်ကာ ပုံမှန် လေသံဖြင့် ဆိုသည်။

"အန်တီရော.. အန်တို့သားပါ စိတ်ဆင်းရဲမှုကြီး တစ်ခုကနေ လွတ်သွားအောင် ကူညီပေးခဲ့တဲ့ သမီးတို့ကို အန်တီက ကျေးဇူးတင်လို့ ကျွေးချင်တာပါ ကွယ်၊ သမီး ပြောတဲ့ ပုံစံက အန်တီတို့နှင့် ဆက်မပတ်သက်ချင်တော့တဲ့ သဘောများ .."

"အာ.. အဲဒီလိုတော့ မဟုတ်ပါဘူး၊ အန်တီ မဟုတ်ပါဘူး၊ အခု အန်တီတို့ပေးတဲ့ လက်ဆောင်နှင့် သမီးတို့က ကျေနပ်ပါတယ်လို့ ပြောချင်တာပါ"

အန်တီမြိုင်က ပြုံး၍ ခေါင်းကိုသာ ခါနေသည်။

"ကျွန်တော် တစ်ခုတော့ ပြောပါရစေဦးခင်ဗျာ၊ ဒီရပ်ကွက်က ကလေးတွေ လာပေး၊ အဖြစ်မှန် သိရတော့ မေမေနှင့် ကျွန်တော်လည်း ချက်ချင်း ထွက်လိုက်လာကြရင်းနှင့် လမ်းမှာတွေ့တဲ့ ဆိုင်က ကောင်းမယ်ထင်တာတွေ လျှောက်ဝယ်လာတဲ့ လက်ဆောင်မျိုး ဖြစ်နေလို့ပါ၊ တစ်ခုခု အခက်ခဲ မရှိဘူးဆိုရင်တော့ ကျွန်တော်တို့ ဖိတ်တာ လက်ခံပေးပါဗျာ"

တောင်းတောင်းပန်ပန် စကားများကြောင့် ကေသီတာ ငြင်းရခက်သွားသည်။ ရီလေး အကြံအတိုင်း ရပ်ကွက်ရုံးမှ တဆင့် ပို့မိတာ များသည်ဟု သူ့ကိုယ်သူ အပြစ်တင်နေမိသည်။ အမှန်ဆို သူ့လိပ်စာ တပ်ပြီး ကိုယ့်လိပ်စာ မတပ်ပဲ စာတိုက်ကနေ တစ်ဆင့် ထည့်ပေးလိုက်ဖို့ ကောင်းသည်။

ကေသီတာသည် ယောက်ျားလေးတွေကို အကြောင်း တစ်စုံတစ်ရာနှင့် ဆုံတွေ့ရမှာကို လန့်နေသည်။ ထို့ကြောင့် တတ်နိုင်သမျှ ဖြတ်ချင်၍ ငြင်းနေသည်ဆိုသော အန်တီမြိုင်၏ စကားမှန်သော်လည်း ထိုအချက်သည် သူတို့နှင့် ဘာမျှ မဆိုင်သော မိမိကိုယ်ရေးကိုယ်တာမို့ မဟုတ်ဘူး ပြန်ငြင်းနေရခြင်း ဖြစ်သည်။ အခုလည်း ဘယ်လို ငြင်းရမယ်မှန်း မသိဖြစ်နေသည်။

"သမီးတို့က ငြင်းနေဦးမယ်ဆိုရင်တော့ အန်တီက ထမင်းတွေ ဟင်းတွေချက်ပြီး ဆိုင်ကို လာပို့ရမလို ဖြစ်နေရပြီ"

"အာ.. အဲဒီလိုတော့ မလုပ်ပါနဲ့ အန်တီရယ်၊ သမီးတို့ အခုလာမယ့် ဥပုသ်ဈေးပိတ်ရက်မှာ လာခဲ့ပါ့မယ်"

"ဝမ်းသာလိုက်တာ သမီးရယ်"

ထို့နောက် ထွေရာ လေးပါး စကားတွေ ပြောကြရင်း ညနေစောင်းလောက်မှ သားအမိ နှစ်ယောက်သား ကတိအကြိမ်ကြိမ်တောင်း၍ ပြန်သွားကြလေသည်။ ဒေါ်စောမြိုင်တို့ မြင်ကွင်းမှ ပျောက်သွားသည်နှင့် ရီလေးက ပြုံးစစနှင့် ဆိုသည်။

"မျက်လုံးမှာ လမ်းကြောင်းတွေ ရှိတယ်နော်.. တို့ကတော့ အဲဒီ လမ်းကြောင်းတွေကနေ လွတ်တယ်၊ မမကေတို့ကတော့.."

"တော်ပြီ .. ရီလေး၊ တိတ်လိုက်တော့ ဖြစ်နိုင်ရင် မကေ သွားကို မသွားချင်ဘူး၊ မကေ ယောကျ်ားလေးတွေကို အကြောင်းရာတစ်ခုခုနှင့် ဆုံရမှာ အရမ်းကြောက်တယ်၊ မကေမှာက ဒဏ်ရာတွေနှင့်၊ ရီလေးကို မကေ အခု ကတည်းက သတိပေးထားမယ်၊

အခုလာမယ့် ဥပုသ်နေ့ ထမင်းစားသွားပြီးရင် သူတို့နှင့် ပတ်သက်ဖို့ ကိစ္စဆို ဘယ်ကိစ္စဖြစ်ဖြစ် တတ်နိုင်သလောက် ရှောင်ပါ၊ စကားပြောဆင်ခြင်ပါ၊ မကေ ဘယ်သူနှင့်မှ ထပ်ပြီး မပတ်သက်ချင်ဘူး၊ ရီလေး.. အဲဒါ ကြို သတိပေးတာပဲ.. ”

“မမကေရယ် .. ဥပါဒါန်ကြောင့် ဥပါဒ်တော့ မရောက်ပါစေနှင့်ပေါ့၊ မမမှာ နိုင်မာတဲ့ ဆုံးဖြတ်ချက်ရှိရင် ပြီးပါတယ်”

ကေသီတော့ အာရုံသည် အတိတ်သို့ ပြန်ရောက်သွားပြန်သည်။ ထိုနေရာတွင် တစ်ချို့ အရိပ်တွေက ရပ်၍ တစ်ချို့က အသံတွေ သေဆုံးနေပြီး ကျန်အရာများက မီးလောင်ကျွမ်း လျှက်ပင်ရှိနေသေးသည်ကို အလန့်တကြား မြင်လိုက်ရသည်။

---

ထမင်းဝိုင်းမှာ ဟင်းက စုံလှသည်။ ငါးသလောက်ပေါင်း၊ ဝက်သားနီချက်၊ ဘဲသားနှင့် ကြံမဆိုင် ဟင်းချို၊ ငံပြာရည်ချက်၊ ဆိတ်ကာလီစာ၊ ပုစွန်ထုပ်ပြုတ်ကြော်၊ ငါးကြင်းကြော်နှပ်၊ ပဲကြီး ဟင်းချို.. တို့စရာကလည်း စုံလှသည်။ အချက်အပြုတ်ကို ဝါသနာပါပြီး ကောင်းကောင်းလည်း ချက်တတ်သော ကေသည် ထိုဟင်းများအတွက် ဒီ သား အမိနစ်ယောက် ဘယ်လောက်ဗျာများကြမည်ဆိုတာ ခန့်မှန်းမိသည့်အတွက် အတော်လေး အားနာနေမိသည်။

ထမင်းစားပြီးတော့ အချိုပွဲအတွက်က ဆနွင်းမကင်း၊ ငှက်ပျောသီး မီးဖုတ်နွားနို့ဆမ်းနှင့် လိမ္မော်ရည်တို့ ဖြစ်သည်။ ထမင်းစားပြီးသော်လည်း ကေတို့က ပန်းကန်တွေ ဝိုင်းသိမ်းပေးကြရင်း ဝိုင်းဆေးဝိုင်းသုတ် လုပ်ကြသည့်အခါကျမှ ဒေါ်စောမြိုင်သည် ကျောင်းဆရာမ ပီသစွာ .. ပန်းကန်ခွက်ယောက်၊ အိုးနှင့်ဆိုက်ဒ်စုံ စတီးလ် ယောင်းမများ၊ ဇွန်းခက်ရင်း စီထားပုံ၊ ဆိုဒ် အကြီးအငယ်လိုက် ဆင့်၍ ထားသော အချိုပန်းကန်များ၊ ဆေးပြီးသော ပန်းကန်တွေ၊ ဇွန်းတွေ၊ ယောင်းမတွေအားလုံးကို ရေနွေးနှင့် ထပ်ဆေးခြင်း စသည့် စံနစ်တကျ အိမ်မှု ကိစ္စ နိုင်နင်းခြင်းကို နမူနာ ရလိုက်သည်။ ကေလည်း မီးဖိုချောင်သန့်တာကို ကြိုက်ပါသည်။

သို့သော် ဒေါ်စောမြိုင်ကိုတော့ မမှီ။ ကေသည် သူလိုအပ်နေတာတွေကို နမူနာယူရင်း ဒေါ်စောမြိုင်ကို အတိုင်းတာ တစ်ခုထိတော့ လေးစားသွားမိသည်။ သူ ကျောင်းဆရာမ ဘဝတုန်းက သူ့ ကျောင်းသားတွေကို ဘယ်လောက်ထိ စည်းကမ်း ဦးစားပေးလိုက်မလဲဟု ကေသိတာ တွေးနေမိပြန်သည်။ ထမင်းစားပြီး ထွေရာလေးပါး ပြောဖြစ်ကြတော့ ကောင်းဇော်သည် စကားကို သတိကြီးစွာနှင့် လေးလေးစားစား ပြောတတ်သည်ကို တွေ့ရသည်။ အန်တီမြိုင်၏ ဆုံးမမှု တစ်ခုပင် ဖြစ်လိမ့်မည်ထင်သည်။

"သမီးတို့ အိမ်မှာ မီးတို့ ဘာတို့နှင့် ပတ်သက်တာ ရှိရင် ပြုပြင်စရာ ရှိရင် ပြောပေါ့၊ သားက ကူညီပေးနိုင်တာပဲဟာ"

"ကျွန်တော် မကေသီတာတို့ အိမ်ရောက်တုန်းက အကျင့်ပါနေလို့ လား မသိဘူး၊ ဝါယာကြိုးတွေကို ကြည့်မိတယ်၊ လုပ်ထားတာကတော့ မဆိုးပါဘူး၊ ဒါပေမယ့် ရေခဲသေတ္တာနှင့် လျှပ်စစ်မီးဖိုကို လိုင်းတစ်လိုင်း သပ်သပ် ခွဲမထားဘူး၊ မကေသီတာတို့မှာက မီးအားမြင့်စက်ရှိတော့ မီးပျက်တဲ့ အခါ ရေခဲသေတ္တာနှင့် လျှပ်စစ်မီးဖိုကို မပိတ်မိပဲ အင်ဗာတာကို ဖွင့်မိရင် ရေခဲသေတ္တာရော အင်ဗာတာပါ နှစ်ခုစလုံး လောင်သွားမှာပဲ၊ လူရှိရင် တော်သေးတယ်၊ လူ မရှိရင် ဝါယာ ရှော့ခ်က တစ်ဆင့် မီးလောင်တာတွေပါ ဖြစ်တတ်တယ်"

"သား အားတဲ့နေ့ သွားလုပ်ပေးလိုက်ပေါ့"

အန်တီမြိုင်က အေးဆေးစွာပင်ဆိုသည်။

"ဟာ.. နေပါစေ အန်တီ၊ ကျွန်မ ဦးလေးက E.P.C ကပါ၊ ဒီမီးတွေလည်း သူပဲ ဆင်ပေးတာလေ၊ မီးတွေ ဆင်ပြီးမှ အင်ဗာတာက ဝယ်တာဆိုတော့ သူက ခုနက ကိုကောင်းဇော်ပြောသလို ပြောပါတယ်၊ သူလာလုပ်ပေးမယ်တဲ့၊ ကျွန်မတို့ကလည်း အိမ်မှာရှိခဲ့တော့ အပြင်ထွက်ပြီဆိုတာနဲ့ အဝင်ထွက် မိန်းခလုတ်ကို တစ်ခါတည်း ချခဲ့တာပဲ"

"အဲဒါ မှန်တယ်၊ လူမရှိရင် ဒီနည်းက အကောင်းဆုံးပဲ"

"ကျွန်မ ဦးလေးက သေသေချာချာ မှာထားလို့ပါ၊ ဟိုကိစ္စကလည်း သူပဲ လုပ်ပေးပါလိမ့်မယ်၊ ကိုကောင်းဇော် လာမနေပါနဲ့၊ ဒီ အပတ်ထဲ လိုင်းခွဲပေးမယ်လို့တော့ ပြောတယ်"

ရီလေးသည် သူ့မမကြီး ကေသီတာကို ငေး၍ ကြည့်နေသည်။ ကေသီတာသည် တစ်ကယ့်ကို ကောင်းဇော်ကို မဆက်ဆံမိအောင် ကြိုးပမ်းနေကြောင်း အံ့သြဖွယ်ရာ တွေ့နေရသည်။ ကေသီတာ့မှာ E.P.C က ဘယ်ဦးလေးမှ မရှိပါ။ ကေသီတာက သိသမျှလေးတွေနှင့် ရမ်းတုတ်နေခြင်းသာ ဖြစ်သည်။ သို့သော် ဉာဏ်သည် ကံကိုနိုင်ခဲ့သည် ဆိုသော စကားကို မသိသဖြင့်သာ ကေသီတာ ဉာဏ်ဆင်နေခြင်း ဖြစ်ပါသည်။ ထိုဆင်နေသော ဉာဏ်သည် ကံကို မနိုင်ကြောင်း အခုတော့ ကေသီတာ သိသွားပြီ ဖြစ်သည်။

ဆောင်းအကုန် နွေရာသီ အစမှာပင် မန္တလေး ဈေးကြီးသည် ဝါယာကြိုးမှ ရှော့ခ်ဖြစ်၍ မီးလောင်ခဲ့ရာ ဈေးကြီး တစ်ဈေးလုံးနီပါး ဆုံးရှုံးခဲ့သဖြင့် ဈေးသည်များ များစွာ ထိခိုက်ခဲ့ရပြီး နိုင်ငံတော်အတွက်လည်း ကြောက်ခမန်းလိလိ ဆုံးရှုံးမှုများ ရှိခဲ့သည်။ ထို့ကြောင့် ကေသီတာတို့ ဈေးကိုလည်း ဝါယာကြိုးများ စစ်ဆေးခြင်း၊ အသစ်လဲခြင်း၊ လုံးဝ ပြုပြင်ခြင်း စသော လျှပ်စစ်နှင့် ပတ်သက်၍ ကြံ့ခိုင်ရေး လုပ်ငန်းများကို ဈေးကြီး တစ်ဈေးလုံး လုပ်ကြရာတွင် ထိုအဖွဲ့ထဲ၌ ကောင်းဇော်ပါလာခဲ့သည်။

ကေသီတာသည် ဈေးရောင်းနေတုန်း ကောင်းဇော် ရောက်လာတော့ စိတ်ထဲမှာ တစ်မျိုး ဖြစ်သွားသည်။ စိတ်ပဲ ရှုပ်သွားသလိုလို၊ အနှောင့် အယှက်ပဲ ဖြစ်သွားသလိုလို တစ်မျိုးကြီး ခံစားနေရသည်။ ကောင်းဇော်တို့၏ အိမ်မှာ ထမင်းစားပြီးကတည်းက မတွေ့ကြရတာ ရက် ၂၀ လောက်ရှိနေပြီ မဟုတ်ပါလား။ ကေသီတာ့ စိတ်ထဲမှာတော့ လာပြန်ပြီ နောက်တစ်ယောက်ဟု ဆိုကာ အာရုံ နောက်သွားတာတော့ အမှန်ပင် ဖြစ်သည်။ ရီလေးကလည်း ဒီနေ့ အိမ်မှာ ကျန်ခဲ့သဖြင့် လူမှုရေးအရ သူမကပဲ ဧည့်ခံရတော့သည်။

"ကောင်းဇော်ပါလား.. ဈေးလာဝယ်တာလား "

"ဈေးကို လာတာတော့ ဟုတ်ပါတယ်၊ ဈေးလာဝယ်တာတော့ မဟုတ်ဘူး မကေသီတာ.."

ထိုစကားမျိုးကို အကောင်းဆုံး ရှောင်နည်းမှာ ဘာစကားမှ ပြန်မပြောပဲ ပြုံးနေလိုက်တာပဲ ဖြစ်သည်။

"မန္တလေးဈေး မီးလောင်တာ ကြားတယ် မဟုတ်လား"

ကောင်းဇော်စကားကြောင့် ကေသီတာ ကြောင်သွားသည်။ အင်းလေ.. သူမက ဈေးရောင်းသူ ဆိုတော့ ဈေးနှင့်ဆိုင်တဲ့ စကားနှင့်ပဲ စတာ ထင်ပါရဲ့ဟု သဘောထား လိုက်ရင်း ဝတ်ကျေတန်းကျေပင် ခေါင်းကို ညိတ်ပြလိုက်သည်။

"အဲဒီ မီးက ဝါယာရှော့ခ် ဖြစ်တာက တစ်ဆင့် လောင်တာလေ၊ အဲဒါကြောင့် ဒီဈေးထဲက ဝါယာတွေကို စစ်ဖို့ ကျွန်တော်တို့ အဖွဲ့တွေကို ဌာနက လွှတ်လိုက်တာနဲ့ ကျွန်တော်လဲ ပါလာတာ၊ ကျွန်တော်ကျတဲ့ ဘက်က ဟိုးဘက်မှာပါ၊ မကေသီတာတို့နှင့် ဝေးပါတယ်၊ ဈေးထဲရောက်တော့ သတိရလို့ လျှောက်မေးတော့ ဈေးသူဈေးသားတွေက မကေသီတာတို့ကို တော်တော်များများက သိကြတာပဲ၊ သူတို့ ညွှန်လိုက်တာနှင့် ရောက်လာတာ.."

"ဟုတ်ကဲ့.. ဟုတ်ပါရဲ့ ကေမေ့နေတာ၊ ပြီးခဲ့တဲ့ တစ်ရက် နှစ်ရက်ကပဲ ဈေးလူကြီးတွေက ဝါယာကြိုးတွေ စစ်မယ်၊ လိုအပ်ရင်လဲမယ်၊ စိတ်မချလို့ လဲချင်ရင် လဲပေးမယ်လို့ ပြောသွားတယ်"

"ဟုတ်ကဲ့.. အဲဒီ ကိစ္စ အတွက်ပါပဲ"

ကေသီတာနှင့် ကောင်းဇော်သည် အပေါ်နှင့်အောက် လှမ်းပြီး စကားပြောကြခြင်း ဖြစ်သည်။ လာလေ.. ထိုင်ပါဦးလားဟု လောကွတ်လုပ်လို့မရ။ ဆိုင်ပေါ်မှာ ထိုင်စရာ နေရာက နှစ်ယောက်စာလောက်ပဲ ရှိသည်။ သို့သော် ဝယ်သူများ အမောပြေစေရန်၊ အညောင်းညာပြေ ထိုင်ရန်အတွက် ချပေးထားသော ခုံလေး နှစ်ခုံတော့ ရှေ့နားမှာ ချထားတာ ရှိသည်။ အဲဒီခုံမှာထိုင်လျှင် ကေသီတာနှင့် သူ့အကြားမှာ ငါးခြောက်တွေက ခြားနေမှာ သေချာသည်။

"ဒါဆို ထိုင်ပါဦးလား၊ အဲဒီရှေ့မှာ ခုံလေးတွေ ရှိတယ်လေ"

"အာ.. မထိုင်တော့ဘူး.. အလုပ်ကဒီနေ့ပဲ စတာ၊ မစခင် မကေသီတာတို့ ဆိုင်ကို ခဏလာရှာတာ သွားရမှာ.."

ကေသီတာ ဝမ်းသာစွာဖြင့် ပြုံးရင်း ခေါင်းကို ညိတ်သည်။ သို့သော် .. ကံတရားက ကေသီတာ့ဘက်မှာ ပါဟန်မတူပါ။

"ဟယ်.. ကောင်း.. ကောင်း.. နင် ကောင်းဇော် မဟုတ်လား"

"အာ.. ရင်ရင်သိန်း၊ နင်က ဒီမှာ ဘယ်တုန်းက ဆိုင်ထွက်နေတာလဲ"

"ဟဲ့.. ဒါ ငါ့ ဆိုင်မဟုတ်ဘူးဟ၊ ငါ့ ယောက်ျားဆိုင်လေ .."

"အောင်မာ.. ကိုယ့်ယောက်ျားဆိုင် ကိုယ့်ဆိုင်ပေါ့ဟ"

ကောင်းဇော်နှင့် ရင်ရင်သိန်းတို့ အားရပါးရ ရယ်လိုက်ကြသည်။ ကေနှင့် သူငယ်ချင်းတွေ ဖြစ်ပုံရသည်။ ကေတို့ဆိုင်သည် အပြင်ဘက်ဆုံးတန်းဖြစ်ပြီး ထောင့်ခန်းမို့ ဈေးအတွင်းဝင်လာသော လမ်းက ကေတို့ ညာဘက်တွင်ရှိသည်။ ထိုလမ်း၏ နံဘေး ပထမဆိုင်က ရင်ရင်သိန်းတို့ ဆိုင်ဖြစ်သည်။ ရင်ရင်သိန်းတို့က ယိုမျိုးစုံ၊ မုံ့ခြောက် ပန်းခြောက်နှင့် ပင်လယ်ထွက် ပစ္စည်း အနည်းငယ်ရောင်းသည်။ သူ့ယောက်ကျားက မြိတ် (ဘိတ်) မှ ဖြစ်သည်။

"အေးပေါ့ဟ၊ နင်က ကေသီတာနှင့် သိတာ ကြာပြီလား"

"သိပ်မကြာသေးပါဘူး"

"ကေသီတာရေ.. ဒါ ငါတို့ ကျောင်းတုန်းက စာဘက်မှာ ဆရာကြီးတွေပေါ့၊ ၁ဝ တန်းဖြေတော့ သူက 3 ဒီနှင့် YIT ရသွားတာလေ၊ အဲဒီ ကတည်းက မတွေ့ရတော့တာ၊ နင်ဘာလုပ်လာတာလဲ ကောင်း.. ကေသီတာ့ကို လာရစ်တာလား .."

"ဟာ.. နင်ကလည်း ဘာတွေ လျှောက်ပြောနေတာလဲ .. ငါ နင်တို့ ဈေးက ဝါယာကြိုးတွေ လာပြင်တာ၊ နင်.. ကျောင်းတုန်းက အတိုင်းပဲ.. စကားပြောရင် စွတ် စွတ် ပြောတယ်"

"ငါ့ အကျင့်က ဒီအတိုင်းပဲလေဟာ.. ယောက်ျားရသွားတော့ ပိုဆိုးလာတာပေါ့.. ဟဲဟဲဟဲ"

"အေးပါဟာ.. သတိတော့ထားပေါ့၊ ငယ်သူငယ်ချင်းတွေ ပြန်တွေ့ရတာ ဝမ်းသာပါတယ်၊ ငါ အလုပ်ရှိလို့ သွားဦးမယ်၊ မကေသီတာ သွားပြီ"

"ဟုတ်ကဲ့ရှင့်"

ကောင်းဇော် ထွက်သွားတော့ ကေသီတာ ဖတ်လက်စ မဂ္ဂဇင်းကို ပြန်ကောက်ကိုင်လိုက်သည်။ သို့သော် မရပါ။ လူမှုရေး ကိစ္စသည် အစတစ်စ ထုတ်မိလျှင် မဆုံးနိုင်တော့သော ချည်မျှင်စနှင့် တူသည်။

"မကေ.. ရင် ပြောတာ စိတ်ဆိုးသွားလာ"

"မဆိုးပါဘူး မရင်ရယ်.. ဒီလိုပါပဲ၊ အိမ်ထောင်ကလည်း မရှိ၊ အရွယ်ကလည်း မအိုသေးတော့ အပြောခံရတာပေါ့"

"အိုး.. ကေပြောတဲ့ ပုံစံက တစ်ကယ့်ကို အပျိုကြီး လုပ်တော့မယ်ပေါ့လေ၊ မလုပ်လေနှင့် ကိုယ့်ဆရာ၊ အရေးရှိတော့ ကိုယ့်အတွက် လူရင်းတစ်ယောက်တော့ ရှိမှနော့ .. နို့မို့ဆို မလွယ်ဘူး.."

ရင်ရင့် စကားကို ကေသီတာ ပြုံးနေလိုက်သည်။ ရင်ရင်သည် ကေသီတာ့ စေ့စပ်ပွဲများတုန်းက မဖိတ်၍ မလာခဲ့သော်လည်း ကေသီတာ စေ့စပ်ပွဲ ပျက်ခဲ့တာတွေကိုတော့ လူရင်းတွေမို့ နှစ်ခုစလုံးကို သိထားသည်။

"ကောင်းဇော်က ကျောင်းမှာတုန်းက တော်တော်ကို တော်တာ မကေ၊ သူ့အမေကလည်း ကျောင်းဆရာမပဲလေ၊ သူက စာတော်တော့ ကောင်မလေးတွေဆို သူ့ကို တော်တော်လေး အထာပေးကြတာ၊ အဲဒီလို အထာပေးလည်း ကောင်းဇော်ကတော့ တည်တည်ပဲ၊ စာမှ စာဆိုတဲ့ အကောင်၊ ရင်ကလည်း သူ့ကို ကျောင်းကတည်းက ဒီလိုပဲ စလာတာ၊ အခုလည်း ဒီကောင် ထိသွားပုံရတယ်၊ တစ်ခါတည်းကို လစ်တာ၊ တန်းနေတာပဲ ဟား.. ဟား.. ဟား.."

ရင်ရင်က အားရပါးရ ရယ်သည်။ ရင်ရင်သိန်းသည် ပျော်ပျော်နေတတ်၊ စကားကို ပွင့်ပွင့်နှင့် ဘွင်းဘွင်း ပြောရတာကို အားရသော မိန်းကလေးမျိုး ဖြစ်သည်။ ကေ့ကို နည်းနည်းပါးပါး လာရစ်သည့် ယောက်ကျားလေးများသည် ရင်ရင်သိန်း၏ ပါးစပ်ကို ကြောက်ကြရသည်။

ဒီ အကြောင်းတွေကို ပြန်ပြောပြတော့ ရီလေးက ရယ်သည်။

"အင်း.. ဝါယာတွေကလည်း ပြင်၊ သူငယ်ချင်းကလဲ ရှိဆိုတော့၊ မကေတော့ ပြေးမလွတ် ဖြစ်တော့မယ် ထင်တယ်"

"ရီရယ်.. အဲဒီ ကိစ္စနှင့် ပတ်သက်ရင် ကိုယ်ဘယ်လောက် ရှောင်တယ်ဆိုတာ မသိဘူးလား"

နောက်တစ်နေ့ ကေ ထမင်းချိုင့်နှင့် ဈေးကိုရောက်လာတော့ ကေ့ကို ရီလေးက ပုံစံ တစ်မျိုးနှင့် ကြည့်၍ စပ်ဖြဲဖြဲနှင့် ဆိုသည်။

"မကေက အခုမှ လာတာ၊ မမအရင် ထမင်းချိုင့်က ရောက်နှင့်နေပြီ"

"ဘယ်က ထမင်းချိုင့်လဲ.."

ရီလေးက ပြုံးစစနှင့် မေးငေါ့ပြတော့ လက်သုတ်ပုဝါလေးချည်ထားသော သုံးဆင့် စတီးလ် ထမင်းချိုင့်လေးကို တွေ့ရလေသည်။

"ဘယ်သူ့ချိုင့်လဲ ရီလေး"

"ကိုကောင်းဇော်ရဲ့ ချိုင့်ပါတဲ့ ရှင်၊ ကျွန်တော် ထမင်းချိုင့်လေး ဒီမှာ ခဏ ထားသွားပါရစေတဲ့"

ကေ ဟိုဘက်ဆိုင်ကို လှမ်းကြည့်မိတော့ ရင်ရင် မရှိ၊ သူ့ခယ်မကလေးသာ ရှိသည်။

"အလိုတော်.. သူက ဒီမှာ ထမင်းစားဦးမှာလား"

"အဲဒါတော့ မသိ.. ဟိ..ဟိ.."

"ရီလေးနော်.. မင်းကို မမ ဘယ်နှစ်ခါ ပြောထားရမလဲ"

"ရီလေးနှင့် ဘာဆိုင်လဲ မမရဲ့၊ သူက ခဏထားခဲ့ပါရစေဆိုတော့ မထားခဲ့နှင့်လို့ ပြောလွှတ်ရမှာလား"

ကေ့မျက်စိထဲမှာ တည်တည်ငြိမ်ငြိမ်နှင့် စကားပြောတတ်သော ကောင်းဇော်၏ မျက်နှာကို ပြန်မြင်သည်။ ကေ .. သက်ပြင်းကိုသာ ချမိသည်။

"ကဲ .. ဒါဆိုရင် .. ကေတို့ အရင် ထမင်းစားထားလိုက်ကြရအောင်"

ကံကြမ္မာသည် ကေ့ ဘက်က မပါချေ။ ကေတို့ ထမင်းစားနေတုန်း တစ်ဝက် လောက်တွင် ကောင်းဇော်ရောက်လာသည်။ အပေါ်မှာက နေရာသည် နှစ်ယောက်နှင့်ပင် နေရာပို မရှိ၊ လာဝင်စားပါလား ဆို၍ပင်မရ။

"ရပါတယ် မကေသီတာ၊ ကျွန်တော့် ထမင်းချိုင့်ကလေးပဲ ပေးပါ ခင်ဗျ၊ အောက်မှာပဲ စားလိုက်တော့မယ်"

"အားနာလိုက်တာ ကိုကောင်းဇော်ရယ် .."

"ရပါတယ် မကေ .. ကျွန်တော်တို့ အလုပ်က ဒါမျိုးတွေ ကြုံနေကျပါ၊ တစ်ချို့နေ့တွေဆို မတ်တပ်ရပ်ပြီးတောင် စားချင်စားရတာ၊ .. အောက်မှာ ခုံ နှစ်ခုံ ရှိနေတာပဲ ရပါတယ်"

ကောင်းဇော်က သူ့ထမင်းချိုင့်ကို ယူသွားသည်။ အားနာတတ်သော ကေသီတာသည် ထမင်းစား၍ မဝင်တော့ချေ။ ဟင်းတစ်ဝက်ကိုခွဲ၍ ချိုင့်ထဲ ထည့်၊ ရေနွေး တစ်ခွက်ကိုယူ၍ အောက်ကို ဆင်းရသည်။ လူမှုရေးသည် အတော် ကျယ်ဝန်းသည်ဟု ကေသီတာ တွေးမိသည်။ တစ်ဘက်ဆိုင်မှာ ရောက်လာပြီဖြစ်သော မိရင်ရင်က ကောင်းဇော်ကို ကြည့်ပြီး ရယ်သည်။ ဟိုတစ်နေ့ တုန်းကလို စတာတွေ ဘာတွေတော့ မရှိတော့။

"ရပါတယ် မကေ၊ မကေ ထမင်းစား ပျက်မှာပေါ့၊ သွားစားပါ၊ ရေနွေးအတွက် ကျေးဇူး တင်ပါတယ်၊ ကျွန်တော် ဒီလို စားတတ်ပါတယ်"

ကောင်းဇော်သည် ဈေးတွင် အလုပ်ဝင်ရသည့် တစ်လုံးနီးပါး ဒီလိုပင် ထမင်းချိုင့် ပေးထားပြီး အောက်ကခုံမှာပင် လာစားသည်။ ကေသီတာကလည်း ဟင်းတစ်ခွက် ပိုချက်ထားပြီး ကောင်းဇော်ကို ပေးတတ်သည်။ ကေတို့ဆိုင် ဝါယာကြိုးတွေလဲတော့ ကောင်းဇော်လဲ ရောက်လာပြီး တာဝန်ကျသူတွေကို အသေအချာ ညွှန်ကြားသည်။ တာဝန်ကျသူတွေကလဲ ကောင်းဇော်ပြောတာကို လေးလေးစားစားနှင့် နားထောင်ကာ "ဆရာကောင်းက သေချာပြောသွားနော်၊ ဂရုစိုက်လုပ်" ဟူသော စကားကိုလည်း ကြားလိုက်ရသည်။

ကောင်းဇော်ကို လုပ်ငန်းခွင်ထဲမှာ လေးစားကြပြန်တူသည်။ တစ်လနီးပါး ကောင်းဇော်သည် သူတို့ဆိုင်မှာပဲ ထမင်းလာ၍ စားသည်။ နေ့စဉ် တွေ့ကြသည်။ ပထမတော့ သူ့အကြောင်း ကိုယ့်အကြောင်း .. မိသားစုအကြောင်း၊ ဘဝအကြောင်း၊ ရင်းနှီးမှုမှသည် ခင်မင်မှု၊ ခင်မင်မှုမှသည် သံယောဇဉ် စသည့် လူမှု တရားများသည် အစဉ်လိုက်အတိုင်းပင် ထုံးစံအတိုင်း ရောက်ရှိ၍ လာသည်။

ဈေးကြီး တစ်ဈေးလုံးနီးပါး လျှပ်စစ်ကြိုးခိုင်ရေး ပြီးသွားသော်လည်း ကောင်းဇော်သည် ညနေ အလုပ်ကအပြန်တွင် ကေသီတာတို့ ဆိုင်သို့ ဝင်လာတတ်သည်။ တစ်ခါတစ်လေ နွေရာသီမှာ ထိုင်ရာက မထ ဈေးရောင်းရသော ညီအစ်မ နှစ်ယောက်အတွက် ဖာလူဒါ၊ စတော်ဘယ်ရီ ဖျော်ရည်၊ သီးစုံဖျော်ရည် စသည်ဖြင့် ဝယ်ဝယ်လာတတ်သည်။ ကေသီတာက တားသော်လည်း ကောင်းဇော်က ပြုံး၍ နေတတ်သည်။

ဈေးသိမ်းချိန်ကျတော့ ပစ္စည်းတွေ ဝိုင်းကူ သိမ်းပေးသည်။ ဆိုင်ကို စိတ်ချရ၊ မရ သေချာ စစ်ဆေးသည်။သူ မလာဖြစ်သည့်နေ့တွင် အထူးတလည် မဟုတ်သော်လည်း စိတ်ထဲကတော့ မျှော်နေမိတာ မျှော်မိပြီးမှ ကေသီတာ သိရသည်။ ကောင်းဇော်သည် နိုင်ဝင်းထွန်းလို တည်ငြိမ်ပြီး မိုးယံစိုးလို စကားပြောကောင်းသူ တစ်ယောက် ဖြစ်သည်။

သို့သော် မိုးယံစိုးက ရယ်စရာ၊ ပျော်စရာ စကားများကို ဟုတ်တာရော၊ မဟုတ်တာရော ရယ်ရလျှင် ပြီးရော ပြောတတ်သည့် လူမျိုး ဖြစ်သော်လည်း ကောင်းဇော်ကတော့ ထိုကဲ့သို့ ပြောတတ်သည့် လူမျိုး မဟုတ်ချေ။ ထိုမှတ်ချက်သည် ကေသီတာက ပေးသော မှတ်ချက် မဟုတ်ပဲ ရီလေးက ပေးသော မှတ်ချက်ဖြစ်လေသည်။ ရီလေးက..

"မျက်လုံးတွေမှာ လမ်းကြောင်း ရှိတယ်နော်.. မမ၊ အဲဒီ မျက်လုံးလမ်းကြောင်းက လိုင်စင်မဲ့ကားလို မောင်းလို့ မရဘူး မဟုတ်လား၊ မမကေ" ဟု သူ့ကို စတတ်သည်။ ကောင်းဇော်ကိုတော့ ကေသီတာသည် မာယာမပါသော ရိုးရိုးကြီး ပုံစံနှင့်လည်း မဆက်ဆံ၊ ကိုယ့်ဘက်က ဏ္ဍန္တြေ မကျံ့ရအောင်ဆိုသော ပင်ပန်းသည့် စောင့်ထိန်းမှုကြီးနှင့်လည်း မဆက်ဆံ၊ လိုက်လျောညီထွေနှင့် သတိအမြဲ ရှိသော ဆက်ဆံရေးမျိုးဖြင့်သာ ဆက်ဆံပါသည်။

ထိုနေ့က ဥပုသ်နေ့ဖြစ်သောကြောင့် ကေသီတာတို့ ညီအစ်မနှစ်ယောက် အနားရသဖြင့် မနက်စာ စားသောက်ပြီး တစ်ရေးတစ်မော အိပ်ကြသည်။ အိပ်ပျော်ပြီးကာစ လမ်းထဲ ရပ်ကွက်ထဲမှ လူတွေ အော်သံ၊ ဆူသံ၊ ပြေးလွှားသံ၊ တစ်ယောက်နှင့် တစ်ယောက် ခေါ်သံတို့ကြောင့် ကေသီတာတို့ လန့်နိုးလာကြသည်။

"မီးဗျို့.. မီး.. မီး.. မီးလောင်နေတယ်၊ ရှေ့ဘက်ရပ်ကွက်မှာ မီးလောင်နေတယ်ဗျို့.. မီး.. မီး.."

"မီးတဲ့ဟေ့.. မီးချိတ် မီးကပ်တွေယူ၊ မိန်းမတွေ ယူစရာရှိတာတွေယူပြီး ကလေးတွေကို သတိထားကြ"

"ပစ္စည်းတွေ ယူပြီးရင် အိမ်တွေ သောခတ်ထားကြ၊ မီးနီးတယ်"

"မီးလောင်နေတယ်ဗျို့.. မီးလောင်နေတယ်"

တိတ်ဆိတ်နေသော နွေနေ့လည်ခင်းမှာ ကမ္ဘာပျက်သလိုဖြစ်သွားသည်။ လူတွေ ပြေးလွှားနေကြသည်။ ယောက်ျားတွေက မီးချိတ် မီးကပ်တွေ၊ ရေပုံးတွေနှင့်

ထွက်ကြသည်။ ဝီစီသံတွေ ဆူညံလျှက်၊ ကြောက်လန့် နေကြသော မိန်းမတွေနှင့် ကလေးများ၏ အော်သံ ခေါ်သံတွေ ဆူညံလျှက်..။

ကေတို့ ညီအစ်မသည် ရုတ်ရက် ဘာလုပ်ရမှန်းမသိ။ အိမ်ထဲသို့သာ စွတ်ပြီး ပြန်ဝင်လာခဲ့ကြသည်။

"မမ လက်ဝတ်လက်စားတွေ၊ ပြီးတော့ ပိုက်ဆံတွေ .."

ဗီရိုကို ဖွင့်သော ကေသီတာ့ လက်တွေ တုန်နေသည်။ အိတ်တစ်လုံးကို လွယ်၍ လက်ဝတ်လက်စားတွေ အရင်ထည့်သည်။ ပြီးတော့ ငွေ.. ရီလေးက အိမ်ရှေ့က တီဗွီကို အတင်းဖြုတ်၍ မရွှေ့နေသည်။ ကေသီတာသည် ပွင့်နေသော ဗီရိုထဲက သူနှစ်သက်သည်ဟု ထင်ရသော အင်္ကျီ၊ ထမီတွေကို ဆွဲယူပြီး ပိုက်ထားသည်။

"မီးက နီးလာပြီ ဗျို့၊ အိမ်ထဲက ယူစရာရှိတာတွေ ယူပြီးရင် ထွက်ကြပါ၊ ထွက်ကြပါဗျို့.. ထွက်ကြပါ.."

လမ်းပေါ်မှာ လူတွေ တစ်ဝေါဝေါ ပြေးလွှားနေကြသည်။ ကေသီတာသည် သူ့လက်နှစ်ဖက်က ဘာမှ သုံးလို့ မရတော့မှန်း သိသဖြင့် အဝတ်စားတွေကို လွှတ်ချလိုက်ပြီး အိတ်ကိုလွယ်၍ အောက်ကိုဆင်းတော့ ရီလေးက ဆာလာအိတ်နှင့် အိုးတွေခွက်တွေ ပန်းကန်တွေကို သိမ်းနေသည်။

"မမကြီး စောင်ကိုဖြန့်၊ အဝတ်စားတွေ ထုတ်ပြီးရင် ထည့်ထား၊ အိုးတွေခွက်တွေ ရီလေး တာဝန်ထား၊ TV ရှေ့မှာထုတ်ထားတယ် "

"ရတယ်.... ကေ .. မကေ ဘာလုပ်ရမှာလဲဟင်၊ ကေ ဘာတွေ ယူရမှာလဲ.."

"စောင်ကိုဖြန့်ပြီး အဝတ်စားတွေထည့်လေ .."

ကေ အိမ်ပေါ်သို့ တစ်ခေါက် ပြန်ပြေးတက်ရပြန်သည်။ အိပ်ယာထဲက စောင်ကိုယူ၍ ခုနက ချထားခဲ့သော အဝတ်စားများကို ကြုံး၍ တစ်ခါ ပြန်ထည့်ပြန်သည်။

ကေ့လက်တွေက တုန်နေပြီး ရင်တွေ တလှပ်လှပ်တုန်ကာ ကြောက်လွန်းသဖြင့် ပစ်၍ လဲကျသွားမလား ထင်ရသည်။ ရင်တွေတုန်လွန်းသဖြင့် မိုက်ကနဲ တစ်ချက်မူးသည်။ သူတို့မှာ အားကိုးရာ မရှိတာကို ပထမဆုံး အကြိမ် အားငယ်စွာ ခံစားလိုက်ရသည်။ ထိုအချိန်တွင် အပြင်က အသံတွေကလည်း ဆူညံနေချေပြီ။ ကေ အဝတ်ထုပ်ကို အားနှင့် ကျုံးမတော့ ထင်ရာတွေ စွတ်ထည့်ထားသဖြင့် မ ၍ မရ။ ကေသာ လဲကျသွားသည်။

ထိုအချိန်မှာ..

"မကေ.. မကေ.. ကေသီတာ..."

ကောင်းဇော်.. ကေသီတာ အားရဝမ်းသာ လဲနေရာမှ ထရပ်သည်။ ကောင်း.. ကေ အပေါ်မှာ.. ဟု အော်သည်။ အသံကမထွက်။ လှေကားပေါ်ကို တစ်ဝုန်းဝုန်းနှင့် ပြေးတက်လာသော အသံကို ကြားရသည်။ ကောင်းဇော်.. ကောင်းဇော်က လဲကျနေသော ကေသီတာ့ကို ဆွဲထူသည်။ ပြီးတော့ စောင်ထုပ်ကို ပြန်ဖြေ၍ အဝတ်စား ငါးစုံ ခြောက်စုံသာ ထည့်ပြီး ဆွဲသည်။

"ပစ္စည်းတွေ ယူပြီးပြီလား.. မကေ.."

"ဟုတ်.. ဟုတ်ကဲ့"

"ငွေရော.."

"ဟုတ်ကဲ့ ..ဒီအထဲမှာ.."

"မှတ်ပုံတင်.. သန်းခေါင်စာရင်း၊ အိမ်အရောင်းဝယ်စာချုပ် တွေရော ယူပြီးပြီလား.. မယူရသေးရင် ဘယ်မှာထားလဲ"

"မ.. မယူရသေးဘူး.. ဗီရိုထဲက အံဆွဲထဲမှာ.."

"သော့ရော.."

"သော့..သော့.. ကေ .. ဘယ်မှာ ထားလိုက်မိလဲ မသိဘူး"

ကေသည် အဝတ်ပုံထဲ ပြန်မွှေသည်။ သော့ကို သူ ခုနက ကိုင်ပြီး ပစ္စည်းတွေယူသည်။ ပြီးတော့ ကေစဉ်းစားလို့ မရတော့။ ကောင်း ရောက်လာသဖြင့် ကေ အရမ်းအားရှိသွားသည်။ ဗီရိုက ပွင့်နေသည်။ ဗီရိုထဲက အံဆွဲထဲမှာမို့ ဗီရိုသော့နှင့် တွဲထားသော အံဆွဲသော့ကိုဖွင့်ဖို့ ဗီရိုသော့ ရမှ ဖြစ်မည်။ ကောင်းက ပွင့်နေသော ဗီရိုတံခါးကို ပိတ်လိုက်တော့ သော့က ဗီရိုမှာတန်းလန်း မြင်ရသည်။

"ရပြီ.."

ကောင်းက သော့ကိုရွေးဖွင့်ပြီး လိုအပ်သော အရေးကြီး စာရွက်စာတမ်း၊ မှတ်ပုံတင်၊ ဆိုင်စာချုပ် စသည်တို့ကို ယူသည်။ ပြီးတော့ အဝတ်ထုတ်ကို တစ်ဖက်ကဆွဲ တစ်ဖက်က ကေသီတာ့ကို ဆွဲကာ အောက်ကိုဆင်းသည်။ အောက်မှာ ပန်းကန်တွေရော၊ ရေနွေးအိုးတွေရော၊ ထမင်းအုပ်တွေရော ဒယ်အိုးနှင့် ယောင်းမပါ မကျန် ကြုံးထည့်နေသည့် ရီလေးကို ဆွဲမ၍ ဒယ်အိုး ၂လုံး၊ အိုးကြီးသေး နှစ်လုံး၊ ယောင်းမ သုံးလေးချောင်းနှင့် ဇွန်းများကို ပစ်ထည့်ပြီး ရီလေးကို အထုပ်ပြန်ပေးသည်။ နှုတ်မှလည်း လိုအပ်တာပဲ ယူ၊ လိုအပ်တာပဲ ယူတော့ ဟု အော်ရင်း ရီလေးကိုရော.. ကေသီတာ့ကိုပါ ဆွဲ၍ အိမ်ရှေ့သို့ ထွက်သည်။

"ကိုကောင်းဖော် .. တီဗွီ၊ အောက်စက် .."

"ထားခဲ့ .. အိမ်သော့ပေး .."

ရီလေး သော့ရှာနေတုန်း ကောင်းဖော်က ကေ့ ဘွဲ့ရဓာတ်ပုံကို ဆွဲဖြုတ်လိုက်သည်။ ပြီးတော့ အင်္ကျီထည့်သော အိတ်ထဲသို့ ထည့်သည်။ ထို့နောက် ကေတို့ကို လက်ဆွဲ၍ အိမ်ပြင်ထွက်တော့ ခြံထဲသို့ ပြာတွေပင် ကျနေပြီ ဖြစ်သည်။ ကောင်းဖော်က အိမ်တံခါးကို သေသေချာချာ သော့ခတ်ပြီး သော့ကို သူ့ ဘောင်းဘီ

အိတ်ထဲသို့ ထည့်၍ လူအုပ်ထဲမှ လူစု မကွဲစေရန် ကေတို့ လက်ကောက်ဝတ်ကို ခပ်တင်းတင်း ဆုပ်ကိုင်ရင်း အတင်းတိုးဝှေ့ထွက်သည်။ မီးနှင့် ဝေးရာ၊ အိမ်နှင့် ဝေးရာသို့ ..။

ကံကောင်းထောက်မသည့် အတွက်ရော၊ မီးသတ်ရဲဘော်များနှင့် ရပ်ကွက်ထဲမှ တာဝန်ရှိသူတွေ၊ ရပ်ကွက်သူ၊ ရပ်ကွက်သားတွေ ကြိုးစားကြသည့် အတွက်ပါ နောက်တစ်နာရီခန့်တွင် မီးစွယ်ကျိုးကျသွားသည့် အတွက် ကေတို့ အဝေးမှ ဝမ်းသာရသည်။ ထို့ထက်ပို၍ ကံကောင်းသည်က ကေတို့ အိမ်ကလေး မီးထဲ ပါမသွားသည့် အတွက်ပင်ဖြစ်သည်။ ရပ်ကွက်လူကြီးက မီးထဲမပါသော အိမ်ရှင်များ မိမိတို့ နေအိမ်အသီးသီးသို့ ပြန်ကြပါရန် ပါသူများ ရပ်ကွက်ရုံးခန်းကို စာရင်းလာပေးကြပါရန် လိုက်လံအော်တော့မှ ကေသီတာတို့ ပြန်ခဲ့ကြသည်။

ကေသီတာသည် အိမ်ကို ပြန်ရောက်ကာမှပင် ကောင်းဇော်၏ လက်မောင်းကို လက်နှစ်ဖက်ဖြင့် ကိုင်ထားမိမှန်း သတိရတော့သည်။ ရင်ရင်သိန်း၏ "အပျိုကြီး လုပ်တော့မလို့လား ကေသီတာ၊ အပျိုကြီးလုပ်ဖို့တော့ မစဉ်းစားလေနှင့်၊ အရေးကြုံလာတော့ ကိုယ့် အားကိုးစရာက သံယောဇဉ် ရှိတဲ့သူနှင့်မှ ဖြစ်တာ.." ဟူသော စကားကို ပြန်ကြားမိသည်။ အိမ်ထဲ မွစာကြဲနေသော ပစ္စည်းတွေကို နေသားတကျ ပြန်ရွှေ့ကြရသည်။ ရီလေးသည် မီးလောင်တုန်းက 24" sony TV ကြီးကို တစ်ယောက်တည်း မ၍ အိမ်ရှေ့သို့ ရွှေ့နိုင်ခဲ့သော်လည်း မီးအေး၍ ပြန်မတော့ ကြွပင်မကြွတော့။ ကြောက်စိတ်နှင့် လောဘသည်လည်း လူကို အားတစ်မျိုး ပေးတတ်ကြောင်း ကောင်းဇော်က ပြောပြသည်။

ကောင်းဇော်သည် ပစ္စည်းများကို စံနစ်တကျ ပြန်နေရာချထား မပေးခင် သူ့မိခင်ကို ဖုန်းလှမ်းဆက်သည်။ ကေတို့အိမ် မပါကြောင်း၊ ထိတ်လန့်နေသော ကေတို့ ညီအစ်မနှင့် ဒီည သူ အတူအိပ်ပေးမည် ဖြစ်ကြောင်းတို့ ဖြစ်သည်။ ကေသည် ကောင်းဇော် အိမ်မှာ အိပ်မည်ဆိုတာကို သူ့ကို ခွင့်မတောင်းပဲ မိခင်အားပြောနေခြင်းကို စိတ်မဆိုးပဲ ဝမ်းတောင် သာနေမိသေးသည်။ သူတို့ မွေးစား ညီအစ်မသည် မေမေကြီးကြောင့်

မတောင့်မတ မကြောင့်မကျ နေရတာ မှန်သည်။ သို့သော်.. သူတို့မှာ အားကိုးလိုသည်။ ထိုစဉ်မှာပင် အောင်နှင့် သူခင်ပွန်းတို့ ကားနှင့် ရောက်လာကြသည်။

"စိတ်ပူလိုက်ရတာဟယ် .. အောင်တော့ မကေတို့ ပါပြီ ထင်ထားတာ၊ တော်ပါသေးရဲ့"

"ကိုကောင်းဇော် ရောက်လာပေလို့ပဲ မမရေ.. နို့မို့ဆို မလွယ်ဘူး.."

"ကျေးဇူးတင်ပါတယ် ကိုကောင်းဇော်ရယ် .. မိန်းကလေးနှစ်ယောက်တည်းမို့ ကျွန်မအမြဲတမ်း သူတို့အတွက် စိတ်ပူနေရတာ၊ ဒုက္ခရောက်ချိန်မှာ ခုလို ကူညီတာ ကျေးဇူးပါပဲရှင်.."

"ဒီလိုပါပဲ.. အပြန်အလှန်ပေါ့.. မခင်မေအောင်ရယ်.."

"အေးဗျာ.. ဒီမှာ အောင်က မကေတို့ အိမ်ပါ ပါပါပြီဆိုပြီး ကားပေါ်မှာငိုနေတာ၊ ကျွန်တော်က အိမ်ထက် လူတွေကို ပိုစိတ်ပူတာ၊ ကျွန်တော်တစ်ယောက်ထဲ လာဖို့ကျတော့လည်း လမ်းကိုပိတ်ပြီး အပြင်လူတွေ ပေးမဝင်ကြတော့ ဝင်လို့ မရတော့လို့ပါ"

"ဟုတ်တယ် .. ကျွန်တော်တောင် ရောက်တာ မြန်လို့၊ နောက်ကျရင် ပေးမဝင်ကြတော့ဘူး"

"ဘာပဲဖြစ်ဖြစ် မိသားစုကို ကူညီတာ ကျေးဇူးပါ"

အောင်က ပြုံးဖြဲဖြဲ စပ်ဖြီးဖြီးနှင့် ကေ့ကိုကြည့်ရင်း မျက်ဝန်းချင်းဆုံသောအခါ ပြုံးနေသော နှုတ်ခမ်းတွေကို အပျော်မဲ့မဲ့၍ ခေါင်းကို သုံးလေးချက် ညိတ်လိုက်လေသည်။

ငြိမ်နေသော လေသည် အသာတကြည်ပင် ဟိုးအဝေးမှ ခပ်မှန်မှန် ကလေး တိုက်ခတ်လိုက်သဖြင့် ငြိမ်၍ရပ်စောင့်နေရသော ကန်တော်ကြီးရေပြင်သည် သူ့ကိုယ်ပေါ်မှ လှိုင်းလုံးကလေးတွေကို ဖော်ယူလိုက်သည်။

ပြီးတော့ .. ထိုလှိုင်းကလေးတွေ တစ်ခုနောက်သို့ နောက်တစ်ခုကို အပြေးလိုက်ခိုင်း၏။ လှိုင်းတို့မည်သည် ကမ်းစပ်သို့သာ ပြေးမြဲ ဖြစ်ရာ ရှေ့မှ လှိုင်းကလေးကလည်း ကမ်းစပ်သို့သာ ပြေးပါသည်။ နောက်က မီလုမီခင် လှိုင်းကလေးက ကမ်းစပ်နားရောက်သောအခါ .. ပျောက်သွားသော ရှေ့က လှိုင်းကလေးကို ရှာနေတုန်း သူ့နောက်မှ လိုက်လာသော လှိုင်းကလေးက တွန်းလိုက်သဖြင့် သူလည်း ကမ်းစပ်ထဲသို့ ဝင်ရောက် ပျောက်ကွယ် သွားလေသည်။ ရေပြင်ကို လှိုင်းလုပ်ပစ်ခဲ့သော လေပြေညှင်းသည် ကော့ဆံပင်တွေကို ခိုစီးပြီး ဂျွမ်းထိုး၍ တစ်ခြားတစ်ဖက်သို့ ခုန်ထွက်သွားသည်။

"ကောင်း .. အခု မကေ ပြောတာတွေကို ကြားတော့ အံ့သြသွားသလား .."

"မအံ့သြပါဘူး၊ ရင်ရင်သိန်း ပြောပြလို့ ဒီလို နှစ်ကြိမ် ဖြစ်ဖူးတယ် ဆိုတာကိုတော့ အကြမ်းဖျင်း သိထားပါတယ်၊ အခုလို တိတိကျကျသိရတော့ ပိုကောင်းတာပေါ့၊ ကောင်းအတွက် ဒီလို သိလိုက်ရလို့လည်း ပြောင်းလဲမှုမရှိပါဘူး "

ကောင်းသည် မှန်သောစကားကို ဆိုသည်ဟု ကေထင်ပါသည်။ ကေ ပြောပြနေသည့် တစ်လျှောက်လုံး ကောင်းမျက်နှာတွင် မည်သည့် အပြောင်းလဲကိုမှ မတွေ့ရပဲ ကေပြောသမျှကိုသာ စိတ်အားထက်သန်စွာ စိတ်ဝင်စားစွာ နားထောင်နေတာပဲ ကေတွေ့ခဲ့ရသည်။

"ပြီးတော့ မကေကို အခုမှပိုပြီး ရင်းနှီးသွားသလို ခံစားရတယ်၊ ကိုနိုင်ဝင်းထွန်းကတော့ သိက္ခာနှင့် ဣန္ဒြေကို ရှေ့တန်းတင်လွန်းတဲ့ အခြေနေမှာ

အစွန်းရောက်သွားသူပါ၊ ကိုမိုးယံစိုးကတော့ အစ်မတွေရဲ့ အတ္တစိတ်နှင့် မကေ မေမေကြီးရဲ့ အမုန်တရားကြားမှာ ဓားစာခံ ဖြစ်ရရှာတာ၊ ကျွန်တော်သူတို့ကို ကိုယ်ချင်းစာနိုင်ပါတယ်၊ မကေ ပြောသွားတဲ့ အဖြစ်ပျက် နှစ်ခုစလုံးမှာ စံနစ်တကျ ကံမကောင်းဆုံးကတော့ မကေပဲ၊ ကျွန်တော်နှင့်ကျရင် မကေ အဲဒီလို မဖြစ်စေရဘူးလို့ ကတိပေးတယ်”

ကောင်းသည် ကေသီတာ့ မျက်နှာကိုကြည့်ပြီး လေးနက်စွာ ပြောခြင်းဖြစ်သည်။

“ကောင်းရဲ့စကားကို မကေ ယုံကြည်ပါတယ် ဆိုတာထက်.. ယုံချင်ပါတယ်လို့ပဲ ပြောချင်တယ်..”

“ကျွန်တော် မကေကို ချစ်တယ်ဆိုတာ တစ်ကယ့်ကို ပိုင်ဆိုင်ချင်တာပါ၊ တစ်ဘဝလုံး ပင်ပန်းခဲ့ရတဲ့ မကေကို ကျွန်တော့်ဆီမှာ အေးအေးဆေးဆေး အနားယူရင်း အချစ်ခံစေ့ချင်ပြီ၊ ကျွန်တော့်ရှေ့က မကေကို ချစ်ခဲ့တဲ့ လူတွေရဲ့ အချစ်ကို ကျွန်တော် လေးစားပါတယ်၊ ကျွန်တော်လည်း သူတို့လိုပဲ ဆန္ဒ ပြင်းပြင်းနှင့် မကေကို ချစ်နေတာပါ၊ ကျွန်တော်က တစ်ခု ပိုကံကောင်းတာကတော့ နောက်ဆုံးလူ ဖြစ်နေတာပါပဲ”

မျှမျှတတပြောတတ်သည့် ကောင်းကို ကေ သဘောကျသွားသည်။ သူ ပထမ ကောင်းကို ချစ်၍မရတော့ဟု သူ ထင်ခဲ့မိသည်။ သူ့နှလုံးသားသည် မိုးယံနှင့်အတူ သေဆုံးသွားခဲ့ပြီဟု ထင်ထားမိသည်။ အခုကျတော့လည်း သူ့နှလုံးသားသည် အခြေအနေ သွင်ပြင် မတူသော အကြောင်းရာခြားနားသော အဖြစ်ပျက်များပေါ်တွင် ပြန်လည် သာယာ ရှင်သန်လာပြန်သည်။

ကိုနိုင်ဝင်းထွန်းကို လေးစားပြီး သာယာခဲ့တာ တစ်မျိုး၊ မိုးယံစိုးကို ရင်ခုန်ပြီး တပ်မက်နှစ်လိုစွာ ချစ်ခဲ့တာက တစ်မျိုး၊ အခု ကောင်းကို တည်ငြိမ်စွာဖြင့် အားကိုးချစ် ချစ်ရတာ တစ်မျိုးဟု ကေက ဆိုချင်သည်။

သူနှလုံးသားသည် ဘယ်နှစ်မျိုး ချစ်တတ်ပါသနည်း။ အဲဒါတော့ သူနှလုံးသားပဲ သိလိမ့်မည်ထင်သည်။

"ကျွန်တော် မကေကိုချစ်တာ အစ်ကို တစ်ယောက်လို စောင့်ရှောက်ရမယ်ဆိုတဲ့ တည်ငြိမ်တဲ့ စိတ်နှင့်လည်း ချစ်တယ်၊ မောင်တစ်ယောက်လို နွဲ့ဆိုးဆိုးမယ်ဆိုတဲ့ စိတ်နှင့်လည်း ချစ်မယ်၊ လိုအပ်တာမှန်သမျှ အကူညီပေးမယ်ဆိုတဲ့ သူငယ်ချင်း စိတ်နှင့်လည်း ချစ်မယ်၊ ကျွန်တော် မကေကို အဲဒီလို နားလည်ပြီး ချစ်နေမိတာပါ၊ ကေ.. ကျွန်တော့်ကို စကားပြောပါဦး၊ အဖြေပေးပါဦး.."

ကေက ခေါင်းကို ငုံ့ချထားပြီး ငြိမ်နေလိုက်သည်။ ကေ၏ ငုံ့ချထားသော ဦးခေါင်းမှ မျက်ဝန်းများကို မြင်ရစေရန် ကောင်းက ကေ့ထက် ခေါင်းကို ငုံ့လိုက်သဖြင့် နဖူးချင်း ထိသွားသည်။ ကေက ငုံ့ချထားသော ခေါင်းကို ပြန်မော့လိုက်ရင်းပြောသည်။

"အဲဒီလိုတော့ မလုပ်နှင့်ကွာ.."

"မကေက စကားလည်းမပြော.. မျက်လုံးတွေကိုလည်း ဝှက်ထားတော့ အဖြေလိုချင်တဲ့လူက သေပြီပေါ့ မကေရဲ့၊ စကားသံ မကြားရရင် မျက်ဝန်းလေးထဲမှာ အဖြေရှာပြီးတော့ ရင်ခုန်ချင်တာပေါ့"

ကေရယ်မောလိုက်မိသည်။

"အဲဒါဆို ကေ ဘယ်နေတတ်တော့မှာလဲ ကောင်းရဲ့.."

"မကေက ဘာဖြစ်လို့ မနေတတ်တာလဲ "

"ရှက်လို့ပေါ့"

"ရှက်တယ်ဆိုတာ နှစ်မျိုး ရှိတယ်တဲ့၊ အသိတရားက ရှက်တာရယ်၊ ဦးဏှောက်က ရှက်တာရယ်.. ကေက ဘယ်က ရှက်တာလဲဟင်.."

ကေ ဘာမျှ ပြန်မဖြေပဲ ငြိမ်နေလိုက်သည်။

"ကေ့မှာ အဖော်လိုတယ် "

"ကျွန်တော်သိပါတယ် အားကိုပြီးချစ်ရတဲ့ စစ်မှန်တဲ့ အဖော်မျိုး မဟုတ်လား၊အဲဒီ အဖော်ဟာ ကျွန်တော်ပဲ ဖြစ်ရမယ် "

"ဘာဖြစ်လို့လဲ .."

"မကေကို အားလုံး ကိုယ်ချင်းစာ နားလည်ပေးနိုင်လို့ပေါ့"

"တစ်ကယ် .."

"တစ်ကယ်ပေါ့ .. မကေ ကျွန်တော့်အကြောင်း ကို တစ်ကယ်မသိသေးတာလား "

"ဘာကို သိရမှာလဲ"

ကောင်းဇော်က စကားကိုရပ်၍ ကေသီတာ့ကို အပြုံးဖြင့် ကြည့်သည်။ ပြီးတော့မှ အေးဆေးတည်ငြိမ်စွာ ပြောသည်။

"မေမေဟာ အပျိုကြီး မကေရဲ့"

"ဘယ်လို .."

ကေသီတာ လုံးဝ နားမလည်စွာ ဆိုသည်။

"ဟုတ်တယ် မကေ၊ မေမေက အပျိုကြီးဆိုတာက ကျွန်တော်လည်း မွေးစားသား မို့လို့ပါ၊ ဒါ့ကြောင့်မို့ မကေကို အရာအားလုံး ခံစားနားလည်ပြီး ချစ်နိုင်တယ်လို့ ပြောတာပါ "

ကေ ပါးစပ်အဟောင်းသားဖြစ်ပြီး ကောင်းဇော်ကို ငေးကြည့်လိုက်သည်။

ကောင်းဇော်က အံ့သြနေသော ကေ့လက်ကလေးကို ကောက်ယူပြီး ကိုင်ထားလိုက်သည်။ အံ့သြနေသော ကေ့ပခုံးကို အသာဖေး၍ အံ့သြနေသော ကေ့နှလုံးသားကို အသာဖေး၍ ဖက်ထားလိုက်လေသည်။

9 April 2009

နီကိုရဲ


မွေးစား
သမီး